www.burmeseclassic.com

# မမသဒ္ဒါမောင်

## ရင်တွေအရမ်း ခုန်ပါတယ်



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ မတ်လ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မမသဒ္ဒါမောင်
ရင်တွေအရမ်းခုန်ပါတယ်/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ - စာ ၊ ၁၂.၇ × ၁၈ စင်တီ။
(၁) ရင်တွေအရမ်းခုန်ပါတယ်


## မမသဒ္ဒါမောင်

# ရင်တွေအရမ်း ခုန်ပါတယ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မင်းကိုချစ်ဖို့ ကိုယ်မွေးဖွားလာခဲ့တာပါ။ ဘဝမှာ ပထမဦးဆုံးပါပဲ။ အဲဒီအချိန်မှာပဲ ကိုယ့်ရင်ခုန်နှုန်းတွေ ထူးခြားပြီး ရင်ခုန်သံကျယ်ခဲ့ရတာပါ။ နှလုံးသားတစ်ခုလုံး ပြောင်းဆန်လှုပ်ရှားအောင် မင်းက ပြုစားရတယ်လို့။ မျက်စိအောက်က အပျောက်မခံနိုင်အောင် အရိပ်တကြည့်ကြည့် ရှိနေစေချင်ပါတယ်။ ရင်ထဲမှာ နွေးသွားစေတဲ့ ပုရိန်းသကြားလုံးလေးလို ငုံထားလိုက်ချင်တာ မပြောပါနဲ့တော့။ ချစ်လိုက်ရတာ တုန်နေတာ အမှန်ပါ။ ကိုယ့်ကို ပြန်ချစ်လှည့်ပါ "ပုလဲဖြူဖြူ"။

(နေမင်းရှိန်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုတယ်ဆိုတာ အချစ်ရဲ့နေဝင်ချိန်ပါပဲ။

ဒါပေမဲ့ . . .

အဲဒီနေဝင်ချိန်ဟာ . . . ဘဝရဲ့အလှပဆုံးနဲ့ အသာယာဆုံးလည်း ဖြစ်နေပါတယ်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

Taxi ပေါ်မှဆင်းကာ ကားခရှင်းလိုက်ပါ၏။ ပြီးနောက် အင်းလျားကန်ဘောင်ဆီသို့ သွက်လက်တက်ကြွသည့် ခြေလှမ်းကျဲ့ဖြင့် တက်လာခဲ့ပါသည်။ လေ့ကားထစ်တို့ကို နင်းတက်စဉ် ရင်ခုန်သံက တဒိတ်ဒိတ်ဖြင့် စည်းအခုန်မြန်လာလေ၏။ အချစ်နှင့်တွေ့ဖူးသူတိုင်း ဤသို့ပင် ထူးခြားသည့်ရင်ခုန်သံမျိုး ဖြစ်ဖူးကြမည်ထင်ပါသည်။

ခံပင်တိုတိုကုပ်ကုပ်လေး ညှပ်ထားတာမို့ သူ့မျက်နှာလေး က အသက်ထက် ပိုငယ်နေပြီး နုငယ်သည့်ဆယ်ကျော်သက်အရွယ် လေးမှန်း သိသာနေပါ၏။ နှဖူးထက် ဆံစအချို့ ဖြာကျနေသလို နားထင်အထက်နားမှာ fancy ကလစ်ပိစိကြည်ကြည်လေး ဆင်တူ



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားသဖြင့် မသိပါက အထက်တန်းကျောင်းသူလေးဟု အထင်မှားစရာပင်။

Blouse ဆန်းဆန်းလေးကို ချစ်စရာကောင်းအောင် ဝတ်ထားသလို ဒူးဖုံးရုံဝတ်လာသည့် စကပ်အနက်နှင့် အပေါ်မှအကျီက အဖြူဆွတ်ဆွတ်လေးပါ။ အနက်ရောင်ကျောပိုးအိတ်လေးလွယ်ထားသဖြင့် keychain လေးတွေထံမှ လမ်းလျှောက်တိုင်း တချွင်ချွင်မြည်သံ ထွက်နေလေ၏။ ကြိုးသိုင်းဖိနပ်အဖြူကို ပေါ့ပေါ့ပါးပါးလေးဝတ်ဆင်ထားပါသည့် မိန်းမပျိုလေး၏ အမည်သည်ကား "ပုလဲဖြူဖြူ" ပါလေ။

"ဟော . . . ဟိုမှာပဲ"

ထိုင်နေကျခုံမှာ လမ်းကိုကျောပေးလျက် လူငယ်တစ်ဦးရှိနေပါ၏။ ဘယ်ရှုထောင့်ကပဲမြင်နေပါစေ ဤလူငယ်လေးကို သူမ၏ချစ်သူမှန်း တန်းသိနိုင်တာ မလွဲပါချေ။ အထူးသဖြင့် မြင့်မားသည့်အရပ်အမောင်း၊ ဆွဲဆောင်နိုင်ပါသည့် ကိုယ်ခန္ဓာတည်ဆောက်ပုံနှင့် ဆန့်ကျင်ဘက်မိန်းကလေးတိုင်းကို ခြေယိုင်လဲကျလုမတတ် ညို့ယူနိုင်သည့် ကြည်လဲ့လဲ့မျက်ဝန်းတို့ကို ပိုင်ဆိုင်ထားသည့်သူကား သူမ၏ အချစ်ဦး အသည်းပန်းနိုင်လေး "မိုးသောက်ကြယ်" ပါပင်။

ထိုသို့ လှပသက်ဝင်လွန်းပါသည့် မျက်ဝန်းတို့က သူ့နာမည်နှင့် အလွန်တရာလိုက်ဖက်လွန်းတာ မဟုတ်ပါလား။ ပြီးတော့ သူက





နာမည်ရကာစ Fashion Model လည်းဖြစ်နေပြီမို့ လူငယ်တန်းမှာ အထင်ကရဖြစ်နေပြီး သူနှင့်ချစ်သူဖြစ်ခွင့်ရတာလောက် သူမအဖို့ ကံကောင်းတာမရှိတော့ပါလေ။ ဤလူငယ်လေး၏ လက်မောင်းကို မိန်းကလေးတိုင်း ချိတ်ခွင့်ရချင်တာ အရွှေးအမူးပင် မဟုတ်ပါလား။

လှစ်ခနဲပြုံးလိုက်ကာ ခြေလှမ်းကို ဖျတ်ခနဲ ရပ်လိုက်ပါ၏။ ကန်ခြေပြင်ကို ငေးမောနေပါသည့် သူက ထိုင်ခုံနောက်မှီကို ခပ်လျှောလျှော ထိုင်နေတာပင်။ အဝေးကို တစိုက်မတ်မတ်ကြည့်ကာ ဝန်းကျင်ကို မေ့လျော့နေပုံပါ။ သူ ဘာတွေများ တွေးနေမှာပါလိမ့်။ ခြေလှမ်းကို ဖွဖွလှမ်းကာ သူ့မျက်ဝန်းတို့ကို လက်ဝါးနှစ်ဖက်ဖြင့် နောက်ကျောမှ ဖုံးအုပ်ကာလိုက်မိ၏။

"ဘယ်သူလဲ ပြော"

"ပုလဲမှန်း ကိုယ်သိပါတယ်ကွာ"

"ကြည့် . . . သိရင် လှည့်ခေါ်ပါလားလို့"

လက်ကောက်ဝတ်နေရာကို ဆုပ်ကိုင်ခြင်းခံလိုက်ရတာမို့ ရင်ထဲ ထိတ်သွားရပါသည်။ ဒုက္ခပါပဲ၊ ချစ်သူသက်တမ်း (၆) လကျော်နေတာတောင်မှ သူမ၏ရင်ခုန်မှုက ဆန်းသစ်နေတုန်း မဟုတ်လား။ ဒီပုံနဲ့ ကြာလာရင် သူမတော့ heart attack ရတော့မှာလေ။ ချစ်သူကြောင့်ရသည့် ရောဂါဆန်းပါပဲ။

"ပြောစရာရှိလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်လေ"

"မုန့်နဲ့ပြောလည်း ရတာပဲကို၊ ဘာလဲ . . . လူကိုတွေ့ချင်တယ်ပေါ့လေ"

သူ ဘာမှ မပြောပါချေ။ ခုံတန်းနောက်ကျောဘက်မှပတ်ကာ ရှေ့ကို ရွှေ့လိုက်ပြီး ထိုင်ချလိုက်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ သူ ရွေးချယ်ဝတ်ဆင်လာသည်ကလည်း သူမလို black and white fashion ဖြစ်နေလေ၏။ ခပ်လျော့လျော့ထိုင်နေပါသည့် သူ့လက်မောင်းကို သူမ ပါးအပ်ကာ ထိုင်လိုက်မိပါသည်။

ညနေစောင်းတော့မှာမို့ နေမင်းက ကန်ရေပြင်ယက်မှာ အရောင်ခပ်ဖျော့ဖျော့သာ ရှိတော့ပါ၏။ ရေပြင်ထက် လှိုင်းကြက်ခွပ်လေးတွေ လူးလွန့်သွားသလို ဖြတ်သန်းတိုက်ခတ်လာပါသည့် လေက ခပ်နွေးနွေး။ ဘာပြောစရာများ ရှိလို့ပါလဲ။ သိပ်အရေးမကြီးဘဲနဲ့တော့ သူမကို လူချင်းဆုံဖို့ ဆက်သွယ်စရာမလိုတာလေ။

"ကို"

"အင်း"

"ပြောလေ"

သက်ပြင်းရှိုက်သံကို ကြားရလေ၏။ ဘာရင်မောစရာများ ရှိနေပါသလဲ။ သူလုပ်နေသည့်အလုပ်၊ လက်ရှိပိုင်ဆိုင်ထားပါသည့် အောင်မြင်မှု၊ ပြီးတော့ သူ့ကို အပြည့်အစုံထောက်ပံ့ပေးနိုင်ပါသည့်





မိဘအသိုင်းအဝိုင်းကအစ တောင့်တင်းသည့် အမျိုးအနွယ်မဟုတ်ပါလား။ လုပ်ဖော်ကိုင်ဖက်တွေထဲမှာ မြို့ဘက်ရှိတာလည်း ထားပါတော့။ ဒါမှသာ အောင်မြင်နိုင်သည့် အခွင့်အလမ်းကို ပွင့်လာမှာကိုး။

သူနှင့် စဆုံဖူးတာက အားကစားခန်းမမှာပါ။ သူမတို့အုပ်စုက နေ့တိုင်းမဟုတ်တောင် ရက်ခြားပြီး Gym သွားဆော့လေ့ရှိတာလေ။ သူက အဲဒီ club မှာ ရေအမြဲလာကူးတတ်ရင်း မထင်မှတ်ဘဲ ဆုံခွင့်ရခဲ့တာပါ။ သူမအဖြစ်က အတော့်ကိုဆန်းကြယ်မှုရှိခဲ့ပါ၏။ မှုပ်ရှင်ဆန်ဆန် ကဏ္ဍမျိုးနဲ့ ကြုံခဲ့ရတာ အမှန်ပါပဲ။

သူငယ်ချင်းတွေနှင့် အားကစားလုပ်အပြီး တအောင့်တနား rest ယူရန် ရေကူးကန်ဘက် လျှောက်ခဲ့ကြတာပါ။ လူရှင်းချိန်လည်း ဖြစ်တာမို့ ရေချိုးပြီးမှသာ အိမ်ပြန်လေ့ရှိတာပင်။ တစ်ယောက်နှင့် တစ်ယောက် တွန်းထိုးစနောက်ကြရင်း ရေကူးကန်ထဲ သူမ ခြေချော်ကျခဲ့ရတာပါလေ။

ခြွင်းချက်တစ်ခုက သူမ ရေမကူးတတ်တာပါပဲ။ အေးစက်စက်ရေနှင့်အတွေ့မှာ ခေါင်းထဲ မိုက်ခနဲဖြစ်သွားရသလို လူက တစ်ကိုယ်လုံး တောင့်တင်းသွားရသည်နှယ်ပါ။ သဲ့စုတို့အော်သံကို သဲ့သဲ့မျှ ကြားအပြီးမှာ နားထဲ နှာခေါင်းထဲ ပါးစပ်ထဲ ရေတွေ တလဟောဝင်ကာ အသက်ရှူမှန်းကြပ်သွားတာကိုသာ နောက်ဆုံးသိခဲ့ရလေ၏။

ပုလဲဖြူဖြူ သေလေပြီဟူသည့် အသိစိတ်က အလင်းပြန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ သတိပြန်လည်ခွင့်ရရှိခဲ့ရတာပင်။ မျက်ခွံတို့ကို အသာဖွင့်ကြည့်စဉ် အသက်ကို ရဲရဲပင်မရှူမိပေ။ သူမကို ငုံ့ကြည့်နေပါသည့်မျက်ဝန်းတစ်စုံ။ အလွန်ကို လှပသက်ဝင်ကာ ကြယ်တွေလို တောက်ပနေတာပါလေ။ နှလုံးသားဆီမှ တဒိတ်ဒိတ်ဖြင့် အမြန်ရထား ခုတ်မောင်းနေသလိုလို မြည်ဟီးလာသည်မို့ ရင်ဘတ်ကို အသာဖိထားရလေ၏။

သူမကိုငုံ့ကြည့်ကာ ပွေ့ဖက်ထားပါသည့် လက်မောင်းတစ်စုံ၊ အဝတ်ဗလာဖြစ်နေပါသည့် ရင်အုပ်ကျယ်ကျယ် ခန္ဓာကိုယ်အထက်ပိုင်း။ ကိုယ့်ကိုယ်ကိုယ် India ကားတွေထဲရောက်သွားသည့်နှယ် အထင်မှားစရာပင်။ အဲဒီနောက် စွဲမက်ဖွယ်ပြုံးလိုက်ပါသည့် အပြုံးတစ်ခု။ ထိုအပြုံးကြောင့်ပင် သူမနှလုံးသားတွေ ကြွေကျခဲ့ရတာပါလေ။

ကို့ကို စတွေ့တွေ့ချင်း မြင်မြင်ချင်း ရင်တွေ တအားခုန်ပြီး ပုလဲဖြူဖြူ ချစ်ခဲ့ရတာပါ။

"ပုလဲ"

"ဟင်"

"ကိုယ်တို့တွဲခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"အတိအကျ ပြောရမှာလား"

"အင်း"

သူမ နှစ်ခြိုက်စွာ ပြုံးလိုက်မိပါ၏။ သွေးခုန်နှုန်းက တဒုတ်ဒုတ်မြန်လာသလို မျက်နှာထက်မှာ ရှက်သွေးတွေ အလိုလို ဖြာလာလေတော့သည်။ ရှက်စရာကြီးနော်၊ မိန်းကလေးဖြစ်သည့်သူမကသူနှင့် ပတ်သက်သမျှ 'အစစအရာရာ မှတ်မှတ်ရရ ရှိနေတာကိုပြောစရာလား။

ချစ်သူဖြစ်တာချင်းအတူတူ သူကမှ သူမထက် တစ်နှစ်ကျော်ကျော် အသက်ကြီးတာပါ။ ဒီတော့ သူမထက် ပိုပြီး အချစ်ကို အလေးအနက်ထားသင့်တာလေ။ ချစ်သက်တမ်း တစ်လပြည့်တိုင်း အမှတ်တရအဖြစ် လက်ဆောင်တစ်ခု ဝယ်ပေးရသည့်လူက သူမသာပင်ဖြစ်နေရတာပါ။ အလုပ်မအားလို့ ဖြစ်မှာပါဆိုပြီး ဖော့တွေးပေးခဲ့တာ အကြိမ်ပေါင်းမနည်းခဲ့ပါချေ။ သူမက ခုထိ ကလေးလို လွတ်လပ်စွာနေနေတုန်းကို။

"၆-လ၊ ၆-ရက်နဲ့ ၆-နာရီ"

သူမမျက်နှာမှာ အပြုံးတွေ ဝေစည်နေသော်ငြား သူက မတုန်မလှုပ်ပါပဲလား။ ဘာလဲ ဘာကိုရည်ရွယ်ပြီး မေးလိုက်တာပါလိမ့်၊ နားမလည်သည့်ဟန်ဖြင့် သူ့မျက်နှာကို မော့ကြည့်လိုက်မိ၏။ လက်ဖဝါးချင်း ဆုပ်ကိုင်ထားတာမို့ ချွေးစီးတွေ စပျံလာသည့်နှယ်ပါ။ ရင်ဝယ် တလှပ်လှပ်ဖြင့် အန္တရာယ်၏အငွေ့အသက်ကို ရှူရှိုက်လိုက်ရသလိုပင် ဘာတွေများ ဖြစ်တော့မှာပါလိမ့်။

"လမ်းခွဲကြရအောင်"

"ဘာရယ်"







www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ လမ်းခွဲကြမယ်လို့ ပြောနေတာပါ၊ ပုလဲ"

"ဘာလို့ ... ဘာလို့လဲ"

နားထဲမှာ အူပြီး လေတွေကို တိုးဝှေ့ကာ တစ်ခေါင်းလုံး ထူပူသွားရပါ၏။ အသက်ရှူရခဲ ဖြစ်သွားစဉ် သတိထားမိ တာက သူမလက်ကို သူဖြုတ်လိုက်ခြင်းပါပဲ။ လမ်းခွဲစကားပြောရ အောင် သူခံစားချက်တွေက သူမအပေါ်မှာ အစစ်အမှန်မဟုတ်ခဲ့ဘူး ပေါ့။ အဘယ်သို့သော အတုအယောင်ချစ်ခြင်းတို့က သူနှင့်သူမတို့ နှစ်ဦးကြားမှာ ဖြစ်တည်ခဲ့ရပါသလဲ။

ကိုယ့်နားကို ကိုယ်မယုံသလိုနှယ် သူ့ကို မျက်လုံးကျယ်စွာ ဖြင့် ကြည့်နေမိပါ၏။ သူမကို ခပ်လွှဲလွှဲဟန်ဖြင့် မျက်နှာလွှဲထားပြီး သူက အေးအေးဆေးဆေး ပုံစံပါလေ။ ဘယ်လိုလဲ၊ ရည်းစား တစ် ယောက်ဖြတ်တာကို ထမင်းစားရေသောက်သလို ခပ်လွယ်လွယ်ပုံစံမျိုး ပြနေပါလား။

"ရင်မခုန်တော့လို့ပါ"

"ဘာ"

ဘုရားရေ ရင်မခုန်တော့လို့တဲ့လား။ သူမအသက်က အခုမှ (၂၁) နှစ်ပြည့်ရုံလေးသာရှိသေးတာပါလေ။ တင့်တယ်ပြည့်စုံမှုတွေ ရှိဘုန်းအရွယ်ကိုမှ ရင်မခုန်တော့တာ ဘာကြောင့်လဲ၊ သူများတုံ့တွဲတွေ လို မကြာခဏ စကားများ စိတ်ကောက်ပြန်ချော့ စိတ်ပြေဆိုပြီး





...ကွဲ ဖြစ်ခဲ့တာမျိုးမရှိခဲ့။ တီတီတာတာ ချွဲပျစ်ပြီး လိုချင်တာကို ...ကော ပူဆာတာမျိုးလည်း လိုအပ်တာထက် ပိုမလုပ်ခဲ့မိပါလေ။

ဒါကိုတောင်မှ ရင်မခုန်တော့လို့တဲ့လား။ အံ့ဩဖွယ်ကောင်း ...သွေး အရင်ခေတ်ကလို သုံးနှစ်သုံးမိုး သက်တမ်းနဲ့သာ ရည်းစား ...ရင် ဘယ်နှယ်လုပ်မလဲ။ အသက်ချင်းလည်း မတိမ်းမယိမ်း ...ရွယ်ကောင်းလေးပါ။ လက်ချင်းချိတ်သွားလည်း လူတိုင်းအားကျပြီး ...ချင်စရာရုပ်ရည်နှင့် ပြည့်စုံတဲ့ မိန်းကလေးပါ။ ဒါတောင်မှ သူမကို ...မခုန်တော့ဘူးတဲ့လေ။

"ကို"

"Sorry ပါ ပုလဲ"

ရင်ထဲ အောင့်သွားရပါ၏။ Sorry တဲ့။ လမ်းခွဲစကားကို ... Sorry တစ်ခွန်းလေးနဲ့ ပေါ့ပေါ့လေးပြောရဲ ပြောဝံ့သတဲ့။ ဒေါသနှင့် ...နည်းမှုက ဒွန်တွဲပြီး တစ်ပြိုင်တည်း ဖြစ်တည်လာရတာမို့ လက်ကို ...စ်ကျစ်ပါအောင် ဆုပ်ထားမိလေ၏။ ရစ်ဝဲလာသည့် မျက်ရည်ကို ...ကျမိအောင် ထိန်းရင်း အံကိုတင်းတင်းကြိတ်လိုက်မိပါသည်။

ပုလဲဖြူဖြူရဲ့ အချစ်ဦးဇာတ်လမ်းက အတော်လေး အရုပ်ဆိုး ...လပြီ။

"မိန်းကလေးတစ်ယောက်ကို နှစ်လအပြင် ပိုမတွဲဖြစ်တာ ...မှန်ပဲ၊ မင်းကိုပဲ ဒီလောက်ကြာကြာတွဲဖြစ်တာ ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမိတယ်"

နှုတ်ခမ်းအောက်ကို ခပ်နာနာ ဖိကိုက်ထားလိုက်မိ၏။ ပက်ပက်စက်စက် ပြောချလိုက်ရမလား။ "ငါ့ကို ကစားစရာ အရုပ်မှတ်နေသလား" ဆိုပြီး သူ့ပါးကို ခပ်နာနာ ရိုက်ချလိုက်ဖို့သာ တန်တာပါလေ။ ဒီအရွယ်နဲ့ ဒီအရွယ်မှာ အပျော်တွဲကြတာကို သူမ လက်ခံပါသည်။ သို့သော် လက်ထပ်တဲ့အဆင့်ထိ မတွေးဖြစ်ရင်တောင်မှ နားလည်မှုတစ်ခု သို့တည်းမဟုတ် အကြောင်းတစ်ခုရှာပြီး ဖြတ်ပစ်ရမှာလေ။

အခုတော့ . . . တစ်ဖက်သတ်ပြောချက်က သူမရင်ကို ဓားနဲ့ ထိုးစိုက်ချလိုက်သလို အခံရခက်လွန်းပြီး နာကျင်မိတာ မပြောပါနဲ့တော့။ အသည်းခွဲတိုင်းကစားတတ်ရအောင် သူမက အချစ်ဆိုသည့် အရာကို ဒီတစ်ကြိမ်သာ ကြုံခဲ့ဖူးတာပါလေ။ ပထမဆုံးအချစ်၊ ပထမဆုံးချစ်သူ၊ ပထမဦးဆုံးသော အသည်းခွဲခန်းပါပဲလား။

"တွဲခဲ့တဲ့ကာလတစ်လျှောက် မင်းအပေါ်မှာ ကိုယ် ဘယ်လို နစ်နာမှုမျိုးမှ မလုပ်ခဲ့ပါဘူးနော်"

နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်ရီလာပါ၏။ မနစ်နာဘူးတဲ့လား။ လူတိုင်း ကိုယ့်ကိုယ်ကိုယ်တော့ တန်ဖိုးထားတတ်ကြတာပါလေ။ လက်ကိုင်တာ၊ ပါးကိုနမ်းတာ၊ ပုခုံးဖက်တာ၊ လူတွေကြားထဲ လူသိသူသိမြင်အောင်ပြခဲ့တာတွေက သူမအတွက် မနစ်နာဘူးတဲ့လား



ယောက်ျားတွေဘက်က တွေးရင်တော့ အသာကြီးပေါ့လေ။

"ဒီတော့ . . . တစ်ယောက်နဲ့တစ်ယောက် မုန်းတီးနာကြည်းတာမျိုးမရှိဘဲ အပြုံးနဲ့ လမ်းခွဲရအောင်၊ မင်းသဘောတူတယ် မဟုတ်လား"

"အေဂျင်စီနဲ့ . . . အေဂျင်စီနဲ့ စာချုပ်ကိစ္စကြောင့်လားတင်"

"မဆိုင်ပါဘူး။ ကိုယ်က ဘယ် Band ပဲ လက်မှတ်ထိုးထိုး ကိုယ့်ကို Free ဖြစ်မှာမျိုးကိုပဲ ရွေးချယ်တတ်တာပါ"

"ပုလဲတို့"

ဘာမှဆက်မပြောနိုင်ဘဲ ရင်ထဲ ဆို့နင့်နေစဉ် သူက သူမ ထိုင်နေသည့် ရှေ့မှာ မတ်မတ်ရပ်လျက် လက်ကမ်းပေးလေ၏။ နောက်ဆုံး နှုတ်ဆက်ခြင်းပေါ့လေ။ သူ့အဖို့တော့ ဒီကိစ္စက အလေးအနက်ထားဖို့ မလိုအပ်ဘူးလို့ ယူဆထားတယ်ထင်ပါရဲ့။ သူမမှာသာ။

"မင်းကို တကယ်ချစ်ခဲ့တယ်လို့ တွေးမိခဲ့တာမို့ သိပ်အားနာပါတယ် ပုလဲ၊ တကယ်ပါ . . . ကိုယ်တွဲခဲ့တဲ့မိန်းကလေးတွေထဲမှာ မင်းက အထူးခြားဆုံးပဲ ဆိုတာကို ကိုယ်အသိအမှတ်ပြုပါတယ်"

ဆည်းဆာနေက ပိုရင့်ကာ ပုစွန်ဆီရောင် တောက်ပလွန်းနေပါ၏။ ကန်ရေပြင်ကို ဖြတ်တိုက်လာသည့်လေက ကြမ်းတမ်းလွန်းသည့်နှယ်ပါ။ နောက်ဆုံး နှုတ်ဆက်ချိန်တဲ့။ ရှုခင်းအလှကို

www.burmeseclassic.com

www.burmeseclassic.com



ခံစားတတ်တဲ့ ပန်းချီဆရာအတွက်၊ မြင်တတ်ပြီး အဓိပ္ပါယ်ဖော်တတ်တဲ့ ဓာတ်ပုံဆရာအတွက်၊ စကားလှလှလေးတွေ စီလို့ရနိုင်မယ့် ပန်းချီဆရာ အတွက် ဒီအချိန်က အလွန်ကို တန်ဖိုးရှိနေမှာပါလေ။

သို့သော် မိန်းမလှလေးတစ်ယောက်ရဲ့ အသည်းကွဲအက်သံကိုဖြင့် ဘယ်သူမှ မကြားခဲ့ပါချေ။

♥♥♥

## အခန်း (၂)

ရုံးခန်းရှိ ညှိခေါင်မှာ ထိုင်နေကြခြင်းဖြစ်ပါ၏။ စားပွဲရှည်ထက်မှာ စာရွက်စာတမ်းတို့ ပြန့်ကျဲနေပြီး တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်အောင်ပင် အလုပ်ရှုပ်နေကြတာအမှန်ပင်။ မျက်နှာချင်းဆိုင် ထိုင်နေတာမို့ ခေါင်းငုံ့ကာ အလုပ်လုပ်နေသည့် သူ့မျက်နှာကို အကဲခတ်ခွင့်ရပါသည်။

မြ သူ့ကို စတွေ့ဖူးစဉ်က (၈) တန်းနှစ်မှာပါ။ A ခန်းမှာ စတော်သူတွေချည်းသာ ထိုင်ရ တက်ခွင့်ရတာမို့ အားလုံးက စာမြင့်သူတွေချည်းပါပဲ။ မိန်းကလေးအချင်းချင်း အဆင့်လှလို့ ကိုယ်ကအဆင့်ကျသည်နှင့် တစ်ယောက်နှင့်တစ်ယောက် မခေါ်မပြောနိုင်တဲ့





www.burmeseclassic.com

www.burmeseclassic.com



အထိ ပြင်းထန်လွန်းကြလေ၏။

ထိုအထဲမှာမှ ဒုတိယတန်း ထောင့်ဆုံးခုံမှာ မတုန်မလှုပ် ထိုင်တတ်သည့် ကောင်လေး၊ ကျောင်းပြောင်းပြီးရောက်လာခဲ့တာပါပဲ။ တစ်နေ့နေ့လို့ ဆရာ ဆရာမတွေ စာမေးလို့ ထဖြေတာမှလွဲပြီး ထိုင်ခုံမှာ မထဘဲ နေတတ်တာပါပဲ။ ဘယ်သူနှင့်မှ စကားမပြောဘဲ တုံးတိုဘာဝေ ငြိမ်နေတတ်သည့်သူက မြတို့အုပ်စုထဲမှာ ရေပန်းအစားဆုံး ပါပဲ။

ယောက်ျားလေးအချင်းချင်း ကြိတ်ပေးကြသည့် နာမည်ပြောင်က သူ့ထံမှာအများကြီးပါ။ "ကျောက်ရုပ်၊ ခုံမီးစွဲ" စသဖြင့် ပေးတတ်ကြသည့်အထဲမှာ မြ အနှစ်သက်ဆုံးကတော့ သောမိမင်းသား ပါပဲ။ တကယ့်ကို စကားနည်းကာ အရယ်အပြုံးမရှိဘဲ အနေတည် လွန်းခဲ့တဲ့ကောင်လေးပါလေ။

ထိုလူငယ်လေးနှင့် ယခုလို ပြန်ဆုံရလိမ့်မည်ဟု မြ ဘယ်တုန်းကမှ မတွေးမိခဲ့။ အထက်တန်းပြီးသည်နှင့် ဘာ major ယူ ဘယ်ကျောင်းပြီး၊ ဘာဘွဲ့ရခဲ့သလဲဆိုတာ သိမှမသိခဲ့ပဲကိုး။ သူငယ်ချင်းတွေ ပြန်ဆုံကြတိုင်း "တို့တေမိလေးရော ကျောင်းပြီးလောက်ရောပေါ့နော်" ဆိုပြီး ရေရွတ်လေ့ရှိကြတာပါ။

ထိုသို့ မြတို့အုပ်စုရဲ့ (ရှင်းရှင်းပြောရရင် အများပိုင် မင်းသားလေး) သူက တီးတိုးစိတ်ကူးယဉ်ဖော်လေးဖြစ်ခဲ့ကာ အခု အသက်





(၂၈) နှစ်အရွယ်ထိတိုင် ဟိုတုန်းက ငြိခဲ့ဖူးတဲ့အချစ်ဦးနှယ် မှတ်မှတ်ရရ ရှိခဲ့တာပါလေ။ တို တေမိမင်းသားလေးကဖြင့် အခုတော့ သူမမျက်စိရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်နေပါသတဲ့။

သူ၏အမည်ကိုကြားလိုက်သည်နှင့် တစ်ကိုယ်လုံး ခပ်ရှိန်းရှိန်း သွားစေမှာအမှန်ပါ။ မြ၏ငယ်ဘော်ဒါ အမည်သညာ ခေါ်ဝေါ်စရာ အား နေမင်းရှိန်ပါလေ။

"မမြစိမ်းစိမ်း"

"ရှင် . . . ဟင်"

"ကျွန်တော်မေးနေတာကို မဖြေသေးဘူးနော်"

"ဘာ . . . ဘာကိုလဲ"

သူက စာရွက်တစ်ထပ်ကို လှမ်းပေးကာ ဖျတ်ခနဲကြည့်လိုက်ပါ၏။ ဘုရား ဒိန်းခနဲမြည်သွားရပါသည့် ရင်ခုန်သံကြောင့် သက်ပြင်းကို ကျိတ်ရှိုက်လိုက်ရလေသည်။ ဒုက္ခပဲ၊ မကြီးမငယ်နဲ့ ဒီလိုစိတ်လှုပ်ရှားရာလား။ ဆယ်ကျော်သက်တွေလို လှုပ်ခတ်သည့်အရွယ်ကို လွန်ခဲ့တာဖြင့် ကြာချေပြီ။ ဘယ်လိုဖြစ်ပြီး ရင်ထဲမှာ ပုစွန်ဆိတ်တွေ ခုန်နေသလို တလှပ်လှပ် တဖျတ်ဖျတ် ခံစားနေရတာပါလိမ့်။

"ဆိုင်ခွဲ (၅) ကို Test သွားလုပ်ရမယ့်ကိစ္စလေ"

"အင်း"

"အဲဒါ သေချာစဉ်းစားပြီးရင် ကျွန်တော့်ကို အသိပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဟုတ်ကဲ့"

မမြစိမ်းစိမ်းတဲ့။ အောင်မယ်လေးနော်၊ စိမ်းကားရက်ပုံ။ တစ်တန်းတည်းအတူတက်ခဲ့သည့်အကြောင်းကို မသိဘူးလား။ ဘယ် သိပါ့မလဲ၊ သေးဘီကို တစ်ချက်မကြည့်ဘဲ ကျောင်းစာအုပ်ကိုချည်း သည်းသည်းမည်းမည်း ဖတ်နေခဲ့တာကိုး။ ဒါကြောင့်လည်း သူ့အမြင် အာရုံတွေ လျှော့ပါးကုန်ပြီး ဒီအရွယ်နှင့် မျက်မှန်တပ်နေရတာ ဖြစ်မှာ မပေါ့။

ရှယ်ကူချင်း မ,တပ်ခေါ်တာကိုတော့ မြ သိပ်မကြိုက်ပါ။ ကကယ်ဆို မြဆို မြခေါ်ပြီး နင်နဲ့ငါဆိုပြီးပြောရင် ဒီထက် ပိုရင်းနှီးသွား မှာပေါ့။ အတွေးတွေများနေသည့် မြကိုယ်မြပင် ရှက်လာပါသည်။ လူကြီးတွေပြောထားသည့်စကားကို တီးတိုးကြားခဲ့ရတာမို့ တိတ်တ ရင်ခုန်နေမိတာ မှားပြီလား။

"ရှင်နဲ့မြကို လူကြီးတွေ သဘောတူနေကြတယ်ရှင့်" ဆို ပြောချလိုက်ရ။ ငါနော် မိန်းကလေးဖြစ်ရတာများ စိတ်ပျက်ပါ့။ မိ အရွယ်မှာ အမိဆိုတဲ့ အမေကသာ ရှေ့ကနေရာယူခွင့်ရပြီး တကယ် တမ်း မြတို့ အမျိုးသမီးတွေက သူတို့အမျိုးသားတွေနောက်မှာသာ ရပ်ခွင့်ရတာပါလေ။

"ပြီးတော့ . . . file တွေကို သေချာတွဲထားပါ၊ ဒါ MD ကို တင်ပြတဲ့အခါ လွယ်ကူမှာ၊ အခုတော့ အားလုံးပြန်ရှာ





ရတာ အချိန်ကုန်တယ်"

ကုန်မှာပေါ့။ မြ တမင်လုပ်ထားတာပဲဟာ။ ဒါမှ သူနဲ့ ဒီလို အကြာကြီး အတူရှိခွင့်ရမှာလေ။ ရာထူးတူ အလုပ်တူပြီး စကားကို ဘယ်ကုန်းကများ အေးအေးဆေးဆေး ပြောခွင့်ရပါသလဲ။ အလုပ်ကို သာ သိပ်ကြီးလုပ်နေသည့်သူအဖို့ အလုပ်သည်သာ ပထမ၊ အလုပ် သည်သာ ဒုတိယ၊ အလုပ်သည်သာ တတိယဖြစ်နေတာလေ။

ဒါကြောင့် ခုချိန်ထိ ရည်းစားမရတာပေါ့။ ရည်းစားစကား တောင် ပြောရဲပါ့မလားမသိ။ နှုတ်က မပွင့်တပွင့်ပြောတိုင်း မနည်း နားစိုက်ထောင်ရတာပါလေ။ အထက်လူကြီးတွေတော့ သူနှင့် မည်သို့ စကားပြောသည်မသိ၊ မြကတော့ သူ့လေသံကို သေချာကြားရအောင် အတော် သတိထားရတာပါလေ။

"မြလည်း ပြောတာပဲ၊ သူတို့ကိုက ဒီလိုချည်း လာပို့ပေး တော့ ဘာပြောလို့ရပါ့မလဲ"

"ကိုယ်က တာဝန်ခံပဲလေ၊ ပြောသင့်တာ ပြောရမှာပေါ့၊ အလုပ်ကိုဖြစ်သလိုလုပ်လို့ ဘယ်ရပါ့မလဲ၊ ဆိုင်ခွဲတွေက အများကြီး ရှိသာကို၊ ကျွန်တော်တောင် သုံးဆိုင်ကို တာဝန်ယူရတာ ပိုင်နိုင်တယ်၊ မမြစိမ်းစိမ်းက နှစ်ဆိုင်တည်းကို နိုင်သင့်တာပေါ့၊ အဝင်စာရင်း၊ အရောင်းစာရင်း၊ လက်ကျန်ပစ္စည်းစာရင်း စသဖြင့် ခွဲခိုင်းလေ၊ နော် တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သိတယ် သိတယ်၊ အားလုံးကို မြ computer နဲ့ print ထုတ်ထားပြီးသားရှင့်၊ ရှင့်ကို ဦးနှောက်စားအောင် တမင်လုပ်ရတာ။ အခုတော့ စကားတွေအများကြီး ပြောနေရပြီ မဟုတ်လား။ မြစိမ်းစိမ်းက ရှင်ထင်နေသလို ခပ်တုံးတုံးမဟုတ်ဘူး။ ရှုးချင်ယောင်ဆောင်နေတာရှင့်။ သိတယ်မဟုတ်လား၊ ယောကျ်ားတွေက သူတို့ထက် ပိုပြီး ဉာဏ်ထက်လွန်းတဲ့မိန်းမမျိုးကို သဘောမကျတတ်ဘူးလေ။

မိန်းမမှာ မာယာတဲ့၊ ရှင့်လို မတုန်မလှုပ် ကျောက်ရုပ်ကြီးကို လှုပ်လာအောင် နှဲ့တတ်ဖို့ ကျွမ်းကျင်ရမှာမဟုတ်လား။ နေ့စဉ်နဲ့အမျှ ယူလာပြသည့် မြ၏ဖူးစာရှင် (အိမ်ထောင်ဖက်) ဓာတ်ပုံတွေကို ခေါင်းခါခဲ့ရပေါင်း မနည်းခဲ့ပါ။ မိဘတွေ မြကြောင့် ခေါင်းခဲကြတာ အားနာမိပါရဲ့။

အန်တီလတ်သမီးဖြစ်သည့် ပတ္တမြားနီနီသာ ချစ်သူရပြီး အသက် (၂၄) နှစ်နဲ့ အိမ်ထောင်ပြုခဲ့တာလေ။ လေး ယောကျ်ားရသွားတာက ကိစ္စမရှိ၊ ပြဿနာဖြစ်တာက ညီအစ်မသုံးဦးမှာ အကြီးဆုံးဖြစ်သည့် မြကို ထိခိုက်စေတာလေ။ အငယ်ဆုံးညီမနှင့် (၇) နှစ်ကြီး၊ အလတ်ညီမနှင့် (၄) နှစ်ကွာသည့် မြက အရင်အိမ်ထောင်မပြုတာမို့ အမျိုးတွေထဲ ကျွတ်ကျွတ်ညံကုန်တာပါ။

လေးက အရမ်းပွင့်လင်းလွန်းပြီး အားမနာတတ်သည့်လူပါ။ ရသွားသည့်ဆရာဝန်က လူအေး။ လေး တစ်ခွန်းတည်းနှင့် ကိုလေး (ခေါ်) ဒေါက်တာညီလင်းသန့်က ခေါင်းကို ဆတ်ခနဲညိတ်သည်အထိ ပွဲပြီးမိုးသေ ခင်ပွန်းမျိုးပါ။ လေး,က မဟုတ်မခံ ဆတ်ဆတ်ကြဲမို့ ညီအစ်မသုံးဦးထဲမှာလည်း အတော်ပေါက်ရောက်ပြီး ထင်ပေါ်လေ၏။

လေး အပြောနှင့်ဆိုပါက မြက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းပြီး အတ္တကြီးတယ်ဆိုလား၊ မညှာမတာ ဝေဖန်ခံရတာပါလေ။ ဟိုလူငြင်း ဒီလူခေါင်းခါနဲ့ ဒီလောက်အသက်ရလာတာမို့ ပြောလည်းခံရမှာကိုး။ ပြီးတော့ မြက သိပ်ထက်လွန်းတာမို့ တော်ရုံယောကျ်ားတွေကို ဒရမ်းစိုက်သလို ဖြစ်တတ်သဖြင့် အငယ်ဖြစ်သည့် လေး,၏ အဆုံးအမကို ခံရတာ ကိုယ့်စိတ်ကို ပြုပြင်ရတော့တာပါ။

တစ်ခါတစ်ခါ မြက သီးသန့်ဖြစ်နေပြီး လေးနှင့် အငယ်လေးတသာ ဘာမဆို တီးတိုး တီးတိုး တိုင်ပင်လျက် ရင်းနှီးကြလေ၏။ မြကို အကြီးဆိုပြီး ရိုသေပြတာထက် မခေါ်မပြောချင်လို့ ပစ်ထားသည်ဟု ထင်ချင်စရာပါလေ။ ဒီတော့လည်း မြမှာ မခံချင်စိတ်နဲ့ ဆန်ကာတင် ရွေးထားမိတဲ့ သူ့ကိုလက်ထက်ဖို့ သူနှင့် ရင်းနှီးဖို့ plan တွေကို နှစ်ညှစ်ချရတော့တာပင်။

သူငယ်ချင်းတွေသာ မြအဖြစ်ကိုသိရင် ဝိုင်းလှောင်လိုက်ကြမယ့်ဖြစ်ခြင်း။ မြတို့က အဲဒီလို အဲဒီလို ညီအစ်မဆွေမျိုးတွေပါလေ။

"အလုပ်လုပ်တာပဲ နှစ်ချီကြာနေပြီ၊ ဒီလောက်တော့







www.burmeseclassic.com

www.burmeseclassic.com



တတ်မှာပေါ့''

''မြ အရင်လုပ်တာ ဆိုင်တစ်ဆိုင်ကိုပဲ တာဝန်ယူရတာလေ၊ ပြီးတော့ . . . အခုလို ပစ္စည်းတွေ ပရှုပ်နဲ့ စာရင်းရှုပ်တာမျိုးရှိမှ မရှိတာ''

''တွဲသင်ပေးပါဆိုလို့ ကျွန်တော်ပြောနေရတာ၊ ကျွန်တော်လည်း ကိုယ့်အလုပ်နဲ့ကိုယ် အချိန်အားတာမဟုတ်ဘူး၊ လုပ်ရင်းနဲ့ တတ်သွားရတာပဲ''

သိပ္ပါ သိပ္ပါ၊ ဒီလောက်အလုပ်လောဘကြီးနေမှတော့ ရှင်ဘယ်လိုအိမ်ထောင်ပြုဖြစ်ပါ့မလဲ။ တော်ကြာ အမေဖြစ်သူက ''သားဒီမိန်းမကိုယူ'' ပြောတာနဲ့ ''ဟုတ်ကဲ့'' ဆိုပြီး ခေါင်းညိတ်မှာထင်ပါရဲ့။ အဲဒါလည်း ခပ်ကောင်းကောင်းပါပဲ။ ဖေဖေနှင့်သူ့ဖေဖေက သူငယ်ချင်းတွေမို့ လူငယ်တွေကိစ္စက Easy ပါပဲ။

သူက မြကို အကဲခတ်ဟန်ဖြင့် မျက်မှောင်ကျုံ့လျက် ကြည့်လိုက်လေ၏။ ဘာမှ မတတ်ဘဲနဲ့တော့ ဒီနေရာကို ရာထူးကြီးပြီး ရောက်လာပါ့မလား။ ဒီလောက်တော့ တွေးတတ်ပေမပေါ့။ ဟန်ဆောင်ရတာလောက်က မြအတွက် မခက်ခဲပါဘူး။ နေရာတကာ ပွင့်လင်းရိုင်းကောင်းတာမှ မဟုတ်တာကိုး။

''အရင်က ဘယ်မှာလုပ်ခဲ့တာလဲ''

''Furniture ဆိုင်၊ Bed stead တွေ၊ Mattress တွေ





သာရွေးဝယ်မှုပဲ အလုပ်ရှုပ်ရတာ''

သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားလေ၏။ ဖြစ်ပေမပေါ့၊ မြပြောတဲ့ ပရိဘောဂဆိုင်မှာ ခုတင်တွေ၊ မွေ့ရာတွေကအစ အကုန်အပြီးအစီးရောင်းတာကိုး။ နေဦး ဒါလေးထည့်ပြောရုံနဲ့ သူ့မျက်နှာရဲ့တာ အကြောင်းရှိရမည်။ ဒါဖြင့် မြတို့ကိစ္စကို သူလည်း သိနေပုံရတယ်ပေါ့လေ။

မြ ကျိတ်ပြုံးလိုက်မိ၏။ ဒီလောက်တော့ မြက ယောကျ်ားတွေကို အကဲခတ်နိုင်ပါသည်။ ခေတ်နဲ့အညီ မွေးဖွားခဲ့တဲ့ လူငယ်မို့ ဒီလောက်ကြီး ထုံအတာမျိုးမှ မဟုတ်တာကိုး။ သူက အနေခက်သွားဖြင့် စာရွက်တွေထပ်ထားတာကို ပြန်ဖွမိပြီး သတိရဟာ စိတ်ပျက်သွားသည့်နှယ်။

''မြတို့ကိစ္စကို ရှင်သိတယ် မဟုတ်လား နေမင်းရှိန်''

''အခုလည်း ဘာမှရှုပ်စရာမရှိပါဘူး။ ပစ္စည်းတွေ သေးသေးမွှားမွှားဖြစ်တာပဲရှိတာပါ''

''အဲဒါ . . . နည်းမှမနည်းတာကို၊ ပစ္စည်းသေးလေ တန်ဖိုးကြီးလေ၊ စိတ်ရှုပ်စရာကြီး''

''ဒါဖြင့် . . . မမြစိမ်းစိမ်းက ဘယ်နေရာမှာများ လုပ်ချင်လို့လဲ''

ကြည့် . . . ဒါက ရွဲ့တာပေါ့လေ။ လူကို မ,တင်ပြီးခေါ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လောက် အသည်းယားတာမရှိတော့။ ရှယ်တူချင်းကို တရိုတသေခေါ် နေတာ စိတ်အိုက်လိုက်တာနော်။ ဘယ်နေရာမှာ လုပ်ချင်လဲ မေးစရာ လား။ ရှင်နဲ့ ရုံးခန်းတစ်ခန်းတည်းပေါ့ရှင်။

"မြ ... မကျွမ်းကျင်သေးတာကို သွားချွန်မလို့လား"

"ဟာ ... မဟုတ်ပါဘူး"

"ဒါဆို ... ပိုကျွမ်းကျင်အောင် သင်ပေးပေါ့ရှင်"

"ခက်တာပဲ"

သူ့ အတော့်ကို အကျပ်ရိုက်သွားပုံပင်။ မြ ရယ်ချင်တာ့ အတော်လေး အောင့်ထားရလေ၏။ လိမ်ညာတာတော့ မဟုတ်ရပါ။ သူနှင့်ရင်းနှီးခွင့်ရဖို့က ဒီတစ်လမ်းသာရှိတာမဟုတ်ပါလား။ လူကြီးတွေ ဘယ်လိုပဲ စီစဉ်ကြပါစေ မြတို့လူငယ်ချင်း အတော်အသင့် ရင်းနှီးမှု တော့ရှိရမှာ အသေအချာပါပဲ။

"မသင်ပေးချင်လို့လား"

"ဗျာ ... မဟုတ်ရပါဘူး"

"ပြီးတော့ ... မြ ပြောစရာရှိသေးတယ်"

"ဘာပြောမလို့လဲ ပြောလေ"

မြက သူ့ကို အကဲခတ်သည့်နှယ် ကြည့်လိုက်ပါ၏။ အတော် ရိုးတဲ့ ယောက်ျားပါလား။ လေးရဲ့ခင်ပွန်းက အတော်လေး ထက်မြက် ပေမယ့် ဖနီးကို ချစ်စိတ်နဲ့ ဘာမဆို အလျှော့ပေး လိုက်လျောလွန်း





တာလေ။ ဒီတော့ မြ လက်ထပ်ရမယ့်လူကို လေးရဲ့လူထက် ပိုပြီး သာနေမှ ဖြစ်မှာပေါ့။ ညီအစ်မချင်း ပြိုင်တာတော့ မဟုတ်ရပ့ါ။ သို့သော် ... မိန်းမမှန်ရင် မိန်းမစိတ် မဆွရိုယတော့ အနည်းနဲ့အများ ရှိကြမှာပါလေ။

"မြနာမည်ကို မ,တပ်ပြီး မခေါ်ပါနဲ့"

"ဗျာ"

"မြနဲ့ရှင်က ရှယ်တူရှင့်၊ State တုန်းက တစ်တန်းတည်း အတူတူ တက်ခဲ့ကြတာ မမှတ်မိဘူးလား"

"ဟင်"

ကဲ မှတ်ရော။ သူက ထင်မထားသည့်စကားမို့ မြကို အူ ကြောင်ကြောင်ဖြင့် ကြည့်နေလေ၏။ ဟုတ်တယ်၊ တစ်ခါတလေ မိန်းကလေးဘက်က ရှေ့ကို ခြေတစ်လှမ်းရွှေ့သင့် ရွှေ့ရဲရမှာလေ သိပ်ကြီးရဲတင်းတာမျိုး မဖြစ်အောင် သတိထားရပါ၏။ ရိုးချင် အချင် သောင်မဆောင်နဲ့ နေမင်းရှိန်ရှော။

"ကျွန်တော်နဲ့"

"ဟုတ်တယ်"

"မမကြီး"

"ဟဲ့ ... ပလုတ်တုတ်"

ဒီမှာ ဖာတ်ရှိန်တင်ဖို့ပြင်ရုံရှိသေး တံခါးက ဝုန်းခနဲ့ပွင့်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



မြ ပေါင်ပေါ်မှာမျက်နှာအပ်ကာ တရှုံ့ရှုံ့ငိုချလိုက်သည်က အငယ်လေး ပါလေ။ ငိုကြီးချက်မနှင့် ဗလုံးဗထွေးပြောနေတာကို သေချာနားမလည် ပေမယ့် ကောင်လေးထားခဲ့ပြီဆိုတာကိုတော့ ယေဘုယျသဘော နား လည်လိုက်ပါ၏။

ရုံးခန်းထဲဝင်လာသည့် ညီမလေးကို အငိုတိတ်စေရန် ချော့ မော့ပြောဆိုနေရင်း လက်ရှိအခြေအနေကို သတိရသွားပါ၏။ ဟုတ် တယ်၊ ရုံးခန်းထဲမှာ ယခုတိုင် သူရှိနေသေးတာမဟုတ်လား။ ရုတ် တရက် သူ့ကိုမော့ကြည့်လိုက်စဉ် မြ အသက်ရှူရပ်သွားရလေသည်။

ကရုဏာမျက်ဝန်းတို့ဖြင့် အငယ်လေးကို ကြည့်နေပါသည့် နေမင်းရှိန်၏အကြည့်တို့က ကြက်သီးတဖွဖွယ်ရာ ဖြစ်နေတာပါလေ။ ဘုရားရေ၊ သူ့ဆီမှာ ဒီလိုကြည်လင်သည့် မျက်ဝန်းတို့ရှိနေတာပါလား။

♥♥♥



# အခန်း (၃)

ကားကို ဆင်ဝင်အောက်မှာ ရပ်လိုက်ပါ၏။ တိုက်ထဲဝင်လိုက် သည့် ဖေဖေက ဧည့်ခန်းမှာ စာစောင်ဖတ်နေရင်းမှ မျက်မှန်ပင့်ကြည့် လိုက်လေသည်။ ကားသော့ကို တိုင်မှာချိတ်လိုက်ပြီး အတွင်းခန်းဘက် ထလိုက်ပါသည်။ မီးဖိုခန်းဘက်မှ မေမေထွက်လာတာကို နှုတ်မဆက် ဖြစ်တဲ့ ရေခဲသေတ္တာရှိရာဆီ သွားကာ ရေသောက်ဖို့ကိုသာ အာရုံစိုက် နေမိလေ၏။

"ဘာဖြစ်လာတာလဲ သား"

ရေဘူးအဖုံးကိုပြန်ပိတ်ကာ သိမ်းလိုက်ပါ၏။ ဖန်ခွက်ထဲမှ အက်ကျန်ရေကို အကုန်မော့သောက်လိုက်ပေမယ့် ရင်တွင်းမှအပူက



www.burmeseclassic.com

www.burmeseclassic.com



မအေးနိုင်ခဲ့။ အာရုံက ရှုက်ကြီးတင်ခံဖြင့် မျက်ရည်တပေါက်ပေါက်ကျ လျက် ငိုနေသည့် မိန်းကလေးထံသာ ရောက်သွားရတာပါလေ။ အငယ်လေးတဲ့။

''သား''

''ဗျာ မေမေ''

''သားဖေဖေ ခေါ်နေတယ်''

''ဟုတ်ကဲ့''

မေမေမေးတာကို ပြန်ဖြေလိုက်ပေမယ့် ထမင်းစားစားပွဲအနီး မှာ သူ ရပ်နေမိတုန်းပါပဲ။ ဘယ်လိုဖြစ်ရတာပါလိမ့်။ အလုပ်ကို စိတ်နှစ်ပြီး လုပ်တတ်ပါသည့်သူ။ အလုပ်ထဲမှာပဲ ပျော်နေခဲ့တဲ့သူ။ ဖွဲ့ရှိရှိနဲ့ အောင်မြင်အောင် ပန်းတိုင်ဆီ လျှောက်လှမ်းနေပါသည့် သူလို လူကို အခုလို တွေဝေတုံ့ဆိုင်းမှုတွေဖြစ်အောင် မည်သို့သောအရာက ပြုစားလိုက်ပါသလဲ။

''ပုလဲတော့ အသည်းတွေ တစ်စစီဖြစ်ကုန်ပြီ၊ သူ သိပ်ရက် စက်တာပဲ၊ ပုလဲကို . . . ပုလဲကို လမ်းခွဲရအောင်ဆိုပြီး ရက်ရက်စက် စက်ကြီး ပြောလိုက်တာ မမကြီးရဲ့၊ ပြီးတော့ ပြောသေးတယ်၊ ပုလဲကိုသာ ဒီလောက်အကြာကြီး တွဲဖြစ်ခဲ့တာတဲ့၊ အပြီးမပျက်ဘဲ ပြောတာသူက ခပ်ပေါ့ပေါ့ပဲ၊ ပုလဲမှာသာ . . . ပုလဲမှာသာ ဒီထဲ တင်းကျပ်ပြီး ပေါက်ကွဲထွက်တော့မလိုပဲ။ တနင့်တပိုးကြီး ခံစားရတာ





မကြီးရဲ့၊ ပုလဲတော့ . . . ပုလဲတော့ ဒီဒဏ်ရာကြီးနဲ့ အသက်ဆက် ရှင်ချင်တော့ဘူး''

ထိုင်ခုံနောက်မှီကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိ၏။ အကျီ င်္ဘာတ်နေရာကို ဆုပ်ထားလျက် ရှုက်ရှုက်ငိုနေပါသည့် မိန်းကလေး ၏ စကားသံတို့က ယခုတိုင် နားထဲမှာ ကြားယောင်နေဆဲပါပဲ။ ဘယ်လိုကြီးလဲ။ သူမ၏ဝမ်းနည်းကြေကွဲမှုက သူ့ဆီကို ကူးစက်လာ သည့်နှယ် ခံစားခဲ့ရတာပါလေ။

အဘယ်မျှ နာကျင်နေတာပါလိမ့်။ ပထမဦးဆုံး ချစ်သူထားဖူး သာ ဖြစ်မည်ထင်ပါရဲ့။ ချစ်သူ၏ သစ်စိမ်းချိုးချိုးခြင်းဒဏ်ရာက ငယ်နု သည့် နှလုံးသားလေးကို ခံရခက်စေအောင် ဒဏ်ချက်ကြီးဖြစ်စေတာ ■ စိတ်မကောင်းလိုက်တာ။ ဒီအရွယ်ဆိုတာ သူငယ်ချင်းတွေနဲ့ ယ်၊ ရုပ်ရှင်ကြည့်၊ မုန့်လျှောက်စား၊ ကစားကွင်းသွား စသည်ဖြင့် ာ်စရာတွေ အမျိုးမျိုးကို ရှာဖွေပြီး စိတ်ချမ်းသာနေရမှာလေ။

အခုတော့ ထိုမိန်းကလေးက ချစ်သူ၏ရက်စက်ခြင်းဒဏ်ကို အလဲနဲ့ ခံခဲ့ရပြီး ထွက်ပေါက်ပိတ်ကာ အသက်ရှုကြပ်နေသည့် ■ ကူကယ်သူမဲ့စွာဖြင့် အစ်မဖြစ်သူဆီ အားကိုးတကြီး ရောက် ာ အဘယ်မျှ သနားစရာကောင်းလိုက်ပါသလဲ။ ဟန်ဆောင် ် မူယာမာယာတွေများတတ်တဲ့အရွယ်လေးမှာ ဟန်ပင် မဆောင် ဲ ချုံးပွဲချ ငိုပွဲဆင်ခဲ့ပါသည့် မိန်းကလေး၏ပုံရိပ်က သူ့အာရုံကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်နိုင်ခဲ့တာလေ။

မြစိမ်းစိမ်း၏ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ပေါင်ပေါ်မှာ မှောက်နှာအပ်လိုက်ပါသည့်မြင်ကွင်း။ ခပ်တိုတိုကုပ်ကုပ်လေး ညှပ်ထားပါသည့် ဆံပင်ပုံစံကြောင့် လည်တိုင်သွယ်သွယ်လေးကို သူ မြင်ခွင့်ရခဲ့တာပါ။ ဘေးတစောင်းလေးသာ ခပ်ကွယ်ကွယ်မြင်လိုက်ရသည့် မျက်နှာလေး။ ပါးဖောင်းဖောင်းလေးနှင့် နှာတံစင်းစင်းလေးကို မျက်ခနဲ မြင်ရုံနဲ့ အဘယ်မျှ ချစ်စဖွယ်ကောင်းသလဲဆိုတာကို ခန့်မှန်းနိုင်တာပါလေ။

ဤမျှ နုငယ်ပျိုမြစ်လွန်းပါသည့် မိန်းမချောလေးရဲ့ ရင်ကို အဘယ်သို့သော သကောင့်သားက နာကျင်စေခဲ့တာပါလိမ့်၊ တင့်တယ်လှပနေပါသည့် ကောင်မလေး၏နှလုံးသားကို ကစားစရာအဖြစ် မည်သို့သောလူက အပျော်သဘောထားခဲ့ပါသလဲ၊ အချစ်တွေနှင့် ပျော်ရွှင်နိုင်မည့် မိန်းမငယ်လေး၏အပြုံးတွေကို ပုလဲဥမျက်ရည်တွေအဖြစ် ပြောင်းလဲအောင် ဘယ်လိုကောင်မျိုးက ရက်ရက်စက်စက် ပြုစားခဲ့တာပါလိမ့်။ ဩော် ပုလဲဆိုတဲ့ အငယ်လေးရယ်။

"သား နေမင်းရှိန်"

"ဟင် . . . ဩော် . . . လာပြီ ဖေဖေ"

ဖေဖေ့အသံ ထပ်ထွက်လာတာမို့ သတိဝင်သွားရပြီး လှည့်ထွက်လိုက်စဉ် လက်က (စောစောက သူသောက်ပြီးတင်ထားသည့်





ဖန်ခွက်ကို တိုက်ချလိုက်သလို ဖြစ်သွားလေ၏။ ရင်ထိတ်သွားပြီး အမြန်ဖမ်းလိုက်ပေမယ့် မမီလိုက်ပါချေ။ သံမံတလင်းနှင့်ဖန်ခွက်ထိကြွေသံက နားထဲမှာ ပိကျယ်လောင်သွားသည့်နှယ်ပါလေ။

"ခွမ်း"

"ဝေဝေလုပ်လိုက်ပါ့မယ် အစ်ကိုလေး . . . ထားခဲ့ပါ"

အိမ်မှုကောင်မလေး သတိပေးလိုက်တာမို့ ဖန်ခွက်အကွဲကို ထိုးချက်ကြည့်ကာ အိမ်ရှေ့သို့ သူထွက်လာခဲ့ပါ၏။ အယောင်ယောင်အမှားများတွေ စတင်ဖြစ်လာပါပေါ့လား။ သတိထားပေတော့ နေမင်းရှိန်။

"ထိုင်"

ဖေဖေနှင့်မေမေ ထိုင်နေသည့်ခုံနှင့် မျက်စောင်းထိုးရှိခုံမှာ သူ ဝင်ထိုင်လိုက်ပါသည်။ ရင်ထိတ်မှုက ယခုတိုင် မပျောက်သေးပါ[illegible] ရေသောက်ပြီးတာတောင်မှ သူ့အာခေါင်တွေ ခြောက်နေသည့်နယ်ပါ။ လက်ဝါးထဲမှာ ချွေးစေးတွေပျံလာတာ၊ ရင်ထဲ တလုပ်လုပ်ဖြစ်လာတာ၊ နားထဲမှာ လေတွေထွက်နေသလို အူနေဟာတို့က ဘာကြောင့်များ ဖြစ်ရတာပါလိမ့်။

"နေမင်းရှိန်"

"ဗျာ"

"ဘာတွေဖြစ်လာသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာကိုပြောတာလဲ ဖေဖေ"

"သားပြန်လာ ‌တည်းက ဖေဖေ အကဲခတ်နေတယ် ... ပြန်လာနေကျအချိန်ထက်လည်း နောက်ကျနေတယ်၊ ထားပါတော့ ... ဒါက အလုပ်များရတဲ့နေ့မျိုးရတာမို့ ဖေဖေ နားလည်ပေးလို့ရ တယ်"

"ဟုတ်ပါ့ ... မေမေ့ကိုတောင် မမြင်ရအောင် သား ဘာ တွေဖြစ်လာတာလဲ"

"ဟုတ်တယ် ... သား မျက်နှာလုံးဝမကောင်းဘူး၊ ပြီးတော့ ... စိတ်နဲ့လူ မကပ်သလို သားလုပ်ပုံတွေ မြင်နေရတာကိုး"

"ဘာမှမဖြစ်ပါဘူး"

"ဖေဖေတို့က သားရဲ့မိဘတွေဆိုတာ မမေ့နဲ့ နေမင်းရှိန် ဘာမဆို မျိုသိပ်ခံစားပြီး ထုတ်မပြောတတ်တာ သားရဲ့အကျင့်မှန်း ဖေဖေတို့ သိတယ်၊ ဒါပေမဲ့ ... အခုပုံစံကိုတော့ မမေးလို့မဖြစ်ဘူး သားပုံစံက Normal မှမဟုတ်တာ"

သေစမ်း၊ သူ ဘာတွေဖြစ်နေပြီလဲ။ မိဘတွေရှေ့မှာ အရုပ် တရုပ်လို ငုပ်တုတ်ထိုင်ပေမယ့် စိတ်တွေက ယောက်ယက်ခတ်ပြီး ကစဉ့်ကလျား ဖြစ်နေတာကို သူကိုယ်သူသာသိနေတာပါလား။ ဘယ် လိုအကြောင်းပြရမှာပါလိမ့်။ ဒီလိုဖြစ်ရတာ ကောင်မလေးတစ်ယောက် ကြောင့်ပါလို့ ပြောချလိုက်ရမှာလား။ မဖြစ်သေးဘူး၊ တစ်သက်လုံး





ထိန်းသိမ်းနိုင်ခဲ့တဲ့ ယောကျ်ားသိက္ခာတွေ ဟိုအောက်ခြေကို ဘုတ်ခနဲ ပြုတ်ကျသွားပေမပေ့ါ။ ခက်ချေပြီကော နေမင်းရှိန်။

"အလုပ်မှာ အခက်အခဲရှိနေလား"

"ဟင့်အင်း"

"ဒါဖြင့်"

"မြစိမ်းစိမ်းကိုတော့ အတော်လေးတွဲ ‌ရမယ်ထင်တယ် ဖေဖေ၊ အလုပ်လုပ်တာ မသေသပ်ဘူး။ စနစ်မကျဘူး။ အဲဒါကြောင့် ဒီနေ့ သူ့ရုံးခန်းထဲမှာပဲ တစ်နေကုန်ကြာသွားတာ"

"ဟုတ်ပါ့မလား။ မြစိမ်းစိမ်းက အလုပ်ကို စေ့စပ်သေချာလို့ ရာထူးတိုးပေးပြီး အဲဒီနေရာကိုရောက်သွားတာလေ သားရဲ့၊ သား ပြောတာ မဖြစ်နိုင်ဘူး"

"မဟုတ်ဘူး ဖေဖေ၊ ဆိုင်ခွဲစာရင်းတွေကို ကပေါက်တိ ကပေါက်ချာ လုပ်ထားလို့ စာရွက်တွေ တစ်ခုချင်း"

သူ စကားကို ရပ်ပစ်လိုက်ပါ၏။ ပြောနေရင်း မိဘတွေကို မော့ကြည့်မိစဉ် နှစ်ဦးသားပြုံးနေတာကြောင့် ဇဝေဇဝါဖြစ်သွားရခြင်း ပါပဲ။ ဘာလဲ၊ သူပြောနေတဲ့အကြောင်းအရာက အခုလို ပြုံးစရာမှ မရှိတာလေ၊ စေ့စပ်သေချာလို့ ရာထူးတိုးသွားတာတဲ့လား။ သေစမ်း။ ဒါကို သူ ဘာလို့ မတွေးမိလိုက်တာပါလိမ့်။ ဒါဖြင့် တမင်တကာ ညာပြတာကို နေမင်းရှိန် ခံလိုက်ရတာပေ့ါလေ။ ညံ့ပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း ... သား ကောင်းကောင်းအကဲခတ်ခွင့်ရခဲ့တယ်ပေါ့လေ"

"အဲ"

"မြလေးက တော်လိုက်တာ၊ တော်တော်မှ စကားပြောဖြစ်ခဲ့လား"

"ဒီလိုပါပဲ မေမေ"

"သဘောကျခဲ့လား"

"ဗျာ ... ဘာကိုလဲ"

"မြလေးကိုလေ"

သူ နှုတ်ဆိတ်နေမိ၏။ စိတ်မဝင်စားဘူး၊ သဘောမကျဘူးဆိုသည့် ဆန့်ကျင်ဘက်စကားမျိုး ပြောလိုက်ချင်ပေမယ့် ပြောမထွက်ပါချေ။ အခုမှ စတွေ့တဲ့ မိန်းကလေးကို မြင်တာနဲ့ ငြင်းလိုက်ပါကတစ်ဖက်သား အရှက်ရစေမှာကိုး။ သူ တကယ်တမ်း စိတ်ဝင်စားမိသည်က တခြားမိန်းကလေးတစ်ယောက်ဆိုတာ ဘယ်လိုများ ပြောရပါ့မလဲ။

"အစက ထက်ထက်မြက်မြက်ရှိမလိုနဲ့ တကမ်းတမ်းကျတော့"

"သူ တမင်လုပ်တာပါ သားရယ်၊ ဘယ်မိန်းကလေးကမှ ကိုယ့်ကို အထင်သေးစေမယ့် လုပ်ရပ်မျိုးမလုပ်ကြပါဘူး"





"သားတို့နှစ်ယောက်ကို မေမေတို့ စီစဉ်ပေးချင်နေတာလေ"

"ဒါဖြင့် ... သူ သိသိကြီးနဲ့ တမင်လုပ်တာလား"

"ဒါပဲ ရှိမှာပေါ့"

သူ မှုန်ကုပ်ကုပ်ဖြစ်သွားရပါ၏။ သူက တခြားယောက်ျားလေးတွေနဲ့ စရိုက်မတူလှပါ။ ဖြစ်ချင်တာ လုပ်ချင်တာကို သေချာစီစဉ်ပြီးမှ နှုတ်ချထုတ်ပြောတတ်ပြီး ဘာမဆို လျှို့ဝှက်မျိုသိပ်ထားတတ်သည့်အကျင့် ရှိလေ၏။ လူတိုင်းမှာ အကျင့်ကိုယ်စီရှိကြပေမယ့် သူကစားလည်းနည်းကာ အတော့်ကို တိတ်ဆိတ်တာမျိုးကိုပဲ နှစ်သက်သည့် အမျိုးသားတစ်ဦးပါပဲ။

အခုတော့ တစ်ဖက်မိန်းကလေးက သူနှင့်တစ်တန်းတည်းကျောင်းနေဖက်ဖြစ်ပြီး စိတ်တွင်းမှ ရင်းနှီးနေသလိုပါလေ။ လူကိုသုံးအေဟန်ဆောင်ပြီး လှောင်လွှတ်ရတယ်လို့၊ အဲဒီရုံးခန်းထဲမှာစာရွက်တွေရှင်းပြီး အချိန် ဘယ်လောက်တောင် ကုန်ခဲ့ရပါသလဲ၊ သူက အချိန်ဖြုန်းတီးတာလောက် မုန်းတီးတာမရှိ၊ နေ့ဦးဆီလို အလုပ်ရှုပ်နေခဲ့လို့ပဲ။ သူမကို ရုတ်တရက် ဆုံခွင့်ရခဲ့တာတောင်ပါလား။

အငယ်လေးတဲ့။

"လေ့လာဖို့အချိန်ယူရမယ့်မုန်း ဖေဖေတို့ နားလည်ပါတယ်သားတို့က အလုပ်အတူတူမို့ ဒီအခွင့်အရေး ပိုရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"စကားတွေ လွန်ကုန်ပြီလား မေမေ"

"မလွန်သေးပါဘူး သားရဲ့၊ ဒီလောက်တော့ မေမေတို့ ပါးနပ်ပါတယ်"

တော်ပါသေးရဲ့၊ ယူဆိုပြီး အတင်းပေးစားပါက မိဘစကားကို တစ်သက်လုံးနာခံပြီး မငြင်းဆန်ခဲ့သည့် သူ့အဖို့ ခြေချုပ်မိကန်းပါလေ။ လေ့လာချိန်တဲ့။ မင်းနဲ့ထပ်ဆုံဖို့က်စွက အများကြီးကြုံရဦးမှာပါပဲ။ လူကို စတွေ့တာနဲ့ ပပောင်ဦးတွက်ချင်သည့် မြစိမ်းစိမ်းနှင့် တစ်ကွေ့ကြုံရဦးမှာ အသေအချာပါလေ။

"ဘာလဲ ... သားရဲ့၊ အသက်လည်းရွယ်တူပဲကို။ မြလေးက မလှလို့လား"

"မဟုတ်ပါဘူး"

"မေမေတို့ မျက်စိထဲမှာလည်း သားနဲ့အလိုက်ဖက်ဆုံးလို့ ယူဆပြီး သဘောကျခဲ့တာပါ။ မြလေးတို့ မျိုးရိုးက သိပ်မြင့်တာသားရဲ့ ဒါပေမဲ့ ... ငွေရှိသလောက် မမောက်မာတတ်ကြဘူး။ ကလေးတွေကလည်း မိဘအရှိန်နဲ့မနေဘဲ ကိုယ့်အားကိုယ်ကိုးတတ်ကြလို့ အဲဒါလေးကိုပဲ သဘောကျမိတာ"

"မြစိမ်းစိမ်းက အနေတည်ပြီး ယဉ်မှန်း သားလည်းမြင်မှာပါ"

"ဟုတ်ကဲ့"





သူ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ အနေတည်တာ၊ ယဉ်တာကိုတော့ သူလက်သင့်ခံပေးနိုင်ပါ၏။ သက်တူရွယ်တူမို့ ညှိနှိုင်းရလွယ်ကူမည်ဟုလည်း ခန့်မှန်းမိပါသည်။ ခက်တာက ငြိမ်သက်နေသည့် သူ့နှလုံးသားက လက်ခံနိုင်ဖို့ကိုပါပဲ။

အခန်းထဲ အပြေးဝင်လာသည့် အရိပ်ဖြူဖြူလေးကြောင့် သူ သတိဝင်သွားတာက ပထမ မြစိမ်းစိမ်း၏ပေါင်ပေါ် မျက်နှာအပ်ကာ ဒူးထောက်ငိုချလိုက်သည့် ရှိုက်သံကြောင့် ရင်ထဲ လှိုက်ခနဲဖြစ်သွားသည်က ဒုတိယ။ အဲဒီနောက် သူမ၏ကျောပြင်လေးကို ငေးကြည့်နေရင်း နှလုံးသားက တဒိတ်ဒိတ်ဖြင့် အံ့သြစရာကောင်းလောက်အောင် အခုန်မြန်လာသည်က တတိယ။

သေချာပါတယ်။ သူ့ဘဝမှာ ဒီလိုစိတ်လှုပ်ရှားမှုမျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးပါလေ။ ဒီတစ်ကြိမ်သာ မှတ်မှတ်ရရ ရှိခဲ့ပြီး လူကို ပူနွေးတစ်လှည့် အေးတစ်လှည့်ဖြင့် ခပ်ရှိန်းရှိန်း ခံစားမှုတွေ ဖြစ်တည်စေခဲ့တာကိုး။

ကရုဏာသက်ခြင်း၏အစက အခြေခံအုတ်မြစ်အဖြစ် တည်စေခဲ့လျှင် ဤသည်ကို သံယောဇဉ်ဟု အမည်တပ်နိုင်ပါမည်လား။ တစ်ဦးနှင့်တစ်ဦး မမြင်ဖူး မတွေ့ဖူး မဆုံဖူး မသိဖူးပါဘဲ ချစ်စဖွယ် မိန်းမငယ်လေး၏ သနားဖွယ်ရာမြင်ကွင်းက သူ့အာရုံကို ဖမ်းစားနိုင်ခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



မငိုပါနဲ့လား။ မင်းအရွယ်လေးနဲ့ အဲဒီမျက်ရည်တွေက လိုက်မှ မလိုက်ဖက်တာလေ။ စိတ်ကို ဖြေတတ်ပါစေ။ ဒဏ်ရာဆိုတာ ကုတတ်လျှင် အမြန်လေးနဲ့ပျောက်မှာ အသေအချာပါ။ ဝမ်းနည်းမနေပါနဲ့၊ အချိန်ဆိုတဲ့သမားတော်က မင်းနှလုံးသားကို အကောင်းဆုံးကုစားပေးနိုင်မှာပါနော်။

အငယ်လေး အငယ်လေး အငယ်လေး။ စိတ်ထဲ ဖွဖွရေရွတ်မိတဲ့ခေါ်သံကို မင်းကြားနိုင်ပါ့မလားကွယ်။

♥♥♥



## အခန်း (၄)

ပါးပြင်ထက်မှ မျက်ရည်ကို ကြိတ်သုတ်လိုက်မိပါ၏။ ကိုယ့်အိမ်မဟုတ်တာမို့ ဣန္ဒြေကို မနည်းဆည်နေရတာပင်။ အခန်းတွင်းမှာ ပေါ့မပါး ခန္ဓာကိုယ်ဖြင့် ခါးထောက်လျက် ဟိုဒီလျှောက်နေသည်က သူမချစ်လှစွာသော မလေးပါပဲ။ ဆိုးတော့ဆိုးသား။ အငယ်ဆုံးညီမ ရည်းစားနဲ့ပြတ်သည့်ကိစ္စက ဤမျှ ကြီးလိမ့်မည်ဟု ထင်ပင်မထင်မိပါလား။

"တောက်"

"မလေး"

"ဒင်းက ဘာမို့လို့လဲ၊ ဘယ်လောက်များ နာမည်ကြီးနေလို့



www.burmeseclassic.com

www.burmeseclassic.com



Power က ပြချင်တာလည်းမသိ၊ ငါပြေးပြီးတော့ ပါးပိတ်ရိုက်ချင်လိုက်တာနော် . . . ဟင်း''

''ဒေါသမကြီးနဲ့လေ မလေးရဲ့''

''ဒေါသမထွက်ဘဲနေမလား။ ငါ့ကိုမပြောဘဲ ဘာကိစ္စ မကြီးကို အရင်သွားပြောရတာလဲ''

''မလေးက မပေါ့မပါးကြီးနဲ့ကိုးလို့''

''အောင်မယ်လေး . . . မွေးမှမမွေးသေးတာ၊ ပူစရာရှားလို့တကယ်ပါပဲ၊ နေစမ်းပါဦး . . . အဲဒီကောင် လမ်းခွဲမယ်ပြောတာနဲ့ ဒီဘိုင်းငြိမ်နေရလား။ နင့်လက်ဝါးနဲ့ သူ့ပါးကို မိတ်ဆက်ပြီး နှုတ်ဆက်လက်ဆောင်ပေးခဲ့မှပေါ့ တော်းမလေးရဲ့၊ ငါနော် လူချင်းသာ လဲပစ်လိုက်ချင်တယ် . . . အဟုတ်''

အဲဒါကြောင့်ပဲ မလေးကို မသိစေချင်တာပါ။ အခုက မမကြီးက မလေးဆီ ဖုန်းဆက်ပြောတာနဲ့ သိကုန်ပြီး အန်တီလတ်အိမ်ကို သူမအခေါ်ခံရတော့တာလေ။ မငိုချင်ပါဘူးဆိုနေမှ ဒီမျက်ရည်တွေကလည်း ပေါပေါလွန်းပါရဲ့။ မေးသမျှ ပြန်ဖြေရင်း ငိုမိပြန်ပါရော။

''ငိုမနေနဲ့ . . . ကျက်သရေကိုမရှိဘူး။ ဒင်းကြောင့်များ မျက်ရည်ကျရတယ်လို့ မတန်မရာ''

''မလေးကလည်း''

''နင် အဲဒီလို ပျော့စိပျော့စိလုပ်နေလို့ ဟိုအကောင်က





က်သွားတာပေါ့။ တယ်လေ . . . ငါမပြောလိုက်ချင်ဘူး၊ စိတ်တိုယ်''

''ကိုလေးကို မပြောပါနဲ့''

''မပြောလို့ရမလား။ ဒင်းအမျိုးအကြောင်း ဒင်းကိုမှမပြောလို့ယ်သူ့ကိုပြောရမှာလဲ''

''ကိုလေးနဲ့မှမဆိုင်တာ မလေးရဲ့''

''ဘာလို့မဆိုင်ရမှာလဲ၊ လူမှာအမျိုး ကြက်မှာအရိုးဆိုတဲ့ားပုံက အလကားရှိတာ မဟုတ်ဘူး''

မလေးအသံ အာကျယ်အာကျယ်ကြောင့် သူမ အလိုလိုပ်သွားရပါ၏။ နေရင်းထိုင်ရင်း မလေးခင်ပွန်း ကိုလေး (ဒေါက်တာဆင်းသန်း) ကို မျက်နှာပူ အားနာစရာဖြစ်တော့မှာလေ။ သူကလေးနဲ့အမျိုးတော်သလို တူအရီးဝမ်းကွဲလည်း ဖြစ်နေပါ၏။ အစကဲ့တွဲကြရင်း လေးလလောက်အကြာမှာ သူ့ကိုမြင်ကာ အမျိုးတော်သိသွားတာပင်။

တူအရီးသာဆိုတယ် အကျင့်စရိုက်က နည်းနည်းမှမတူတာ ကိုလေးက ခပ်အေးအေး စကားနည်းပြီး မလေးအပေါ် အနွံတာခံလျှော့ပေး ချစ်မြတ်နိုးသည့်လူပါ။ သူကဖြင့် ချစ်သူအပေါ် နိုင်လိုပြီး သူကချည်း အထက်စီးက ဆက်ဆံတတ်တာမဟုတ်ပါလော။

''ပုလဲကိစ္စက ပြောလို့မှ မကောင်းတာ မလေးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းလည်း ပြောရမှာပဲအေး၊ ဒါမှ ဒင်းအကြောင်းကို တစ်ခွေမျိုးလုံး သိကုန်မှာ၊ မပြောလို့မဖြစ်ဘူး"

"ခက်တော့တာပဲ"

"မခက်ချင်ရင် အစကတည်းက မရမကဆွဲထားပါလား။ အခုမှ မျက်ရည်တစမ်းစမ်း လုပ်မနေနဲ့၊ အစ်မနှစ်ယောက်လုံးအေးအေး ကို မနေရဘူး"

"ဒေါက် ဒေါက်"

"လေး ကိုယ်ပြန်လာပြီ"

တံခါးခေါက်ကာ ဝင်လာသည့် ကိုလေးကြောင့် ခုတင်ပေါ် ထိုင်နေရာမှ အမြန်ဆင်းရပ်လိုက်ရပါ၏၊ အိမ်ထောင်သည်အိပ်ခန်းထဲ သူမ ရောက်နေတာကိုး။ ခင်ပွန်းဖြစ်သူ့ကို Duty Coat လှမ်းမယူ သေးဘဲ မျက်စောင်းအရင်ဆုံးထိုးလိုက်သည်က မလေးရယ်ပါ ပြုံးသနာပဲ သူများလင်မယားတွေ ပူညံ ပူညံဖြစ်တော့မယ် ထင်ပါရဲ့

"ဟောဗျာ . . . ကိုယ် (၁၅) မိနစ်ပဲ နောက်ကျတာပါကွာ"

"နောက်ကျလို့ မဟုတ်ဘူး"

"ဒါဆို . . . ဘာဖြစ်လို့လဲ"

"ရှင့်တူကြောင့်"

"ဗျာ . . . တူ၊ ဪ . . . မိုးသောက်ကိုပြောတာလား ငယ်လေးနဲ့ ဘာဖြစ်ကြပြန်ပြီလဲ"





"ဘာဖြစ်ရမလဲ . . . ရှင့်တူအကောင်းစားကလေး ညီမဖူးဖူး နုနုလေးကို သစ်စိမ်းချိုး ချိုးပြလိုက်လေရဲ့၊ ဒင်းကို နုတ်နုတ်သာ စင်းပစ်လိုက်ချင်တယ်"

"ရော် . . . စိတ်ကိုလျှော့မှပေါ့လေးရာ၊ ဗိုက်ထဲကနေ သားသား ကြားသွားပါဦးမယ်၊ ဒေါသကလည်း ကြီးလိုက်တာ"

"ကြားကြား"

"တော်ကြာ . . . ကလေးမျက်လုံးပြူးပြူးလေး မွေးလာတော့ ဘယ့်နှယ်လုပ်မလဲ လေးရဲ့"

"အဲဒီတော့လည်း မောင်ပြူးလို့ နာမည်ပေးလိုက်ရုံပဲ၊ ဘက် ခက်လွန်းလို့"

"ကြိုကြိုဖန်ဖန် လေးရာ"

ကိုလေးက သူမထင်ထားသလို စိတ်မညစ်သွားပါပဲ ပြုံးစိစိ ဖြစ်သွားလေ၏။ ဆရာဝန်ပီသပါပေ့။ လူနာတွေအပေါ်မှာပါမက သူမ တို့အငယ်တွေအပေါ်မှာပါ စိတ်ရှည်သည်းခံတတ်သည့် အစ်ကိုလေး ပါပဲ။ အဝတ်အစား မလဲသေးဘဲ မလေးလက်မောင်းကို ကိုင်လျက် ခုတင်ထက်ထိုင်စေလေ၏။ သူမက မှန်တင်ခုံရှိထိုင်ခုံမှာ ပြောင်း၍ ထိုင်လိုက်ပါသည်။

"စိတ်ကိုလျှော့ . . . စိတ်ကိုလျှော့"

"ဒေါက် ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"မမလေး . . . မိပု သံပုရာရည်လာပို့တာပါ"

"နေနေ . . . ပုလဲယူလိုက်မယ် မလေး"

သူမက လှုယ်ပီပီ ထရပ်ကာ တံခါးဖွင့်လျက် သံပုရာရည်ခွက်ကို ယူပေးလိုက်ပါ၏။ အလုပ်က ပြန်လာသည့်ကိုလေးက ဖျော်ရည်မသောက်ဖြစ်ဘဲ မလေးကို ဖန်ခွက်ကိုင်ပေးလျက် ကြင်နာစွာ တိုက်လေ၏။ မြင်ကွင်းက ကြည်နူးစရာလေးပါလားနော်။

"ဖြည်းဖြည်းနော်"

"အဲဒီကိစ္စ ကိုလေး ဘယ်လိုရှင်းပေးမှာလဲ ပြော"

"ကြားသုံးကြား ရှောင်ရတယ်လေ လေးရဲ့၊ သူတို့ သမီးရည်းစားကိစ္စ ကိုယ်ဝင်ပါလို့ ကောင်းမလား"

"မပါလို့ရမလား။ ရှင့်တူကမှ မကောင်းတာ၊ လက်မထပ်နိုင်ဘူးဆိုပြီး အပျော်တွဲရအောင် လေးညီမက လမ်းဘေးချရောင်းတဲ့ ဘန်းထဲက ဟင်းရွက်မှ မဟုတ်တာ"

"အဲဒီ ရှင်ရှင်ကြီးထည့်မပြောပါနဲ့လား လေးရာ၊ နားထဲကြားလို့မကောင်းဘူး . . . တောင်းပန်ပါတယ်"

"မပြောစေချင်ရင် ကိုလေးတူကိုခေါ်ပြီး ဆုံးမပေးပေါ့"

ကိုလေးက ခေါင်းတဖျင်းဖျင်းကုတ်နေပြီမို့ စိတ်ရှုပ်နေသည်ကြားမှ သူမ ပြုံးလိုက်မိပါသည်။ ဒီအစ်ကိုကိုတော့ ရှက်စရာမလို[illegible] မလေးကိုက နဂိုကတည်းက ပွင့်ပွင့်သမားမို့ မလေးရှေ့မှာ ဘာကြီး[illegible]





ထိန်ချန်လျှို့ဝှက်၍ မရပါချေ။ ကိစ္စတစ်ခုကို အချိန်ဆွဲမထားဘဲ ဝုန်းဒိုင်းဖြေရှင်းကာ ပြီးဆုံးအောင် လုပ်တတ်သည့် အစ်မပါပဲ။ ဒီလိုချမြန်လက်မြန် စိတ်ပါမြန်သည့် မလေးနှင့် အနေအေးဆေးသည့် ကိုလေးတို့ ဖူးစာဆုံခဲ့တာ အံ့သြစရာပါလေ။

"ဒီအရွယ်နဲ့ ဒီအရွယ် ဒီလိုပဲ တွဲကြတာပါ လေးရယ်၊ လက်ထပ်ဖို့ စောပါသေးတယ်"

"သြော် . . . ဒါဖြင့် လေးညီမက အရုပ်ပေါ့လေ"

"ကိုယ်ဆိုလိုတာ အဲဒီလိုမဟုတ်ဘူးလေ၊ လူငယ်ချင်းကိစ္စ လူငယ်ချင်းပဲ ရှင်းရမှာ မဟုတ်လား။ ကိုယ်တို့နဲ့မှမဆိုင်တာ"

"အဲဒီလို မျက်နှာလွှဲခဲပစ်တော့ မလုပ်ပါနဲ့ကိုလေးရဲ့၊ လေးအကြောင်းသိတယ် မဟုတ်လား၊ ပြောရင် ပြောတဲ့အတိုင်း လုပ်ပြတတ်တာ"

"ပြောတော့ ဘာထူးမှာမို့လို့လဲ လေးရဲ့"

"ဟုတ်ပါတယ် မလေးရယ်၊ ပုလဲတို့ကိစ္စက ပြီးနေပါပြီ"

"အံမာ . . . ဒီအတိုင်း လွယ်လွယ်နဲ့ ပြီးမလားလို့ ကြည့်ကြသေးတာပေါ့၊ ငါ့ညီမ မနူးမနပ်လေးကို လှည့်စားသွားတဲ့ကောင် lesson ကောင်းကောင်းကို ပေးပစ်မယ်"

"ဘာ lesson လဲ"

"ဒီအမျိုးကိုထိရင် ဒီအမျိုးအကြောင်းသိအောင် ပြဖို့လေ၊



www.burmeseclassic.com

www.burmeseclassic.com



လေးညီမကို လျှော့တွက်လို့ ဘယ်ရမလဲ။ ကျောင်းမုန်းကန့်မုန်းသိ အောင် ပြကြသေးတာပေါ့။ ငယ်လေးကို မတွေ့တော့ရင် သူ့ညီကို လည်း တွေ့ခွင့်မရှိဘူးလို့ပြောလိုက်"

"ဘယ်က ညီလဲ"

"ဒီဗိုက်ထဲက ညီကိုပြောတာလေ၊ ကလေးမွေးလို့ဆိုပြီး လက်ဆောင်ပိုက်ရောက်မလာစေနဲ့၊ မျက်နှာကို ဖြတ်ရိုက်ပစ်မယ် ရှင့်တစ်ဆွေလုံးတစ်မျိုးလုံးပါ လေးရဲ့ကလေးကို မတွေ့စေရဘူးမှတ်"

ဧသစမ်း . . . အမှုက သေးသေးလေးကနေ ရောမလောက် ကြီး သွားပါရောလား။ ထင်မထားတာမို့ ကိုလေးရော သူမပါ ပါးစ အပေါင်းသားဖြစ်သွားရလေ၏။ သူမ၏ချစ်သူရေးရာကိစ္စက ဤ အထိ ထိရောက်မှုရှိသတဲ့လား။ ရှေ့နေလုပ်နေသည့် ဒေါ်ပဒ္မာမြ ၏အမှုကိုင်တွယ်ပုံက သေသပ်ပိရိလိုက်ပါဘိ။

"နေပါဦး . . . မိုးသောက်ကိစ္စနဲ့ ကိုယ်တို့ကလေးကိစ္စ ဘာမှ မပတ်သက်တာ လေးရဲ့၊ ဒီလိုတော့ မလုပ်ပါနဲ့"

"လုပ်မှာပဲ၊ ဒီလိုလုပ်အောင် ရှင့်အမျိုးအကောင်းတေ စတာလေ"

"မလေး"

"နင်အသာနေ၊ နင် အဲဒီလို နုံလို့ ထုံလို့ သူများကော အကြိုခံရတာ ငကုံးမ"





"ဟာ . . . လေးရာ . . . ပြောလိုက်မှဖြင့် ထောင်ကျကိန်း ဆိုက်တော့မယ်"

"မဟုတ်လို့လား။ လေးတို့က အမျိုးထိတာကြည့်ပဲ၊ ဘယ့် နှယ် ဒီလိုလာစမ်းလို့ ရမလား"

ဒုက္ခပါပဲ ဘုန်းကြီးအမှု ရွာပတ်တယ်ဆို ဒါမျိုးကိုပြောတာ ဆင်ပါရဲ့။ ရည်းစားတစ်ယောက်လေးထားမိပါတယ်။ တစ်ဆွေ တစ် မျိုးလုံး သိကုန်တာလေ။ မလေးက သူမတို့ညီအစ်မသုံးဦးထဲမှာ အကြီးဆုံးဖြစ်ပြီး ဆတ်ဆတ်ကျဲမဟုတ်မခံပါ။ အဲဒီလို အစ်မကို ဘယ်လိုများ ရအောင်ယူခဲ့သည့် ကိုလေးပါပဲ။

"ငယ်လေးတို့က ငယ်ကြပါသေးတယ် လေးရာ"

"လေးသိပါတယ်၊ အခုပဲ ဒင်းတို့နှစ်ယောက်ကို အတင်းရိုက် ပြီး ပေးစားနေတာမှ မဟုတ်တာ"

"ဒါဖြင့် . . . ဘာသဘောလဲ"

"သြော် . . . အကျိုးအကြောင်း သေချာရှင်းပြရမှာပေါ့၊ ငယ် လေးက သူတွဲချင်တွဲ ဖြတ်ချင်ဖြတ်ရအောင် တွယ်ချိတ်မှ မဟုတ်တာ၊ အနုတ်စုတ် ကုပ်စုတ်အမျိုးထဲကလည်းမဟုတ်၊ ဘာအချိုး ချိုးပြတာ လဲ"

"နောက်တစ်ယောက်တွဲမိတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့ သေးသယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဟုတ်လား ယယ်လေး"

မေးလေပြီကော ... အကြောင်းသိသိကြီးဖြစ်ပါလျက် သူ့ကို ခေါင်းညိတ်ခဲ့မိသည်။

သူမ၏အမှားပါလေ။ လေယူရာယိမ်းချင်နေပါသည့် စက္ကူစွန်ကို မည်သို့ထိန်းထားလို့ရပါမည်နည်း။ စိတ်ဆိုတာ လေအလျင်နှယ် အပြောင်းအလဲမြန်လွန်းတဲ့အရာ မဟုတ်ပါလား။ သူမအပေါ် ရင်မခုန်တော့တဲ့ ယောက်ျားလေးကို ဘယ်လိုနည်းမျိုးနဲ့ မရမက ဆွဲထားလို့ရပါ့မလဲ။

"မေးရင်ဖြေလေ"

"ရင်မခုန်တော့လို့တဲ့"

"ဘာပြောတယ်၊ ကြားလား ဒေါက်တာညီလင်းသန့် ... ရှင်က heart specialist ပဲဟာ၊ ရှင့်တူကို ရင်ခုန်အောင် နှလုံးနှိုးဆက်နဲ့ နှိုးပေးလိုက်ဦး။ တစ်ခါတည်း Power Volt (၁၆၀၀) လောက်နဲ့သာ ရိုက်ပေးလိုက်"

"လေးကလည်းကွာ"

"ကောင်းပါလေ့၊ ဟိုအကောင်ပစ်ခဲ့တာနဲ့ ဒီမှာ မရှုနိုင်မကယ်နိုင် ငိုပွဲကြီးဆင်နေတာ မြင်မကောင်း ရှုမကောင်း"

"ပုလဲက သူတစ်ယောက်တည်းကိုပဲ ချစ်ဖူးတာကိုး မလေးရဲ့"





"နင်က တစ်ယောက်ဆိုတော့ ဟိုကောင်က ဘယ်နှစ်ယောက်တွဲနေလို့လဲ"

"ဘယ်သိပါ့မလဲ၊ သူတွဲသမျှ နှစ်လအများဆုံးပဲတဲ့၊ လေးနဲ့အမှု ဒီလောက်ကြာသွားတာ"

"ဘာ ... ကြည့်စမ်း ... ခင်းမှာ နှမ ႏစာနာစိတ် နည်းနည်းလေးမှ မရှိပါလား။ ဘယ်သူသင်ပေးလို့တာဝ ဘာလဲမသိ၊ ဖြတ်စမ်း ... ဖြတ်စမ်း။ အဲဒီကောင်ကို အခုကတည်းက တိခနဲနေအောင်ဖြတ်"

"ဟောဗျာ ... ခုနကတော့ ကိုယ့်ကို ဆုံးမပေးဆို"

"မလိုတော့ဘူး၊ Plan ချက်ချင်းပြောင်းမယ်၊ ရှင့်တူကိုပြောလိုက်၊ ဒီအမျိုးနဲ့ မပတ်သက်ဖို့ ဆုံးဖြတ်ထားရင် ဒီအိမ်ရိပ်ကိုသုံးဝမနင်းမိစေနဲ့၊ လေးညီမကို မျက်နှာချင်းလည်း မဆိုင်မိစေနဲ့၊ ယယ်လေးအရိပ်ကိုတောင် မကြည့်မိစေနဲ့လို့ ပုလဲဖြူဖြူရဲ့ကျောရိုးဟာတွေမြားနီနီ ဖြစ်နေမှန်း ခင်း သိကိုသိစေရမယ်"

"လေးက ဘာလုပ်ဦးမလို့လဲ"

"ခင်းထက်သာတာနဲ့ လေးညီမကို ပေးစားမှာပေါ့၊ အဲဒီတော့မှ လူရှေ့လာပြီး ပုလဲမခစေနဲ့။ ယယ်လေးလည်း ခင်းကိုမေ့ပစ်"

"မလေးကလည်း"

"မေ့ဆိုမေ့ပေါ့၊ တယ်လေ ဂါ ... ဒီအမှု ဒီမှာသိမ်းပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အငယ်မ ပြန်တော့"

"ဟောကြည့် … ကလေးကိုမောင်းထုတ်ရလား"

"အောင်မယ်လေး … လေးညီမက သူမလေးအကြောင်း သိပြီးသား၊ စိတ်ဆိုးစရာမှမလိုတာ"

ကဲ … နောက်ဆုံးတော့ သူမကိစ္စကို မလေးရှုံးမှပဲ ပြီးတော့တာပါလေ။ လူငယ်နှစ်ယောက်ကိစ္စက ဒီလောကကိုရောက်လာမည့် ကလေးပိစိလေးနှင့်ပါ ပတ်သက်ဆက်နွယ်လာလိမ့်မည်ဟု ထင်မထားမိပါချေ။ အိမ်ပြန်လာသည့် ခြေလှမ်းတို့က အင်အားမရှိတော့သည်နှယ်ပါ။ မေ့ပစ်ရမယ်တဲ့လား။ အပြောလွယ်ပေမယ့် အလုပ်ခက်တာကိုဖြင့် ကာယကံရှင်တွေလောက် ဘယ်သူမှ မသိနိုင်တာလေ။

♥♥♥



## အခန်း (၅)

မြက်ခင်းစပ်မှာ ထိုင်ချလိုက်ပါ၏။ Director ပြောသည့်အတိုင်း ခြေတစ်ဖက်ဒူးထောင့်တစ်ဖက်ကိုဆင်းကာ လက်ကို နောက်ပို့လျက် Post လုပ်ရလေသည်။ ခေါင်းကို ခပ်မော့မော့ထားကာ အကြည့်ကို အဝေးပို့လိုက်စဉ် ကတ်ဟုသည့်အသံ ထွက်လာလေ၏။ ရော် ဘာမှားပြန်ပြီလဲ။

"လွမ်းလွမ်းဆွေးဆွေးလေးကြည့်ရမယ်လေ၊ အသည်းကွဲနေတဲ့ feel အပြည့်သွင်းမှပေါ့။ အသည်းမကွဲဖူးဘူးလား မင်းသားရဲ့"

"ဟာဗျာ … ဦးနိုင်ဝင်းကလည်း၊ ကျွန်တော်က မင်းသားမှ မဟုတ်တာကို"



www.burmeseclassic.com

www.burmeseclassic.com



"အစက မဟုတ်လည်း အခု ဟုတ်တော့မှာလေ၊ ရှားရှားပါးပါး VCD song လေးတစ်ပုဒ်နဲ့ ပေါက်အောင်လုပ်ပေးနေတာ မဟုတ်လား၊ ကြိုးစားစမ်းပါ မိုးသောက်ကြယ်ရာ"

သူ နှာခေါင်းရှုံ့လိုက်မိပါ၏။ စိမ်းလန်းစိုပြေဥယျာဉ်ထဲမှာမို့ ပရိသတ်က အနည်းငယ်ရှိနေပါသည်။ ခြံထဲရိုက်ချင်ပါသည်ဆိုမှ ဒီဦးနိုင်ကြီးက ဒီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ခေါ်လာရတယ်လို့။ ဒီမြက်ခင်းပေါ်မှာပဲ ပုလဲနှင့်သူ ဓာတ်ပုံတွေအများကြီးရိုက်ခဲ့တော့ ခက်သားလား။ အဟောင်းတွေ အသစ်ဖြစ်ကုန်တာပေါ့ဗျာ။

"ကျစ် . . . မင်းပုံစံက လွမ်းတဲ့ပုံမပေါ်ဘဲ စိတ်ညစ်နေတဲ့ရုပ်၊ အီးမှန်တဲ့ရုပ် ဖြစ်နေပြီကွ"

ရိုက်ကူးရေးအုပ်စုထံမှ ရယ်သံသဲ့သဲ့မျှ ထွက်လာလေ၏။ ဟုတ်တာပဲဟာ။ တကယ်လည်း သူ စိတ်ညစ်နေတာ မဟုတ်ပါလား။ သူ့လိုပင် နာမည်စကြီးနေပါသည့် model နှင်းပွင့်ကေရီနှင့် သူက တစ်ပြိုင်တည်း ဆန်းထကာ စုံတွဲလို ဒီလောကမှာ ဖြစ်နေတာပါလေ။ နာမည်ရပ်တည်နိုင်ဖို့ ကြိုးစားရမှာမို့ အပိုအလုပ်ဆိုပြီး ပုလဲဖြူဖြူကိုပင် ဖြတ်ခဲ့တာမဟုတ်ပါလား။

ပြောတုန်းကတော့ လွယ်လွယ်ပါပဲ၊ သူ့ကို ဘာမှ ပြန်မပြောဘဲ တစိမ့်စိမ့်ငေးကြည့်နေပါသည့် မျက်ဝန်းလဲ့လဲ့လေးတွေက အိပ်မက်အထဲထိ လိုက်လာတော့ ခက်သားလား။ တကယ်ဆို ပက်ပက်စက်စက်





မာမာထန်ထန် ပြောလိုက်ပါလား။ ဒါမှမဟုတ် သူ့ပါးကိုပဲ နာနာကြည်းကြည်း ရိုက်စေဦး သူခံရမှာပါ။ သို့သော် ထိုသို့ ကြွေကွဲဝမ်းနည်းလွယ်စွာဖြင့် ခပ်ငေးငေးကြည့်နေသည့် အကြည့်နွေးနွေးက သူ့ရင်ကို ချုပ်ကိုင်ထားသည့်နှယ် အသက်ရှူမွန်းကျပ်စေတာလေ။

တမင် ခွင်ဆင်ထားသည့်နှယ် စတွေ့စဉ်က အဖြစ်အပျက်ကို ယနေ့တိုင် မမေ့သေးပါ။ ရေထဲက ဆယ်ယူပြီး ပွေ့ပွေ့ပိုက်ပိုက် နှီးစပ်ခဲ့ပါသည့် ခန္ဓာကိုယ်ကျစ်ကျစ်လေး။ မိန်းကလေးအများစု တမင် ပြုပ်ထားကြသည့် အလှအပပစ္စည်းတွေ ရှိမနေသည့် မျက်နှာဖူးဖူးလေး။ ရှည်လို့ အတုပင်တပ်ကြသည့် မျက်တောင်မျိုးမဟုတ်ပါဘဲ နဂိုရှိနေသည့် မျက်တောင်ရှည်တို့က ကော့ကော့လေးဖြင့် လှနေတာပါ။

သတိရစေရန် ပြုစုပေးစဉ်မှာ ထင်မထားသည့်အဖြစ်က တော့တာပါပဲ။ မျက်တောင်ရှည်တို့ လှုပ်ရှားလျက် ပွင့်သွားစဉ်မှာ သူ့ရင်ထဲ ဗုံးခံထိသည့်နှယ် ဒုန်းခနဲ ထမြည်တော့တာပါလား။ မိုးထက်က သောက်ရှူးကြယ်ညီနောင်များ ခုန်ဆင်းလာလေသလား။ ကြည် ထင် တောက်ပလွန်းပါသည့် မျက်ဝန်းတို့က အသက်ဝင်လွန်းတာပါလေ။ ဤကဲ့သို့ ရင်ကို လှုပ်ခတ်မှုတွေ တဖျတ်ဖျတ်ဖြစ်စေပြီး နှလုံးသားကို ကိုင်လှုပ်စေခဲ့သည့် နတ်သမီးလေး၏အမည်သည်ကား ပုလဲဖြူ။

"ကတ် . . . အိုကေတယ်၊ လိုချင်တဲ့ view နဲ့ sence



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းရတယ်၊ တော်တယ် မင်းသားရေ"

"ဟင် . . . ပြီးပြီလား"

"ပြီးပြီလေ . . . ဒါ နောက်ဆုံး sence ပဲဟာ"

ဘာမှတောင် သေချာမလုပ်လိုက်ရပါလေ။ ပုလဲအကြောင်းတွေးမိရုံနဲ့ သူ့မျက်နှာမှာ ခံစားချက်ကွေ ဖြစ်လာသတဲ့။ အံ့ဩဖွယ်ကောင်းလေစွ။ တစ်သက်လုံး ရည်းစားမကျ ဘာမကျ အိစီကလီလုပ်ကာ တွဲခဲ့သည့် မိန်းကလေးတွေ အများကြီးပါလေ။ ထိုထဲကမှ ပုလဲက သူ့အဖို့ သီးသန့်ဖြစ်ခဲ့ရတာ မဟုတ်လား။

အနီးသို့ အပြေးအလွှားရောက်လာပါသည့် သူ့ပရိသတ်တို့ကို လက်မှတ်ထိုးပေးစဉ် စိတ်ထဲ စနိုးစနောင့်ဖြစ်ကာ ဝန်းကျင်ကို လှမ်းကြည့် အကဲခတ်လိုက်မိပါ၏။ အရင်လို ခပ်လှမ်းလှမ်း သစ်ပင်အောက်မှာ လက်ပိုက်ပြီး သူ့ကိုပြုံးကြည့်နေလေမလား။ လမ်းသွားရင်း "Model မိုးသောက်ကြယ်လားဟင်" ဆိုပြီး မှတ်မိသွားတဲ့ ခပ်ငယ်ငယ်ကောင်မလေးတွေကို လက်မှတ်ထိုးပေးရတိုင်း ဤသို့ပင် နားလည်ပေးသည့်အပြုံးလေးဖြင့် ကြည့်နေတတ်တာပါလေ။

"တတ်ပုံလေးပါလားဟင်"

"မန်နေဂျာဆီမှာ တောင်းလိုက်နော်"

"ကျေးဇူးအများကြီးတင်ပါတယ် အစ်ကို"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါဗျာ"





ဖော်ရွေစွာ ပြန်နှုတ်ဆက်လိုက်ပြီး ကားရှိရာဆီ လျှောက်လာခဲ့ပါ၏။ အခုတော့ ကောင်မလေးတွေက သူ့မန်နေဂျာဖြစ်သည့် ကိုကျော်နိုင်ဆီ အပြေးသွားပြုံနေတော့ဘာပါ။ ဖုန်းသံပိတ်ပြီး vibration ပေးထားတာမို့ Handset မှ တုန်သံသိလိုက်ရလေသည်။ ဖုန်းသံပြန်ဖွင့်ပြီး Phone call နံပါတ်ကိုကြည့်လိုက်မိ၏။ အလို လေးသန့်ဖြစ်နေပါလား။ မဆက်ဖူးသည့် ဦးလေးထံမှ ဖြစ်နေတာမို့ အံ့ဩသွားရပါသည်။

"ဟယ်လို"

"လေးသန့်"

"အေး . . . မင်းကို ငါ ခေါ်နေတာကြာပြီ"

"ကျွန်တော် shooting မှာ လေးသန့်ရဲ့ အခုမှပြီးတာ၊ ဘာပြောစရာရှိလို့လဲ"

"ဖုန်းနဲ့မပြောချင်ဘူး"

"ဒါဖြင့် . . . အိမ်လာရမှာလား"

"ဟာမဖြစ်ဘူးကွ၊ အိမ်မှာ ဆူနာမိထက်ဆိုးနေတယ်၊ မင်းလာရင် လွင့်သွားမှာ"

"ဘီလေးလား"

"ဟုတ်ပါ့၊ ဆေးရုံနားက cateen ကိုပဲလာခဲ့လေ၊ ငါ duty ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလား"

"အေး"

"ဟုတ် ... ဟုတ်၊ ဒါဖြင့် ဒါပဲနော်"

သူ့ ဖုန်းပိတ်ကာ ပုခုံးတွန့်လိုက်မိပါ၏။ ဒီဦးလေး (မယက) ကိုတော့ သနားမိပါရဲ့။ သို့သော် မိန်းမကို သည်းသည်းလှုပ်ချစ်တာကိုတော့ အားကျမိတာပါ။ သူတို့အမျိုးထဲမှာ ဒေါက်တာညီလင်းသန့်က စံပြယောက်ျားဖြစ်နေတာမဟုတ်ပါလား။ ဖုန်းထဲကမပြောချင်ဘူးတဲ့။ ဘာများအရေးကြီးလို့ပါလဲ။ သူတို့ကိစ္စကိုတော့ မသိလောက်ပါဘူးလေ။

ဒါရိုက်တာနှင့် ရိုက်ကွင်းအုပ်စုကို နှုတ်ဆက်ကာ ကားပေါ်တက်မောင်းခဲ့ပါ၏။ လေးလေးတာဝန်ကျရာဆေးရုံက အတော်လေးလှမ်းတာမို့ လမ်းပေါ်မှာပင် ကြာနေပါသည်။ Lunch စားချိန်မို့ လေးသန့်ထွက်လာလို့ရတာ ထင်ပါရဲ့။ ကားကို ကော်ဖီဆိုင်ရှေ့ရပ်ကာ ဆင်းခဲ့ပါသည်။ ဆိုင်ထဲဝင်ထိုင်ချိန်အထိ လေးသန့်မရောက်သေးတာမို့ ဖုန်း ထပ်ဆက်ရန်ပြင်လိုက်စဉ် ဆိုင်တံခါးကို တွန်းဖွင့်ဝင်လာလေ၏။

"လေးသန့် ... ကျွန်တော်ဒီမှာ"

"ဘာမှာထားလဲ"

"လေးသန့် ဘာစားမှာမို့လို့လဲ"

"ကော်ဖီပဲမှာပါ ... ငါ ထမင်းစားပြီးပြီ"





Waiter ကို ကော်ဖီလှမ်းမှာလိုက်ပြီး ဦးလေးဖြစ်သူနှင့် မျက်နှာချင်းဆိုင်လိုက်ရပါ၏။ လေးသန့်မျက်နှာက အတော်လေးနက်နေတာအမှန်ပါ။ ဘာလဲ၊ သူ့ကို ဘာစကားတွေနဲ့ ဆုံးမဩဝါဒချွေဦးမှာပါလိမ့်။ လူငယ်တွေကိစ္စက လူကြီးတွေနားထဲရောက်စရာမှ မရှိဘူးလေ။

"မင်း နောက်တစ်ယောက်တွဲနေပြီလား"

"ဗျာ"

"မဗျာနဲ့ ... အငယ်လေးကိစ္စကို ပေါ့သေးသေး ထင်ထားနဲ့ မိုးသောက်ကြယ်"

"ဟာဗျာ ... လေးသန့်ကလည်း၊ ဘာအရေးတကြီးကိစ္စများလဲလို့"

"ဟ ... အရေးကြီးတာပေါ့၊ မင်းမို့ ပေါ့ပေါ့ထင်နေ၊ အငယ်လေးက ဘယ်သူ့ညီမလဲ"

"တီလေး"

"အေး ... မင်းတီလေးကို လျှော့တွက်ထားတာတိုးကွ၊ ဒီက အမျိုးထိတားကြည့်ဆိုတဲ့ မိန်းမမျိုး"

"လေးသန့်ကလည်းဗျာ၊ ပုလဲနဲ့ကျွန်တော်က အေးဆေးပြီးနေတာပါဗျာ"

"မင်းက ယောက်ျားလေးကိုးကွ၊ ပြောအားရှိတာပေါ့၊ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး။ ပြီးတော့ . . . ရည်းစားထားဖူးတာလည်း မဟုတ်ဘူး မင်းကြောင့် မျက်ရည်လည်ရွဲနဲ့ အစ်မတွေကို သွားတိုင်တာ မိုးမီးလောင်ရော''

အလို ငိုသတဲ့။ ငိုသတဲ့လား။ သူ့ကိုတော့ မည်သည့်အရိပ်အယောင်မှ မပြခဲ့သည့်မိန်းကလေးက သူ့ကွယ်ရာမှာမှ မျက်ရည်ကျသတဲ့။ ကိုယ်တို့ကိစ္စက နှစ်ဦးသား တိုးတိုးတိတ်တိတ်နဲ့ ပြီးသွားတာမ မဟုတ်ဘူးလား ပုလဲဖြူဖြူ၊ တိတ်တဆိတ်ကျောခိုင်းခဲ့ပါလျက် အဘယ်ကြောင့် သတင်းဖွရတာပါလဲ။

''အဲဒါ . . . ကျွန်တော်တို့ကိစ္စပါ လေးသန့်ရ''

''မင်းတို့နဲ့ချည်း မပြီးလို့ပေါ့ကွ''

''ရည်းစားထားတာ ဆန်းလားဗျာ၊ တွဲချင်တွဲ ကွဲချင်ကွဲမှာ ပေါ့။ အိမ်ထောင်ပြုထားတာမှ မဟုတ်တာကို၊ ဒီလောက်ကြီး မချ ချယ်ကြပါနဲ့''

လေးသန့်က သူ့ကိုပြောမနိုင်ပုံဖြင့် သက်ပြင်းချကာ ခေါင်းခါ လိုက်လေ၏။ သူ ပါးပါးလေးထင်ထားသည့်ကိစ္စက အထွေကြီးဖြစ်သွား လိမ့်မည်ဟု တွေးမထားမိပါလေ။ အထူးသဖြင့် ရတနာမျိုးရိုးကို လျှော့တွက်မိသည့်သူ့ကြောင့်ပါပဲ။

''လေးကလည်း မင်းတို့ကို အတင်းရိုက်ပြီး မပေးစားပါဘူး ဘာပဲဖြစ်ဖြစ် . . . အကျိုးအကြောင်း သင့်လျော်အောင်တော့ ရှင်း





သင့်တာပေါ့''

''အာ . . . ဒီလိုပဲ ရင်မခုန်တော့လို့ မတွဲတာကို''

''အေး . . . မင်းပါးစပ်ကပြောတာ လွယ်တယ်၊ ရင်မခုန်တော့လို့လား။ ကောင်းပါလေ့ . . . ငယ်လေးက ဘယ်လိုကလေးလဲ၊ ကောင်း ကျောက်ဖိမိန်းကလေးကွ၊ မင်းတွဲချင်တွဲ ဖြုတ်ချင်ဖြုတ် ရတဲ့ တန်ဖိုးမဲ့ မိန်းကလေးမှ မဟုတ်တာ''

''ဟုတ်ပါပြီ၊ လေးသန့်ပြောချင်တဲ့ လိုရင်းကိုပဲပြော၊ သူနဲ့ လက်ထပ်ဖို့ဆိုရင်တော့ အခုချိန်မှာ No လို့ပြောရမှာပဲ၊ ကျွန်တော် အဆင်သင့်မဖြစ်သေးတာ လေးသန့်သိပါတယ်၊ ပြီးတော့ အခုမှ အသက်က (၂၃) နှစ်ပဲ ရှိသေးတာကိုး''

''အေးပါ . . . ငါ သဘောပေါက်ပါတယ်၊ မင်းယူချင်ပါတယ် ဆို ဖျတ်ဖျတ်လူးပြလည်း ဟိုဘက်က မီးမစိမ်းတော့ဘူး စိတ်သာချ''

''ဘယ်လို''

''ဟုတ်တယ် . . . သူ့အမျိုးကို ဥပေက္ခာပြုရင် အိမ်ရိပ်တောင် နင်းနဲ့တဲ့၊ ငါ့သားကိုလည်း မင်းလာကြည့်ခွင့်မရှိတော့ဘူး။ ပွဲပြီးပြီ''

''ဟာ . . . ဒါတော့ ဘယ်ဖြစ်မလဲ၊ ပုလဲက ပုလဲပဲဟာ''

''ဖြစ်လို့ ဒီအထိဖြစ်သွားပြီ မိုးသောက်ကြယ်၊ သူတို့ ညီ အစ်မ ဆွေမျိုးတွေ ဘယ်လောက်စည်းလုံးသလဲဆိုတာ သိသိကြီးနဲ့ မင်း သွားစတာကိုး''



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းကို တဖျင်းဖျင်းကုပ်လိုက်မိလေ၏။ ကျိုင်မှ အငြ
ကြီးကို ပူပါရောလား။ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဒီအခြေအနေအ
ဖြစ်ကုန်ပါသလဲ။ ပုလဲဖြူဖြူဆိုတာ ဒီအမျိုးထဲမှာ ဤမျှအထိ အရေး
အရာရောက်တဲ့ မိန်းကလေးတဲ့လား။ လူငယ်ဆိုပြီး ပွေ့ပွေ့ပေါ့ပေါ့တွေးသ
အရာမထင်လေပြီ။ မင်းမျက်ရည်တွေက ဤမျှအထိ ထိရောက်
သလား ပုလဲရယ်။

"ကျွန်တော်က အခုမှ ရှားရှားပါးပါး ညီလေးရမှာကို မြ
တောင် မမြင်ရသေးဘူး။ ဒီလိုတော့ အကျပ်မကိုင်သင့်ပါဘူး လေးသ
ရာ"

"ငါလည်း မတတ်နိုင်ဘူးလေ၊ ကလေးက သူ့မွေးမ
ကလေးဆိုတော့ သူ့သဘောသူ့စိတ်ပဲ"

"လေးသန့်က အဖေပဲဟာ ပြောရေးဆိုခွင့်ရှိပါတယ်ဗျာ"

"မင်းမှမဟုတ်ဘူး၊ ငါ့မိဘတွေကိုပါ ပေးမတွေ့ဘူးဆို
ငါ့မှာ မနည်းချော့ပြောထားရတာ"

"ကျစ် ... အရေးမပါတာကွာ"

"အေး ... မင်းကတော့ အရေးမပါဘူးပဲတွက်ဆမှာပေ
အနိုင်ပိုင်းတဲ့လူကိုး၊ တစ်ဖက်က မိန်းမသားကွ"

"လေးသန့်ကိုက (မယက) ဖြစ်လွန်းတာပါဗျာ"

"ဘာကွ၊ အေး ... အားလုံးက ငါ့ကို မယားကြောက်ဆို





နည်တင်ထားမှန်း ငါသိထားပြီးသားပါ၊ ငါ ဂရုမစိုက်ဘူး မိုးသောက်၊
အိမ်ထောင်ဆိုတာ နားလည်မှုနဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာလေး
ဘဲခုကွ၊ အများအမြင်မှာ ငါ့အပေါ် မိန်းမကချုပ်နိုင်တယ်လို့ ထင်ရ
သေမယ့် လေးဘက်ကနေ သည်းခံပေးတာ၊ နားလည်ပေးတာ၊ မျှဝေ
ပေးတာတွေကို ကာယကံရှင်ဖြစ်တဲ့ ငါ့လောက် ဘယ်သူကသိမှာလဲ၊
ထင်နဲ့မယားဆိုတာ အပေးအယူမျှတရင် သာယာအေးချမ်းတဲ့ အိမ်
ထောင်ကို ခံစားရမှာပဲ၊ မင်းကမှ မချစ်တတ်သေးတာကိုး၊ ဘယ်
နားလည်ပါ့မလဲ"

သူ့ရင်ထဲ အောင့်သွားရပါ၏။ "မင်းကမှ မချစ်တတ်သေး
တာကိုး" တဲ့၊ ဘယ်လိုစကားကြီးပါလဲ၊ ရည်းစားတွေ ထည်လဲတွဲခဲ့ဖူး
သည့် သူ့ကို ပြောလိုက်သည့်စကားလုံးက တူနဲ့အထုခံရသည့်နှယ်
ခံရောက်စေတာပါလေ။ "မချစ်တတ်သေးဘူး" တဲ့လား မိုးသောက်
ကြီးယ်။

"ရင်ခုန်တမ်းကစားတယ်ဆိုတာ စိတ်အာသာပြေရုံပါ မိုး
သောက်၊ တကယ်စစ်မှန်တဲ့ မေတ္တာနဲ့ ချစ်တတ်မှသာ အချစ်စစ်
အချစ်မှန်ကိုရမှာပါ၊ ထားပါတော့ ... မင်းလည်း အသက်ငယ်သေး
တာမို့ ငါ သိပ်မပြောချင်ဘူး၊ မင်းသိအောင်ပြောဖို့တာဝန်က ငါ့မှာ
ရှိနေလို့ အခုလိုပြောရတာပဲ"

"ညီလေးနဲ့ မတွေ့ခိုင်းလို့မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . . နောက်ကိစ္စပဲ၊ မင်းသိထားဖို့က အငယ်လေးကို ထပ်ပြီး မနှောင့်ယှက်မိဖို့ပဲ"

"ပြောပြီးပြီလေ . . . ကျွန်တော်တို့ ပြတ်ပါပြီဆိုနေမှ"

"အပြီးပြတ်ဖို့ပြောနေတာ၊ မျက်နှာချင်းလည်း မဆိုင်မိစေနဲ့ အရိပ်ကိုတောင်မကြည့်နဲ့တဲ့၊ စကားပြောဖို့ဆို ဝေလာဝေး"

"ဘာဖြစ်လို့လဲ"

"မင်းထက်သာတဲ့လူနဲ့ ပေးစားမယ်တဲ့လေ၊ နောက်မှ မှားပါပြီဆိုပြီး ပုလဲမခလေနဲ့ မိုးသောက်ကြယ်"

"ယောက်ျားပါဗျာ"

"အေးပါ . . . ယောက်ျားတွေ မျက်ရည်မကျရဘူးလို့ ပြဋ္ဌာန်းမထားဘူး။ ငါပြောချင်တာ ဒါပဲ"

စကားဝိုင်းက ပြီးလေပြီ။ စကားမပြောနဲ့၊ မျက်နှာချင်းမဆိုင်နဲ့၊ အရိပ်ကိုတောင် မကြည့်နဲ့တဲ့။ သူ့ထက်သာတဲ့လူနဲ့တောင် ပေးစားမယ်တဲ့လား။ ဘယ်ဖြစ်ပါ့မလဲ၊ ပုလဲက အခုမှ (၂၁) နှစ်ကျော်ရုံလေးပဲ ရှိသေးတာကို။ ငယ်ငယ်လေးနဲ့ ယောက်ျားပေးစားလို့ မဖြစ်သင့်သေးတာလေ။

♥♥♥

## အခန်း (၆)

မေမေထိုင်ကာ သိုးမွေးထိုးနေသည့်ဆက်တီခုံရှေ့ကြမ်းပြင်မှာ ထိုင်ခုံကျောမှီကိုမှီထားလျက် ထိုင်နေမိ၏။ ရှေ့မှာ တီဗီဖွင့်ထားတာမို့ မကြည့်ချင်ပါဘဲ ကြည့်နေဖြစ်လေသည်။ ကြော်ငြာတွေ လွှင့်လာတိုင်း တစ်ခုတလေ ပေါ်လာတတ်သည့် သူ့ပုံရိပ်တို့ကို တကယ်စင်စစ် သူမ မမြင်ချင်ပါ။ တစ်ယောက်တည်း ဖြစ်နေရင် စိတ်လွင့်ချင်တိုင်း လွင့်နေမှာမို့ ဒီနားမှာလာထိုင်ရန် မေမေ ခေါ်ထားခြင်းပါပဲ။

"အဲဒီကောင်လေး နာမည်တော့ရလာသားပဲ"

"Model မိုးသောက်ကြယ်လား အန်တီလေး"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ Model နှင်းပွင့်ကေရီနဲ့ နာမည်ထွက်နေတဲ့ တစ်ယောက်လေ"

"ဟုတ်လား ...ဒါဖြင့် ဟိုတစ်ခါ ဂျပန်မှာ ရိုက်လာတဲ့ ကြော်ငြာထဲက မင်းသမီးလေးပေါ့လေ၊ အတော်ချောသားပဲ"

"သူတို့ လိုက်ဖက်တယ်နော်"

မေမေနှင့် အတိုင်အဖောက်အတော်လေးညီနေသည့်အကြောင်း ကြောင့် သူမ နှာခေါင်းရှုံ့လိုက်မိပါ၏။ ဘာလုလို့လဲ၊ အပြင်မှာမြင်ရင် ဒီအတိုင်း သူလိုလို ကိုယ်လိုလို ရုပ်ပါပဲ။ အသားက မဖြူဘဲညိုသည့် ဘက်လုသလိုဖြစ်တာမို့ Camera စားကာ တီဗီထဲမှာ အရမ်းကို ဝင်းလက်တောက်ပနေတာပါလေ။

သူမက မိန်းကလေးဖြစ်ပေမယ့် မိန်းမလို မိန်းမရစိတ်မျိုး မရှိပါ။ သူ့ကို နာမည်ရကာစ Model မှန်းသိထားပြီး တွဲဖြစ်ကြပေမယ့် တခြားကောင်မလေးတွေနှင့် အူတိုစိတ်ကောက်တာမျိုးမရှိခဲ့။ ပရိသတ် ဘယ်နှစ်ယောက်ကို ဘယ်နေရာမှာရုပ်ပြီး လက်မှတ်ပဲထိုးပေး ထိုးပေး စိတ်ရှည်သည်းခံပြီး စောင့်ပေးတတ်သည့် သူမပါ။

ဒီလောက်နားလည်မှုပေးနိုင်သည့် သူမကို ချစ်သူအဖြစ်က ရုပ်စဲပစ်ပယ်ချန်ရစ်ခဲ့သည့် ၁၁ရင်ထဲက ချစ်ခြင်းတို့က ရေခဲတုံးတမျှ အေးခဲနေလှချည်လား။ လူကို ညှို့ယူဖမ်းစားနိုင်သည့် အပြုံးတို့ဖြင့် ပြုစားနိုင်ပါသည့် မိုးသောက်ကြယ်ရယ်။ ပုလဲရင်မှာဖြင့် ယခုတိုင်





ဘာကအပူတွေ တောက်လောင်နေဆဲဆိုတာ ကို့မှ မသိနိုင်တာလေ။

"အငယ်လေး ခေါ်နေတာမကြားဘူးလား"

"အင်း"

"ဘာလုပ်မယ် စိတ်ကူးထားလဲ"

"သိဘူး"

"မသိလို့ဖြစ်မလား၊ စိတ်က ဒီလောက်ညသနေတာ၊ ဒီတိုင်း လို့ကတော့ နင် သွားကြားထိုးတဲ့လောက် ဖြစ်သွားလိမ့်မယ်၊ ငါ ပြောလိုက်ချင်ဘူး"

"မေမေကလည်း"

"ဘာမေမေလဲ၊ နင့်ကိစ္စနဲ့ အလတ်မက မပေါ့မပါးဖြစ်နေတာ နှောင့်ယှက်ရလား"

"ပြီးသွားပါပြီ မေမေရာ"

"နှုတ်ကသာ ပြီးနေတာ၊ လူက လင်းတမှိုင် မှိုင်နေတာ ယ်လောက်ကြာနေပြီလဲ၊ ကိုယ့်အသက် အခုမှ ငယ်သေးတာ၊ လောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့၊ စိတ်လက်ပေါ့ပေါ့ပါးပါးနဲ့ ပျော် ပျော်နေစမ်းပါ၊ ဒီလိုချည်း ဆက်နေရင် ဒီပုံနဲ့ လုံးပါးပါးလိမ့်မယ်၊ လုပ်ဝင်တော့ချေ"

"ပုလဲမှ ဘာမှမလုပ်တတ်တာ"

"ဟဲ့ ...လုပ်ရင်းနဲ့ အလုပ်ကသင်ပေးသွားမှာပေါ့ နင့်



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက မန်နေဂျာပဲ၊ သူ့ဆီမှာ တစ်နေရာလောက် သွားတောင်းပြီး လုပ်ချေ၊ ကိုယ်က မဖြစ်စလောက်ဘွဲ့လေးပဲ ရထားတာ၊ တန်ရာ တန်ရာတော့ ရမှာပေါ့၊ အမြင့်မှန်းမယ်မကြံလေနဲ့"

မျက်နှာကို စူပုပ်ထားလိုက်မိပါ၏။ ဟုတ်ပါတယ်၊ မမကြီး ဆိုလည်း ဘွဲ့နှစ်ခုတောင်ယူခဲ့တာပါ။ မလေးကျတော့ (L.L.B) ရှေ့နေဘွဲ့ကို ရ...က မဟုတ်ပါလား။ သူမမှာဖြင့် အပြင်မှာ ဘာ... သုံးစားလို့မရသည့် B.Sc (Botany) ဘွဲ့လေးရထားပြီး ငုပ်တုပ်ထိုင် နေတာလေ။ ဟိုစပ်စပ် သည့်စပ်စပ် မဖြစ်စလောက် သင်တန်းမျ... လျှောက်တက်ထားပေမယ့် အခုထိ သျှောင် ခြောက်ဆယ်သာ။

သူမဖေဖေ ဦးသက်ပိုင်က ဝန်ထမ်းမို့ ခပ်အေးအေး... မေမေ ဒေါ်သန္တာက ဆွေကြီးမျိုးကြီးဖြစ်သော်ငြား မမော်ကြွား... အိမ်မှုကိစ္စကို ကိုယ်တိုင်လုပ်တတ်သူပါ။ သူမအတွက် အဖော်ဖြစ်စေ... မေမေ့အတွက်လည်း ကူဖော်လောင်ဖက်အဖြစ် ဆွေမျိုးထဲက ဒေ... သွေးတော်သည့် အကြီးဖြင့်ကို လက်တိုလက်တောင်းနိုင်းဖို့ ခေါ်ထား... ပါလေ။

အန်တီကြီးနာမည်က ဒေါ်ရွှေဖြူပါ။ ရတနာဆိုင်ဖွင့်ထား... ခင်ပွန်းဖြစ်သူ ဦးအောင်ကြည်က လုပ်ငန်းကြီးလုပ်သည့်သူပါ။ အန်... ငယ် ဒေါ်နီလာက တရားသမားသီးသန့်ပါ။ မလေးရဲ့ဖေဖေ လေး... ဦးခင်ဇော်က ဘဘဦးအောင်ကြည်နှင့်အတူ ကုမ္ပဏီ Member အဖြ...





ရှုပ်တည်နေတာ ဖြစ်ပါသည်။

အားလုံးထဲမှာ သူမတို့ တစ်အိမ်ပဲ သိပ်ကြီးမတောင့်တင်းပါ လေ။ မေမေက ချွေတာစုဆောင်းတတ်ပြီး အပိုဝင်ငွေရှာတတ်တာမို့ အိမ်စီးပွားရေးအသက်ရှူချောင်ရတာပင်။ မေမေက မိန်းမပီသလွန်းပြီး အခုလို သိုးမွေးထိုးတာအပြင် ခြံထဲမှာ အလှပန်းပင်တွေကို မျိုးထောင် တာ ရောင်းတတ်တာမို့ပါပဲ။

အိမ်က ဖုန်းဖြင့်သာ ဟိုခေါ် ဒီဆက်ဖြင့် ရောင်းတာမျိုးဖြစ် ပြီး တကယ်တမ်းသွားပို့ရသူက သူမပါပဲ။ "ကလေးပဲ သွားလိုက်" ဆိုပြီး နိုင်းသမျှ စက်ဘီးတစ်စီးဖြင့် လိုက်ပို့ရတာပင်။ ငယ်စဉ်ကတည်း က လုပ်ခဲ့ရတာမို့ အလုပ်လုပ်ရမှာကို သူမ မရှက်ပါ။ သို့သော် သူ နှင့်တတ်သက်ပြီး အခုလိုဖြစ်သွားခဲ့သည့်အတွက် အပြင်ထွက်ရမှာကို မျက်နှာပူမိတာအမှန်ပါလေ။

"မမကြီးက ပုလဲကို အလုပ်သွင်းပေးဦးမှကိုး"

"သြော် ... ဘာလို့ မရ ရမှာလဲ၊ မကြီးကို မေမေ လှမ်းပြော ထားလည်းဖြစ်တာပဲ၊ အလုပ်နဲ့လက်မပြတ်မှ နင့်စိတ်တွေငြိမ်မှာ သွားလုပ်ကြည့်ချေ"

"အခုကော ပုလဲက စိတ်မငြိမ်လို့လား"

"ဒါပေါ့ ... တီဗီကို Channel ခဏခဏပြောင်းနေတာပဲ ကြည့်၊ ဘယ်လိုင်းမှကို ကောင်းကောင်းမကြည့်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



''သူ့ပုံချည်း ပေါ်ပေါ်လာတာကိုး မမေရဲ့''

''နှင် မကြည့်ချင် မကြည့်နဲ့ပေါ့၊ ဘာဖြစ်လို့ သူလိုလူနဲ့ တွဲခဲ့သေးလဲ၊ အစကတည်းက တွေးတောစဉ်းစားတတ်ရင် အခုလို ဖြစ်မလား။ ငါမပြောလိုက်ချင်ဘူး၊ ကိုယ့်အပြစ်ကိုယ်ခံပေါ့''

ဟုတ်ပါတယ် ဟုတ်ပါတယ်၊ သူမကိုက ဆက်ဆောဲ့ပြီး သူ့ကိုကြိုက်မိတာပါ။ ဒီလိုလူမျိုးနဲ့တွဲရင် ဒီလိုအခြေအနေတွေ ဖြစ်လာ တတ်မှန်း သိထားပါလျက် သူမကိုက ရူးမိုက်မိတာလေ။ မလိမ္မာ တစ်ခါတော့မိုက်စမြဲဆိုပြီး သူမ တစ်ကြိမ်လေးမှားမိတာကို ပြစ်တင် ဝေဖန်လို့မပြီးဆုံးနိုင်ပါလားနော်။

''မလေးလည်း မွေးကာနီးနေပြီ၊ လိုအပ်တာသွားကူပေး လိုက်ဦး၊ နှင့်အန်တီငယ်က တရားစခန်း သုံးလဝင်နေတာ မထွက် သေးဘူး''

''ပုလဲမှ ဘာမှမသိတာ''

''ကြည့် ... ဒါနဲ့များ ရည်းစားကထားရသလား''

''ရည်းစားထားတာနဲ့ ကလေးမွေးတာက ဆိုင်မှမဆိုင်တာ မမေရဲ့''

''အံမာ ... ရည်းစားထားတာ အိမ်ထောင်ပြုဖို့ ခြေလှမ်း စတာနဲ့ အတူတူပဲလေ၊ အခုကတည်းက ကြိုပြီးလေ့လာထားမှ ကိုယ့်အလှည့် အကုန်လုပ်တတ်မှာ၊ အလတ်မအတွက် ယူသွားရမယ့်





ရင်း မမေ ရေးထားပေးတယ်၊ ဒီအထုပ်ပါ ယူသွား''

''ဟင် ... ဒါက ဘာတွေလဲ''

''ကလေးအတွက် ပစ္စည်းတွေပေါ့''

''ရှုပ်လိုက်တာ၊ ယောက်ျားယူဖို့ စိတ်မကူးချင်တော့ဘူး''

''မိန်းမဖြစ်လာမှတော့ မိန်းမတာဝန် ကျေပွန်ရမှာပေါ့၊ [illegible]ဆက်ပွားဖို့တာဝန်က နှင့်ခေါင်းပေါ်မှာပဲရှိတယ်၊ တစ်သက်လုံး [illegible]ကြီးလုပ်ဖို့များ စိတ်မကူးလေနဲ့''

''မလုပ်ပါဘူး၊ ယူကိုယူဦးမှာ''

''အေး ... နှင့်မလေးက နှင့်ကို သူကိုယ်တိုင် ရှာပြီးပေးစား ရော့''

''အား ... အခုမယူချင်သေးပါဘူး''

''အောင်မယ်လေး ... နှင့်ကိုလည်း ခုချက်ချင်း ရိုက်ပြီး ပေးစားပါဘူး မရွှေပုလဲရယ်၊ တကတည်းမှ စောစောက ယူမယ် ပြီး ပေးစားမယ်ဆိုတာနဲ့ အကြောက်အကန်ပဲ၊ ရည်းစားကျ ဘတ်ပဲ့''

ရင်ထဲ အောင့်သက်သွားရပါ၏။ အရှိုက်ကိုမှ တည့်တည့် ထိုးနှက်ရတယ်လို့။ ဘယ်သူကရော မျက်နှာများချင်ပါ့မလဲ။ တစ် [illegible]ဆို ဒီတစ်ယောက်နဲ့ပဲ တစ်သက်တာ လက်တွဲချင်တာပေါ့၊ ရှင်ခေတ်ကလို သုံးနှစ်သုံးမိုး အကြာကြီးတွဲပြီ ချစ်ပွဲကြီး special



www.burmeseclassic.com

www.burmeseclassic.com



နွဲ့လိုက်ချင်တာပေါ့။ အခုလို (၆) လလောက်လေးနဲ့ ရည်းစားပစ်ခဲ့တာ မျိုး ဘယ်ခံချင်ပါ့မလဲ။

မျက်နှာက မဲ့မဲ့လေးဖြစ်သွားရပါသည်။ တကယ်ဆို သူ့ နာမည်လေးကစ်ခုသာရှိပြီး လက်ထဲမှာ ဆုပ်ကိုင်ထားသည့်အရာ တစ်ခုမှမရှိပါလေ။ သူမတို့ညီအစ်မသုံးဦးကသာ "ဘွားဘွားဒေါ်ရွှေ အိမ်စည်" ထားပေးခဲ့သည့် အမွေတွေ ဘတ်ပြိုတစ်ခေါင်းကြီး ရစရာ ရှိနေတာ မဟုတ်ပါလား။ အိမ်ထောင်ပြုရင် ဘယ်လောက်ယူ၊ သား မွေးရင် ဘယ်၍ သမီးမွေးရင် ဘယ်မျှဆိုပြီး ရှေ့နေကြီးဦးဘမောင် ဆီမှာသွားထုတ်ယူရမှာပါ။

ဒါကြောင့် မလေးက အရင်ဆုံးအိမ်ထောင်ကျပြီး ကိုယ်ပိုင် ဆောင်နိုင်နဲ့လို့ လက်ခမောင်းခတ်နိုင်တော့တာလေ။ အစ်မနှစ်ယောက် စလုံးက ကိုယ်ရရှိပိုင်ဆိုင်ရမှာကို ခေါင်းထဲမထည့်ဘဲ ကိုယ်ပိုင်အစွမ်း အစနှင့် အလုပ်လုပ်ကြတာမို့ ညီမအငယ်ဆုံးဖြစ်တဲ့သူမလည်း ထိုနည်း အတိုင်း လိုက်နာရမှာပါ။

စိတ်မလေအောင်တဲ့။ ဟုတ်ပါတယ်။ ပုလဲလည်း အလုပ် လုပ်မှ စိတ်ငြိမ်ပြီး တည်ငြိမ်အောင် ထိန်းချုပ်နိုင်မှာပါလေ။ ဘဝ ဆိုးပဲ့။ သွမ်းတာတောင်မှ အေးအေးလူလူ မလွှမ်းရပါဘဲ feeling ပျက်ရသလိုပါလေ။ အခန်းထဲမအောင်းနေနဲ့ဆိုပြီး မျက်စိရှေ့ခေါ်ထုတ် ကြတာမို့ သူမ တစ်ခုခု စိတ်ရှုပေါက်ပြီးလုပ်မှာစိုးလို့ ထင်ပါရဲ့





ည်းစားတစ်ယောက်လေး ပြတ်တာနဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက် အောင် လုပ်မိပါ့မလား။ အရူးထရအောင် ဆယ်ကျော်သက်ကလေးမှ ဟုတ်တာလေ။

ကိုယ့်ကိုယ်ကိုယ် သက်သေမိရအောင် သူနဲ့ပုလဲက လွှန်လွှန် ကျူး ဖြစ်ဖူးတာလည်းမဟုတ်။ မမြင်ကွယ်ရာမှာ Date ဖူးတာ ည်းမရှိ။ သမီးရည်းစားတွေ ထုံးစံအတိုင်း ဘာညာသာရကာမျိုး တော့ ရှိတာပေါ့။ ဘာညာသရကာဆိုတာ ပါးကိုမွှေးမွှေးပေးတာတို့၊ က်ကိုင်တာတို့၊ ပုခုံးဖက်တာ၊ ခါးဖက်တာတို့ကို ဆိုလိုတာပါ။

အဲဒီလို သူ့အလိုကျ ခွင့်ပြုပေးခဲ့တာကိုတောင်မှ သူမကို င်းခွဲသတဲ့လား။ ရည်းစားမထားခင်ကတည်းက ဘယ်လိုနေ ဘယ် ျသွားဆိုတာကို မလေးက သင်ခန်းစာတစ်ခုနှယ် သင်ပေးခဲ့တာပါ လေ။ ချစ်လွန်းလို့နမ်းတာ No problem လူမမြင်ကွယ်ရာမှာ မရှိစေ နဲ့။

ရုပ်ရှင်ရုံတို့၊ ပန်းခြံတို့သွားရင် ချောင်ကျကျနေရာမထိုင်နဲ့။ ဆူငယ် ချင်းအိမ် ဆွေမျိုးအိမ်ဆိုပြီးခေါ်ရင် super danger တဲ့လေ။ ည်းစားအခွင့်ထက်ပိုပြီး နည်းနည်းတိုးတောင်းဆိုတာနဲ့ ပါးရိုက်ပြီး တော့သာ ထွက်ပြေးခဲ့တဲ့။

ပုလဲရဲ့မလေးက အဲဒီလို အဲဒီလို ရှောင်ရန် ဆောင်ရန်တွေ က်တွေ့ကျကျ သင်ကြားပေးခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ... ပုလဲလည်း အန္တရာယ်ကိုကြိုမြင်ပြီး ရှောင်တတ်ကျင့် ရှိတော့တာလေ။ "ချစ်ရင် အလိုမလိုက်မိစေနဲ့" တဲ့။ ကိုယ်က မိန်းကလေးမို့ နာဘက်ကချည်းဟု ပြောခဲ့တာမဟုတ်ပါလား။ အထူးသဖြင့် ပုလဲတို့ကြည့်တတ်တဲ့ နိုင်ငံခြားရုပ်ရှင်တွေထဲမှာ လက်မထပ်ရသေးဘဲနဲ့ အတူတူနေတဲ့ ဇာတ်လမ်း ဇာတ်ကွက်မျိုး (living together) တွေကို ပုလဲတို့လူငယ်တွေ အတုမယူသင့်ပါလေ။

ပြဿနာဖြစ်လာပါက မရှုနိုင် မကယ်နိုင်တွေဖြစ်ပြီး မိဘတွေပါ အရှက်ရ၊ ကိုယ်နဲ့လွန်ကျူးဖူးသူက လက်ခံရင်ကိုစွမရှိ လက်မခံဘဲ ခေါင်းရှောင်ပြေးလို့ကဖြင့် မဟာအရှက်ကွဲခန်းပါပဲ။ ဗိုက်ထဲက ကလေးကို လူ့လောကထဲ မခေါ်နိုင်လို့ဆိုပြီး ဖျက်ချတတ်ကြရင် မိခင်ပါ အသက်ဆုံးခဲ့တဲ့ သာဓကမျိုးက မမေ့ငယ်သူငယ်ချင်း (ပထမနှစ်ကျောင်းသူဘဝမှာ) ဖြစ်ဖူးခဲ့တာမို့ ကျောချမ်းစရာပါ။ မမေက ပြန်ပြောပြတိုင်း ထိုသူငယ်ချင်း အေးအေးဇော်ကို သတိရကာ မျက်ရည်ဝဲတုန်းပင် မဟုတ်ပါလား။

စာတွေပဲဖတ်ဖတ်၊ ရုပ်ရှင်ပဲကြည့်ကြည့်၊ Net ပဲသုံးသုံး အတုယူစရာ ဗဟုသုတ လိုက်နာသင့်သည့် အသိသညာတို့ကိုသာ ရွေးတတ်စေဖို့ ပုလဲရဲ့မိဘတွေက ဆုံးမထားကြလေ၏။ မဟုတ်မဟတ် အရေးမပါတာတို့ကို အပျော်သဘောနှင့်တောင် မကြည့်မိစေဖို့ အပါအဝင်ပါလေ။





ဒီတော့ ဒီလိုအဆုံးအမနှင့် ကြီးပြင်းလာရသည့် ပုလဲက ရည်းစားကို တွေ့ကရာထားရဲ့ပါတော့မလား။ ကိုယ်ရွေးချယ်မိတဲ့လူက လူရည်သန့်လေးဖြစ်ကာ ကိုယ့်နာမည်ကိုယ်ထိန်းပြီး စည်းစောင့်တတ်သူ။

သူ့ဘေးမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပြီး ရည်းစားတွေ သူငယ်ချင်းမက မိန်းကလေးတွေ ရှိနေမှန်း သိသိကြီးဖြစ်ပါလျက် သူမ ပိုင်ဆိုင်တဲ့ (၁၅၀၀) တန်နှလုံးသားကို ရက်ရက်ရောရောကြီး ပေးခဲ့မိတာလေ။

ခုတော့ ခုတော့ သူက အဲဒီနှလုံးသားကို ခွဲစိပ်ဓားနဲ့ ဆတ်ဆတ်နဲ့ အက်စေခဲ့တာ မဟုတ်ပါလား။ ရက်စက်ပါ့။ ဒီလိုလူစားမျိုးကို ဘယ်လိုနည်းနဲ့ တုံ့ပြန်ရပါ့မလဲ။ မလေးသာဆိုတ တွေးထားမှာ အမှန်ပါလေ။

သို့သော် အချစ်ကြီးချစ်ခဲ့မိတဲ့ ပုလဲကဖြင့် သူ့အပေါ် နာကြည်းရတာထက် ကိုယ့်ကိုယ်ကိုယ်သာ ပစ်တင်နေမိတော့ ခက်သားလား။ မလေးပြောသလို စိတ်နာနာနဲ့ ပါးရိုက်ခဲ့ရမှာလား။ မဖြစ်နိုင်တာ၊ သူ့ရုပ်ရည်ချောချောလေးမှာ ဒဏ်ရာအနာတရဖြစ်သွားမှာကို ပုလဲ မလိုလားပါလေ။

ပေါက်ကွဲ အော်ဟစ်ပိုယိုတာမျိုး မလုပ်ဘဲ ငြိမ်သက်နေမိတာမို့ သဲစုကတောင် "နင်တို့ တကယ်မချစ်လို့ထင်ပါတယ်" ဟုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ခဲ့သေးတာပါလေ။

ရင်ထဲမှာ နာနာကျင်ကျင် ခံစားနေရတာကိုဖြင့် ဘယ်သူမှ မမြင်နိုင်တာဘဲ။

"တကယ်ချစ်ရင် အသက်ဆက်မရှင်ချင်တော့သလို ဖြစ်ရမှာ" တဲ့လေ။

အချစ်ဆိုတာ ဘာလဲ၊ ဘယ်လိုများလဲ။ သူမ သေချာမသိ သေးတာအမှန်ပဲ ထင်ပါရဲ့။

"ဟဲ့! . . . ပြောနေတာ ကြားရဲ့လား"

"ဟင် . . . ဘာလဲ မေမေ"

"နင်နဲ့တော့ခက်တာပဲ၊ စိတ်ကိုစုစည်းဦး။ မနက်ဖြန် အလတ်မတို့အိမ်သွားဖြစ်အောင် သွားဖို့ ပြောနေတာ"

"ဟုတ်ကဲ့ပါ မေမေရဲ့"

"ဒါလည်း . . . ပြီးအောင် မြန်မြန်ထိုးမှပါပဲ၊ နင့်ကို စိတ်ပူ နေရတာနဲ့ ကြန့်ကြာနေတာ"

"ဘယ်သူ့ဖို့ တဘက်လဲ မေမေရဲ့"

"အန်တီထိပ်တင်ထား မှာထားလို့လေ"

"ဘယ်ကလဲ"

"နင့်မမကြီး တော်ရမယ့်အမျိုးပေါ့၊ မောင်နေမင်းမှိုန်ရဲ့ အဘွားကိုပြောတာ"



သူမ အံ့သြသွားရပါ၏။ နေမင်းရှိန်တဲ့၊ နာမည်က ထူးဆန်း ထိုက်တာ။ လူကို အမှုရှိန်ဟပ်သွားသည့် နာမည်မျိုး။ အဘယ့်ကြောင့် [illegible]ခုပါသနည်း။ ဩော် . . . မမကြီးတောင် ရှေ့နေကြီးဆီက အမွေ [illegible]တ်ယူဖို့ အခွင့်အရေးရတော့မှာပါလား။ ပုလဲမှာသာ ပုလဲမှာသာ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

စက်ဘီးအဖြူလေးကို ဂိုဒေါင်ထဲမှ ထုတ်လိုက်ပါ၏။ ဘီးရှေ့ လေလျော့နေတာမို့ လေထိုးတန်သွားယူကာ အနေတော်ခန့် လေထိုး လိုက်ရပါသည်။ စက်ဘီးရှေ့ခြင်းတောင်းကို နိုင်မနိုင် လှုပ်ကြည့်ပြီ စိတ်ချမှ မေမေပေးလိုက်သည့်အထုပ်ကို ထည့်လိုက်ပါ၏။ ခြံတံခါး ရှိရာဆီ တွန်းလာခဲ့ပြီး တံခါးဖွင့်ကာ အရင်ထွက်လိုက်ပါသည်။ ဘီး လက်ကို အတွင်းဘက်လှမ်းနှိုက်ကာ ကလန့်ထိုးလျက် တံခါးပြန်ပိတ် လိုက်၏။

လမ်းကြားလေးမှ အရှိန်မှန်မှန်ဖြင့် စက်ဘီးနင်းထွက်ခဲ့ သည်။ မနက်ခင်းလေက ခပ်အေးအေးဖြင့် သူမမျက်နှာကို အခြေ





ယိုယိသွားလေ၏။ ဟုတ်သားပဲ၊ ဒီလို စိတ်ကြည်လင်စေသည့် ည်းလမ်းကို ဘာကြောင့် မစဉ်းစားဘဲ အိမ်ထဲကုပ်နေမိတာပါလိမ့် မျက်နှာထက် အပြုံးယှဲ့ယှဲ့ထင်ကာ လမ်းမကြီးကို ထွက်လိုက်ပါ ၏။

"ဟာ"

"ကျွီ"

ရင်ထဲထိတ်လန့်ကာ ဘရိတ်ကို အုပ်လိုက်သော်ငြား သူမ က်ဘီးက လမ်းထဲကွေ့ဝင်လာသည့်ကားရှေ့သို့ ပြေးဆောင့်လေ၏။ ပြီဟုသည့်အသိနှင့်အတူ မျက်စိထဲ ပြာသွားတော့လေသည်။ ရှေ့ ပုလဲတော့ ကားကိုတိုက်မိပါရောလား။ ဝုန်းခနဲ ပစ်လဲကျ နှင့်အတူ နာကျင်မှုဒဏ်ကို တစ်ပြိုင်နက် ခံစားလိုက်ရလေ၏။

နင်တော့သေပြီ ပုလဲဖြူဖြူ။

"အား . . . ကျွတ် ကျွတ်"

"ဘာဖြစ်သွားလဲဟင်၊ ထလို့ရရဲ့လား"

အသံနှင့်အတူ သူမရှေ့သို့ ကားပေါ်မှလူက ဆင်းပြီး ရောက် လေ၏။ အရင်ဆုံးကြည့်မိသည်က all ကတ္တီပါဖိနပ်အနက်ရောင် စီးထားသည့် ခြေထောက်ဖွေးဖွေးတွေကိုပါပဲ။ အဲဒီနောက် ခြေဖမိုး ထိရောက်အောက် သေသပ်စွာဝတ်ထားပါသည့် မင်းကြီးကြိုက် ည်အနက်ကွက်ကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



အလို လူကြီးလူကောင်းရဲ့ကားကိုမှ ဂင်တိုက်မိရတယ်လို့

"ဒီမှာချာတိတ် ... ဟင်"

ဆတ်ခနဲထိုင်ချကာ သူမကိုခေါ်လိုက်သည့် လူကြီးမျက်နှာ တအံ့တသြဖြစ်သွားလေ၏။ ဘာလဲ သူမကိုသိနေလို့လား။ အင်္ကျီ လက်ရှည်နှင့် လိုက်ဖက်စွာ ခန့်ထည်ချောမောလွန်းပါသည့်လူကြီး ငေးကြည့်နေမိစဉ် ခြေထောက်နာနေတာကိုပင် မေ့သွားရတာပါလေ ဘုရား သူမနှလုံးသားဆီမှ ဒိန်းခနဲ ဆောင့်မြည်သံက ဘာကြော မျှားပါလဲ။

"ဘယ်နားနာသွားသေးလဲ၊ ကိုယ် ဟွန်းတီးတာကိုမကြား ဘူးလား"

"ပုလဲ ... ပုလဲ"

လည်ချောင်းဝမှာ တစ်ခုခု ဆို့နေသည့်နှယ် အသံကထွက် မလာပါလား။ ဘယ်လိုပါလဲ။ ဟိုတုန်းကတည်းက ရင်းနှီးနေသည့်နှယ် ဒီလူကြီး၏အကြည့်တို့က နွေးထွေးနေတာပါလေ။ ပြီးနောက် နှုတ်ခမ်း ဟန်ပြနေပါသည့်အပြုံးကိုပါ မြင်နေရလေ၏။ အို အရမ်းကိုကြည့် ကောင်းလွန်းပါသည့် လူကြီးပါပဲလား။

"ဆေးခန်းပို့ပေးရမလား၊ ထကြည့်ပါဦး"

"ဟို ဟို ... ပုလဲက မှားတာပါ၊ ကိစ္စမရှိပါဘူး"

"ဘယ်သူမှားမှားလေ၊ ချာတိတ်က နာသွားတဲ့လူ



ကြာ ကျိုးပဲ့နေလို့ ကုရခက်နေပါဦးမယ်၊ လာပါ ... ကိုယ် ခန်း ပို့ပေးပါ့မယ်"

"ဟင့်အင်း"

ငြင်းဆန်လိုက်မိသလား မသေချာပါ။ ရုတ်တရက် ဆွဲထူမ လိုက်ပါသည့်လက်တစ်စုံထဲသို့ သူမခန္ဓာကိုယ်သေးသေးလေး ဖွေ့ ပါသွားလေတော့၏။ ခြေထောက်ဆီမှ နာကျင်ခြင်းနှင့်အတူ နာလေးရှုံ့သွားပြီး ယိုင်သွားမိသည်က သူ့ရင်ခွင်ကျယ်ကြီးဆီကိုပါ။

မျက်နှာရဲသွားရပြီး အလျင်အမြန် လက်ဖြင့် ရှပ်အင်္ကျီအဖြူ ဆုပ်ကိုင်လိုက်မိစဉ် သူ့မျက်ဝန်းမှာ စိုးရိမ်ရိပ်ပေါ်လွင်သွားလေ၏။ ပါပြီ၊ ပုလဲတော့ ကိုယ့်ချစ်သူမဟုတ်သည့် သူစိမ်းတစ်ယောက် မှာ အလဲလဲအပြိုပြိုတွေ ဖြစ်ရတယ်လို့။ အရှက်တွေကွဲကုန်တော့ ပါပဲ။

"ခြေထောက်နာသွားတာလား ဟုတ်လား"

"အင်း ... နေပါစေ ရတယ်"

"ဘာနေပါစေလဲ၊ ခြေထောက်မှ ထောက်မရတာကို"

"အာ ... ဒါ ဘာလုပ်တာလဲ"

"ပြောပြီးပြီလေ၊ ဆေးခန်းပို့ပေးပါ့မယ်ဆို"

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ပုလဲကို အခု အောက်ကိုချပေး ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘာမပြော ညာမပြောဖြင့် ဇွေ့ခနဲ ပွေ့ချီခံလိုက်ရသ[illegible] လူက ထူပူရှက်အမ်းသွားရပါ၏။ ပရမ်းပတာ ခုန်ပေါက်လာသ[illegible] ရင်ခုန်သံက ထိန်းမရတော့ပါလေ။ အို ပြဿနာပဲ ဘယ်လိုဖြစ်[illegible] လူကို တရင်းတနှီးကြီးလို ပြုမူလိုက်ရပါသလဲ။ စိတ်ဆိုးရမှာလ[illegible] ခက်ပါရဲ့နော်။

"မင်းခြေထောက်နာတာကမှ ပြဿနာပါ ချာတိတ်ရဲ့"

"ဟင့်အင်း ... အဲဒီလောက် မလိုပါဘူး"

"ကိုယ်က လိုတယ်လို့ ယူဆရင်ကော"

"ရှင်"

ဟော ပြုံးပြန်ပါပြီ ရင်ခုန်စေတဲ့ အပြုံးမျိုး။ ဘယ်လိုလူ[illegible] လဲ မသိတော့ပါဘူး။ စောစောကတင် ကြည်နူးနေမိသည့်စိတ်[illegible] ရှုပ်ထွေးနောက်ကျိုလာတော့တာပါလေ။ သူမရင်ထဲမှ ဒဏ်ရာက [illegible] တိုင် အစိမ်းသပ်သပ်သာ ရှိနေသေးတာပါ။ ဒဏ်ရာမကျက်သေး[illegible] နှလုံးသားက နောက်ထပ်တစ်ဖန် ရင်ခုန်စရာလား ထူးဆန်းလေ[illegible]

"ဘာလဲ ... မသိတဲ့လူခေါ်နေတာမို့ မလိုက်ချင်တာလား"

"ဟုတ်ကဲ့"

သူ ပြုံးပြန်လေ၏။ မျက်နှာကြည့်ရုံဖြင့် အဘယ်မျှ စိတ်[illegible] သည်းခံပေးနိုင်သည့် အရိပ်တို့က ဖြာထွက်နေသည့်နှယ်ပါ။ အ[illegible] ပုလဲစိတ်ထဲ ဖြစ်နေတာမှန်သမျှ သူအကုန်သိနေရင်တော့ ဒုက္ခ[illegible]





[illegible]က နဂိုကတည်းက ဟန်မဆောင်တတ်တဲ့ မိန်းကလေးမို့ မျက်နှာ [illegible] မပေါ်လွင်အောင် မနည်းကြိုးစားနေရတာပါလေ။

"မင်းမသိပေမယ့် ကိုယ်က မင်းကို သိနေတဲ့ လူပါ ... [illegible]ာတိတ်ရဲ့"

"ရှင်"

သူမ အအံ့သြကြီး အံ့သြနေမိနေတာပါ။ ဘယ်လိုလဲ၊ တစ်[illegible]မ်တစ်ခါမှ မမြင်မတွေ့ဖူးပါသည့် ဤပုဂ္ဂိုလ်က သူမကို သိနေတာ[illegible]ဲ့လား။ အဘယ်ကြောင့်ပါနည်း။ သူမသွားလာနေသည့် ပတ်ဝန်း[illegible]ျင်တစ်ဝိုက်မှာ သူနှင့်တူသည့် လူရယ်လို့ တစ်ဦးတစ်ယောက်မျှ [illegible]တွေ့ခဲ့တာပါလေ။ ဒါနဲ့တောင်မှ ပုလဲကို သိတယ်လို့ သူ ဘာကြောင့် [illegible]ာထစ်ချပြောနိုင်ရပါသလဲ။

လူကို ပဟေဠိတွေပေးနေတာများလား။ ပုလဲဖြူဖြူက အလစ်ဝင်ရောတာနဲ့ အလွယ်တကူပါသွားတတ်တာမှ မဟုတ်တာ[illegible]လေ။ သို့သော် ဤပုဂ္ဂိုလ်ကဖြင့် လူရည်မွန်ဖြစ်ပြီး တကယ့် Gentle-man style မို့ ငြင်းရခက်သားလား။ သူလိမ်ညာတာမျိုး မဟုတ်ဘဲ အတည်ပြောနေတာ ထင်ပါရဲ့။

"မယုံဘူးလား"

စက်ဘီးခြင်းထဲရှိ အိတ်ထဲမှ ဖုန်းသံမြည်လာတာမို့ သူမေး တာကို မဖြေလိုက်မိပါ။ ဖုန်းကိုယူလိုက်ပြီး ဖွင့်လိုက်ပါ၏။ အတော်ပါပဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကဖုန်းမှီ စက်ဘီးထားခဲ့ဖို့ အဆင်ပြေသွားပြီလေ။ သူက သူ့စက်ဘီးကို အခုထိကိုင်ပေးထားတုန်းပါပဲ။

"အကြိုင်လား"

"ဟုတ်ကဲ့ မမ"

"ဘာပြောမလို့လဲ"

"အန်တီက ဒီမှာ ခြေစွပ်ကျန်ခဲ့လို့တဲ့၊ မမ ဘယ်ရောက်နေပြီလဲ၊ ပြန်ယူမှာလား"

"နင်ပဲ ယူလာပေးဟာ၊ ငါ လမ်းထိပ်မှာ"

"ဟင် ... မမကလည်း၊ စက်ဘီးနဲ့ပြန်လှည့်ခဲ့ပါလား"

"ကျစ် ... စက်ဘီးက စီးလို့ မရတော့လို့ပေါ့ဟဲ့၊ မပြောလိုက်ချင်ဘူး၊ ပေးချင်ရင်ယူလာ၊ မပေးချင်လည်းနေ၊ ဒီစက်ဘီးအစုတ်ကို ငါ မြောင်းထဲပစ်ချခဲ့တော့မယ်"

"လာပြီ ... မမ လာပြီ"

သူက စိတ်တိုစွာဖြင့် ပြောနေသည့် သူမကိုကြည့်ကာ ခပ်တိုးတိုးရယ်လိုက်လေ၏။ ဘာလဲ လူကို ရယ်စရာလို့ ထင်နေတာများလား။ စိတ်တိုနေတဲ့လူကို ပိုပြီးစိတ်တိုအောင် လုပ်ချင်နေတာလေ။ အိမ်မှအကြိုင်တစ်ယောက် အလျားဖားလျားဖြင့် အပြေးရောက်လာတာမို့ စက်ဘီးကို ထိုးထည့်ပေးလိုက်ပါသည်။ သူမမျက်နှာ မှုန်ကုပ်နေတာမို့ ဘာဖြစ်လဲဟု မစပ်စုရဲပါလေ။





"လိုက်မှာလား"

"မလိုက်ပါဘူး၊ ဘာလို့လိုက်ရမှာလဲ"

သူ့ကိုမျက်စောင်းခဲကာ ကားမှတ်တိုင်ဘက် လျှောက်ခဲ့ပါ၏။ ဒီအချိန် လိုင်းကားတွေချောင်တာမို့ Bus ကိုသာစောင့်စီးခဲ့ပါသည်။ လေးတို့လမ်းထဲ ခပ်ဖြည်းဖြည်း လျှောက်ခဲ့မှပင် ခြေထောက်က အတော်နာနေမှန်းသိလိုက်ပါ၏။ အင်း ရောက်တာနဲ့ အဆူခံရဖို့က ထမပါလားနော်။

"ဟော ... ဘယ်သူများလဲ မှတ်တယ်၊ အငယ်လေးကိုး"

"အန်တီငယ် ပြန်ရောက်ပြီလား"

"အေးပေါ့ ... သမီး မလေးက ဒီလထဲ Due date ရှိတာကိုး ... လာလာ"

အန်တီငယ်ဖွင့်ပေးသည့်တံခါးမှ တိုက်ထဲသို့ ဝင်လိုက်ပါ၏။ လှေကားကိုတက်စဉ် ခြေထောက် မျက်ခနဲ နာသွားတာမို့ မျက်နှာကို ရှုံ့လိုက်မိပါ၏။ ကိုလေးပြန်လာရင်တော့ ပုလဲကို ဆေးကုပေးနိုင်မှာပဲ။ သိပ်မကြာရင်တော့ စောင့်နိုင်မှာပါလေ။ အခန်းတံခါးကို ခေါက်လိုက်စဉ် တံခါးက ချပ်ခနဲ ပွင့်လာလေသည်။

"လာ"

"မလေး ဘာလုပ်နေလဲ"

"ဒီလိုပဲ လမ်းနည်းနည်းလျှောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သားသားဖို့ သိုးမွေးထိုးထားတာ ပို့ခိုင်းလိုက်လို့"

"အန်တီလေးကလည်းလေ အပင်ပန်းခံပြီး လုပ်ပေးရတယ်လို့။ မုန်း ... ဟယ် လုလိုက်တာ၊ အပြင်မှာရောင်းတာ ဒီလောက်မလှဘူးဟဲ့"

"မေမေက စေတနာနဲ့ ထိုးပေးတာပါနော်"

"သိပါတော် ... သိပါ့၊ ဒီအမေက ဒီလောက်တော်ပြီး ဒီအမေမွေးတဲ့သမီးက ဘာများတော်သလဲ"

"မလေးနော်"

"ဟင်းဟင်း ... ငါကလေးကတော့ အပြင်ကိုမထွက်ရသေးဘူး စစ်ဖြစ်နေသံကို အတိုင်းသားကြားနေရတယ်"

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမလဲ၊ နှင့်ကိုစွပြီးပြီထင်တာ ခုထိ မပြီးသေးဘူး ပန်းချီကားပဲ၊ ဒင်းကို ကိုလေးပွစ်တာနဲ့ ဒီညနေလာမယ်တဲ့လေ"

"အာ ... ပုလဲတို့ကိစ္စက ပြီးပြီကို"

မလေးက သူမကို လှည့်ကြည့်လိုက်စဉ် ခြေထောက်မှာ ညှိမည်းနေသည့်ဒဏ်ရာကို မြင်သွားသဖြင့် အံ့သြသွားလေ၏။ အရေးခံရမယ့်ကိစ္စက မပြီးသေးပါလားနော်။ သူမကိုသိပြီး ရင်းနှီးခွေးထွေးသည့် မျက်လုံးတစ်စုံကို ဖျတ်ခနဲ သတိရသလို ဖြစ်မိစဉ် ခေါင်းကို





ဆတ်ခနဲ ခါထုတ်လိုက်ရလေ၏။ သူ့ကို ပုလဲမသိတာ အသေအချာပါပဲ။

"နှင့်ကိုလေး လာမှပြန်"

"အာ ... ဘယ်ဖြစ်ပါ့မလဲ"

"ခြေထောက်က ဒီလောက်ဖြစ်နေတာ စောင့်မှပေါ့၊ ဘာလဲ ရင်ခုန်သံမြန်မှာစိုးရိမ်နေပြီလား။ မိုးသောက်ကြယ် လာမယ်ဆိုတာနဲ့"

"မဟုတ်ပါဘူး မလေးရာ"

"အသည်းကို မာမာထားစမ်းပါ ယယ်လေးရယ်၊ နင် ဒီလိုပျော့စိစိဖြစ်နေလို့ ဟိုက နင်းချင်နေတာ၊ ရည်းစားထားတာပဲ ဘာဖြစ်လဲ One go ဆို Two come မှာပေါ့"

မျက်နှာကို ရှုံ့လိုက်မိပါ၏။ အပြောကဖြင့်လွယ်ပါ့။ သူမအသက်ငယ်သော်ငြား မျက်နှာများတတ်တဲ့ မိန်းကလေးမှမဟုတ်တာလေ။

ပြတ်ပြီးသားရည်းစားတွေနဲ့ မထင်မှတ်ဘဲ ဆုံရင် ဘယ်လိုဖြစ်ကြပါသလဲ။ မျက်နှာပူစရာကြီးဟုသာ ယူဆမိပါသည်။ သူ့ကို ရင်မဆိုင်ချင်တာက အဟောင်းတွေ အသစ်ဖြစ်လာမှာစိုးလို့ပါပဲ။

"မထားနိုင်ဘူးလား"

"တော်ပါပြီ မလေးရယ်၊ ဒီတစ်ယောက်နဲ့ပဲ ပုလဲအတွက်



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်ပါပြီ၊ နောက်ထပ် ဘယ်သူနဲ့မှ အသစ်ထပ်မတွေ့ချင်တော့ပါဘူး''

''အောင်မယ်လေးဟယ် . . . အခုမှပဲ သီလရှင်ဝတ်ပြီးကာ ဆရာလေးလို တရားသံပေါက်တဲ့စကားမျိုး ကြားရပါရောလား၊ ငါက စေတနာနဲ့ပြောနေတာ၊ မလေးတို့လည်း ငယ်လေးကို ဒီလူနဲ့ပဲကြိုက် ဒီလူနဲ့ပဲ ယူစေချင်တာပါပဲ၊ ဒါပေမဲ့ . . . တစ်ခါတလေကျ ကိုယ်က ချည်း ရိုးသားပြနေလို့ မရဘူးဟဲ့''

''ပုလဲက ဘာကို မရိုးမသားလုပ်ရမှာလဲ မလေးရဲ့''

''ဪ . . . သူ နင့်ကိုတကယ်ချစ်မချစ် သိရအောင် နောက်လူ ပြောင်းချိတ်မှပေါ့၊ အစစ အကုန်လိုက်သင်ပေးရမှာလား''

''မလုပ်ချင်ပါဘူး''

''အေး . . . ရိုးသား ရိုးသား၊ နင့်အရိုးတွေ ခွေးစားမှသိမှာ ငါ မပြောလိုက်ချင်ဘူး''

မလေးက သူမကို ပြောမနိုင်ပုံဖြင့် မျက်စောင်းခဲလိုက်လေး ဟုတ်တယ်လေ၊ မျက်နှာများတယ်ဆိုတာ ပုလဲတို့လို မိန်းကလေးတွေ အတွက် ကောင်းတာမှမဟုတ်ဘဲ၊ ဘယ်လိုဖြစ်ပြီး အရွဲ့တိုက်တွဲရမ မလဲ၊ မဖြစ်နိုင်တာ။

နောက်လူကပါ ကိုယ့်ကိုအထင်သေးရင်ဖြင့် လဲသေဖို့သာ ကောင်းတော့တာပါလေ။ ညနေစောင်းမှာ ကိုလေးနှင့်အတူ





ချိုလိုက်လာတာမို့ မျက်နှာချင်းဆိုင် တွေ့ရတော့လေ၏။ အကြည့် ဆုံတာကို လွှဲရင်း မျက်ရည်မဝဲမိအောင် အတတ်နိုင်ဆုံး ကြိုးစား ထိန်းရလေသည်။ ပုလဲရင်ထဲမှာ ခုထိ နာနေဆဲပါ ကို။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

မြ သူ့ကို ချစ်တယ်။ ရိုးရိုးလေးပါပဲ။ လူကြီးတွေက အစ မြတို့နှစ်ဦးကို သဘောတူကြည်ဖြူထားပြီးသားပါ။ မြကိုယ်တိုင်လည်း အနာဂတ်ခရီးကို သူနှင့်လက်တွဲပြီး လျှောက်လှမ်းနိုင်လိမ့်မည်ဟု ကြိုမြင်ထားတာပါလေ။ သို့သော် ကံကြမ္မာဆိုတာ ကိုယ်မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာတတ်တာမှ မဟုတ်တာဘဲ။ သူ့ရင်ထဲမှာရှိနေသည့် မိန်းကလေးဟာ မြ မဟုတ်မှန်း သိလိုက်ရသည့်နေ့မှာဖြင့် မြရဲ့ကမ္ဘာကြီး အစိတ်စိတ်အမြွာမြွာ တစ်စစီဖြစ်ကုန်တော့တာပါလေ။

မြစိမ်းစိမ်း

အသည်းကွဲတယ်ဆိုတာကို သူမ ကြည့်ခဲ့ဖူးသည့် ရုပ်ရှင်၊ ဖတ်ခဲ့ဖူးသည့်ကဗျာတွေ ဝတ္ထုတွေထဲမှာသာ တွေ့ခဲ့ဖူးတာပါ။ လက်တွေ့ဘဝမှာ ရတ်တရက် ကြုံရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားမိပါချေ။ လွတ်လပ်ပျော်ရွှင်သည့် အပြုံးတွေကနေ ဝမ်းနည်းကြေကွဲမှု မျက်ရည်တွေအဖြစ် သူက ပြောင်းလဲစေခဲ့ပါပြီ။ ဆို့နင့်နာကျင်နေသည့် ရင်တွင်းမှဒဏ်ရာကို ဖြေသာဖို့ ကာလက ရှည်ကြာလွန်းတာအမှန်ပါ။ ရင်ကို ဒဏ်ရာပေးခဲ့သည့် သူ့အပေါ် နာကြည်းမုန်းတီးရမည့်အစား သူမကိုယ်သူမသာ ပြန်စိတ်နာနေတာ အဘယ်ကြောင့်ပါနည်း။

"ကို…ကို" ထားရစ်ခဲ့တဲ့နေရာမှာ ပုလဲဖြူဖြူဆိုတဲ့ ကောင်မလေးရဲ့နှလုံးသား ပြုတ်ကျကွဲအက်ခဲ့ရတာကို သိပါရဲ့လား။

ပုလဲဖြူဖြူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အစကဖြင့် မမကြီးဆီကို ဖျတ်ခနဲလာတတ်ပေမယ့် တကယ် အလုပ်ရှာဖို့လာမှ ခပ်ရှဲရှဲမဝင်ရဲသလိုပါလေ။ ပုလဲက အလုပ်လုပ်ဖို့ မပျင်းတဲ့သူပါ။ သို့သော် မမကြီးနှင့်အတူတူလုပ်ရမှာကိုတော့ အနည်းငယ် လန့်နေသလိုပါလေ။ ပုလဲနှင့်မလေးက အထက်အောက် ဝမ်းကွဲ ညီအစ်မမို့ ပြောရဲဆိုရဲရှိပြီး ဆူရင်လည်း မျက်နှာမပျက်ရတဲ့သူတွေ မဟုတ်ပါလား။ မမကြီးကဖြင့် နဂိုကတည်းက ခပ်တည်တည်နေတတ် လေ့ရှိပြီး စကားသိပ်မပြောသည့်သူပေကိုး။

"ဒေါက် ဒေါက်"

"ဝင်ခဲ့ပါ"



တံခါးကိုအသာဖွင့်ကာ အတွင်းသို့ ခေါင်းပြူ၍ ခေါင်းကြည့်လိုက်မိ၏။ မမကြီးမှလွဲ၍ ဘယ်သူမှ မရှိတာမို့ တော်ပါသေးရဲ့။ လူစိမ်းတစ်ဦးဦးသာ ရှိနေပါက မျက်နှာပူရမှာပါလေ။ မမကြီးက အရင်းလုပ်နေရင်း ဖျတ်ခနဲ လှမ်းကြည့်လိုက်လေ၏။

"အဲဒီမှာ မဝင်ဘဲ ဘာရပ်လုပ်နေလဲ"

"အဟင်း"

တွေ့လား။ ဘယ်တော့မဆို မလေးလို နွေးနွေးထွေးထွေး ကြိုတတ်တာလေ။ မလေးဆို "ဟဲ့ ဟိုကောင်မလေး လာတာနဲ့ တော်ပဲ။ လက်ဖက်သုပ်စားကြရအောင်" ဆိုပြီး ကြိုတတ်တာပါ။ မမကြီးကဖြင့် အိမ်သွားလည်တိုင်း တစ်ချက်မျှ ပြုံးပြပြီး သူလုပ်နေတဲ့ အလုပ်ကိုသာ ဆက်လုပ်နေတတ်တာပါလေ။ ထို့ကြောင့် အန်တီကြီးနှင့်သာ ပြောစရာရှိတာပြောပြီး ပြန်ခဲ့ရတာ မဟုတ်ပါလား။

"မေမေ လွှတ်လိုက်လို့"

"ဘာလဲ ... အလုပ်ကိစ္စလား"

"ဟုတ်"

"လောလောဆယ် office staff က မလိုသေးဘူး ညီမလေးရဲ့၊ Marketing ဘက်မှာပဲလိုနေတာ၊ ကားနဲ့ ပစ္စည်းတွေ ပို့ရမှာမို့ လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတွေချည်းပါမှာနော်၊ ဖြစ်ရဲ့လား"

"ဟုတ် ... ဖြစ်ပါတယ် မမကြီးရဲ့"

ဘာလဲ လူကို တစ်မျိုးများမြင်နေသလား။ မမကြီး၏အကြည့် က သူမကို အထင်သေးသလိုလို နှိမ်သလိုလိုမျိုး ဖြစ်နေတာပါလေ ချစ်သူတစ်ယောက်ထားမှုတာနဲ့ ဒီလိုကြည့်တာကိုဖြင့် ပုလဲ မနှစ်သ ပါချေ။ လူဆိုတာ ဘဝမှာ တစ်ကြိမ်တစ်ခါတော့ မှားတတ်ကြတာပါ သို့သော် ပုလဲရဲ့အမှားက ပြင်လို့ရနိုင်တဲ့ အမှားမျိုးမှ မဟုတ်တာ

"ခဏထိုင်ဦး"

ထိုင်ခိုင်းနေပြီမို့ မမကြီး အလုပ်စားပွဲရှေ့ရှိ ဧည့်သည်ထိုင် ဆက်တီခုံမှာ အသာဝင်ထိုင်လိုက်ရပါသည်။ ကြည့်ရတာ ဆုံးမစ တွေ ချွေဦးမယ်ထင်ပါရဲ့။ အင်းပေါ့လေ၊ ပုလဲက အတွေးဆုံး လူကြီးတွေပြောသမျှ ခေါင်းညိတ်နာခံရမှာမဟုတ်လား။ မမကြီး ဖုန်းပြောတာပြီးမှ သူမထိုင်နေသည့် ခုံအနီးမှာ လာထိုင်လိုက်လေ

"အတွေ့အထူးပြောဖို့ မရှိပါဘူး။ ကျွမ်းကျင်တဲ့လူနဲ့ တွဲလု ရင်း တတ်သွားလိမ့်မယ်၊ မကြီးသတိပေးချင်တာက အလုပ်နဲ့ ကိုယ ရေးကိုယ်တာကို သီးခြားထားတတ်ဖို့ပါ"

"ရှင်"

"မကြီးရှိနေတဲ့ ဝန်းကျင်မှာ ရှုတ်ရှုတ်ယှက်ယှက် သတင်း မကြားချင်ဘူး၊ အထူးသဖြင့် မလိုအပ်ဘဲနဲ့ မကြီးရဲ့ညီမဆိုတာ





ဘ်မပြောမိစေဖို့ပါ၊ မကြီးအရှိန်နဲ့ ရေသာခိုတာမျိုးလည်း မလိုချင် း သဘောပေါက်ရဲ့လား"

"ဟုတ်"

ကြည့်ပါဦး။ ညီမဖြစ်သူကို ပြောတဲ့စကားက ဒါတဲ့လား။ ကယ်ဆို အစ်မကြီးအနေနဲ့ ညီမလေးကို စောင့်ရှောက်ပေးရမှာပဲ။ မျိုးမတော်ချင်တာများလား။ ပုလဲက ဒီအမျိုးအနွယ်ဝင်တစ်ဦးပါ။ ယ်နဲ့သွေးသားတော်စပ်နေတဲ့ အစ်မကို သူစိမ်းလိုဆက်ဆံရမှာမို့ မျိုးကြီးဖြစ်မနေဘူးလား။

သူမ နားမလည်ပါ။ ကလေးမို့ လူကြီးရဲ့ဦးနှောက်ကိုပဲ က်မမီတာများလား။ ရှင်းရှင်းဘွင်းဘွင်းပြောသည့်စကားဖြစ်ပေမယ့် ကြားရသည့်လူရဲ့ရင်ထဲမှာ အောင့်သက်နာကျင်စရာပါပဲ။ သူမက သူမ သာမန်ဘွဲ့လေးပဲ ရခဲ့လို့လား။ သို့တည်းမဟုတ် ဖေဖေက အစိုးရ ထမ်းမို့ အထင်မကြီးတာများလား။ ဒါမှမဟုတ် သူမကိုယ်တိုင် ည်းစားတစ်ခုလပ်မို့ နှိပ်ချလေသလား မသိတော့ပါလေ။

"နောက်ကို ကိုယ်ရေးကိုယ်တာကိစ္စ ပြောချင်ရင် အိမ်မှာ ပြောပါ၊ ရုံးခန်းထဲ လာမပြောနဲ့၊ ဟိုတစ်လောက ဧည့်သည်ရှေ့မှာ ယ်လောက်မျက်နှာပျက်ရတယ် ထင်လဲ"

"ဟင် ... ဘယ်တုန်းက"

"နင် ... ဒီမှာ ဒိုကြီးချက်မ ချူးပွဲချဒိုသွားတဲ့နေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလေ၊ အဲဒီတုန်းက သူရှိနေတယ် အငယ်မရဲ့ ကိုယ့်ညီ... ဒီလောက် ငါးရံ့ပြာလူးဖြစ်နေတာ ဘယ်လောက်အရှက်ကွဲခဲ့ရသ... နောက် ... ဒါမျိုး မဖြစ်စေနဲ့ ကြားလား''

ခေါင်းကိုသာ ညိတ်ပြလိုက်ရပါ၏။ ငါးရံ့ပြာလူးတဲ့လ... အစ်မဖြစ်သူက ညီမလေးကို ရှုံ့ချတယ်ဆိုပြီး ရက်ရက်စက်စက်... ပြောချရတယ်လို့။ တကယ်တမ်း မလေးက နှုတ်ကြမ်းပေမယ့် စိ... ရင်း ဖြူစင်ပြီးပွင့်လင်းတဲ့သူပါ။ ဘယ်လောက်ပဲ နာအောင်ပြော... စေတနာနဲ့ပြောမှန်း အသိသာကြီး မဟုတ်လား။ အခုတော့ မမကြီး... တမင်ကြီး နှိပ်ကွပ်နေသလိုအကြည့်မျိုး အပြောမျိုးနဲ့ ပြောနေသ... နှယ်ပါ။

အလုပ်တွဲလုပ်ရမှာ ယောက်ျားလေးတွေနဲ့က ဘာပြဿ... ဖြစ်စရာရှိလို့လဲ။ ဒီခေတ်မှာ ယောက်ျားလေးသူငယ်ချင်းတွေနဲ့ တ... သိုလ်အတူတက် Canteen အတူထိုင်၊ ရုပ်ရှင်အတူကြည့်ကြ... ဒုနဲ့ဒေး မဟုတ်ပါလား။ သူမကို ရည်စားပွေတဲ့ မိန်းကလေး၊ ရှုပ်... ယှက်ယှက်နေတဲ့သူဟု မြင်နေတာတော့ ခံရခက်လွန်းပါတယ်...

အင်းပေါ့လေ။ ပုလဲကိုယ်တိုင်က စမှားခဲ့ဖူးသူမို့ ကိုယ့်ကို... ကိုယ်သာ အပြစ်တင်ရမှာကို။

''ဒေါက် ဒေါက်''

''မမ ... ကျွန်တော်ရောက်ပါပြီ''



''အေး ... ဝင်ခဲ့ ကျော်သီဟ''

ရုံးခန်းထဲသို့ လူငယ်တစ်ဦးဝင်လာပါ၏။ Uniform နှင့်မို့ ...သားဖြူဝင်းပြီးကြည့်ကောင်းတဲ့လူပါပဲ။ ဒီလို လူသန့်နဲ့တွဲလုပ်ရမှာမို့ ...ကို စိတ်မချ၍ တမင်နှစ်နှစ်နာနာ ပြောတာများလားဟု တွေးလိုက် ...သည်။ သူမက မလေးလို လူတစ်ဖက်သား၏အတွင်းစိတ်ကို ...တတ်တော့ ခက်သားလား။

''Marketing မှာ လူလိုတယ်ဆိုလို့ အသစ်ခေါ်ထားတယ်။ ...ညီက ပုလဲတဲ့၊ သူ့ကိုတွဲခေါ်သင်ကြားပေးလိုက်ပါ ကျော်သီဟ''

''ဟုတ်ကဲ့ပါ မမ''

''လိုက်သွားလိုက်လေ''

''ဟုတ်''

ပုလဲတဲ့လား ဘာလို့ နာမည်အပြည့်အစုံ မပြောတာပါလိမ့်။ ...ကြီးရဲ့ညီမဆိုတာကို လူသိမခံချင်တာ များလား။ သူမတို့အမည်က ...နောက်ဘက်မှာ နှစ်လုံးစီပူးတွဲပြီး ကာလာတွေပေးထားတာမို့ ကြားတာ ...ညီအစ်မမှန်း လူတိုင်းသိကြတာပါ။ အောက်လျှိုဝင်လာတဲ့ အလုပ် ...မလေးဆိုပြီး ပညာအပြခံရပြီ ထင်ပါရဲ့။ မလေးသာသိရင် ဒေါသ ...ထွက်ဦးမှာလေ။

''ပုလဲ ... အသက် ဘယ်လောက်ရှိပြီလဲ''

''(၂၂) ထဲမှာ''

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ငယ်တာပဲ၊ အစ်ကိုတို့ group မှာ စာရေးမ
တွေက ပင်ပန်းလို့ မကြာခဏထွက်ကြတယ် ပုလဲရဲ့"

"ပစ္စည်းတွေ သယ်ရလို့လား"

"အင်းပေါ့ ... ဒါပေမဲ့ အစ်ကိုကို့ယောကျ်ားလေးတွေ
အများဆုံး သယ်ပေးတာပါ၊ လူအားမလောက်မှရင် အမြင်မသ
တော်တာနဲ့ ကူပေးရတာတော့ရှိတာပေါ့၊ တစ်နေ့လုံး မတ်တတ်
ပြီး လမ်းလျှောက်နေရတော့ ဘယ်အကြမ်းခံနိုင်ပါတော့မလဲ၊ Wei
ကျချင်ရင် Marketing ကို လာခဲ့ပဲ"

ရင်းနှီးမှုရှိစေရန် ရယ်စရာပြောသည့် ကိုကျော်သီဟစကား
ကြောင့် သူမ အလိုက်သင့်ပြုံးပြလိုက်ရပါ၏။ ပင်ပန်းသတဲ့၊ ဒီ
နေရာမျိုးကိုမှ တမင်ရည်ရွယ်ပြီး သူမကို ပို့တာတဲ့လေ၊ မမကြီး
ဘယ်လိုမှ နားမလည်ပါ။ ရာထူးကြီးကြီးရထားပါလျက် ညီမဖြစ်သူ
နေရာမပေးချင်တာ အသိသာကြီးပါပဲလား။

"ပို့ရမယ့်ဆိုင်တွေက နေရာအနှံ့ပဲ ပုလဲရဲ့၊ ဆိုင်ခွဲတွေ
ပစ္စည်းလိုနေရင်လည်း သွားပို့ပေးရတယ်၊ တစ်ခါတလေ မနက်စော
နေ့ခင်း (၂) နာရီ (၃) နာရီမှ စားဖြစ်တာ၊ လုပ်နိုင်ပါ့မလား"

"လုပ်ရမှာပေါ့ အစ်ကိုရဲ့၊ ပုလဲက အလုပ်လုပ်ချင်တဲ့သူ
ဟာ"

"တယ် ... မထင်ပေါင်၊ နှင့်ခန္ဓာကိုယ်က လေတိုက်ရင်





လွင့်မယ့် စက္ကူလို ဖြစ်နေတာ"

"အံမယ် ... ပုလဲလုပ်နိုင်ပါတယ်နော်၊ လူကိုအထင်မသေး
နဲ့"

"အေးပါ ... အေးပါ၊ ဘယ်နှစ်ရက်ခံမလဲ စောင့်ကြည့်ကြရ
သေးတာပေါ့"

Supervisor ရာထူးနှင့် ကိုကျော်သီဟက လောလောဆယ်
ပုလဲနှင့်အတူလိုက်ပြီး သင်ကြားပေးမှာပါ။ ပုလဲ အထိုင်ကျသွားရင်
လွှဲခဲ့ကာ အစ်ကိုက ကုမ္ပဏီမှာ ကျန်ခဲ့မှာလေ၊ အားငယ်စရာကြီး
လား။ အိမ်မှာဆို ရေသောက်ချင်တယ် ဆိုတာနှင့် အကြိုင်က
သောက်ရေအဆင်သင့် ယူလာပေးတာလေ။ အခုတော့ သူများ
ကျိုးထိုးနိုင်းစရာဖြစ်နေပါရောလား။ မျက်နှာငယ်ရပါဘိ။

"ဆိုင် list နဲ့ ပစ္စည်း list ကို သေချာတိုက်စစ်ပြီးမှ ကား
ပေါ်တင်ရမှာ စတိုထဲသွားစို့"

ဂိုဒေါင်ထဲမှာ ပစ္စည်းတွေ တစ်ပြုံတစ်ခေါင်းကြီးပါပဲ၊ Plastic
တွေအုပ်ထားသည့် လျှပ်စစ်ပစ္စည်းတွေက မနည်းမနောပါပဲ၊ ဒါတွေ
သယ်ရမှတော့ မပင်ပန်းဘဲရှိပါ့မလား။ မေမေ သယ်ခိုင်းပို့ခိုင်းသည့်
နံ့အိုးတွေ ပန်းပင်တွေကို လေးလှပြီထင်ပြီး ဂျီကျောင်ကျခဲ့မိတာ
ဝဋ်ချက်ချင်းလည်ပါရောလား။ မေမေ့သမီး အခုမှ တကယ်ပင်ပန်း
တော့မှာအမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းလုပ်ကြနော်၊ ပွဲလို့မရဘူး ဂရုစိုက်။ စက္ကူပုံးတွေ ရွေးရင် သေချာကြည့်ရွေးဦး။ နိုင်ငံနဲ့ပစ္စည်းမကိုက်ရင် ဂွမ်းကုန်မယ်"

ကိုကျော်သီဟက အငယ်တွေကိုပြောရင်း ကားပေါ်ပစ္စည်း တင်တာကို ဂရုစိုက်နေပါ၏။ TV, DVD, Fan, Air cooler ပစ္စည်း အကြီးကြီးတွေမှအစ Rice Cooker, Iron နှင့်ပေါင်မုန့်ကင်စက် အဆုံး သေးသေးမွှားမွှားပစ္စည်း အကုန်ပါပဲလား။ ဒါတွေက ဆိုင်တိုင်း မှာ ရောင်းကုန်တဲ့ပစ္စည်းတွေတဲ့လား။ အံ့ဩဖွယ်ကောင်းလေစွ။ သူ ထင်တာ ချောင်ထဲရောက်ပြီး ပိုးအိမ်တွယ်နိုင်မယ့် ပစ္စည်းတွေ သာ။

ရေနွေးကြမ်းအိုးတွေ၊ ဓာတ်ဘူးတွေဆို ဒါဖင်သိုက်သယ် တာမို့ ရောင်းကောင်းသည့်ပစ္စည်းတွေပါပဲ။ နာမည်ကြီးကုမ္ပဏီ ပစ္စည်းအကောင်းတွေသာ ရွေးတင်ပြီး Model Date Out သည့် ဆိုင်တွေမှ ပြန်သိမ်းကာ နှစ်ကုန်ပိုင်း December မှာ Fun Fair လုပ်ပြီး ဝန်ထမ်းတွေကို မဲဖောက်ပြီး လက်ဆောင်ပေးတာ ဖြစ်လေ ပျော်စရာကြီးပါပဲ။

"စာရင်းမမှားအောင် သတိထားရတယ် ပုလဲရဲ့၊ မှားတာ လျော်ရမှာ အကြီးကြီးတွေပဲ၊ သိတယ်မဟုတ်လား။ အနည်းဆုံး ပစ္စည်းတောင် ငါးထောင်အထက်တန်ဖိုးရှိတယ်"

"ဟုတ်ကဲ့"





တရင်းစာရွက်တွေ တဖျပ်ဖျပ် လှန်လှောကာ စစ်ရေး သူမကို သင်ပေးလေ၏။ လခစားဝန်ထမ်းတွေရဲ့ဘဝက ဒီလိုပဲလား။ ဖေဖေ့ကို တွေ့မိရင်း မြိုးခြဲမွှေတာတတ်တာကို နားလည်မိလေ၏၊ အရင်ကဖြင့် မေမေ မုန့်ဖိုးဆိုပြီး လက်ဖြန့်တောင်းသုံးဖို့သာ သူမ သိခဲ့တာလေ။ ဖလဲ အတော်မလိမ္မာခဲ့တာပါလား။ ရင့်ကျက်တည်ငြိမ်ဖို့ မေမေ အကြောင့် အလုပ်လုပ်နိုင်းမှန်း ယခုမှပင် သူမ သိရတော့တာ ပါလေ။

"စုံပြီလား။ စုံရင် သွားကြမယ် ... လာ ပုလဲ"

ဝန်ထမ်းကောင်လေးတွေနှင့်အတူ ကားထဲ ကျပ်သိပ်စွာ ထိုင်ရလေ၏။ အရင်ကဖြင့် အသားထိရင် မနေတတ်သလို တွန့် သိမ်ကာ ဇိဇာကြောင်တတ်သည့်အကျင့်က အဝေးကို လွှင့်ပစ်လိုက်ရ လေပြီ။

အရက်သည်းတတ်သမျှ ပြင်ရတော့မှာပါလား။ တစ်အူတုံ ဆင်း မောင်နှမတွေနှယ် ရင်းရင်းနှီးနှီး ပျော်ပျော်ပါးပါး ရယ်မောစ နောက်နေကြတာမို့ တစ်ယောက်တည်း အထီးကျန်ကြေကွဲဝမ်းနည်း ခိုက အတော်လေး သက်သာသွားပါ၏။

တစ်ဆိုင်ရှေ့ရပ်ကာ ဆိုင်ထဲထိ ပစ္စည်းတွေ သယ်ပိုးပြီး ကားပေါ်ပြန်တက်စဉ် လမ်းဘေးမှာ ရောင်းသည့်မုန့်တွေကို ဝယ်ကျွေး စားရဲ့၊ ကားပေါ်မှာ ဆီးသီးမဆလာနယ်၊ သရက်သီး ငြိုရည်



www.burmeseclassic.com

www.burmeseclassic.com



နယ်တို့ကို လုစားရင်း မရှက်နိုင်အောင်ပါလေ။ အစ်မတွေသာ မြင်ပါက ရင်ထုတော့မှာအမှန်ပါ။ ဘယ်တတ်နိုင်ပါ့မလဲ၊ ရောမရောက်ရင် ရောမ လို ကျင့်ကြံနိုင်ရမှာလေ။

အစ်ကိုပြောသည့်အတိုင်းပါပဲ၊ ထမင်းစားချိန်ကမမှန်ပါ။ ရုံး အချိန်လေးနှင့် ကြုံရာမြန်မာထမင်းဆိုင်မှာ ထမင်းဝယ်စားတာ နောက် က ကျားလိုက်သလိုမျိုးပါပဲ၊ တစ်ရက်စာပို့မှရာပစ္စည်းကို ရုံးချိန်အတွင်း အချိန်မီပို့ရတာကိုး။

ဒါကို ... ပင်ပန်းသည့် တစ်ချက်မညည်းကြဘဲ ရယ်မော ပျော်ရွှင်နေသည့် အစ်ကိုတွေကြောင့် သက်ပြင်းကိုပင် ခိုးရှိုက်ဖြစ်တာ လေ။

ဒီနေ့ကစပြီး ပုလဲ စိတ်မလေနိုင်တော့ပါ။ ရင်နာမနေတော့ ပါ။ လွမ်းဆွေးမနေတော့ပါ။ မရနိုင်တာကို မလိုချင် မတောင်းတတော့ ပါ။ မျက်ရည်တွေ မပေါ်နိုင်တော့ပါ။ တစ်ယောက်တည်း ပျင်းရိငြီး မနေချင်တော့ပါ။

လောကနှင့် အံဝင်ခွင်ကျ နေတတ်အောင် ကျင့်ပါတော့ မည်။ မလေးသာသိရင် ဘာပြောမှာပါလိမ့်၊ လူကြီးပီပီ ပြုံးလေမလား ပုလဲတို့ကိစ္စကို ကြားဝင်ညှိပေးကြပေမယ့် ရင်ထဲ နာကျင်ခံစားနေ သည့် ဝေဒနာကို ပုလဲကိုယ်တိုင်ပဲ ဖြေသိမ့်တတ်ရမှာပါလေ။

သူ့ကို နောက်တစ်ကြိမ် ပြန်တွေ့တဲ့အခါ ဘာမှမဖြစ်ခဲ့သည့်





ပေါ့ပေါ့ပါးပါးပြုံးပြီး နှုတ်ဆက်ပြောနိုင်ဖို့ ပုလဲ အများကြီးကြိုးစားရဦး မှာပါလေ။ ပြုသူနဲ့ ခံရသူက ဒဏ်ရာမှ မတူပဲကိုး။ မိုးသောက်ကြယ်, ပုလဲတို့ပြန်ဆုံရင် ဟန်မဆောင်ဘဲ ပြုံးနိုင် စကားပြောနိုင်စေရပါမယ် ရှင်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မလေးမွေးပြီတဲ့။ အလုပ်ကပြန်ရောက်နဲ့ ကြားရသည် သတင်းကြောင့် ဘာမှမစားဖြစ်ဘဲ ရေမြန်မြန်ချိုးလိုက်ရပါသည်။ မေမေက နေ့လယ်ပိုင်းသွားခဲ့ပြီးပြီမို့ ညဘက် မလိုက်ဖြစ်တော့။ အလုပ်ဆင်းနေသည့် သမီးဖြစ်သူကို အဆင်ပြေရဲ့လားဟု မေး မေးတာကိုပင် မကြားဘဲ အိမ်ပေါ်မှ အပြေးဆင်းလာခဲ့ပါ၏။

ဆေးရုံကိုသွားရမှာမို့ လမ်းထိပ်မှာ Taxi စောင့်ကာ တ ရလေသည်။ နောက်ကျပြီပေါ့။ တူကလေးကို သူမ အရင်ဦးဆုံးမြင် သည့် ဆန္ဒက ပျက်လေပြီ။ မှာတ်ပါတယ်။ ပုလဲဖြူဖြူဆိုတာ အ နောက်ကောက်ကျသည့် ကောင်မလေးပင် မဟုတ်ပါလား။





မေမေ ညွှန်လိုက်သည့်အတိုင်း ဆေးရုံအပေါ်ထပ်ဆီ လှေ ကားမှတက်ခဲ့၏။ ဗိုက်ထဲမှာအဆာမရှိသဖြင့် လူက အားမရှိဘဲ မော လိုက်သည့်ဖြစ်ခြင်း။ ခြေထောက်တို့က မသယ်ချင်လောက်အောင် လေးလံလွန်းကာ ကိုက်ခဲနေသလိုပါလား။ တစ်ခါမှ ဒီလို တစ်နေကုန် လျှောက်ရတာမျိုး မလုပ်ဖူးခဲ့တာကိုး။ အခန်းတံခါးကို အသာဖွင့်လိုက် ည့် မလေးက ညနေစာစားနေလေ၏။ ရော် ဆာနေပါသည်ဆိုမှ စားစားချိန်နှင့် တိုးရတယ်လို့။

"ဟော ... အငယ်လေး လာလာ"

"သားသားရော"

"ရှိပါ့"

မေးဆတ်ပြလိုက်တာမို့ ကလေးပုခက်ကုတင်ဆီ လျှောက် ပြင်လိုက်စဉ် ခြေလှမ်းက တုံ့ခနဲ ရပ်သွားရလေ၏။ သားသားကို နေသည်က သူမ၏ မိုးသောက်ကြယ်ဖြစ်နေသည်ကိုး။ ဘေးဘီကို မရိုက်ဘဲ ကလေးကို စကားတွေပြောနေသလို မွေးကင်းစ ကလေး ယ် "အားဂူး" အသံကိုပင် ကြားနေရလေသည်။

မနာလိုလိုက်တာ။ မအားတဲ့လူက သူမထက်အရင်ရောက်နေ တယ်လို့။ ဘာမဆို ဦးဆုံးဖြစ်ချင်သည့် သူမက အမြဲဘိတ်ချေးပါပဲ ။ ကလေးနားသွားရင် သူ့ကိုကပ်သလိုဖြစ်မှာစိုးရိမ်ပြီး မလေးထိုင် နေသည့် ခုတင်ဆီသာ ဆက်လျှောက်လာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရပြီဆို"

"အင်း"

"ဘာရာထူးလဲ"

"Helper"

"ဟဲ့"

ဟုတ်သားပဲ။ ရုံးမှာအေးအေးဆေးဆေးထိုင်လုပ်ရတဲ့ စာရေး မဟုတ်တာ။ အလုပ်သမားကောင်လေးတွေနဲ့ တန်းတူလုပ်ရမှာပေါ့။ လူကညစ်ချင်ချင်ဖြစ်နေတာနှင့် သူ့ကိုမြင်ရတာမှီ ရွှဲပြောမိလေပြီ။ မတတ်နိုင်တော့ဘူး။ မလေးက ဖုံးထားပြီး လိမ်ပြောလို့ရတဲ့ အစ်မမှမဟုတ်တာကို။

"တကယ် helper လား အငယ်လေး"

"ပြောတော့ စာရေးမပေါ့၊ လုပ်ရတာ အလုပ်သမားတွေနဲ့ တန်းတူပဲဟာ"

"ရုံးမထိုင်ရဘူးလား"

"ဟင့်အင်း"

"ထင်တယ်၊ ငါထင်တဲ့အတိုင်းကိုဖြစ်တာပဲ၊ အဲဒီမကြီးဟာ ငယ်ငယ်တုန်းကအတိုင်း အကျင့်ပုပ်နေတုန်းပါလား"

"နည်းနည်းကျွေး"

"ဟဲ့ . . . အိမ်က မစားလာဘူးလား"





"ဟင့်အင်း . . . တာရာလင်းကိုတွေ့ချင်ဇောနဲ့ အပြေးလာခဲ့ရတာကိုး"

"ဘယ်လို"

မလေးက အံ့သြသွားလေ၏။ ပါးစပ်ဟာပေးနေတာမို့ သတိရကာ ဖွန်းဖြင့် ထမင်းနယ်ထားတာကို ခွံ့ကျွေးလိုက်လေသည်။ နို့ထွက်စေရန် ဟင်းခါးနှင့် ခပ်ပေါ့ပေါ့ဟင်းလျာကပင် ဆာနေသည့်ဗိုက်ကြောင့် အရသာရှိနေသည့်နှယ်ပါ။ သူက သူမတို့အနီး လာရပ်လိုက်လေ၏။ မျက်နှာကပြုံးမလိုလိုပါလေ၊ ဘာလဲ သူမ ထမင်းစားနေတာကို ကြည့်ပြီး လောင်ချင်နေတာများလား။ ပုလဲဖြူဖြူအတွက်က ကြိုက်မရှက် ငိုက်မရှက်မဟုတ်ဘဲ ငတ်မရှက်ဖြစ်နေတာပါလေ။

"တာရာလင်း ဟုတ်လား"

"အင်းလေ . . . ပုလဲပေးထားတာ မကြိုက်လို့လား"

"အဆန်းပဲဟယ် . . . မိုးသောက်လည်း အဲဒီနာမည်ပဲ ပေးထားတာ"

"ဘာ . . . အဟွတ် အဟွတ်"

"ဟဲ့ . . . ဟဲ့"

ထမင်းလုပ်စားရင်း ဗလုံးဗထွေးပြောနေရာမှ သည်းချေပြီ။ မလေးက ရေအမြန်ငှဲ့ပေးပေမယ့် ကျောလာပုတ်ပေးသည်က သူဖြစ်နေလေ၏။ သေစမ်း၊ ဘယ်လိုဖြစ်ပြီး သားသားကို နာမည်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



လာတူနေတာပါလိမ့်နော်။ တင်းလာပြီ။

"ကျွန်တော် အရင်ပေးတာနော် အန်တီလေး"

"အံမာ ... ပုလဲ အရင်ရွေးထားတာပါနော်၊ မယုံရင် မေမေတို့ကို မေးကြည့်၊ အိမ်မှာ စာရွက်နဲ့ရေးထားတာ တစ်ပြိုင်ကြီး သက်သေရှိတယ်"

"ကိုယ်က အရင်လာပြောတော့ ပထမပေါ့"

"မရဘူး ... ပုလဲက အဒေါ်မို့ ရာထူးပိုကြီးတယ်"

"ကိုယ်က အစ်ကိုတော်တော့ ပိုပြီးသွေးရင်းတာပေါ့"

"နင်နော်"

"ဟယ် ... တော်ကြပါတော့၊ ဘယ်လိုဖြစ်နေကြတာ ဘယ်သူပေးပေး ဒီနာမည်ပဲဟာ"

"မရဘူး ... သားသားကြီးလာရင် အန်တီလေးပေး ဆိုပြီး ဂုဏ်ယူပြောရမှာ မလေးရဲ့ သူလာလုလို့ဖြစ်မလား၊ အလ စိတ်ပုပ်ကောင်၊ အခုမှ အစ်ကိုဆိုပြီး နေရာလာယူပြနေတယ်၊ က အတွက်ဖြင့် ဘာမှမလုပ်ပေးဘဲနဲ့များ"

"ကလေးအတွက်ရော လူကြီးအတွက်ပါ အများကြီးယ တာပါနော်၊ ဟိုမှာမမြင်ဘူးလား"

"အံမာ ... လမ်းဘေးက ကောက်ဝယ်လာတာတွေနဲ့ ကြ နေပြန်ပါပြီ၊ ပုလဲက သားသားဖို့ မေမေချုပ်ပေးသမျှ ကိုယ်





ချုပ်လိုက်ပေးခဲ့တာ အင်္ကျီမှာ အရုပ်လေးတွေတောင် ကပ်ပေးရ တာ"

"လမ်းဘေးဆိုင်က မဟုတ်ပါဘူး။ Super market ကပါ"

"Handmade မှမဟုတ်တာ၊ လမ်းဘေးဆိုင်ဈေးချုပ်နဲ့ တူတူပဲ၊ လာမယှဉ်နဲ့"

"ငါ စိတ်ညစ်လာပြီနော်၊ နင်တို့နှစ်ကောင်တော့"

မလေးက အချီအချပြောနေကြသည့် သူနှင့်ပုလဲကြောင့် စိတ်ရှုပ်လာပုံရလေ၏။ ပုလဲလည်း ရန်မဖြစ်ချင်ပါ။ ဘယ်လိုဖြစ်ပြီး ကလေးနှင့်ကပ်ရပ် ပြောတတ်တဲ့လူနဲ့ လာတွေ့ရတာပါလိမ့်နော်၊ န်းတံခါးပွင့်သွားတာမို့ အားလုံးအကြည့်က အခန်းဝဘက်ရောက် သွားလေ၏။

"လေး"

"အတော်ပဲ ... ကိုလေးရဲ့ အရုပ်နှစ်ကောင်ကို လာရှင်း ဦး"

"ဘာဖြစ်ကြပြန်ပြီလဲ"

"ဒီမှာလေ ... သားကိုနာမည်ပေးတာ အတူတူပဲကို၊ ပေးတာ ငါပေးတာနဲ့ ငြင်းနေလို့"

"အတူတူလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးနော်"

ကိုလေးက ပြုံးစိစိဖြစ်နေလေ၏။ ယမင်းဟ မဝတစ်ဝဖြစ်နေတာမို့ သစ်သီးခြင်းထဲမှ လိမ္မော်သီးကို လှမ်းယူကာ သူမခွာစားလိုက်ပါသည်။ မွေးလူနာလာကြည့်တာ ဘာမှမပါဘဲ မွေးလူနာထံမှ ကပ်ပြီးစားနေမိပါရောလား။ ဘာဖြစ်လဲ၊ မလေးက ပုလဲရဲ့အစ်မပဲဟာ။ အားနာစရာမှမလိုတာနော်။ မလေး စားလို့ ကုန်မှာမှမဟုတ်တာဘဲ

"ဟာ ... အဲဒါ အန်တီလေးဖို့ ကိုယ်ဝယ်လာပေးတာကွ"

"အခု မလေးဟာဖြစ်နေပြီပဲဟာ၊ နင်မှမပိုင်တော့တာ၊ သူများ စားသောက်နေတာ ပိတ်ပင်ရင် ဘာဖြစ်လဲသိလား။ ပြိတ္တာဖြစ်မှာ"

"ဘာကွ"

"ကဲ ... တော်ကြပါတော့ကွာ၊ မိုးသောက်လည်း တော်တော့"

"လေးလေးက မိန်းမဘက်အမျိုး သိပ်လိုက်တာပဲ"

"ဟဲ့ ... ဟိုအကောင်"

"လိုက်တော့ဘာဖြစ်လဲ၊ ကိုလေးက နင့်လိုမှမဟုတ်တာ မိန်းမကိုဦးစားပေးတာ၊ တန်ဖိုးထားတာ၊ ဂရုစိုက်တာ၊ အလေးအနက်ထားတတ်တာ၊ နင်ကမှ ပေါ့ပျက်ပျက်"

"ပုလဲနော်"

"တော်ကြတော့နော် ... ကလေးနိုးသွားမယ်၊ မင်းတို့ အချ





နိုထကြတာ ကိစ္စမရှိဘူး၊ ငါ့မိန်းမက သွေးနုသားနုနဲ့ကွ"

"ကိုလေး"

"လေးလေး"

ပြိုင်တူခေါ်သံနှင့်အတူ နှစ်ယောက်သားမျက်နှာ ရဲသွားရပါ အယ်လိုကြီးပါလဲ။ ပုလဲတို့က သက်ဆိုင်တော့တာမှမဟုတ်တာ။ ယ်လိုဖြစ်ပြီး အချစ်နလန်ထဟု သုံးလိုက်ရပါလဲ။ နှစ်ယောက်သား နိုင်လုနေရာမှ ပါးစပ်ပိတ်သွားရတော့တာပါလေ။ မကျေနပ်ဘူး ောက်ကြယ်။

"အဲဒါက အရေးမကြီးဘူး၊ မကြီးက ငယ်လေးကို အလုပ်ားတဲ့နေရာမှ ပြသနာ"

"ဘယ်နေရာလဲ"

"ပစ္စည်းသယ်ပို့တဲ့"

"ဟာ ... အဲဒါ ယောကျ်ားလေးတွေလုပ်ရတာ မဟုတ်

"ပြောတော့ စာရေးမတဲ့လေ၊ အဲဒီမကြီးဟာ ညီအစ်မချင်းမို့ ချင်ဘူး၊ ငယ်ငယ်ကတည်းက လေးနဲ့ငယ်လေးကို သူ့အရုပ်တွေ ယ်တော့မှ ပေးဆော့တာမဟုတ်ဘူး၊ သိပ်အူပုပ်တာ"

"စည်းကမ်းရှိတာ ဖြစ်မှာပါလေးရယ်"

"ဘာစည်းကမ်းရှိရမှာလဲ၊ သူ့ မတော်တော့လို့ အငယ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ဆိုတဲ့အကျီဆိုလည်း မပေးဘူးပြောတာ ကိုရဲ့၊ အကျင့်အခုထိမပျောက်ဘူး၊ ကလေးကို ဖြစ်သလိုအပေါ်ပေးတာပဲကြည့် အဲဒါ . . . အစ်မကြီးလား"

"ပုလဲလုပ်နိုင်ပါတယ် မလေးရယ်"

"မလုပ်နဲ့ ထွက်လိုက်၊ အဲန်တီလေးနဲ့ လေးလေးသိ မျက်ဖြူလန်သွားလိမ့်မယ်"

"မဖြစ်ဘူး မလေးရဲ့၊ မမကြီးက ပုလဲကိုပြောထားတာ အလုပ်ကို ဟိုခုန်ဒီကူး မလုပ်နဲ့တဲ့"

"ကြည့်စမ်း . . . ကလေးကို ချည်ပြီးတုပ်ပြီး မညှာမတာ

"ကိုယ်တို့မှ အလုပ်ရှာမပေးနိုင်တာကို လေးရဲ့"

"ဘာပဲဖြစ်ဖြစ် မလေးမကျေနပ်ပါဘူး၊ ဘယ့်နှယ် ကြည့်မှ ဒီညီမလေးပဲရှိတာကို၊ ဟိုလူကပစ်၊ ဒီလူကချောင်း လေးညီမက သုံးမရတော့တဲ့ပစ္စည်းအစုတ်မှ မဟုတ်တာကို"

ပုလဲရော သူပါ မျက်လုံးပြူးသွားရပါ၏။ မမကြီးကိုပြော က သူ့ဘက်မြားဦးလှည့်လာတာ မဟုတ်ပါလား။ မဖြစ်တော့ပါ မြန်မြန်ပြန်မှပါပဲ၊ တော်ကြာ နောက်တစ်ပွဲ ထပ်နွှဲရတော့မှာ

"အန့်တီလေးကလည်းဗျာ"

"ငါက စကားပြောရင် ဝေ့ဝိုက်ပြီးမပြောတတ်ဘူး မိုးသော ရေ၊ အဖျားခတ်မိရင် sorry"





"ငါ့သားကြီးကို နာမည်ဘယ်လိုပေးရမှာလဲ"

"ဘယ်လိုမှ မပေးဘူး၊ ဗိုက်ထဲရှိတုန်းကအတိုင်းပဲ ပေးလိုက်မယ်တယ်"

"ဘာနာမည်လဲဟင်"

"မောင်ပြူးလို့"

"ဟမ်"

ကိုလေးက အတည်မဟုတ်မှန်း သိနေတာမို့ တီးတိုးရယ်လိုက်လေ၏။ နှစ်ယောက်သား အံ့ဩသွားရာမှ ပြိုင်တူမျက်စောင်းခဲ လိုက်မိလေသည်။ နောက်ဆုံးတော့ ပုလဲတို့ပေးတဲ့ အမည်သာ အတည်ဖြစ်မည်မှန်း ရိပ်မိနေလေပြီ။ စိတ်ချင်းတူပါလျက် ဘဝမှာ ဆက်တွဲဖော်ဖြစ်ခွင့်မရတဲ့ ချစ်သူစုံတွဲတွေ ဒီကမ္ဘာမှာ အဘယ်မျှ ရှိနေမှာပါလိမ့်။

အရောင်ကြိုက်တာ၊ ပစ္စည်းအသေးလေးတွေကို ချစ်စရာ ကောင်းလိုက်တာဆိုပြီး ရွေးမိတာ၊ ဘာပဲစားစား၊ ဘာပဲသောက် သောက် နှစ်ယောက်သား ပြိုင်တူမှာမိစဉ် ရယ်မဆုံးဖြစ်ခဲ့တာ အကြိမ် ကြိမ်ပင် မဟုတ်ပါလား။ ဤသို့ ဤသို့ အသွင်တူခဲ့ပါသည့် ပုလဲဖြူဖြူ နှင့် မိုးသောက်ကြယ်က (၃) နှင့် (၄) လိုကျောချင်းနိုင်းပြီးသည့် သူစိမ်းတွေ ဖြစ်ခဲ့လေပြီ။

"ပုလဲ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှောင်နေပြီလေ၊ တစ်ယောက်တည်း ပြန်ရဲရဲ့လား"

"ပြန်ရဲပါတယ် မလေးရဲ့၊ ကလေးမှမဟုတ်တာ"

"ကလေးမဟုတ်လို့ စိုးရိမ်တာပေါ့၊ တော်ကြာ ကားတင်ပြေး သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ခေါ်တော့လည်း လိုက်သွားရုံပေါ့ မလေးရဲ့၊ ခက်ခက်လှ လို့"

"ဟယ် . . . ဒီကောင်မလေး"

"မိုးသောက် လိုက်ပို့လိုက်"

"မပို့နဲ့ မလိုဘူး"

"ငယ်လေးကလည်း၊ သူငယ်ချင်းလို သဘောထားမှပေါ့"

"မထားနိုင်ပါဘူး၊ သူ့စိမ်းက သူစိမ်းပဲ၊ ကိုလေး ဘက်မလိုက် ချင်နဲ့"

"ပြောပြန်ပြီ နောက်တစ်ယောက်၊ ငါတော့ နေရင်းထိုင်ရင်း ပဲကြားက ဆား ဖြစ်နေပြီ"

ကလေးကိုတစ်ချက်သွားကြည့်ကာ လှည့်ထွက်ခဲ့စဉ် ကိုလေး ထံမှ "လိုက်သွားလေ" ဟူသည့် တီးတိုးမှာသံကိုကြားရလေ၏ Corridor မှာ ဘေးချင်းယှဉ်လျှောက်ပါဘဲ အနောက်မှ ခပ်ခွာခွာ ပါလာသည့်သူ့ကြောင့် သက်ပြင်းကိုတိတ်ရှိုက်မိလေသည်။ ပုလဲ ကြားဖူး တာက ဘေးချင်းယှဉ်လျှောက်ရင် မောင်နှမ၊ ပုခုံးဖက် လက်ချင်းယှဉ်





လျှောက်တာမျိုးက ချစ်သူရည်းစား၊ ခပ်ခွာခွာနဲ့ ခပ်စိမ်းစိမ်းလျှောက်ပါ က အကြွင်လင်မယားတဲ့လေ။

ဒါဖြင့်ရင် ရှေ့က တစ်ယောက်လျှောက်ပြီး နောက်လူက ခြေလှမ်းခွာပြီး လျှောက်ပါက ဘယ်လိုခေါ်မှာပါလဲ။ ပုလဲကို သူ ဒီလို ကောက်ကောက်ပါအောင် လိုက်ပြီးစကားပြော ရည်းစားစာပေးခဲ့ တာ မဟုတ်ပါ။ မခွဲနိုင် မခွာရက်ဆိုပြီး သည်းသည်းလှုပ်မချစ်ပြခဲ့ပါ။ ညဘက် အိပ်မပျော်နိုင်အောင် အရူးအမူး ချစ်တာမျိုးလည်း မဟုတ်ခဲ့ ပါချေ။

မျက်နှာကို အနည်းငယ်မဲ့လိုက်မိပါ၏။ ဆေးရုံဝင်းရှေ့ လမ်း ထက် နီယွန်မီးရောင်အောက်မှာ ခဏရပ်ကာ ဟိုဒီမျှော်ကြည့်စဉ် သူ့ကားက ဝင်းထဲမှ ထွက်လာလေသည်။ သူ့ကားဟွန်းတီးသံကြား လိုက်သော်ငြား Taxi ကိုသာ လှမ်းတားကာ တက်လိုက်မိ၏။ ပုလဲတို့ က ဆလပ်ရွက်လို စိမ်းစိမ်းကားကားကြီးပါလေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘွားဘွားကြီးကို သေချာပြောပြီးပေးနော်၊ အိမ်အလုပ်သမားတွေနဲ့ ပြီးစလွယ်မပေးလိုက်နဲ့ ခြံဘေးပေါက်က ဝင်ရင် အိမ်နဲ့ ပိုနီးတယ်"

"ဟုတ်ကဲ့ပါ ... မေမေရဲ့"

မေမေပေးလိုက်သည့်အထုပ်ကို စက်ဘီးခြင်းထဲသို့ထည့်ကာ အိမ်ရှေ့မှ ထွက်လာခဲ့ပါ၏။ လိပ်စာစာရွက်ကို သေချာပြန်ဖတ်ကြည့်ပြီးမှ ကားလမ်းပေါ် တက်လိုက်ပါသည်။ Off ရက်ဆိုပြီး နားချင်သလို မနားဖြစ်ပါ။ မေမေနိုင်းသမျှ မနက်ကတည်းက လုပ်ပေးနေတာ မဟုတ်လား။ လူလည်း နေရင်းထိုင်ရင်း သံပတ်ပေးထားသည့်





စက်ရုပ်လေးနှယ် အလုပ်နှင့်လက် မပြတ်လုပ်နေမိတာပါလေ။

လမ်းကျယ်ကြီးထဲ ချိုးဝင်ခဲ့ပါ၏။ ထောင့်ချိုးလမ်းသွယ်ထဲသို့ ကွေ့ဝင်ခဲ့သည့်ခြံက တကယ့်ကို အကျယ်ကြီးမဟုတ်ပါလား။ သုခမြိုင် ဘဲ့ အတော်ချမ်းသာသည့် မိသားစုတွေပင်။ မေမေပြောသည့်အတိုင်း ဘေးဘက်မှ ပတ်လာတာမို့ တိုက်အိမ်ကြီးနှင့်အတော်နီးသွားသလိုပါ။ ခြံဘေးတံခါးလေးမှ လူခေါ် Bell ကို အသာနှိပ်လိုက်စဉ် အိမ်ထဲမှ အဒေါ်ကြီးတစ်ယောက် ထွက်လာလေသည်။

"ဘာကိစ္စရှိလို့လဲကွယ်"

"ဘွားဘွားဒေါ်ထိပ်တင်ထားနဲ့ တွေ့ချင်လို့ပါရှင်၊ ဒေါ်သန္တာ လွှတ်လိုက်တာပါ"

"ခဏစောင့်နော်"

"ဟုတ်ကဲ့"

အိမ်ထဲပြန်ဝင်သွားပြီး တအောင့်ကြာမှ ပြန်ရောက်ကာ ခြံတံခါးအသေးလေးကို ဖွင့်ပေးလေ၏။ စက်ဘီးကို ခြံထဲတွန်းဝင်ကာ ဒေါက်ထောက်ရပ်ထားလိုက်ပါသည်။ အဒေါ်ကြီးနောက်မှ အထုပ်ပိုက်ကာ ခပ်ကုပ်ကုပ်လေးလိုက်လာခဲ့၏။ အခုမှ တောကတက်လာသည့် အိမ်ဖော်ပေါက်စမလေးလို သိမ်ငယ်ရပါလားနော်။

အတော်လေးကို ကြီးကျယ်မြင့်မြတ်သည့် အိမ်ကြီးပါလား။ ခြံဘေးဘက်မှာတောင် သစ်ပင်ပန်းမာန်တို့ဖြင့် ပြည့်နှက်လှပနေတာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့မှာဆို အဘယ်မျှ လှပနေမည်နည်း။ မိန်းကလေးမို့ အလှအ
သဘာဝကိုတော့ သူမ ခံစားတတ်ပါသည်။ ခေတ်မီမီ ဆောက်ထား
သည့် အိမ်ကြီး၏ဘေးဘက်တံခါးကိုဖွင့်စဉ် ဧည့်ဆောင်အသေးလေး
ကို မြင်ရလေ၏။ ဒါ သာမန်ဧည့်သည်မျိုး ဧည့်ခံသည့်နေရာထင်ပါရဲ့
နောက်တစ်ခန်းကို ဆက်ဝင်လာတာမို့ နောက်မှလိုက်ခဲ့စဉ် အလယ်
Hall ခန်းကြီးကို ခမ်းနားစွာမြင်ရလေသည်။ ဧည့်ခန်းမဟုတ်ပါ
ဘုရားစင်ကြီး ဟည်းနေအောင် တည်ထားသည့်ခန်းမကြီးပါလေ

သူမ ပါးစပ်အဟောင်းသားဖြစ်နေရပါ၏။ အခန်းပတ်ပတ်
လည်မှာ ပန်းချီကားကြီးတွေ ရှိနေပြီး နံရံဆေးဘက်တွေမှာ ကနု
ပန်းခက်တို့ဖြင့် ထောင်ထားပါသည့် ပန်းပုရုပ်တုတို့က (၁၀)
ကလေးအရွယ်သာသာခန့်မျှ ရှိနေလေသည်။ ဘုရားစင်ရှိ အမွှေး
ရနံ့က တစ်ခန်းလုံးကို မွှေးပျံ့နေသည့်နှယ်ပါ။ ပါကေးခင်းထားပါသည့်
ကြမ်းပြင်က ခြေချရက်စရာပင်မရှိ ချောပြီးပြောင်လက်နေတာပါလေ

"ထိုင်လေ ကလေးရဲ့၊ မသန္တာ လွှတ်လိုက်တာလား"

"ဟင် ... ဩော် ... ဟုတ်ပါတယ် ဘွားဘွား"

ရုတ်တရက်ရောက်လာသည့် ဘွားဘွားကြီးထံမှ နူးသာ
သနပ်ခါးနံ့က သင်းထုံနေလေသည်။ မျက်နှာထက်မှာ အပြုံးတို့
နက်နေသလို လေပြည်လေးနှင့်ပြောသည့်စကားကြောင့် အဘယ်
သဘောထားပြည့်လဲဆိုတာကို ခန့်မှန်းမိနိုင်တာပါသည်။ ဘွားဘွား





က ခုံမှာထိုင်လိုက်ပြီမို့ သူမ ကြမ်းပေါ်မှာ ဒူးထောက်ထိုင်လိုက်ပြီး
လက်ထဲမှအထုပ်ကို တရိုတသေ ကမ်းပေးလိုက်ပါ၏။

"မေမေ ပို့ခိုင်းလိုက်တာပါ ဘွားဘွား"

"အပေါ်မှာထိုင်ပါ မြေးရဲ့၊ ကြမ်းက အေးကအေးနဲ့ ...
ထိုင်ပါ"

"ဟုတ်ကဲ့"

ထပ်ပြောနေပြီမို့ ကြိမ်ဆက်တီခုံထက် အသာဝင်ထိုင်လိုက်ပါ
၏။ အန်တီကြီးတို့ အန်တီငယ်တို့လည်း ချမ်းသာကြတာပါပဲ။ သို့သော်
ဤမျှ အရှိန်အဝါကြီးသည့်နှယ် မဟုတ်ပါချေ။ ဤအိမ်ရိပ်ကို စနိုးမိစဉ်
စိတ်ထဲမှာ အလိုလို သိမ်ငယ်စိတ်ဝင်လာသလို မျက်ရည်ပင် ဝဲသွားရ
တာပါလေ။ ဘွားဘွားကြီးက အထုပ်ကိုဖွင့်ကာ အထဲမှ ခြုံပဝါကို
ပုံးထက် ပတ်ခြုံကာ သဘောကျနေလေ၏။ ချည်အညိုကို အပွင့်နှင့်
ဆန္ဒင်းမကောင်းပုံလေးတွေဖော်ကာ တစ်ချောင်းထိုးဖြင့် ထိုးထားတာ
အတော်အချိန်ယူထားရတာပါလေ။

"အတော်လှတာပဲ၊ ဘွားဘွား ဘယ်လောက်ပေးရမလဲ
ကွယ်၊ သို့မွှေးပေးလိုက်ပေမယ့် လက်ခတော့ ပူဇော်ရမှာမဟုတ်လား"

"မေမေက ဘာမှမမှာလိုက်ဘူး ဘွားဘွားရဲ့၊ ဒါပေးပြီး
ပြန်ခဲ့လို့ပဲ ပြောလိုက်တာပါ"

"ခက်တာပဲ ... အားနာစရာတွေဖြစ်ကုန်ပြီ၊ အခုတစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာနဲ့ထိုးပေးရင် နောက်တစ်ခါလိုချင်လို့ ဘယ်ရပါတော့မလဲ မြေးရဲ့၊ မြေးမေမေ ယူနေကျ ဘယ်လောက်လဲ မသိဘူးလား"

"ဟုတ်ကဲ့ . . . မသိလို့ပါ ဘွားဘွား"

"ကျောင်းနေတုန်းလား"

"ရှင်! မဟုတ်ပါဘူး ဘွား၊ ပုလဲ ဘွဲ့ရပြီးပါပြီ အလုပ်ဝင်လုပ်နေတာပါ၊ ဒီနေ့ off ရက်ပါ ဘွားဘွား"

"နာမည်က ပုလဲတဲ့လား"

"ဟုတ်ကဲ့ . . . ပုလဲဖြူဖြူပါ"

"လှလိုက်တာ . . . နာမည်နဲ့သိပ်လိုက်ဖက်တာပဲ၊ မြေးမျက်နှာမှာ ဘယ်လောက် စိတ်ဖြူစင်သလဲဆိုတာ ထင်းခနဲ မြင်သာနေတာ မြေးရဲ့၊ မသန္တာတို့များ ကလေးကို နာမည်ပေးတတ်လိုက်တာ"

ပြုံးရုံသာပြုံးလိုက်မိပါ၏။ ကိုယ့်ကိုချီးမွမ်းသည့်စကားမျိုးက သူမထံမှာ ရှိမှမရှိတာလေ။ ညီအစ်မတွေထဲမှာလည်း အငယ်ဆုံး အမျိုးတွေထဲမှာလည်း အထွေးဆုံးမို့ ဝိုင်းပုံချစ်တာမျိုး တုန်နေအောင် အချစ်ခံရတာမျိုးလည်းမရှိခဲ့ပါချေ။ သူမ ဆူပူဝေါက်နိုင်သည်က အိမ်မှ ကောင်မလေး အကြိုင်တစ်ဦးသာ ရှိတာပါ။ သို့သော် မရှိလို့ အလုပ်လာလုပ်ပြီး အိမ်မှာ မျက်နှာငယ်ရသည့်ကောင်မလေးကို ဖိနှိပ်တာမျိုး မလုပ်တဲ့ သွေးသားရင်းချာနှယ်ပင် သူမတို့မိသားစုက ဆက်ဆံကြတာ





မဟုတ်ပါလား။

"ငယ်ငယ်လေးရှိသေးတာ ဘာအလုပ်များလုပ်နေသလဲ"

"ဒီလိုပါပဲ ဘွားဘွားရယ်၊ လောလောဆယ်တော့ ပစ္စည်းတွေ လိုက်ပို့ရတဲ့နေရာမှာပါ"

"ပင်ပန်းမှာပေါ့ မြေးရဲ့"

"ဟုတ်ကဲ့ . . . နည်းနည်းတော့ပင်ပန်းပါတယ်၊ ဒါပေမဲ့ . . . ပျော်ပါတယ် ဘွားဘွား"

"အေးအေး . . . ဘယ်အလုပ်မဆို စိတ်ရောကိုယ်ပါနှစ်ပြီး ပျော်ရွှင်မှသာ ရေရှည်တိုးတက်အောင်မြင်နိုင်မှာကွယ့်၊ ကဲကဲ . . . ကော်ဖီလေး သုံးဆောင်ပါဦး၊ မြေးပျင်းနေမှာစိုးလို့ ဘွားဘွားက စကားပြောပေးနေတာ၊ စပ်စုသလိုဖြစ်နေပါပြီ"

"ရပါတယ် ဘွားဘွားရယ်"

အဒေါ်ကြီးယူလာပေးသည့် ကော်ဖီကို သောက်ခိုင်းနေပြီမို့ ဖြည်းဖြည်းချင်းမှုတ်သောက်လိုက်ရပါ၏။ ကြည့်ရတာ ကော်ဖီစေ့လှော်ထားတာကို အမှုန့်ကြိတ်ပြီးမှ ဖျော်လာပုံပါပဲ၊ ကော်ဖီရနံ့က သင်းနေပြီး ခါးစိမ့်စိမ့်အရသာက လျှာပေါ်မှာ စွဲထင်နေတာပါ။ သူဌေးအိမ်က ကော်ဖီဆိုတာ ဒါမျိုးကိုပြောတာထင်ပါရဲ့။

"ဟော . . . ဘွားမြေးကြီး ပြန်လာပြီထင်တယ်"

ကော်ဖီသောက်ပြီးသည်နှင့် ပြန်ရန်စိတ်ကူးရာမှ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်သံကြောင့် လန့်သွားရပါသည်။ မြေးကြီးတဲ့၊ ဒါဖြင့် မမကြီးနှင့် သဘောတူထားတယ်ဆိုတဲ့ တစ်ယောက်ပေါ့။ အလိုလေး၊ မမကြီး ကိုယ်တိုင် မိတ်ဆက်မပေးပါဘဲ သူမက တခြားနည်းမျိုးနဲ့ အဲဒီလူကို သိနေရင် အပြစ်က ထပ်ဖြစ်ဦးမှာလေ။ လူက ထိုင်ရမလို ထရမလို ဖြစ်နေစဉ်မှာပင် အိမ်ထဲဝင်လာသည့် ခြေသံကို ကြားလိုက်ရလေ၏။

"ကျွန်တော်တို့ ပြန်ရောက်ပါပြီ ဘွားဘွား"

"သမီးနီနီရော"

"ရောက်ပါပြီ မေမေ၊ ဩော် . . . ညည်းသည်ရှိနေတာလား"

"မသန္တာရဲ့ သမီးလေးလေ"

လူကြီးကို အရိုအသေပြုရမည်မို့ ထရပ်ကာ ခါးညွတ်နှုတ်ဆက်လိုက်ပါ၏။ သူမအကြည့်က ခြေဖမိုးဖြူဖြူကို ပထမဆုံး သတိကားမိသွားရတာပါ။ ဘုရားရေ၊ ဒီခြေထောက်နဲ့ ဒီလိုရုပ်တိုက်အောင် လုံချည်ဝတ်တတ်သည့်ပုဂ္ဂိုလ်ကို တစ်ကြိမ်တော့ ဆုံဖြစ်ခဲ့တာ မဟုတ်ပါလား။

"ကျွန်တော် သူ့ကို သိပါတယ် ဘွားဘွားရဲ့"

"ဟုတ်လား"

"ဟင်"

အခုမှ မျက်နှာကိုကြည့်မိတာပါ။ ရင်ထဲမှ ဒိတ်ခနဲ ဆောင့်ခုန်သံကြောင့် အံ့ဩမင်သက်စွာဖြင့် အငေးသားကြည့်နေမိလေသည်။





လို! ဒါကြောင့် သူမကို သူသိပါတယ်လို့ တပ်အပ်ပြောခဲ့တာကိုး။ မကို ဖော်ရွေသည့်အပြုံးဖြင့် ပြုံးပြနေတာကြောင့် မဝံ့မရဲဖြင့် ပြန် ပြလိုက်ရပါသည်။

စိတ်ထဲမှ မှတ်ချက်က အမှတ်ပြည့်ပါပဲ။ မမကြီး ကံကောင်း နှိုင်းဆမရပါလား။ ဒီလောက်ပြည့်စုံတဲ့မိသားစု၊ ဖော်ရွေနွေးထွေး ည့် ပုဂ္ဂိုလ်မျိုးနှင့်အတူ လက်ဆက်ခွင့်ရတာလောက် ကံကောင်းတာ တော့ပါလေ။ ဘယ်ဘဝက ဆုတောင်းကောင်းခဲ့လို့ ဒီဘဝမှာ ည့်ခွင့်ရခဲ့တာပါလိမ့်။

"ယုံပြီလား"

"ဟုတ်ကဲ့"

"ခြေထောက်နာတာရော သက်သာသွားပြီလား"

"ဟုတ်ကဲ့ . . . ကောင်းသွားပါပြီ"

"အခုရော ဘာနဲ့လာတာလဲ"

"စက်ဘီးနဲ့ပါ"

"ဒီလောက် အဝေးကြီးနင်းလာတယ်၊ ဟုတ်လား"

တရင်းတနှီးကြီးပြောနေတာမို့ အလိုက်သင့် ပြန်ဖြေနေရပါ ပြန်ရန်တာစူနေပြီမို့ မတ်တတ်ရပ်ထားပြီးဖြစ်ပေမယ့် ခွင့်တောင်းဖို့ ခက်နေပြန်ချေပြီ၊ ဒီလိုမျိုး စကားပြောတာကိုသာမြင်ရင် မမကြီး ပြောမှာပါလိမ့်။ နဂိုကတည်းက သူမကို အထင်တသေးနှင့် ခပ်



www.burmeseclassic.com

www.burmeseclassic.com



နှိမ်နှိမ်ပြောချင်နေတာ မဟုတ်ပါလား။

"ပုလဲ ... ပုလဲ ပြန်ပါဦးမယ်"

"ဩော် ... ဟုတ်သားပဲ၊ မြေးရေ ကလေးကို လိုက်ပို့ပေး လိုက်ပါဦး။ ဘေးပေါက်ကနေ သူဝင်လာတာ"

"ဟုတ်ကဲ့ပါ ဘွားဘွား"

အန်တီကြီးကို မရဲတရဲပြုံးကာ ခေါင်းညွတ်နှုတ်ဆက်လိုက်ပါ၏။ သူမကို စကားမပြောတာမို့ နှုတ်မှ စမပြောရဲပါလေ။ ဘေးပေါက်မှ ထွက်ရန် လှည့်လိုက်စဉ် မျက်လုံးပြူးသွားရပါ၏။ အိမ်ထဲမှာ မျက်စိ လည်တော့မှာလေ။ အခန်းတွေက အများကြီးရှိနေတာကိုး။

"ကိုယ် လိုက်ပို့ပေးမယ်"

"ကျေးဇူး"

ခပ်တိုးတိုး ပြောလိုက်မိ၏။ မမကြီး၏ဖူးစာရှင်မို့ သူမက ကိုကိုကြီးဟု ခေါ်ရမှာပေါ့။ တစ်မျိုးကြီးပါပဲ။ မလေးနှင့်ကိုလေး လက်ထပ်ဖြစ်စဉ်က ဤသို့မဖြစ်ဖူးပါ။ ကိုလေးကို စတွေ့သည်နှင့် ကိုယ့်အစ်ကိုလိုပင် တရင်းတနှီးကြီးပြောဆိုမိတာပါ။ အားနည်းရှင် ဘာဆေး၊ သံဓာတ်အားတိုးဆေးဆို ဘာသောက် စသဖြင့် သူမမျက်နှာ ခပ်ဖျော့ဖျော့အရောင်ဖြစ်သည်နှင့် သွေးခုန်နှုန်းစမ်းကာ နဖူးစမ်းသည် တာတို့ကို လုပ်ပေးတတ်တာလေ။ ကိုလေးကိုယ်တိုင် ဆရာဝန်ဖြစ် နေလို့ပဲ ထင်ပါရဲ့။



"ဟောဗျာ ... ဘာတွေစဉ်းစားနေတာလဲ"

"ဟင်"

"ကိုယ်ပြောတာ မကြားလိုက်ဘူး မဟုတ်လား"

ဘေးပေါက်မှ ထွက်လိုက်ပြီမို့ ခြံတံခါးအနီးမှာရပ်ထားသည့် သူမစက်ဘီးလေးကို လှမ်းမြင်နေရလေသည်။ ကြီးကျယ်ခမ်းနားလှ သည့် အိမ်ကြီးက သူမ၏စက်ဘီးလေးကို လှောင်နေသည့်နှယ်ပါလေ။ အဝတွေက ဤမျှထိ ခြားနားလှချည်လား။

"ဘာပြောလိုက်တာလဲ ဟင်"

သူ ပြုံးပြန်လေ၏။ အောင်မယ်လေးနော်၊ တခြားအမျိုးသား တွေ ပြုံးကြသည့်အပြုံးမျိုးတွေ သူမ မြင်ဖူးပါ၏။ မင်းသားတွေ Model boy တွေ၏ ဆွဲငင်ညှို့ယူသည့်အပြုံးလှလှတွေကိုလည်း တွေ့ဖူးခဲ့တာပါလေ။

သို့သော် ယခု ဤလူ၏အပြုံးက သူမရင်ကို လှုပ်ခနဲ ခုန်စေ သလို နှလုံးသားမှ အထိတ်တလန့်ဖြစ်မှုကို ခံစားမိစေလေသည်။ ဘုရား ... သူမ ဘာတွေဖြစ်ကုန်ပါလိမ့်။

"ကိုယ့်နာမည်ကို ပြောပြနေတာလေ၊ ဟိုနေ့က မိတ်မဆက် လိုက်ရလို့ အခုမှပြောရတာ"

"ဟုတ်ကဲ့"

"နေမင်းရှိန်ပါ ပုလဲဖြူဖြူ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နေမင်းရှိန်တဲ့။ ဟုတ်သားပဲ မေမေ တစ်ခါပြောဖူးတာ[illegible]
မေ့နေရတယ်လို့။ ဒါကြောင့် သူနားရပ်နေရင် လူတစ်ကိုယ်လုံး ရှိန်း[illegible]
ဖိန်းခနဲ ပူနွေးတစ်လှည့် အေးတစ်လှည့် ခံစားမှုတွေ အမျိုးမျိုး ဖြ[illegible]
စေတာလေ။

နာမည်ကိုက ဝန်းကျင်ကို အပူရှိန်တွေဖြာထွက်နေသည်
နှယ် မဟုတ်ပါလေ။

"ဘာဖြစ်လို့လဲ"

"ဟင် ... ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး ကိုကိုကြီး"

"ဘယ်လို"

"ပုလဲကို ခွင့်ပြုပါဦး"

သူက အံ့ဩဟန်ဖြင့် ဘေးခြံတံခါးဝမှာ ရပ်ကျန်ခဲ့ပါ[illegible]
စက်ဘီးကို နင်းရန်ပြင်လိုက်ပေမယ့် လက်ကိုင်က မငြိမ်ဘဲ ရမ်း[illegible]
တာမို့ ဘီးပေါ်မှ ပြန်ဆင်းကာ တွန်းခဲ့ရလေသည်။ ရင်တွင်းမှ တဒု[illegible]
ဒုတ်မြည်သံက ယခုတိုင် မရပ်သေးပါလား။ ဘယ်လိုများ ဖြစ်တာ[illegible]
လိမ့်။

နောက်ကျောမှ စိမ့်ခနဲအေးသွားတာမို့ ရုတ်တရက် အနော[illegible]
ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိပါသည်။ အလို သူမကို ယခုတို[illegible]
လက်ပိုက်လျက် ငေးကြည့်နေဆဲမဟုတ်ပါလား။





ခြေလှမ်းက တုံ့ခနဲ ရပ်သွားရသလို ဘယ်ခြေထောက်၏
[illegible]နောင့်ကို ညာခြေထိပ်ဖျားဖြင့် ခတ်သလိုဖြစ်သွားတာမို့ နာကျင်သွားရ
သေး၏။

ပုလဲဖြူဖြူ ရင်ခုန်သံတွေပြောင်းဆန်ကုန်တာ ခြေလှမ်းတွေ
[illegible]ကုန်တာတွေ ဘာကြောင့်ဖြစ်ရပါသလဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ရုံးခန်းတွင်းသို့ ဝင်လာသည့်သူ့မျက်နှာက ခါတိုင်းနှင့်မတူ
ကြည်လင်နေသည့်နှယ်ပါ။ ကုမ္ပဏီ GM ရာထူးကို တန်းယူနိုင်
လျက် အလုပ်ကို နားလည်တတ်ကျွမ်းအောင် ဤရာထူးဖြင့် အောင်
သက်ကျေအောင် လုပ်ဖြစ်တာ မဟုတ်ပါလား။ Meeting လုပ်တော့
မှာမို့ သူ့လိုပင် မြလည်း စာရွက်စာတမ်းတို့ဖြင့် အလုပ်ရှုပ်နေပါ၏

"အားလုံး ready ဖြစ်ရဲ့လား မြစိမ်း"

"ဟုတ်ကဲ့"

ပြန်ဖြေရင်း မြ ပြုံးမိလေ၏။ တောင်းဆိုထားတာကို လိုက်
လျှောပေးသားပါပဲ။ မြစိမ်းတဲ့။ သိပ်ကြီးစိမ်းသက်မနေဘဲ နှစ်ဦးသာ





ကပ်လာသည့်နှယ်ပါ။ ဒီလိုပဲဖြစ်ရမှာလေ။ လူကြီးတွေချည်း
အားတီးပေးနေလို့ ဘယ်ရပါ့မလဲ။ ကာယကံရှင်ဖြစ်တဲ့ မြရောသူပါ
လည်မှုရှိရှိနဲ့ ရှေ့ဆက်မှသာ မြတို့ အနာဂတ်ကို မြင်သာနိုင်မှာ
။

"အငယ်လေး အလုပ်ဝင်နေပြီကြားတယ်၊ ဘယ်မှာဝင်နေ
တာလဲ"

"ဟင်"

ထင်မထားသည့်မေးခွန်းကြောင့် အံ့သြသွားရပါ၏။ အငယ်
လေးတဲ့။ သူ့နှုတ်ကနေ ဤနာမ်စားကို အဘယ့်ကြောင့် ပြောထွက်လာ
ပါလိမ့်။ သူက ဖိုင်တွေကို ဖွင့်စစ်နေရင်း မြကို မျှတ်ခနဲ တစ်ချက်
ကြည့်လိုက်လေသည်။ Meeting လုပ်ကာနီးတိုင်း မြ ဘာလို
ပ်သလဲဆိုတာ check ဝင်လုပ်ပေးပြီး ရုံးချုပ်ကို သွားနေကျပါ။

အခုတော့ . . . မြ မည်သို့မျှ မျှော်လင့်မထားမိသည့်အမည်
သူ့နှုတ်ဖျားမှ ထွက်လာရတယ်လို့။ ဤအမည်ကို သူ့ရှေ့မှာ
လေး ပြောထွက်ခဲ့တာကို မှတ်မိနေပါသလား။ အငယ်လေးအလုပ်
ဝင်တာ လကျော်ချိန်ထိ သူနှင့်တစ်ကြိမ်မှ မတိုးဖူးတာမို့ ဒီအမည်ကို
သူ သိစရာ မလိုအပ်သလို မှတ်မိနေစရာလည်း လိုမှမလိုတာလေ။

အငယ်လေးဟု ခေါ်လိုက်သည့်လေသံထဲမှာ ကရုဏာသံ
အရိပ်အယောင်တွေ ပါဝင်စီးမျောနေသည့်နှယ် မြ ခံစားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်း"

"မသိဘူးလေ၊ မြကညီမတွေရဲ့ သိပ်ကြီးအရေးတ
မရှိဘူး ကိုမင်းရဲ့ အငယ်နှစ်ယောက်ကပဲ ရင်းနှီးကြတာ"

"ဩော် . . . ဟုတ်လား"

ညာမိပြီလား။ ဘာဖြစ်လဲ၊ သူနှင့်အငယ်လေးက ဆုံစ
မလိုတာလေ။ ခံစားချက်လွယ်လွန်းသည့်အငယ်လေး၏စရိုက်ကို
မနှစ်မြို့က်လှပါ။ မြက တည်တည်ငြိမ်ငြိမ် စကားနည်းပြီး အေးအေ
ဆေးဆေး နေတတ်သူ။ အငယ်လေးက ဖျတ်လတ်တက်ကြွလွန်း
လမ်းများသူ။ အထူးသဖြင့် ဆန့်ကျင်ဘက်ကောင်လေးတွေနှင့် ရှပ်
ယှက်ယှက် နေတတ်တာကို ပိုပြီး စိတ်တိုင်းမကျ ဖြစ်ရတာပါလေ

မြက ကျောင်းပြီးဘွဲ့ရချိန်အထိ ဘာအရှုပ်အရှင်း ဘာကိ
မရှိဘဲ စာကိုသာ ဦးစားပေးကြိုးစားခဲ့တာပါ။ အလတ်မက Sec
ond Year ကတည်းက ဆေးကျောင်းသားနှင့် ချစ်ကြိုက်ခဲ့တာ
ပြီး ကျောင်းပြီးတာနှင့် လက်ထပ်ခဲ့တာဖြစ်လေ၏။ ယူသွားသည့်ဆ
ဝန်က သိပ်ကြီးချမ်းသာတာမဟုတ်သော်ငြား အတော်အသင့်ရှိသ
မိသားစုဝင်ပါ။ တကယ်ဆို မြက အဦးဆုံး အကြီးဆုံးသမီးမို့
ထောင်ပြုခြင်းမင်္ဂလာကို အရင်ဆုံး ပြုလုပ်သင့်တာလေ။

အခုလို နောက်ကား ကျော်တက်သွားတာကဖြင့် မြရင်
အောင့်စေတာပင်။ အမျိုးအဆွေတွေနှင့် ဆုံတိုင်း "မြက ဘယ်တော





လဲ" ဟူသည့်မေးခွန်းက အရိုက်ကို ထိုးနက်လိုက်သည့်နှယ်ပါ။ အိမ်
ဆောင်ပြုတာကိုများ လွယ်သည်ထင်နေကြပါသလား။ သူနှင့်ကိုယ်
ဦးတည်းပေါင်းစည်းရုံနှင့် ရတာမျိုးမှ မဟုတ်တာလေ။ သူ့မိသားစု
ကိုယ့်မိသားစု အပါအဝင် ဆွေမျိုးနှစ်စုကို ပေါင်းစည်းပေးနိုင်မှသာ
ဖြစ်မြောက်အောင်မြင်နိုင်မှာလေ။

ဒီတော့ ဘာမဆို Plan ချပြီး စဉ်းစားဆုံးဖြတ်တတ်ကျင့်
ရှိသည့် မြအတွက် စံသတ်မှတ်ချက်တို့က နံပါတ်စဉ် တသီကြီးရှိနေ
တာ ဆန်းပါတော့မလား။ အလတ်မယူသွားတဲ့လူထက် အဆပေါင်း
များစွာသာလွန်းသည့် အဆွေအမျိုးထဲကမှ မရရင် မြအတွက် မဖြစ်နိုင်
တော့ပါ။ ရုပ်ရည်၊ ရာထူး၊ အဆင့်အတန်း စတာတို့မှအစ ဆွေမျိုး
အသိုင်းအဝိုင်းကိုက ကြီးကျယ်မြင့်မြတ်နေရာမှာလေ။

မြလိုချင်သည့်အတိုင်းပင် ကွက်တိရလာသည့်မို့ ကျိတ်ပြီး
ချမ်းသာနေပေမယ့် ထိုအပျော်က အပြည့်အဝ မရနိုင်ပါချေ။ မြ၏
သူက မြကို စိတ်ဝင်စားဟန် တစ်စက်မှမပြဘဲ အေးစက်စက်ကြီး
ဖြစ်နေတာကိုက မြကို စိတ်ကသိကအောင့်ဖြစ်စေတာပင်။ အခုတစ်ခါ
သူ့နှုတ်မှ မမျှော်လင့်ဘဲ အငယ်လေးဟု ရေရွတ်လိုက်တာ အံ့သြစရာ
မဟုတ်ပါလား။

"ကိုမင်းက အငယ်လေးနဲ့ မရင်းနှီးပဲ ဘယ်လိုသိနေတာ
လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိတယ်ပဲပြောရမှာပေါ့ မြစိမ်းရဲ့၊ ကိုယ် သူနဲ့ဆုံတာ သုံးကြိမ်ရှိသွားပြီကိုး"

"သုံးကြိမ်"

"ဟုတ်တယ်၊ ပထမဆုံးက ဒီရုံးခန်းထဲမှာ မြစိမ်းဆီ ရ လာတုန်းက တွေ့တာလေ"

မြ ခေါင်းညိတ်လိုက်ပါ၏။ သေချာမိတ်ဆက်မပေးရပါ သူ့ အဘယ်ကြောင့် အငယ်လေးကို မှတ်မိနေရတာပါလိမ့်။ မျက်နှ ထက်မှာ ပြုံးယောင်ယောင်အရိပ်တို့ ဖြတ်သန်းနေပြီး စကားကို စိတ်ဝ လက်ရ ဆက်ပြောနေလေသည်။ ထူးဆန်းလေစွ။ နေမင်းရှိန်ကို စကားမပြောဘဲ ငြိမ်လွန်းလို့ ကျောက်ရုပ်ဆိုပြီး နာမည်ပြောင်ပေး တာနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်လာပါရောလားလေ။

"ဒုတိယအကြိမ်က ကိုယ့်မိတ်ဆွေအိမ်ကိုသွားရင်းဆုံတာ အဲဒီတုန်းက ကိုယ့်ကားနဲ့ သူ့စက်ဘီးကို တိုက်မိမလို ဖြစ်ခဲ့တာ လေ"

"___"

"တတိယအကြိမ်က ကိုယ်တို့အိမ်မှာ"

"ဘာရယ်၊ အိမ်မှာ ဟုတ်လား"

"ဟုတ်တယ် ... ဘွားဘွားမှာထားတဲ့ သိုးမွေးတဘက် လာပို့ပေးရင်း ဆုံတာလေ၊ မြစိမ်းညီမက မြစိမ်းလိုပဲ မာနက





ခပ်ကြီးကြီးဗျ။ နာမည်တောင် မိတ်ဆက်ပေးတာမဟုတ်ဘူး၊ ကိုယ် တောင် ဘွားဘွား ပြောပြမှ သိရတာ"

အံ့ကို တင်းတင်းကျိတ်ထားလိုက်မိပါ၏။

ကြည့်စမ်း၊ အဘယ်မျှ ခြေလှမ်းကျဲလွန်းပါသလဲ။ မြတောင် တစ်ကြိမ်မှ မရောက်ဖူးသေးသည့် သူ့အိမ်ကို အငယ်လေးရောက်သွား သတဲ့။ ဘယ်လောက်စိတ်တိုစရာကောင်းလိုက်ပါသလဲ။ ဒါကြောင့် မြ မကြိုက်တူးပြောတာပေါ့။ လျှပ်ပြာလျှပ်ပြာနဲ့ မျက်စိနောက်လွန်းတာ မဟုတ်လား။

မြတောင် သေချာမတွေ့ဖူးသည့် မိသားစုနှင့် အဘယ့် ကြောင့် သွားတွေ့ရပါသနည်း။ ဟိုတစ်လောကပဲ တီကောင်ဆားထိ သလို အသည်းကွဲပါပြီဆိုပြီး ဖျတ်ဖျတ်လူး ငိုကြွေးခဲ့တာ ဘာကြာသေး လို့လဲ။ အခုတော့ မြနှင့်သက်ဆိုင်သည့်လူရဲ့ အနီးဝန်းကျင်ကိုပါမက အိမ်ထဲထိရောက်တာက အတော့်ကို လွန်လွန်းတာပါလေ။ နင့်ကိုတော့ Lesson ကောင်းကောင်းပေးရတော့မယ် ပုလဲဖြူဖြူ။

"မြစိမ်း"

"ဟင် ... ဘာလဲ"

"ဘာစဉ်းစားနေတာလဲ၊ သွားကြစို့လေ"

"အင်း"

ရုံးချုပ်မှာ လချုပ်စာရင်းတွေ ရှင်းလင်းရပြီး အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေပေမယ့် မြရဲ့စိတ်က လူနှင့်မကပ်တော့ပါချေ။ အငယ်လေးထံ ဖျတ်ခနဲ မကြာခဏ ရောက်ရောက်သွားတာမို့ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိတာမပြောပါနဲ့။ မြဘဝမှာ လျှောက်လှမ်းလာသည့်လမ်း တစ်လျှောက် မည်သည့်အနှောင့်အယှက် အတားအဆီး အခက်အခဲနှင့်မျှ မကြုံဖူးခဲ့တာလေ။

ဒီတစ်ကြိမ်ပါပဲ သူနှင့်ပတ်သက်ပြီး ကြားဝင်ရှုပ်လာသည့် အမိုက်က အငယ်လေးတဲ့လား။ အန်တီလေးနှင့် လေးလေးသက်ကို တော့ အားနာမိပါရဲ့။ သို့သော် အနေအထိုင်မတတ်သည့် ညီမဖြစ်သူ ကို ဆုံးမဖို့တာဝန်က မြထံရောက်လာလေပြီ။ အခု လေးက မီးဖွားနေ ပြီမို့ အငယ်လေးနှင့်စကားပြောဖော်မဟုတ်တော့ဘဲ ကလေးနှင့် လုံး ပမ်းနေရပြီ မဟုတ်ပါလား။ ဒီတော့ ဆီးဖြူသီးက ဆန်ကောထဲမှာ လိမ့်ချင်သလို လိမ့်နေတော့တာပါလေ။

"သမီး မြစိမ်း"

"ရှင် အန်ကယ်"

"သမီးတို့ ခဏနေခဲ့ဦးနော်"

Meeting အပြီးမှာ ဝန်ထမ်းတွေ အလျှိုလျှိုပြန်ကုန်ကြပေ မယ့် MD ဦးနေရောင်တားလိုက်တာမို့ ခုံမှထရပ်ပြီး ပြန်ထိုင်လိုက်ရပါ ၏။

သမီးတို့ဆိုသည်နှင့် သူပါအတူရှိရတော့မှာပါလေ။ လူကျန်





သလောက်ရှိတော့မှ သုံးဦးသား Meeting Room ထဲမှ ထွက်လိုက် ကြပါ၏။ အဖေနှင့်သား ရုပ်အတော်ဆင်တာတောင် အဖေကသွက်ပြီး သားက လူအေးဖြစ်နေတာပါလား။

"ဘာများပြောမလို့ပါလဲ အန်ကယ်"

"အထွေအထူးမဟုတ်ပါဘူး၊ သမီးတို့မိသားစုနဲ့ ထမင်း လက်ဆုံစားဖို့ ဖိတ်ချင်တာပါ။ အန်ကယ်ရော ကိုအောင်ကြည်ကပါ အားမယ့်ရက် ညှိနေရလို့လေ"

"ဪ . . . ဟုတ်ကဲ့၊ ဖေဖေ့ကို မြပြောလိုက်ပါ့မယ် အန်ကယ်"

နှစ်မိသားစု ထမင်းလက်ဆုံစားပွဲတဲ့လား။ မြတို့ကိစ္စက ပိုပြီး နီးကပ်လာတော့မှာပေါ့။ သူက ဘာမှဝင်မပြောပါဘဲ ခြေထောက်ကို သာ ငုံ့ကြည့်ကာ လမ်းဆက်လျှောက်နေလေသည်။ ဘာလဲ ရှက်နေ တာလား။ ဒီကိစ္စမျိုးက မြတို့မိန်းမသားတွေသာ ရှက်ရမှာပါလေ။ သူကတော့ ပြောင်းပြန်ပါပဲ။

"သမီးတို့ရော ဖိတ်ပြီးကြပြီလား"

"ဘာ . . . ဘာကိုလဲ အန်ကယ်"

"ဟောဗျာ . . . သမီးတို့လူငယ်ချင်း သိထားညှိထားမှ ဒီကိစ္စ ဖြစ်မြောက်မှာပေါ့၊ ဘယ်လိုလဲ . . . ငါ့သား တယ်ငြိမ်လှချည်လား"

သူက မြဘက် လှည့်ကြည့်ရုံသာကြည့်ကာ မျက်နှာပြန်



www.burmeseclassic.com

www.burmeseclassic.com



လွှဲသွားလေ၏။ ဘယ်လိုလဲ . . . လူကြီးက ဒီလိုလမ်းခင်းပေးနေပါ လျက် သူ့ဘက်က မတုန်မလှုပ် ကျောက်ရုပ်နှယ် ပြုမူပြတာကမြင်း မြကို စိတ်ကသိကအောင့်ဖြစ်စေတာလေ။ စိတ်မဝင်စားဘူးလား။ မြတို့နှစ်ယောက်က အခုမှ သိကြတာမဟုတ်ဘဲ ကိုမင်းရယ်။

"မြတို့သွားပါဦးမယ် အန်ကယ်"

"ကောင်းပြီ . . . See you သမီးမြစိမ်း"

"ဟုတ်ကဲ့ပါ အန်ကယ်"

ဆိုင်မှာ မြကားကိုထားခဲ့တာမို့ သူ့ကားနှင့်အတူ လိုက်ခဲ့ရ တာပါ။ မြနှင့်ဆို အလုပ်ကိစ္စမှလွဲ၍ ဘာစကားအပိုမှမပြောသည့်သူက အငယ်လေးနှင့်ပတ်သက်ပြီး စိတ်လိုလက်ရပြောတာကို မျက်မြင် မဟုတ်ပါလား။ တကယ်ဆို မြအကြောင်းကိုသာ စိတ်ဝင်စားရမှာ ဖြစ်ပါလျက် သူ့ကိုကြည့်ရတာ စိတ်သိပ်မပါသည့်နှယ်ပါ။ ဒါကိုက မိန်းမသားဖြစ်သည့် မြကို စိတ်ထဲမရိုးမရွဖြစ်စေတာပါလေ။

"ကိုမင်း"

"အင်"

ကားမောင်းနေရင်း ပြန်ထူးဖော်ရ၍ တော်ပါသေး၏။ စိတ်နဲ့ လူ ကပ်သားပါပဲလား။ နေ့လယ်ပိုင်းမို့ ကားလမ်းကကြပ်နေပြီး ဆိုင် ကို တော်ရုံနှင့်မရောက်ပါချေ။ သူက ကားကိုသာ အာရုံစိုက်မောင်း နေလေ၏။ အမှန်ဆို "ကိုယ်တို့ကိစ္စကို ဘယ်လိုသဘောရလဲ" ဆိုပြီး





မြကို အရင်ဆုံး တိုင်ပင်သင့်တာပါ။ ခုတော့ဖြင့် မိန်းကလေးဖြစ်တဲ့ မြက စရမယ်လို့ နည်းနည်းတော့ အောက်မိပြီမဟုတ်ပါလား။

"လူကြီးတွေက မကြာမကြာ ပြောနေကြပြီ"

"ဘာကိုလဲ"

"မြနဲ့ကိုမင်းရဲ့ကိစ္စကိုလေ"

သူ့ နှုတ်ဆိတ်သွားလေ၏။ တကယ်တမ်း အရှက်ရမှာက မြပင်မဟုတ်ပါလား။ ကိုယ့်သိက္ခာကို တစ်ထစ်လျှော့ပြီး ပြောနေရတာ နားမလည်ပါလားနော်။ တစ်ခါတစ်ခါ ဣန္ဒြေဆည်ထားရတဲ့အလုပ် လောက် ပင်ပန်းရတာမရှိတော့ပါ။ အငယ်လေးလို မရှက်မကြောက် ပြောဆိုတတ်တဲ့ကောင်မလေးအတွက်တော့ ဒါမျိုးက မခက်ခဲဘူး ထင်ပါရဲ့။

"ကိုမင်းသဘောကရော"

သူ့ နှုတ်ဆိတ်သွားပြန်ပါ၏။ Engage မလုပ်ချင်လို့ပဲလား။ မြဘက်က ဒီလောက်အထိ လမ်းကြောင်းပေးထားတာတောင်မှ အလိုက်သင့်လေး စီးမျောဖို့ ရေတံခွန်က ရေမကျချင်ပါလားနော်။ ဘယ်အတိုင်းအတာထိများ ပြောရပါ့မလဲ။ ငယ်တော့တဲ့အရွယ်တွေ လည်း မဟုတ်တော့ပါဘဲ ဒီလောက်တော့ နားလည်သင့်ပါရဲ့။

ခက်တာက သူ့ရင်ထဲကို မြ မမြင်နိုင်ခြင်းပါ။ ဖူးစာဖက် နှက်ကန်ဖို့ ဆိုတာထက် choice ဆိုသည့် ရွေးချယ်ခြင်းမျိုးက မြတံမှာ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးမှ မရှိတာကို။ ခက်နေပြီကော ကိုမင်းရယ်။

"ကိုယ်က အလုပ်ကိစ္စတွေချည်း ခေါင်းထဲအမြဲရှိနေတော့ ဒါကို ထည့်မစဉ်းစားမိတာ အမှန်ပဲ မြစိမ်းရဲ့"

"မြ နားလည်ပါတယ်၊ မြတို့အရွယ်က ဆယ်ကျော်သက်တွေလို ရင်ခုန်ရမယ့်အရွယ်တွေမှ မဟုတ်တော့တာ၊ လူကြီးတွေ စီစဉ်တာထက် လူငယ်ချင်း နားလည်မှုရှိဖို့ ပိုပြီးလိုအပ်မယ် ယူဆလို့ပါ"

"အင်း"

ထောက်ခံတာလား၊ ဒီအတိုင်းရေရွတ်တာပဲလားမသိသည့် သက်ပြင်းရှိုက်သံကိုကြားရလေ၏။ အလုပ်ကိစ္စတွေပဲ ခေါင်းထဲရှိနေတာကို မြ သဘောကျပါ၏။ သို့သော် အဲဒီလူက မြရဲ့ညီမလေးဖြစ်သည့် အငယ်လေးအပေါ် စိတ်ရောက်ချင်သလို ဖြစ်တာကိုတော့ မြ မလိုလားပါ။ အချစ်ဆိုတာကို ဘာသာပြန်ဖို့မလိုအပ်ပေမယ့် မြက ငယ်စဉ်ကတည်းက အငယ်တွေနဲ့ မုန့်စေ့စားတာမျိုးကိုတောင် မလုပ်ခဲ့သူပါ။ ဒါကြောင့်လည်း အငယ်နှစ်ယောက်က ပိုချစ် ပိုစည်းလုံးကြတာ ဖြစ်မှာပေါ့။ မြစိမ်းစိမ်းဆိုတာ ဘယ်သူ့ကိုမဆို နာမည်နှင့်လိုက်ဖက် အောင်ပင် စိမ်းသက်သူစိမ်းဆန်စွာ ပြောဆိုဆက်ဆံတတ်တဲ့သူပါ လေ။

"Dinner စားမှပဲ ဒီကိစ္စ ဆက်ဆွေးနွေးကြတာပေါ့နော်"





"အိုကေ . . . ကိုမင်း၊ thanks နော်"

သူက မြ တာဝန်ယူရသည့်ဆိုင်ရှေ့မှာ ကားကိုရပ်ပေးလိုက်လေ၏။ ယဉ်ကျေးမှုအရ အခုလိုပြောမှန်းသိသော်ငြား မြ ကျေနပ်မိပါသည်။ သူက နဂိုကတည်းက စကားနည်းသူမို့ ဒီလောက်ပြောပေးတာကိုပင် ကျေးဇူးတင်ရမှာလေ။ အားတင်းထား မြရေ၊ ဒီလူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရသွားရုံနဲ့ ဆွေမျိုးအလယ်မှာ ခေါင်းမော့နိုင်ပြီ မဟုတ်လား။ ဘယ်တော့လဲဟူသည့် မေးခွန်းမေးတဲ့နှုတ်တွေကို အပြီးတိုင်ပိတ်သွားစေဖို့ မြ လက်ကို ဆုပ်ကိုင်လှည့်ပါ နေမင်းရှိန်။ မြ စောင့်နေပါ့မယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဖုန်းထဲမှာ message ဝင်ထားတာမို့ အလုပ်ဆင်းသည်နှင့် မမကြီးပြောထားသည့် ကော်ဖီဆိုင်ရှိရာဆီလာခဲ့ပါ၏။ ဘာပြောစရာ ရှိပြန်တာပါလိမ့်။ မှောင်တော့မယ့်အချိန်ကိုမှ စာပို့ပြီးချိန်းရတယ်လို့ မလေးခေါ်ရင် အပြေးသွားတွေ့တတ်ပေမယ့် မမကြီးခေါ်တိုင်း ရင်ထဲ တစ်မျိုးကြီးဖြစ်ကာ အလိုလို စိုးရိမ်နေမိတာ ဘာကြောင့်များပါလဲ။

Bus ဂိတ်မှာ ကားပေါ်မှ ဆင်းလိုက်ပါ၏။ ကျောပိုးအိတ်ကို ပြင်လွယ်ကာ Platform ပေါ်မှာ လမ်းဆက်လျှောက်လာခဲ့ပါသည်။ ညမှောင်တော့မှာမို့ လမ်းမီးတွေကပင် စထွန်းနေလေပြီ။ ကော်ဖီဆိုင် ထဲမှာ လူအတော်ရှင်းနေလေ၏။





မှန်တံခါးကိုတွန်းဖွင့်ကာ ဝင်လိုက်ပါသည်။ မမကြီးကို ထောင့်စွန်းစားပွဲဝိုင်းမှာ ထိုင်လျက် မြင်လိုက်ရလေ၏။

"မမကြီး ... ပုလဲရောက်ပါပြီ"

"ထိုင်"

"ဟုတ်ကဲ့"

"ဘာသောက်မလဲ"

"ဟင့်အင်း ... အိမ်ပြန်ရင် ညစာစားရတော့မှာမို့ ဘာမှ သောက်တော့ပါဘူး။ ဘာပြောမှာလဲဟင်"

"ပြောမယ်"

ကျောပိုးအိတ်ကို ပေါင်ပေါ်တင်လျက် ခုံမှာဝင်ထိုင်လိုက်ပါ ၏။ မမကြီးက ကော်ဖီကို အရသာခံ၍ သောက်နေပုံရလေသည်။ ... တွေအထူးပြောမှာမို့ အပြင်ခေါ်ထုတ်ပုံပါပဲ။ တော်ရုံဆို ရုံးခန်းထဲမှာ ... ခထာလေးနဲ့ပြောမှာလေ။ ဘာတွေပြောမှာမို့လို့များလဲ။ မမကြီးနှုတ် ... ထွက်လာသမျှ စကားတို့က မြားတံသဖွယ် စူးရှလွန်းတာပါလေ။

"ငါ ဘယ်လိုပြောမှ နားလည်မှာလဲ"

"ရှင်"

"သတိပေးပြီးပြီ၊ နောက်ဆုံးအကြိမ်လို့ သေချာပြောခဲ့ပေ ... ယ့် နင်က အတော်ခေါင်းမာတာကိုး အငယ်လေးရဲ့"

"မမကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဘာမှမသိနားမလည်တဲ့မျက်လုံးမျိုးနဲ့ ပြန်ကြည့်မ
နဲ့"

"ပုလဲ ပုလဲ ... ဘာလုပ်မိလို့လဲ"

"ငါပြောမှ သိမှာလား။ ကောင်းပြီ ... ဒီတော့ ပြောရမှာ
ငါတောင် မရောက်သေးတဲ့ အိမ်ကို ဝင်ထွက်ရဲတဲ့အထိ နင့် ခြေလှ
ကျဲတာ ငါ မသိဘူးထင်နေလား"

"အိမ် ... ဘယ်သူ့အိမ်လဲ"

"ကိုမင်းရဲ့အိမ်လေ၊ နေမင်းရှိန်ရဲ့အိမ်"

"ဟင်"

သူမမျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ ဘာလဲ သူ့အိမ်
ခဏတစ်ဖြုတ်လေးရောက်သွားတာ ဘယ်လိုသိသွားတာပါလိမ့်
ခြေလှမ်းကျဲတာတဲ့လား။ အကြောင်းမရှိဘဲ သူမက သူ့အိမ်ကို သွား
တာမှမဟုတ်တာလေ။ မမကြီးရဲ့ အမြင်ကျဉ်းမြောင်းလွန်းတာ
လက် တွေ့ကြုံမှသာ ယုံရတော့တာပါလားနော်။

"ပုလဲက မေမေပို့ခိုင်းလိုက်တဲ့ ပုဝါသွားပို့ရုံပါ မမကြီ
ရမယ်ရှာပြီးသွားတာမျိုး မဟုတ်ပါဘူး"

"ဒါဖြင့်လည်း သူတို့အိမ်ဖော်လက်ထဲကိုထည့်ပြီး ပြန်ခဲ့
အိမ်ထဲဝင်စရာမှ မလိုတာ၊ နင်ကိုက ရဲတင်းလွန်းတာ အငယ်လေး
သူများတွေကို စကားရောဖောရော မလုပ်တဲ့ နင် အလုပ်ဝင်နေတဲ့



အထိ သိစရာ ဘာအကြောင်းမှမရှိဘူး၊ သဘောပေါက်"

ဘုရားရေ မမကြီးမျက်လုံးတို့က လူကို ထရိုက်တော့မည့်နှယ်
လက်တောက်ပလွန်းနေတာပါလေ။ ဘယ်သူကများ သတင်းပေး
လိုက်ပါသလဲ။ နာရီဝက်တောင်မကြာသည့် အလည်သွားရောက်မှုက
ဤမျှအထိ ကြီးရတယ်လို့၊ သူမက မမကြီးကို ဝင်နှောင့်ယှက်နေတာမှ
မဟုတ်တာလေ။

ခေါင်းလို့ဝင်ရတယ်၊ မေးလို့ပြောရတယ်။ မေမေမှာတဲ့အတိုင်း
သွားဘွားလက်ထဲရောက်အောင် ပို့ရပါတယ်ဆိုတဲ့ ဖြေရှင်းချက်တွေ
အစ်သီကြီးရှိနေပါလျက် မပြောချင်တော့ပါလေ။ အကြီးကို ပြန်ခံပက်
ဘယ်ဆိုပြီး အပြစ်က ထပ်တိုးဦးမှာကိုး။ အဘယ့်ကြောင့် သူမအပေါ်
မမကြီး အမြင်မကြည်လင်ရပါသနည်း။ ရင်မောရလေစွ။

"ပြောလိုက်ရင် ဒီအချိုးမျိုးပဲ၊ လိမ္မာချင်ယောင်မဆောင်ပြနဲ့
ပုလဲ၊ ရည်းစားအသစ်ရှာမယ်ဆိုလည်း ဝေးဝေးမှာသွားရှာပါ၊ ငါနဲ့
ပတ်သက်နေတဲ့သူနဲ့ လာမရှုပ်ချင်နဲ့"

ရင်ထဲအောင့်သက်သွားရပါ၏။ ပြောရက်ပါပေ့။ သူမက
ထိုသို့သောမိန်းကလေးမှ မဟုတ်တာလေ။ ရည်းစားအသစ်တဲ့လား။
သက်ရှိကွဲထားတဲ့တစ်ယောက်အတွက်နဲ့ ရင်ထဲကဒဏ်ရာတောင်
ကောင်းကောင်းမကျက်သေးပါဘဲ ပြောရက်ပါပေ့။ သူမက မမကြီး
သတိပေးထားတာကို မမှတ်ဘဲရှိပါ့မလား။ မလိမ္မာလို့ ဆုံးမခြင်တောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့မပြောသင့်ပါလေ။ ရက်စက်လှချည်လား မမကြီးရယ်။

"ပုလဲ ... ပုလဲက ကိုကိုကြီးနဲ့ ဘာမှ မပတ်သက်ပါဘူး မမကြီးရယ်"

"ဘာ"

"မေမေက ဘွားဘွားလက်ထဲ သေချာထည့်ရမယ်ဆိုလို့ အိမ်ဘေးပေါက်က ဝင်တွေ့ခဲ့ရုံပါ၊ ဘွားဘွားမေးဟာကို ဖြေခဲ့ရုံပါ ခဏလေးပဲ ကြာခဲ့တာပါ၊ မမကြီးထင်နေသလို မဟုတ်ရပါဘူး"

"နှင် နှင် ... ကိုမင်းကို ဘယ်လိုခေါ်လိုက်တယ်"

ဘုရား။ ဒီလောက်သတိထားနေပါလျက် နှုတ်က လွှတ်ခနဲ ထွက်သွားရတယ်လို့။ မမကြီးမျက်ဝန်းတို့က မီးတောက်လိုနှယ်ပင် အဘယ်မျှ ဒေါသဖြစ်နေပါလိမ့်။ ငယ်သည့်လူက စိတ်မဆတ်ရပါဘဲ အသက်ကြီးတဲ့လူကသာ ဒေါသတကြီး ဖြစ်နေပုံပါလား။ သူမကို စူးစူးဝါးဝါးကြည့်နေပုံကြောင့် ကြက်သီးပင် ထသွားရတာပါလေ။

"ကိုကိုကြီးလို့ပါ"

"အဲဒါ ... ဘာသဘောနဲ့ခေါ်ရတာလဲ၊ နင့်မှာ ဒီလိုခေါ်ခွင့် မရှိဘူး မိပုလဲရဲ့"

"မမကြီးပဲ မမကြီးနဲ့ စေ့စပ်မယ့်သူဆို ... ပုလဲက အဲဒီလို မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ"

"နှင်"





"ပြီးတော့ ... ပုလဲတောင်းပန်ပါတယ်၊ ပုလဲက မမကြီး ထင်နေသလို ရည်းစားထပ်ရှာနေတာမဟုတ်ပါဘူး။ အလုပ်ထဲမှာ တည်း အားလုံးကို အစ်ကိုတွေ အစ်မတွေလို လေးလေးစားစား ဆက်ဆံနေတာပါ။ အဲဒီလိုတော့ မပြောပါနဲ့"

"နင် အနေအထိုင်တတ်ရင် ငါပြောပါ့မလား၊ မနေတတ် ထိုင်တတ်လို့ ပြောနေရတာ၊ နောက်ကို ဘာအကြောင်းပြချက်နဲ့မှ ဒီအိမ်ကို မဝင်ထွက်ပါနဲ့၊ ငါမကြိုက်ဘူး၊ ပြီးတော့ ... နင် ဒီမှာ လုပ်နေတယ်ဆိုတာကို လျှောက်မဖွမိစေနဲ့၊ ငါ ကြပ်ကြပ်သတိပေး ထားတယ်နော်၊ ဒီလိုမှမဟုတ်ရင် နင့်ကို တစ်ခုခုလုပ်မိလိမ့်မယ်၊ ပြီးအဆိုးမဆိုလေနဲ့"

သူမ မမကြီးကို အငေးသားကြည့်နေမိပါ၏။ ခြိမ်းခြောက်တာလား။ သတိပေးတာလား။ အပြစ်မလုပ်မိပါဘဲ အထက်စီးက နှိမ့်ပေးနေသလိုပါလေ။ သူမ အနာဆုံးကတော့ လူကို ခပ်ရှုပ်ရှုပ် နေတတ်တဲ့စာရိတ္တနဲ့ မိန်းကလေးဟု အထင်ခံ စွပ်စွဲခြင်းပါပဲ၊ မမကြီးမို့ ကိုယ်ချင်းမစာမနာပြောရတယ်လို့။

"ငါ့ကို ကတိပေးပြီးမှသွား"

"ပုလဲက ဘာကိုကတိပေးရမှာလဲ"

"ကိုမင်းနဲ့ မပတ်သက်ဘူး၊ သူ့အိမ်ကို နောက်ထပ် မသွား တော့ပါဘူးဆိုတဲ့ ကတိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လိုအပ်လို့လား။ ပုလဲက မေမေခိုင်းလို့သွားခဲ့ရတာ သွားချင်လွန်းလို့သွားတာမှ မဟုတ်ဘဲ၊ ပြီးတော့ ကိုကိုကြီးနဲ့ ပုလဲက မမကြီးထင်နေသလို မရင်းနှီးပါဘူး"

"အေးလေ ... အဲဒါကြောင့်ပဲ ပြောနေရတာပေါ့၊ ဒါလေး တောင် နားမလည်ဘူးလား"

"ဒီလောက်အထိ ပုလဲကို ဘောင်ခတ်နေရအောင် မမကြီးက ကိုကိုကြီးကို ပိုင်သေးတာမှမဟုတ်တာ"

"ဘာ ... နင် နင်"

ကဲ ... မပြောဘဲ နှုတ်ဆိတ်ထားပါလျက် ပြောမိချေပြီ လွန်လွန်းနေပြီကိုး။ အစ်မကြီးမို့ ရှိသေလေးစားပေမယ့် သူစိမ်းတစ် ယောက်အတွက်နဲ့ ကိုယ့်သွေးသားရင်းချာ တစ်ဝမ်းကွဲညီမကို ဒီလောက်အထိ အထင်တသေးနဲ့ ပြောရတယ်လို့။

ထိုင်ခုံမှထလိုက်စဉ် မမကြီးက သူမလက်မောင်းကို ဖျတ်ခနဲ ဆွဲကိုင်ထားလိုက်လေ၏။ မပြီးသေးပါလား။ သူမထက်ပိုပညာတတ်ပြီး ပိုပြီးပြည့်စုံသည့် မမကြီး၏ ပြုမူနေပုံက လက်ရှိပိုင်ဆိုင်ထားတာတွေနှင့် ဆန့်ကျင်နေသလိုပါလေ။ မပိုင်ဆိုင်သေးသည့် လူအတွက် ညီအစ်မ နှစ်ယောက် လုနေသလို စကားများနေတာ ရှက်စရာအဖြစ်ပါပဲ။

"သူနဲ့ငါ စေ့စပ်တော့မှာ"

"အဲဒါ ... ပုလဲနဲ့ဆိုင်လို့လား"





"ဆိုင်ချင်မှာစိုးလို့ ပြောနေတာလေ"

"အဲဒါ ... မမကြီးကလွှာပဲ၊ ပုလဲနဲ့မဆိုင်ဘူး၊ ပုလဲသာ ချစ်သူထပ်ရှာချင်ရင် ဘေးနားမှာအပြည့်ပဲ၊ အချိန်မရွေး လက်ဖျောက် တီးပြီး ရွေးလို့ရတယ်၊ တစ်ယောက်တည်းကိုပဲ မရမက ဆွဲထားရ အောင် မရှားဘူး"

"မိပုလဲ"

"အလုပ်သွင်းပေးထားတာကိုတော့ မမကြီးကို ကျေးဇူးတင် ပါတယ်၊ ဒါပေမဲ့ ... ပုလဲသိက္ခာကိုစော်ကားထိပါးတာကိုတော့ သည်း ခံနိုင်ဘူး။ အငယ်မို့ အကြီးကဆုံးမတာကို နာခံသင့်သလောက် နာခံပါ့မယ်၊ ပုလဲရဲ့ကိုယ်ကျင့်တရားကိုတော့ အထင်တသေး မပြော ပါနဲ့၊ မေတ္တာရပ်ခံတာပါ"

"နင် ... နင်"

"ပုလဲ သွားတော့မယ်၊ နောက်ဆို မမကြီးရဲ့လူကို ကိုယ့် ဘာသာကိုယ် ကြည့်ထိန်းထားပါ၊ ပုလဲက ဆတ်စလူးနဲ့ လိုက်ကပ်နေ တာမဟုတ်ဘူး"

"တောက်"

ကဲ ... တအုံ့နွေးနွေးစုထားသမျှ အကုန်ပြောချမိချေပြီ။ ဆိုင်ထဲမှ အပြေးတစ်ပိုင်း ထွက်လာခဲ့ပါ၏။ ပြဿနာဖြစ်ပြီကော။ မမကြီးက သူမအိမ်ကိုပါ ကူးစက်တော့မှာလေ။ ကိုယ်ကိုယ်တိုင် ဆင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ပါလျက် ဘာကြောင့်များ အခုလိုပြောရပါသလဲ။ ရစ်ဝဲလာသည့် မျက်ရည်ကို လက်နှံဖြင့် ခပ်ကြမ်းကြမ်း သုတ်လိုက်မိပါ၏။ ဘာမဟုတ် တာလေးနှင့် အသည်းနုနေလို့ ရပါ့မလားလေ။

Bus ရပ်လာသည့်အတွက် ကားပေါ်ကိုတက်လိုက်ပါ၏။ ကိုယ်ပိုင်ကားစီးပြီး နေ့စဉ်အလုပ်လာသည့်မမကြီးက သူ့မဒုက္ခကို စာနာနိုင်ပါ့မလား။ ပစ္စည်းလေးလေးပင်ပင် တင်ချသယ်ပို့ရင်း ချွေးစို သည့်ဒဏ်ကို ဘယ်သူက မြင်ပါ့မလဲ။ ကိုယ်နှင့်တန်းတူ အလုပ်လုပ်ရ သည့် ဝန်ထမ်းတွေကသာ စာနာစိတ်ဖြင့် အချင်းချင်း ရိုင်းပင်းကူညီ တက်ကြတာပါလေ။

မမကြီးရယ် မြေချင်းတူရင်တောင် ပန်းအိုးထဲကမြေက တန်ဖိုးရှိစွာနေရပြီး ပုလဲကဖြင့် လမ်းပေါ်ကမြေကြီးလို အနင်းခံဘ မျိုးပါ။ ဒါကိုတောင်မှ မမကြီးက ပုလဲလိုအဆင့်နဲ့ ဆင်းပြီးယှဉ်ချင်ရ သတဲ့လား။ အမြင့်ကနေ ငုံ့ကြည့်နေရုံနဲ့ နားလည်ပေးသင့်ပါတယ်လေ။

ခြံထဲကို ဝင်ခဲ့စဉ် မိုးက စုန်းစုန်းချုပ်လေပြီ။ အိမ်တံခါးစေ့ ထားတာမို့ ဖွင့်ဝင်လိုက်စဉ် မေမေက သိုးမွှေးထိုးရင်း လှည့်ကြည့်လေ ၏။ အကြိုင်က မီးပူတိုက်ရင်း မေမေနှင့်စကားပြောနေပုံပါ။ ဖေဖေက တော့ စာကြည့်ခန်းထဲမှာရှိမည် ထင်ပါရဲ့။

“လာဦး”

“ပုလဲမောနေပြီ မေမေ”





“ခဏနားရင်းထိုင်ပေါ့၊ အကြိုင် သမီးဖို့ သံပုရာရည်လေး ဖျော်ခဲ့”

“နေပါစေ မသောက်ချင်ဘူး။ ရေတစ်ခွက်ပဲယူလာပေးပါ အကြိုင်”

မေမေ့ဘေးတစောင်းခုံမှာ ထိုင်ချလိုက်ပါ၏။ အကြိုင်ယူလာ ပေးသည့် သောက်ရေကို ခပ်မြန်မြန်သောက်လိုက်ပါသည်။ ကြည့်ရ တာ မေမေ့ကို ပုလဲမရောက်ခင် ကြိုတိုင်ထားပြီထင်ပါရဲ့။ မမကြီးက တော့ ခုထိ ကလေးဆန်သည့်စိတ် ရှိနေတုန်းပါပဲလား။

“ပြော . . . ဘယ်လိုဖြစ်ရတာလဲ”

“မမကြီးတိုင်ပြီလား”

“အေးပေါ့”

“ဘာမှအရေးမကြီးပါဘူး မေမေရာ၊ သူ့ဘာသာ ၂ တွေဝင် ပြီး over တွေဖြစ်နေတာပါ”

“ဟဲ့ . . . ကိုယ့်အစ်မကို ဒီလိုပြောစရာလား”

“မဟုတ်လို့လား၊ ကိုကိုကြီးတို့အိမ်ကို မေမေလွှတ်လို့သွားရ တာပါဆိုတာကို ပုလဲအနေအထိုင်မတတ်ဘူး ဘာဘူးနဲ့ လူကိုပြော တော့တာပဲ”

“သမီးက ပြန်ပြောတယ်ဆို”

“မပြောလို့မဖြစ်လို့ ပြောရတာပေါ့၊ ဘယ်သူက မြေချင်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မလဲ၊ ကိုကိုကြီးကိုပဲ ပုလဲက သွေးဆောင်ဖြားယောင်းနေသလို စကားပြောတာ သိပ် foul တာပဲ''

''သူ့လူမို့ ဒီလောက်တော့ဖြစ်မှာပေါ့ သမီးရယ်''

''မဖြစ်နဲ့မပြောပါဘူး ဖြစ်ပါ၊ ပုလဲ နားလည်ပေးနိုင်ပါတယ် အခုဟာက ပိုကိုပိုလွန်းနေတာ၊ ပုလဲ မပြောချင်လို့၊ ကိုကိုကြီးနဲ့ ပတ်သက်ပြီး သူ ပုလဲကို ဒီလိုပြောတာ၊ ခုတစ်ကြိမ်ပဲ မဟုတ်ဘူး''

''ဘယ်လို''

''Engage လုပ်ပြီးသားဆိုလည်း ထားပါ၊ ချစ်သူတရားဝင် ဖြစ်နေရင်လည်း ထားပါတော့၊ ခုဟာက ဘာမှမဆိုင်သေးပါဘဲ လူကို အခြောက်တိုက် ဖိနင်းနေတာတော့ ပုလဲသည်း မခံနိုင်ဘူး၊ ဘယ် လောက်အထိ ပြောခံရတယ်ထင်သလဲ မေမေရဲ့၊ ရည်းစားအသစ် ရှာရင် တခြားမှာသွားရှာ သူ့လူကိုမထိနဲ့တဲ့''

''ဟဲ့''

''အဲဒီတော့ ပုလဲက ငြိမ်နေမလား၊ လူကိုအထင်တသေးနဲ့ သူ့လို တစ်ယောက်တည်းရှိပြီး ဥစ္စာခြောက်နေတာမဟုတ်ဘူး ရည်းစားသက်စေ့ထားလို့ရတဲ့အရွယ် ပုလဲဖြူဖြူပါ၊ အတင်းပဲ ကတိ ပေးဆိုတာနဲ့ စိတ်ပေါက်ပြီး ပြောမိတာ၊ အလကားမမကြီး၊ The dog in the manger ပဲ''

''ဟဲ့ ... ကိုယ့်အစ်မကို''





ဒေါ်သဖြင့်ပြောလည်းပြော မျက်ရည်ပါစီးကျလာလေ၏။ စိတ်ကိုမနည်းကြီးတင်းထားရသည့်လူကို လက်တို့ငိုနိုင်းစေလေ သလား။ ''နွားစားခွက်ထဲကခွေး'' ဟု ရိုင်းရိုင်းစိုင်းစိုင်း သုံးမိတာကိုသာ သိရင် အဘယ်မျှ စွေ့စွေ့ခုန်လေမလဲ။ နှိုင်းစရာစကားပုံက သူမအဖို့ မှားနေသည့်နှယ်ပါ။

''သမီးကို အလုပ်ထွက်ခိုင်းလိုက်ပါ သန္တာ၊ ငါ့သမီး စိတ်ဆင်းရဲနေတာ မမြင်ချင်ဘူး''

စာကြည့်ခန်းထဲမှထွက်လာသည့် ဖေဖေက သူမကိုမဆွဘဲ အပြတ်ပြောချေပြီ၊ စိတ်ဆင်းရဲရသတဲ့၊ သူမကဖြင့် အလုပ်ထဲမှာ ပျော်ရွှင် နေတဲ့သူပါ။ မောလည်းမော ပျော်လည်းပျော်ဖြင့် ပျော်မောကြီးဖြစ်နေ သည့် သူမစိတ်ကို ဘယ်သူက ဖတ်တတ်ပါမလဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကျွန်တော် မြစိမ်းကို စိတ်မဝင်စားဘူး ဖေဖေ"

"ဘယ်လို"

Breakfast ဝိုင်းမှာ စပြောသည့်စကားက ဒေါသထွက်စရာများ ဖြစ်နေပြီလား။ မပြောလို့မှ မဖြစ်တော့တာကိုး။ အပြန်အလှန် Dinner ဖိတ်ကျွေးရင်း စကားတွေက ခရီးလွန်ကုန်တော့မှာလေ။ သေချာပါတယ် မြစိမ်း၊ ကိုယ်ချစ်တာ မင်းမဟုတ်လို့ပါပဲ။

"ဘာသဘောလဲ သား။ ဖေဖေတို့အစီအစဉ်ကို လက်မခံချင်တာလား"

"အဲဒီလို မဆိုလိုပါဘူး ဖေဖေ၊ ကျွန်တော်က ကျွန်တော့်





ခံစားချက်ကို ဖေဖေတို့ ကြိုသိစေချင်တဲ့သဘောပါ"

"မြလေးက ဘာလိုအပ်ချက်တွေများ ရှိနေလို့လဲသားရယ်၊ ပညာ၊ ရုပ်ရည်၊ ဥစ္စာ၊ ဂုဏ် ဘာမဆို ပြီးပြည့်စုံနေတာပဲ"

"မှန်ပါတယ် မေမေ၊ ဒါပေမဲ့"

"သားတို့က ငယ်သူငယ်ချင်းတွေပဲလေကွယ်၊ ဒါတောင်မှ ဒီထက်ပို မရင်းနှီးရင် ဘယ်လိုမိန်းကလေးကို ရှာလို့ရပါ့မလဲ"

သူ သက်ပြင်းရှိုက်လိုက်မိပါ၏။ အာရုံထဲ မကြာခဏ ရောက်လာတတ်သည့် ပုံရိပ်လေးကို ဘယ်သူသိနိုင်ပါ့မလဲ။ နှလုံးသားဆီမှ တလှပ်လှပ်နဲ့ ခံစားမှုရင်ခုန်သံ တဒိတ်ဒိတ်ခုန်ခဲ့သည့် ကြည်နူးမှုတို့ကို ကာယကံရှင်သာ သိနားလည်နိုင်တာပါလေ။ မင်း ဘာတွေများ လုပ်နေမလဲ ပုလဲဖြူဖြူရယ်။

"ဖေဖေကတော့ မြစိမ်းစိမ်းကိုပဲ သားနဲ့အသင့်တော်ဆုံးလို့ ယူဆထားတယ်သား"

"လူနှစ်ယောက် ပေါင်းဖက်ဖို့ကိစ္စဆိုတာ ကာယကံရှင်နှစ်ဦးစလုံး သဘောကျမှ ဖြစ်မှာပေါ့ သား မောင်နေရောင်"

ဘွားဘွားတောင် ခြံထဲလမ်းဆင်းလျှောက်ရာမှ ပြန်ဝင်လာချေပြီ။ ကယ်သူပေါ်လာသားပဲ။ သူ့မျက်နှာထက်မှာ အကျဉ်းအကျပ်ထဲ ရောက်နေတာကို ဘွားဘွားမြင်နိုင်သည်ပဲ။ ကျေးဇူးပါ ဘွားဘွားရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မြလေးဘက်က သဘောကြည်ဖြူပါတယ် မေမေ၊ မေမေ့ မြေးကသာ"

"မြေးမှာ နှစ်သက်ရမယ့်သူရှိနေလားမှ မသိတာ"

"ဟုတ်လား သား"

သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ အဘယ်မျှ သဘောကျစရာစကားပါလဲ။ "နှစ်သက်ရမယ့်သူ" တဲ့။ ဟုတ်တယ်၊ ချစ်ခင်ရမယ့်သူ၊ ကြင်နာယုယရမည့်သူ၊ တွယ်တာမြတ်နိုးရမယ့်သူ။ အို ပုလဲရယ် ဒီလောက်တွေးလိုက်တာနဲ့ ကိုယ့်ရင်ထဲ နွေးသွားစေတာ ဘာကြောင့်ပါလဲ။

နိုးထချိန်တိုင်း အိပ်ရာထက်ကမထမိသေးဘဲ မျက်နှာကြက် ဖြူဖြူထက်မှာ ပေါ်လာတတ်သည့် မျက်နှာလေး။ အကြည့်ဆုံခွင့် မပေးဘဲ ခပ်လွှဲလွှဲထားတတ်သည့် မျက်ဝန်းလှလှလေးတွေ။ မရယ်ဘဲ အလိုလို ပြုံးနေသယောင် နှင်းဆီငုံနှုတ်ခမ်းဖူးဖူးလေး။ ကြားသာရုံမျှ လေသံဖြင့် မပွင့်တပွင့် ပြောလေ့ရှိသည့် အသံချိုချိုလေးတွေကို ကိုယ်သာ အပိုင်သိမ်းဆည်းထားချင်တာ မင်းသိပါလေစ။

ချစ်ခြင်းမှာ စွန့်လွှတ်အနစ်နာခံခြင်းကသာ မြင့်မြတ်ဆုံး ဟု ဆိုရိုးရှိဖူးသော်ငြား သူကတော့ ထိုသို့မလုပ်နိုင်ပါ။ အချစ်ဆိုတာ ပိုင်ဆိုင်ခြင်းပါပဲ။ လိုချင်တပ်မက်သည့်အတ္တတို့ အနည်းနဲ့အများ တော့ ပျော်ဝင်နေမည်သာ။ ဘဝနှစ်ခုကို တစ်ပေါင်းတစ်စည်းတည်း



ဖြစ်တည်ဖို့ အခြေခံအုတ်မြစ်က ချစ်ခြင်းသည်သာ မဟုတ်ပါလား။

မင်းကို ကိုယ်သိပ်ချစ်တယ် ပုလဲဖြူဖြူ။

အိမ်မှာ မထင်မှတ်ဘဲ ဆုံစဉ်က မဝံ့မရဲဖြစ်နေသည့်ဟန်ပန် က မျက်စိထဲမှမထွက်နိုင်ခဲ့။ ကိုကိုကြီးတဲ့၊ မသင်ပေးရပါဘဲ အလိုလို ထွက်လာသည့်နာမ်စားကြောင့် အဘယ်မျှ ရင်ခုန်ခဲ့ရပါသလဲ။ အားနာ ခြင်း၊ ရှက်ရွံ့ခြင်း၊ သိမ်ငယ်ခြင်း၊ မဝံ့ရဲခြင်းတို့က တစ်လှည့်စီ တဖျတ် ဖျတ်ပေါ်လွှင်လာသည့် မျက်နှာလေးမှာ အဓိပ္ပာယ်တို့ကို ချစ်စိတ် ကြောင့်သာ ကိုယ် ဘာသာပြန်တတ်ခဲ့တာပါလေ။

သြော် ... ကလေးရယ်။

"ပြောဖို့စောပါသေးတယ် ဖေဖေ"

"သား ... အသက်မငယ်တော့လို့ ဖေဖေတို့ ပြောနေရတာ ပါ"

"ရှာကျွေးနိုင်ရင် အသက် (၉၀) အရွယ် အဘိုးကြီးဆိုလည်း ယူမယ့်မိန်းမတွေ တစ်ပြုံကြီးပါသားရယ်"

"အဲဒါဆို မေတ္တာ ဘယ်ပါပါတော့မလဲ မေမေရယ်၊ နောက် ကွယ်က ပိုင်ဆိုင်မယ့်အရာတွေကိုပဲ မြင်ကြတော့မှာပေါ့"

"အေးလေ ... မေမေကလည်း အဲဒီမေတ္တာကြောင့်ပဲ မြေးကို ပြောနေရတာပေါ့"

"ရင်ခုန်ရမယ့်အရွယ်မှ မဟုတ်တော့တာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမပြောပါနဲ့ မောင်နေရောင်၊ ဒီအရွယ် ဒီသက်တမ်းကို မင်းတို့လည်း ဖြတ်သန်းလာခဲ့ရတာပဲ၊ ငါ့မြေးကိုလည်း ဒီလိုရင်ခုန်ခွင့်တော့ ပေးသင့်ပါတယ်၊ သူ တကယ်မေတ္တာသက်ဝင်တဲ့ မိန်းကလေးမျိုးပဲ သူ့စိတ်ကြိုက် ရွေးချယ်ပါစေလား"

ဖေဖေရော မေမေပါ ဘွားဘွားစကားကြောင့် အသံတိတ်သွားလေ၏။ ရင်ခုန်စေချင်သတဲ့လား။ သူ့ရင်ထဲဖြစ်နေတာတွေကို ဘွားဘွား ဘယ်လိုများမြင်ပါလိမ့်နော်။ အံ့သြစရာကြီးပါပဲလား။ လူကြီးစကားဆိုတာ ကြားနာရမှာ လူငယ်တွေရဲ့တာဝန်ဆိုပေမယ့် ဒီလိုငဲ့ညှာနားလည်ပေးနိုင်တာကိုဖြင့် အံ့သြကျေနပ်မဆုံးပါလေ။

"မေမေ့မြေးအတွက် ကျွန်တော်တို့ရွေးပေးထားတာ စံပြပါ မေမေ၊ မြစိမ်းစိမ်းဆိုတာ သားနဲ့ နဖူးစာလိုက်ဖက်တဲ့ကလေးပါပဲ"

"လူကြီးအမြင်နဲ့ လူငယ်အမြင် ကွာပေမပေါ့ မောင်နေရောင်၊ ပြည့်စုံလွန်းရင် မာနဆိုတာကို ရှေ့တန်းတင်တတ်ကြတယ်ကွယ့်၊ မေမေတို့အခြေအနေ၊ မေမေတို့အဆင့်အတန်းနဲ့ ကိုယ့်အိမ်ထဲ မျက်နှာမေ့ ရင်ကော့ လက်မထောင်ပြီး ဝင်လာမယ့်သူကို ကြိုချင်ပါ့ မလား။ မျက်နှာငုံ့ အောက်ကျို့ပြီး ရိုကျိုးတဲ့မိသားစုဝင်မျိုးကို ရွေးချင် မလား။ စဉ်းစားချင့်ချိန်ကြည့်ပေါ့"

"မေမေ့မှာ မြင်ထားတဲ့သူရှိနေလို့များလား မေမေ"

"မြေးစိတ်ကြိုက် မြေးအမြင်နဲ့ပဲ ရွေးချယ်ပါစေလား





ာင်နေရောင်၊ ပေါင်းရမှာက သူတို့နှစ်ယောက်ပါကွယ့်"

"ကျွန်တော်တို့က လူကြီးချင်း ပြောပြီးဆိုပြီးသလောက် နေပြီ၊ မျက်နှာပူရတော့မှာပဲ"

"နှုတ်မကျုံစေနဲ့ပေါ့ကွယ်၊ အဲဒါ မေမေ့သူငယ်ချင်း ရွှေအိမ် ည်ရဲ့မြေးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ဘွားဘွားက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပုတီးစိပ်ရန် သယ်ခန်းသို့ ထွက်သွားတော့၏။ ဘွားဘွားရွှေအိမ်စည်ရဲ့မြေးဆိုရင် ဲလည်း အတူတူဆိုတဲ့သဘောပေါ့နော်။ ဘယ်လောက်အဆင်ပြေ က်ပါသလဲ။ ဖေဖေတို့အတွက် စဉ်းစားစရာဖြစ်ချင်ဖြစ်နေပေမယ့် အတွက်ကဖြင့် ရှေ့ဆက်တိုးချင်စရာ လမ်းမကြီးပဲမဟုတ်ပါလား။

ကိုယ်တို့အဆင်ပြေပြီမလား ပုလဲဖြူဖြူ။

"သားက ဘယ်သူ့ကို စိတ်ဝင်စားနေတာများလဲ"

"ဗျာ"

"ဘွားဘွားတောင် ပြောလာပြီဆိုတော့ သားဆီမှာ မြစိမ်း ဟုတ်ဘဲ တခြားတစ်ယောက်ယောက် ရှိနေသလိုဖြစ်နေလို့ မေး ကြည့်တာလေ"

"လောလောဆယ် မရှိသေးပါဘူး ဖေဖေ"

"ဒါနဲ့များ"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်မရှိဘူးဆိုတော့ နောက်ရှိလာမယ်ဆို[...] သဘောလား"

သူ ပြုံးလိုက်မိပါ၏။ မေးနေပြီ ကလေးရယ်။ ရင်ထဲ[...] ဒဏ်ရာမကျက်သေးတဲ့မင်းကို ကိုယ့်ကြောင့် ထပ်ပြီး မနာကျင်စေ[...] လို့ပါ။ ချင့်ချိန်စဉ်းစားခြင်းတွေမှာ မြတ်နိုးမှုအတိုင်းအဆက ရာနှုန်း[...] ဆိုတာကို ယုံကြည်ထားစေချင်တာ အမှန်ပါလေ။ ကိုယ်ခြေလှမ်း[...] တော့မယ်နော်၊ မင်းစိုးရိမ်နေလေမလား။

"ပြောဖို့စောသေးလို့ပါ ဖေဖေ"

"သူ့ကိုလား"

"ဟုတ်ကဲ့"

ဖေဖေရော မေမေပါ သက်ပြင်းပြိုင်တူရှိုက်လိုက်လေ[...] ဘယ်တတ်နိုင်ပါ့မလဲ။ သူက အခုမှ ရေစီးကြောင်းဖြစ်ဖို့ ရေစု[...] တုန်း မဟုတ်လား။ မိဘတွေတွန်းအားကြောင့် ရေမစီးနိုင်အော[...] တာပိတ်ထားတဲ့အကာကို ဖွင့်ရတော့မယ် ပုလဲရယ်။ ကိုယ့်[...] လျှောက်လာခွင့်ပေးလှည့်ပါ။

"ဒါဆို Dinner စားဖို့လုပ်ထားတာကို နီနီတို့ ဘယ်လို[...] ရမလဲ"

"မေမေတို့မျက်နှာပူမယ်ဆိုရင် မြစိမ်းကို ကျွန်တော်ကိုယ်[...] ပဲ ပြောလိုက်ပါ့မယ်"





"ဖြစ်ပါ့မလား သား ...မြလေးက မာနကြီးတာ သား သိတယ်နော်၊ တော်ကြာ ...စိတ်ဆိုးပြီး ပြဿနာဖြစ်မှဖြင့်"

"ကျွန်တော် ပြေလည်အောင်ပြောတတ်ပါတယ် မေမေ၊ စိုးရိမ်ပါနဲ့"

"Dinner တော့ ဖျက်လို့မကောင်းဘူး"

"စားလည်းဖြစ်ပါတယ် ဖေဖေ၊ ကိစ္စမရှိပါဘူး၊ တစ်ခုပါပဲ အိမ်ကိုဖိတ်တာထက် Hotel လို၊ Restaurant လိုမှာပဲ စားတာ ကောင်းပါလိမ့်မယ်"

"အင်း"

"ကျွန်တော် သွားတော့မယ်"

ဖေဖေနဲ့မေမေကိုနှုတ်ဆက်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့ပါ၏။ ဘွားဘွားက ပုတီးစိတ်နေပြီမို့ နှုတ်မှ ဖွဖွရွတ်ကာ မျက်စိမှိတ်ထားသဖြင့် နှုတ်မဆက်ဖြစ်တော့ပါ။ ကားစက်နှိုးကာ ခြံထဲမှထွက်လာခဲ့ပါ၏။ ခြံကအကျယ်ကြီးမို့ တော်တော်နှင့်ခြံဝကိုမရောက်ပါချေ။ ညနေတိုင်း သူ လမ်းလျှောက်ဖြစ်သည့်နေရာက ခြံဘေးပေါက်နားကိုပါ။

စက်ဘီးအဖြူလေးနှင့် သူမများ ရုတ်တရက်ရောက်လာလေမလား မျှော်လင့်ချက်နှင့်ပါလေ။ ကိစ္စရှိမှသာရောက်လာတဲ့ ညွှန့်သည်ကို ဒီလိုမျိုး ဘာမဆိုင် ညာမဆိုင် မျှော်လင့်လို့ရပါ့မလား။ ဘာဖြစ်လဲ အချစ်ဆိုတာ မျှော်လင့်ချက်ပဲလေ။ အတွေးဖြင့် ပြုံးလိုက်ပြီး နှင်းရိကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိ၏။ (၁၀) နာရီပင် ထိုးနေလေပြီ။ နောက်ကျပါရောလား။

"တီ တီ"

ကားလမ်းတောင်းကာ ဘေးကပ်ရပ်ရန်ပြင်လိုက်သည့် ကားကြောင့်သူ ကားကိုအရှိန်လျှော့လိုက်ရပါ၏။ သူ့ရုံးကို လမ်းချိုးပြီး (ဖြတ်လမ်းမှ) ဝင်ရန်အတွက်ကြောင့်ပါပဲ။ ရုတ်တရက် ဆိုင်တစ်ဆိုင်ရှေ့မှာ ကုန်တင်ချနေသည့် လူငယ်တစ်စုကိုမြင်လိုက်ရပါ၏။ အပေါ်က Sport Shirt အဖြူကို Style Pants နက်ပြာဖြင့် တွဲဝတ်ထားတာမို့ ကိုယ့်ကုမ္ပဏီကမှန်း သိလိုက်ပါသည်။ ရုတ်တရက် မိန်းကလေးရယ်သံကြောင့် သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိလေ၏။

ဘုရား။ ရင်ထဲဒိန်းခနဲ ဆောင့်မြည်ကာ ကားကို ဘရိတ်နင်းမိလျက်သားဖြစ်သွားပါ၏။ သူ၏ကောင်မလေးက ဝန်ထမ်းကောင်လေးတွေနှင့် ရယ်မောပျော်ရွှင်နေလို့ပါလား။ ကားပေါ်မှဆင်းကာ သူမတို့အနီးသို့ လျှောက်လာခဲ့လေသည်။

"နောက်မှရယ်စရာပြောပါဟယ်၊ မြန်မြန်လုပ်၊ နေပူလာတော့မယ်၊ ပြန်ယူမယ့်ပစ္စည်းတွေကို နောက်တစ်ပတ်စနေမှ ချိန်းလိုက်မယ်နော်၊ အင်း ... ပန်ကာ (၁၀) လုံး၊ ပေါင်းအိုး (၁၀) လုံး၊ ပန်ကာ (၅) ခု"

စာရွက်လှန်လျောကာ စာရင်းစစ်နေသည့် သူမက ဘေးမှာသူရောက်နေတာကို သတိမထားမိပုံပါ။ ဟိုချာတိတ်တွေသယ်ကုန်ပြီမို့





မြေကြီးပေါ်ချထားပါသည့် မတ်တတ်ပန်ကာကို မ,ယူလိုက်လေသည်။ ဘယ်လိုလဲ၊ ဒီလို တပင်တပန်းအလုပ်တွေကို သူမလုပ်နေရတာလား။ ဘယ်လိုလုပ်လိုက်ပါသလဲ မြစိမ်းရယ်။

"ပုလဲ"

"အမေ့"

လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်တာမို့ သူမ အထိတ်တလန့်ဖြစ်သွားပါ၏။ တစ်ဖက်မှ file စာရွက်တစ်ထပ်ကိုင်ထားတာမို့ ညာလက်တစ်ဖက်ဖြင့် အားယူမလိုက်ကာမှ သူက တားဆီးလိုက်မိတာကိုး။ မျက်ဝန်းအဝိုင်းသားဖြင့် မော့ကြည့်လိုက်သည့်အကြည့်တို့က ပထမ အံ့သြမှုဖြစ်ပြီး နောက် ပြုံးနေသည့်မျက်နှာလေးက တည်သွားတော့တာပါလေ။

"မင်္ဂလာပါရှင်"

"ဘယ်တုန်းက အလုပ်ဝင်တာလဲ"

"လေးလကျော်ပါပြီ၊ ဟိုလေ ပုလဲ အလုပ်လုပ်ရဦးမယ်"

"မသယ်နဲ့လေ၊ ဟိုချာတိတ်တွေသယ်မှာပေါ့၊ ကိုယ်ပြောစရာရှိတယ်"

"နောက်မှပဲ"

"နောက်မှမရဘူး၊ အခုပြောမှာ"

မျက်နှာငယ်သွားပြန်လေ၏။ အာဏာတွေသုံးမိပြန်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိရင် မြှမထားတတ်သည့်လူမို့ ခုဆိုရ မဟုတ်လား။ လက်ကိုင် ထားတာကို သူမ ရုန်းနေပေမယ့် သူက လွှတ်မပေးပါချေ။ လွှတ်ပေး လိုက်ရင် ပစ္စည်းကူသယ်တော့မှာမဟုတ်လား။

"ကိုကိုကြီး"

"ဘယ်သူ့အလုပ်ခန့်တာလဲ"

"မမကြီးပါ"

"ဒီစာရေးအလုပ်ပဲ ရှိဘာလား။ ပေးစရာလား။ မြစိမ်းကတော့ ကွာ၊ အလုပ်မဟုတ်ဘူး ... ကျစ်"

"ပုလဲလုပ်နိုင်ပါတယ် ... ဘာမှမဖြစ်"

"မလုပ်ရဘူး"

"ရှင်"

"မင်းကို ကိုယ်အလုပ်ခန့်မယ် ပုလဲဖြူဖြူ"

"အို ... မဟုတ်တာ"

"ဘာ ... မဟုတ်ရမှာလဲ၊ ဒီလကုန် GM ရာထူးယူရ မင်းကို ကိုယ့် Secretary ခန့်မယ် ပုလဲဖြူဖြူ"

"ဟင် ... Secretary ဟုတ်လား၊ ပုလဲက ဘာမှ မကျွမ်းကျင်တာ"

"မကျွမ်းကျင်လည်း ကိုယ်သင်ပေးမှာပေါ့၊ မင်းခေါင်းထဲ မှတ်ထားဖို့က ကိုယ့် Secretary လုပ်ရမယ်ဆိုတာပဲ၊ ဒီနေ့ပဲ ထွက်





ခင်ခဲ့ ... ဖုန်းပေး"

မျက်လုံးကလယ်ကလယ်ဖြင့် ဖုန်းထုတ်ပေးတော့ သူက သူ့ဖုန်းနံပါတ်ကို နှိပ်ကာထည့်ပေးလိုက်သလို သူမနံပါတ်သိရန် call ခလုတ်ကိုပါ နှိပ်လိုက်မိလေ၏။ ပိုင်စိုးပိုင်နင်း ပုံစံများ ဖြစ်လေမလား။ မတတ်နိုင်ပါ။ မင်းနဲ့အစာမကျေ ဖြစ်ရတော့မှာပါလား မြစိမ်းရယ်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ရုံးခန်းတံခါးခေါက်သံကြောင့် ကိုယ့်ကိုယ်ကိုယ် သေသေ
ရန် မှန်ကြည့်ပြင်နေတာကို ရပ်လိုက်ပါ၏။ ရုံးဆင်းချိန်ကြီး ဘယ်
လာတာပါလိမ့်။ ဒီည Dinner စားဖြစ်မှာမို့ သူများဖြစ်နေမလား
မျှော်လင့်ချက်ဖြင့် ပြုံးလိုက်မိပါသည်။ သူဟု တွေးမိရုံနဲ့ မြ ရင်
တဒိတ်ဒိတ်ခုန်လာတော့တာ မဟုတ်ပါလား။

"Come in"

အသံကို အတတ်နိုင်ဆုံး ပျော့စေကာ အသံလှမ်းပေးလျ
အလုပ်များဟန်ဆောင်လိုက်ပါ၏။ ခုချက်ချင်းထလိုက်သွားမိရင် ကို
ကို ပေါသည်ဟု ထင်သွားမှာစိုးသောကြောင့်ပါပဲ။ File ဖွင့်ပြီး ကို





စင်နေစဉ် ဝင်လာသည်က အငယ်လေးဖြစ်နေတာမို့ စိတ်ကပျက်သွား ပြီး file ကို စားပွဲထက်ပစ်ချလိုက်မိတော့၏။

"ဘာကိစ္စ"

ဘာမှမပြောဘဲ စာအိတ်ရှည်တစ်ခုကိုသာ မှန်စားပွဲထက် တင်ပေးလေ၏။ ဘာလဲ Resign တင်တာများလား။ အံ့သြသွားမိ ပေမယ့် ဘာမှမဖြစ်ဟန်ဖြင့် မေးဆတ်လိုက်ပါသည်။ နင်လှမ်းတဲ့ ခြေလှမ်းကို ကြိုမမြင်နိုင်ဘူးလို့များ ထင်နေသလား ပုလဲဖြူဖြူ။

"ဘာလဲ"

"နုတ်ထွက်စာလာတင်တာပါ မမကြီး"

"ငါပြောတာကို စိတ်ခုလို့ပေါ့လေ"

"မဟုတ်ပါဘူး၊ ဖေဖေ ထွက်ခိုင်းလို့ပါ"

"အလုပ်ကို ကလေးကစားကွင်းလို့များ ထင်နေသလား၊ မြဲမြဲမလုပ်ချင်ရင် ဘာလို့ လာလုပ်နေသေးလဲ"

"နုတ်ထွက်ခွင့်ပြုပါ မမကြီး၊ ပုလဲ ဘာပြောစရာမှ မရှိဘူး"

"ဒီလိုလွယ်လွယ်နဲ့ဝင် လွယ်လွယ်နဲ့ထွက်လို့ရအောင် နင် တက်နေကျ သင်တန်းမျိုး ထင်နေလား"

"ပုလဲ အစမ်းခန့် (၃) လပဲ လုပ်ရသေးတာပါ၊ ဒီလအတွက် လခလည်း မထုတ်ရသေးသလို Bond လည်း မထိုးထားပါဘူး၊ ဒါကို မမကြီးက ဘာလို့ကန့်ကွက်ချင်ရပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပုလဲဖြူ ... အလုပ်ထဲမှာ ဒါကရာထူးကြီးဟဲ့ နင် မေ့နေပြီ လား"

"မမေ့ပါဘူး။ ဒါကြောင့်လည်း နုတ်ထွက်စာကို ပုလဲကိုယ် တိုင် လာတင်တာပါ"

ကြည့်စမ်း ... စကားကို အကွက်ကျကျ ပြောတတ်လိုက် တာ။ လေးပဲ စကားတတ်တယ်ထင်တာ အငယ်မလည်း မခေပါလား။ အကြီးကို အကြီးလို့မမြင်ဘဲ ခြေရာတိုင်းသလို ပြောနေပုံက မြစိတ် ပို၍ ဆွနေသည့်နှယ် ဖြစ်နေတာပါလေ။ အလွယ်တကူ အလုပ်ထွက် သွားစေချင်ပေမယ့် ခွင့်ပြုထားသည့်မြက သိက္ခာကျသလို ဖြစ်မှာကို

မြစိမ်းစိမ်းဆိုတာ စိတ်ကြီးပြီး လူရှေ့သူရှေ့မှာ ဒေါသထွက် တတ်တဲ့သူ မဟုတ်ပါ။ အငယ်လေးကြောင့် စိတ်ကိုမထိန်းနိုင်တာ လေ။ အလုပ်စဝင်ကတည်းက စိတ်ထင့်ရသလို နှုတ်ကလည်း နာကျ တဲ့စကားတွေချည်း ပြောမိမှန်း မြကိုယ်မြ သိနေပါ၏။ သို့သော် မြ ရင်တွင်မှ တစ်စုံတစ်ယောက်ကိုဖြင့် လက်မလွှတ်ချင်လို့ပါပဲ။ ရင် ရပါလား ကိုမင်းရယ်။

"ထွက်ချင်ရင် လကုန်မှ ခွင့်ပြုနိုင်မယ်"

"မကြီး"

"နင့်လိုနေရာကို ဘယ်သူမဆို အလွယ်တကူ ခန့်လိုက် ရတယ် အငယ်လေး၊ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဆိုပြီး မာန်မတက်





ချင်နဲ့ အလုပ်ကိုတန်ဖိုးထားတတ်အောင် အစ်မကပြောပြနေတာ သိရဲ့ လား"

စိတ်ပျက်ဟန်ပြပါရောလား။ အဲဒါတွေ မြမကြိုက်တာပေါ့။ ဣန္ဒြေသိက္ခာအပြည့်နဲ့ ဟန်ဆောင်ပန်ဆောင်လေးတော့ ရှိသင့်တာပါ လေ။ အငယ်ဆုံးဖြစ်သည့်ညီမက ကလေးဆိုပြီးပြောစရာရှိတာကို မချင့်မချိန် ပြောတာကို ရိုးသားပွင့်လင်းသည်ဟု အမျိုးတွေက အဘယ်ကြောင့် မြင်ကြပါသနည်း။

တကယ်တမ်း ညီအစ်မဝမ်းကွဲသုံးယောက်ထဲမှာ မြက ပညာ ထူးချွန်သလို ရုပ်ရည်ကအစ ပြောစရာမရှိအောင် ပြည့်စုံသည့်သူပါ။ လူတောထဲဝင်ဆန့်ကာ ဆွေမျိုးအသိုင်းအဝိုင်းထဲ တင့်တယ်ပေါ်လွင် သည့်သူက မြတစ်ဦးသာရှိပါလျက် အငယ်နှစ်ယောက်လို မြနာမည်က မကြီးရပါသလဲ။

ကလေးဘဝ ကစားကြတိုင်း မြက အကြီးဖြစ်နေပြီး သူတို့ နှစ်ယောက်က ရွယ်တူနီးပါးမို့ အတူဆော့ကာ ဖယ်ကျဉ်ခံရသည့်ဒဏ် ကို ရခဲ့တာပါ။ ဒီတော့ ကလေးသဘာဝ မနာလိုစိတ်နဲ့ အတူမဆော့ ဖြစ်တာ၊ အရုပ်တွေပေးမဆော့တာကို စိတ်ပုပ်သည်ဟု အပြောခံရပြန် တာပါလေ။ ဘာပဲလုပ်လုပ် ဥတစ်လုံးစိတ်နဲ့ဟု ဝေဖန်ခံရတာမို့ သူတို့ အပေါ် မကြည်ဖြူနိုင်ဘဲ သံယောဇဉ်နည်းပါးမှု ရှိခဲ့တာ မြအပြစ်တဲ့ လား။ လောကကြီး မတရားပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ပုလဲကို မမကြီး အလုပ်မပေးလည်း တခြားမှာရှာလို့ရ တယ်"

"ဘာ"

"အခုလို အလုပ်ပေးခဲ့လို့ မမကြီးကို ကျေးဇူးလည်းတင် တယ်၊ အလုပ်လုပ်ရတာကိုလည်း ပျော်ပါတယ်၊ ဒါပေမဲ့"

"ဩော် . . . ဒါဖြင့် ငါဆူတာကိုမကြိုက်လို့ပေါ့လေ ဟုတ် လား"

"အပွင့်လင်းဆုံးပြောရရင် ဟုတ်တယ်"

"မိပုလဲ"

"အပြစ်ရှိလို့ ဆူရုံမက ရိုက်ရင်လည်း ပုလဲ ငြိမ်ခံမှာပါ အခုက အပြစ်ရှာဆူနေတာ မဟုတ်လား၊ ပုလဲ ကျောပူပဲခံနိုင်မယ် နားပူမခံနိုင်ဘူး မမကြီး၊ အိမ်မှာတောင် ပုလဲကို ဒီလို ငေါက်ငမ် ဆူပူတာမျိုး တစ်ကြိမ်မှ မရှိခဲ့ဘူး၊ ပုလဲစိတ်ဆင်းရဲနေတာကိုမကြည့် ရက်လို့ဆိုပြီး ဖေဖေက ထွက်ဆိုလို့ ထွက်ရတာပါ"

"နင် နင် . . . နင့်ကို ငါက ညီမမို့ ဆုံးမရတာ ပုလဲရဲ့"

"သိပါတယ်၊ ဒါပေမဲ့ . . . မမကြီးရဲ့မျက်လုံးကိုကြည့်ရင် စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာကို မြင်နေရတော့ ခက်တယ် မမကြီး ရဲ့"

"ဘာရယ်"





"ပုလဲနေရာမှာ သူစိမ်းဆိုရင်တောင် ဒီလောက်ပြောမှာ ဟုတ်မှန်း ပုလဲသိနေတယ်၊ ပုလဲကို အလုပ်ခန့်ကတည်းက မမကြီး အကြည့်၊ မမကြီးရဲ့အပြောက အသိသာကြီးပဲ၊ ပုလဲကို ညီမအဖြစ် သိမခံရအောင် ပုလဲက အနုတ်စုတ် ကုပ်စုတ် နွဲ့ဝဲနေတာမှ မဟုတ် ဘာကြောင့်လဲလို့ မပြောလည်း မမကြီးသိနေမှာပါ"

"မိပုလဲ"

"မလိုလားရင်လည်း မရနိုင်ဘူးဆိုပြီး အပြတ်ပြောရင် ခံသာ မယ်၊ အခုလို မချစ်သော်လည်း အောင့်ခါနမ်းပုံစံမျိုးပြတာတော့ သိတ်လွန်တယ်လို့ ပုလဲယူဆပါတယ်"

"တောက် . . . သိပ်မှန်းတာပဲ၊ အဲဒါတွေကြောင့် နင်တို့ ယ်နှစ်ယောက်ကို ငါ ကြည့်မရတာ"

"ကျေးဇူးပါ၊ အခုလို စောစောစီးစီးသိရလို့လေ၊ မမကြီး ထားဖို့က ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဘယ်သူမှ အပြည့်အဝ မဖြစ်နိုင် ဆိုတာပဲ၊ အမျိုးဆိုတာ မခေါ်ချင်လို့ပဲရမယ် မတော်ချင်လို့မရတာ မမကြီး နားလည်မှာပါ"

"ထွက်သွား . . . မချက်ချင်းထွက်သွားစမ်း၊ နင့်မျက်နှာကို ယ်တော့မှ ငါမမြင်ချင်ဘူး၊ မှတ်ထား"

စားပွဲပေါ်မှ ပစ္စည်းတွေနှင့် ကောက်မပေါက်မိအောင် မနည်း စိတ်ကို ထိန်းလိုက်ရပါ၏။ နှုတ်ခမ်းတစ်ဖက်တွန့်ရုံ ငြိမ်ထင်



www.burmeseclassic.com

www.burmeseclassic.com



အပြုံးက မြကို ဒေါသမီးတောက်လောင်စေတာလေ။ ဘယ်လောက်တောင် အလိုလိုက်ခံထားရလို့ အကြီးကိုအခံရဲရတာပါလိမ့်။ ရုံးခန်းတစ်ချက်ကြည့်ကာ လှည့်ထွက်သွားစဉ် ရုံးခန်းတံခါးက ချပ်ခနဲပွင့်လာလေ၏။ ဘုရား ... သူရောက်လာပါရောလား။ အချိန်မီ မပြင်ရသေးသည့် ဒေါသမျက်နှာနီနီကို ဘယ်လိုပြင်ရပါ့။

"ဟော ... အငယ်လေး။ Resign လာတင်တာလား"

"ဟုတ်"

အလို ဤကလေးမ အလုပ်ထွက်စာလာတင်တာကို သူ ဘယ်လိုသိနေတာပါလဲ။ ဒီမှာ အလုပ်ဝင်နေတာကိုရော ဘုရားရေ ဒီလောက်မဆုံနိုင်အောင် plan ချထားပါလျက် သူတို့နှစ်ယောက် ဘယ်နေရာမှာဆုံပြီး ဘာတွေပြောလို့ ဘယ်အဆင့်အထိများ ရောက်ကုန်တာပါလိမ့်နော်။

"ကိုမင်းက ... ကိုမင်းက သူထွက်မှာကို ဘယ်လိုသိတာလဲ"

"ကိုယ် ထွက်ခိုင်းလိုက်တာလေ"

"ဘယ်လို"

"မြစိမ်းရဲ့ညီမကို ဒီလောက်ပင်ပန်းတဲ့နေရာမှာ ခန့်ရလား"

"မဟုတ်ပါဘူး။ လောလောဆယ် ခဏလုပ်ခိုင်းပြီး နောက်





ရုံး staff ခန့်ဖို့"

"မလိုတော့ပါဘူး။ ကိုယ် GM ရာထူးနဲ့ ရုံးချုပ်သွားရတော့မှာပဲ၊ သူ့ကို ကိုယ်ပဲ ခန့်လိုက်မှာပါ"

"ဟင်"

"ပုလဲ မလုပ်ပါဘူး"

"ဘာလို့လဲ အငယ်လေးရဲ့"

"မလုပ်ချင်လို့ပါ"

"ဘာလို့ မလုပ်ချင်ရတာလဲ"

"မမကြီး မကြိုက်မှာစိုးလို့ပါ"

"ပုလဲ"

"ကိုကိုကြီးနဲ့ပုလဲ ခေါ်ပြောပတ်သက်မှာကို မမကြီး မနှစ်သက်တာမို့ ဒီအလုပ်နဲ့ဝေးအောင် သွားတော့မှာမို့ပါ၊ ပုလဲကို နောက်လမ်းမှာတွေ့ရင်တောင် မနှုတ်ဆက်ပါနဲ့လို့ ကိုကိုကြီးကို ပုလဲ မေတ္တာရပ်ခံပါတယ်၊ ပုလဲကို ခွင့်ပြုပါဦး"

"ဟာ ... အငယ်လေး"

အခြေအနေက ထင်မထားသလိုဖြစ်ကုန်တော့တာပါလေ။ ပုလဲဖြူဖြူ နင်က တကယ့်မီးစပါပဲလား။ စကားကို ပြောသင့် မပြောသင့် မချင့်ချိန်ဘဲ လူရှေ့ ပေါ်တင်ကြီးပြောချလိုက်ရတယ်လို့။ ရုံးခန်းထဲမှာ သူနှင့်နှစ်ယောက်တည်း ကျန်ခဲ့ပေမယ့် မြပါ ဘာစကားမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်ဘဲ တိတ်ဆိတ်နေတော့လေ၏။

"ကိုယ်က"

"ကိုမင်း အထင်မလွဲပါနဲ့၊ သူက ဒီလိုပဲ ရှေ့နောက်မကြည့် ပြောတတ်ကျင့်ရှိလို့ပါ"

"အင်းပါ . . . ညီအစ်မတွေပဲ စကားကတောက်ကဆဖြစ်တာ တော့ ရှိမှာပေါ့၊ ခဏပဲဟာ"

"Dinner စားဖို့ လာခေါ်တာလားဟင်"

"ဟုတ်တယ်"

"ဒါဖြင့် . . . သွားစို့လေ"

မနက်ကတည်းက ကြိုးစီစဉ်ထားတာမို့ ကားယူမလာခဲ့ပါချေ။ သူ့ကားဖြင့် အတူထွက်ခဲ့စဉ် ကားဂိတ်မှာ ကားရပ်စောင့်နေသည့် ...သလေးကို မြင်လိုက်ရပါ၏။ ရင်ထိတ်သွားမိပေမယ့် သူက မမြင်ဘဲ ကားကို အာရုံစိုက်မောင်းနေတာမို့ သက်မကို ကျိတ်ရှိုက်လိုက်မိပါ၏။ အချစ်ဆိုတာ ရင်ကို ပူလောင်ဆူပွက်စေတဲ့မီးများဖြစ်နေမလား ကွယ်။

Restaurant ကိုရောက်တော့ နှစ်ဖက်လူကြီးတွေက ကြို ရောက်နေပြီး မြတ်နိုးစွယောက်သာ နောက်ကျတာ ဖြစ်နေပါ၏။ လူကြီး တွေကို အားနာစွာဖြင့် တောင်းပန်စကားပြောကာ ခုံတွေမှာ ကိုယ်စီ ဝင်ထိုင်လိုက်ကြပါသည်။ စားသောက်စရာတို့က အသီးသီးရောက်လာ



...သတော့၏။ အိမ်မိတ်ပြီးစားရမည့် Dinner ပွဲက အဘယ်ကြောင့် ...း စားသောက်ဆိုင်မှာ လုပ်ဖြစ်ရပါသလဲ။

"ပထမ အိမ်မှာဖိတ်ကျွေးမယ့်အစီအစဉ်ပါ၊ အဆင်မပြေတာ ...နဲ့ ဒီမှာကျွေးဖြစ်တာ စိတ်မရှိပါနဲ့ ကိုအောင်ကြည်"

"ရပါတယ်ဗျာ၊ ဘယ်မှာစားစား မိသားစုစုံဖို့ပဲလိုတာပါ ကို ...ရောင်ရယ်"

အစပျိုးသည့်စကားက ပြေပြေလည်လည်ပဲမို့ ကျေနပ်စွာ ...လိုက်မိပါ၏။ မြဘဝလမ်းတစ်လျှောက်မှာ ပန်းခင်းထားသည့် လမ်း ...ကိုသာ လျှောက်ခဲ့ရတာ မဟုတ်ပါလား။ သူနှင့်အတူ အနာဂတ် ...ကို ဆက်လျှောက်ဖို့ အခွင့်အရေးက မြလက်ထဲမှာ အပြည့်ရှိပြီ ...ပါရဲ့။ အငယ်လေးပြောတာကို အလွယ်နဲ့မယုံတဲ့အတွက် ကျေးဇူး ... ကိုမင်းရယ်။

"ဒါနဲ့ သားက ရုံးချုပ်မှာပဲ GM ရာထူးယူတော့မှာဆို"

"ဟုတ်ပါတယ် အန်ကယ်"

"လုပ်ငန်းအကြောင်း ကျွမ်းကျင်နားလည်ပြီပေါ့လေ"

"ဟုတ်ကဲ့"

"ဒါဖြင့် . . . အတွင်းရေးမှူးတို့ PA တို့ ခန့်ပေးရတော့မှာ

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် လျာထားတဲ့သူ ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘယ်ဌာနကလဲ"

အားလုံး၏အကြည့်က သူ့ထံ ပြုကျသွားလေ၏။ သူ့မိ... က သိထားပုံဖြင့် အေးအေးဆေးဆေးမို့ မြ အံ့ဩသွားရပါသည် ... ဘာလဲ အိမ်မှာပြောထားပြီးမှ အခုလို မြတို့ကို အသိပေးတာများ ... အလို မြလောက် ရေငုံနှုတ်ပိတ် လျှို့ဝှက်သည့်လူမရှိဘူးဟု ... ပေမယ့် သူကိုယ်တိုင်ပါ နှုတ်လုံသည့်လူဖြစ်နေပါရောလား။ ထူး... လေစွ။

"အသစ်ခန့်မှာပါ အန်ကယ်"

"ဘယ်လို"

မြမျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ ထင်သည့်အတိုင်း... လား။ ဒီလိုတွေကြုံမြင်နေလို့ ဒီလောက်ကြီးတားဆီးထားပါလျ... ဖြစ်ကိုဖြစ်လာရတယ်လို့။ အံကိုတင်းတင်းကြိတ်လျက် ဒေါသကို မျို... လိုက်ရပါ၏။ မြရဲ့ရန်သူက အငယ်လေးမှ ဖြစ်လာရတယ်လို့

"ဒါဆို အစစ သင်ပေးရမှာပေါ့ သားရဲ့၊ ပင်ပန်းတော့မှာ...

"ကျွန်တော်ပဲ တွဲခေါ်သင်ပေးမှာပါ အန်ကယ်၊ မသိမသာ... သေးတဲ့ လူကို သင်ရတာလွယ်မှာပါ၊ သိပြီး တတ်ပြီးသားလူ... ဆရာလုပ်တာ မကြိုက်ဘူး၊ ဒါကြောင့်မို့ပါ"

"ဒါလည်း ဟုတ်သားပဲ၊ ဒါနဲ့ ကလေးတွေကိစ္စကိုရော ... ဘယ်လိုသဘောရလဲဟင်"





"သြော် ... အဲဒါလည်း ပြောချင်လို့ အခုလိုဆုံရတာပါ၊ ...တို့ လူကြီးတွေသဘောထက် ကာယကံရှင်ဖြစ်တဲ့ ကလေးတွေဆန္ဒက ...ပြီး အရေးကြီးလို့ပါ မဖြူ"

"ဟုတ်တာပေါ့၊ သားသဘောကရော"

"ဟုတ်ကဲ့၊ ကျွန်တော့်မှာ ရည်ရွယ်ထားတဲ့သူ ရှိနေပြီမို့ ...စိမ်းနဲ့ကိစ္စကို ရှေ့မဆက်ဖို့ ဖေဖေတို့ကို တောင်းပန်ထားပါတယ် အန်ကယ်၊ အန်တီတို့ကိုလည်း အနူးအညွတ် တောင်းပန်ပါရစေ ခင်ဗျာ၊ မှားတယ်ဆိုရင်တောင် လူငယ်ဖြစ်တဲ့ကျွန်တော်က လွန်လို့ပဲ ...သဆစေချင်ပါတယ်"

လက်သီးကို ကျစ်ကျစ်ဆုပ်ထားမိပါ၏။ ပျက်ယွင်းသွားသည့် မျက်နှာကို ဘယ်လိုမှ ပြင်၍မရတော့ပါလေ။ ရစ်ဝဲလာသည့်မျက်ရည် တို့ထဲမှာ ရှက်ခြင်းနှင့်ဒေါသက အပြည့်အသိပ်ပါပဲ၊ သိက္ခာတရားကို ဆော်ကားခြင်းခံရတာထက် နှလုံးသားကို မျက်နှာပူမိသည်က မြစိမ်းစိမ်း ပါပဲ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

လူဆိုတာ လွယ်လင့်တကူရနိုင်တဲ့အရာမှန်သမျှကို ဘယ်တော့မှ အလေးမထားတတ်ကြပါဘူး။ အထူးသဖြင့် သူ့အနီးဝန်းကျင်မှာ ရှိနေပါသည့် ရောင်စုံပန်းပွင့်လေးတွေကြောင့် သူက ထိုပန်းလေးတွေကို အလေးအနက်မထားတတ်တာပါ။ ထည်လဲတွဲခဲ့သည့် မိန်းကလေးတွေကို ကျော်နိုင်းဖို့ဆိုတာ သူ့အဖို့ ခပ်ပါးပါးခံစားမှုသေးသေးလေးပါပဲ။ သို့သော် သူ့စွန့်ပစ်ခဲ့မိသည့် ပန်းပွင့်လေးကို သူ့တစ်ပါးလက်ထဲမှာ အမြတ်တနိုးတန်ဖိုးထားပြီး ရှိနေတာကိုတော့ မနာလို မရှုစိမ့်နိုင်ခဲ့။ ဆုံးရှုံးရတော့မည်ဟူသည့် ချစ်ခြင်းမေတ္တာဖြစ်ဒဏ်က သူ့ထံကို နောင်တတရားအဖြစ် အရှိန်အဟုန်ပြင်းပြင်းနှင့် ရောက်လာဟော့တာပါလေ။

မိုးသောက်ကြယ်

အချစ်ဆိုတာ နာကျင်စရာပါ။

သို့သော်... အဲဒီနာကျင်စရာက အချစ်ကို ရပ်တန့်ပစ်လို့မရပါဘူး။

အဆုံးစွန်အထိ ဆက်သွားရမယ့် ခရီးလမ်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

''ဒါနဲ့ပဲ အလုပ်ထွက်လိုက်ပြီဆိုပါတော့''

''အင်းလေ ... ဘာလုပ်မှာလဲ၊ ဒီလောက်စိတ်ရှုပ်စရာကြီး ကို''

''အေးလေ ... ဟုတ်ပါတယ်၊ ငယ်လေးအသက်အရွယ် တခြားမှာ ရှာလို့ရတာပါပဲ''

မလေးက သားသားအဝတ်တွေ မီးပူတိုက်ထားတာကို အ သပ်သပ်၊ ဘောင်းဘီသပ်သပ် စသဖြင့် ခွဲနေပြီး ဗီရိုထဲထည့်သိမ်း ပါ၏။ ပက်လက်လေးဖြစ်နေပြီး ခြေကားယား လက်ကားယား နေသည့် သားသားကို သူမက ကျောက်ဂျက်လှုပ်ကာ မြူနေမိပါသည်။





လုပ်ဝင်နေတာနှင့် ဒီကောင် ဤမျှအထိ ကြီးနေတာတောင် မသိပါ နေ့ဘ်။

''အံ့မယ် ... အံ့မယ်၊ သဘောကျနေလိုက်တာ တယ်အမျိုး တဲ့ ကောင်ပဲ''

''နာမည်အတည်ဖြစ်သွားပြီလား''

''အေး ... တခြားနာမည်တွေက နင်တို့ပေးတဲ့နာမည် ာက်မှ မလှတာကိုး''

''ပုလဲ ပေးတာပါနော်''

''သူကလည်း အလှူပေးပါတယ်ရှင်၊ နင်ချည်း အနိုင်မရ င်ပါနဲ့၊ တကယ်ပါပဲ''

''သူလာသေးလို့လား''

''လာပ့ါ ... လာပ့ါ၊ အားတာနဲ့ သူညီဆီ အပြေးပေါက် လာတော့တာပါပဲ၊ မတွေ့ချင်မှအဆုံး၊ ညီအစ်ကိုက ရှားတာကိုး''

သူမ နှာခေါင်းရှုံ့လိုက်မိပါ၏။ အမြင်ကတ်လိုက်တာနော်။ မ မအားတာနဲ့ သားသားကို သူက ပိုရင်းနှီးခွင့်ရပြီး ပိုချစ်နေတာကို၊ ောင်ကလည်း အဒေါ်မြူတာထက် သူ အော်ဟစ်ဖျစ်ညှစ် စနောက် ာကို ပိုသဘောကျတော့ ခက်သားလား။

''ကိုလေးရော''

''ပြန်လာတော့မယ်၊ သူပြန်လာရင် အဲဒီအမြီးက ကပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာရော၊ နင်တွေ့ချင်ပါ့မလား''

''အနေသာကြီးပါ မလေးရာ ... အေးဆေး''

''ဟဲ့ ... ဟို model girl နဲ့ ဘာလိုလိုဆိုတဲ့သတင်း မဟုတ်ဘူးဆို၊ သူ့ Video ရိုက်တော့ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ဝန်ခံတယ်ဆိုလား''

''စိတ်မဝင်စားပါဘူး''

''အေးပါ ... ပြတ်နိုင်ရင် ကောင်းတာပေါ့၊ ငါတော့ ဒီကို ဝင်ထွက်နေတာ မရိုးသားဘူးထင်တာပဲ၊ နင်တို့ ဆက်ရန်ရှိ သည် ဟုတ်လားလို့''

''ပုလဲက ကျော့ပေးပြီးရင် ပြန်လှည့်မကြည့်တတ်ဘူး။ ဖြတ်ချင်လို့ ပြတ်ခဲ့တာမို့ ရင်ထဲ ပိုနာရတယ်''

''ဒဏ်ရာမပျောက်သေးဘူး ဆိုပါတော့''

''ပျောက်လုနီးပါး ဖြစ်နေပါပြီနော်၊ ခင်းနဲ့မတွေ့ချင်တာ ရှိတယ်၊ စကားပြောရလည်း သူငယ်ချင်းပေါ့၊ မျက်နှာပူစရာမ တာ၊ ပုလဲဘက်က လွန်ခဲ့တာမှမဟုတ်ဘဲ''

စကားပြတ်သွားပါ၏။ သာသာရှူးပေါက်လိုက်ပြီးမှ မလေး သန့်စင်ကာ ပေါင်ဒါဖြူးပေးလျက် ဘောင်းဘီလဲပေးလေသည်။ က ကလေးသေးစိုဘောင်းဘီကို ယူကာ ရေချိုးခန်းထဲဝင်လျှ ရေဆောင့်ဆေးလျက် ဆပ်ပြာမှုန့်ဖြင့် အနံ့ပျောက်အောင် လျှော်လို





ပါသည်။ မလေးက သာသာအညစ်အကြေးအဝတ်တို့ကို အကြာကြီး စိမ်ထားတာကို မနှစ်မြို့က်တာကို။ သူမ အခုလိုလုပ်ပေးတာမျိုး သူကလုပ်ပေးနိုင်လို့လား။ ဝေးလေစွ။ ကလေးကိုချစ်တော့ ချစ်ဝတ် ပြီး ညစ်ပတ်လျှင် အော်ပြေးတော့တာပါလေ။

''အသစ်ရှာတွေ့ပြီလား''

''ဘာကိုလဲ''

''ရင်ခုန်ဘက်လေ''

နာခေါင်းရှုံ့ပြကာ Hanger ဖြင့်ချိတ်လျက် ဝရန်တာမှာ သွားလှမ်းလိုက်ပါ၏။ ခြံထဲ ကားဝင်လာသည်က နှစ်စီးမို့ ကိုလေးနှင့် အတူ သူပါလာပြီမှန်း သိလိုက်ပါသည်။ မမြင်ချင်ပါဘဲ မြင်ရဦးမှာပါ လား။ အင်းပေါ့လေ၊ ဟိုဘက်ဒီဘက် အမျိုးဖြစ်နေမှတော့ မတွေ့ချင် ပါပဲ တွေ့နေရဦးမှာကို။

''ကိုလေးက နင့်ကို အိမ်ကယောက်ျားပေးစားတော့မယ် ဆိုပြီး ပြောထားတာ''

''ယူမှာပါ ... စိတ်ချ၊ မေမေလည်း ပြောတာပဲ၊ ပုလဲက ငယ်သေးလို့ဆိုပြီး တားထားလို့''

''တကယ်ခေါင်းညိတ်မှာလား''

''ညိတ်မှာပေါ့၊ တစ်သက်လုံး အပျိုကြီးဘဝမျိုးနဲ့တော့ အချိန် မထုတ်နိုင်ချင်ပေါင်၊ ပျင်းစရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"မကြီးကြားရင် နာကာစ်နေဦးမယ်"

"ကစ်ပါစေ . . . အမြင်ကပ်လွန်းလို့ သူ့ထက်ကို ပုလဲအရင် ယောက်ျားယူပြဦးမယ်၊ အလကား စိတ်ပုပ်အူပုပ်ကြီး"

"ကိုယ့်အစ်မကို ဒီလိုပြောရလား"

"မလေးကရော ချစ်လို့လား၊ ပုလဲကိုများ မုန်းတယ်တဲ့။ ပုလဲက ဆယ်ဆမက ပိုတောင်မုန်းသေး၊ စိတ်တိုတယ်၊ လက်ထဲ မရောက်သေးတဲ့အရာကို ငါ့ဟာဆိုပြီး ဥစ္စာခြောက်ပြနေတာ"

"သူတို့အစီအစဉ် ပျက်သွားတယ်ဆိုလားပဲ"

"မသိဘူးလေ"

"နင့်ကို အဲဒီ ကိုနေမင်းရှိန် တကယ်ပဲ သဘောကျနေတာ များလား အငယ်လေး"

"ဘယ်ကသာ"

"ဟဲ့ . . . မဟုတ်ဘဲနဲ့ နင့်ကို Secretary ခန့်မယ် ပြောမလား၊ မမကြီး ထွန့်ထွန့်လူးတာလည်း မပြောနဲ့"

"ဟုတ်ပ့ါ . . . အမြင်ကပ်ကပ်နဲ့ ကိုကိုကြီးဆီ ကပ်ပြီး လုပ်ပြရင် လဲသေသွားမလားပဲ"

ညီအစ်မနှစ်ယောက် ရယ်လိုက်စဉ် အရုပ်တွေပိုက်လျက် အခန်းထဲသို့ သူဝင်လာလေ၏။ သူမက မမြင်ဟန်ဆောင်ကာ သားသား အနှီးခြောက်တာတို့ကို မီးပူတိုက်ရန် အသာခေါက်ပေးကာ





ဆောင်းထဲထည့်ပေးနေမိပါသည်။ ရင်ခုန်သံတွေ အေးနေပါရောလား။

"အဲဒါ . . . တကယ်ပြောတာလား"

"ဟဲ့ . . . ဒီအရုပ်တွေ ဝယ်လာပြန်ပါပြီ၊ ထားစရာနေရာ မရှိပါဘူးလို့ဆိုနေ၊ အဲဒီမိုးသောက်ကတော့လေ၊ ပြောလည်း မရဘူး"

"ကိုယ်မေးတာ ဖြေဦးလေ ပုလဲ"

"ဘာကိစ္စဖြေရမှာလဲ၊ အနေသာကြီး"

"မဖြေလို့ရမလား။ ရှာစရာရှားလို့ မကြီးလူကို လုစရာလား"

"ဘာပြောတယ်"

"ဟဲ့ တိုးတိုး . . . နင်တို့နှစ်ယောက်ကလေ မြင်တာနဲ့ကိုက်ကြ ပြီ"

"အန်တီလေးညီမကို ကြည့်ဆုံးမထားမှပေါ့"

"အဲဒါ ငါ့ကိစ္စပါ။ နင့်အပူတစ်ပြားမှ မပါဘူး အနေသာကြီး"

"မနေသာလို့ပြောနေရတာပေါ့၊ ကိုယ့်လို super ထက် မင်းနာမည်က ဒီသတင်းမွှေးနေစရာလား။ နည်းနည်းပါးပါး ဆင်ခြင် ဦး"

သူမ နှုတ်ခမ်းကို နာနာကိုက်ထားလိုက်မိပါ၏။ မပတ်သက် အောင်နေပါလျက် ဘာကြောင့်များ ဒီသတင်းက ပေါက်ကြားရပါ သလဲ။ မေမေ့ကိုလာပြောသွားသည့် အန်တီကြီး။ သူမကို ဖုန်းထဲမှာ နားမခံသာအောင်ပြောဆိုလိုက်သည့် မမကြီး။ အခုတစ်ခါ သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါသည့် သူကပါ လက်ညှိုးညွှန်နေပြန်တာလေ။

ကောင်းပြီမိုးသောက်ကြယ်။ မြေဆိုတာ အနင်းခံမှ ငြိမ်ကျစ်လျစ်တယ်။ လူဆိုတာ ဖိနှိပ်မှ ပိုပြီးရုန်းကန်ထကြွတတ်သဘာဝပဲ။ ဒီတော့ လူတွေပြောနေတဲ့ ကောလာဟလအတိုင်း အလိုက်သင့်စီးမျောလိုက်တော့မယ်၊ ဒါပဲ။

''နင်ပြောစရာ ဘာမှမလိုပါဘူး၊ ပုလဲဘာသာ ဘယ်သူ့ကြိုက်ကြိုက်''

''မကြိုက်ရဘူး''

''ဘာ''

''ဟဲ့ . . . ဒီလောက်ပြောနေတာကို''

''မကြိုက်ရဘူးလို့ ပြောနေတာလေ''

''ကြိုက်တော့ ဘာဖြစ်လဲ၊ ကြိုက်ကိုပြန်ကြိုက်ဦးမှာ၊ ဘက်က ဒီလောက်ဂရုစိုက်ပြ၊ အရိပ်ကြည့်ပြနေမှတော့ ခေါင်းညိတ်လိုက်ရုံပဲ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ လာမပြောနဲ့''

''ပုလဲ''

''ဟာ . . . ပြေပြေလည်လည်ပြောကြလေ၊ ငါသားလန့်တော့မှာပဲ၊ ဝရန်တာမှာထွက်ပြောကြ၊ အငယ်လေးကလည်း နိုးလျှော့မှပေါ့''

''လေးလေးညီမက အခွဲ့တိုက်ပြီး ဟိုလူကို ပြန်ကြိုက်မယ်





ပြောနေပြီဗျို့''

''အဲဒါ . . . သူ့ကိစ္စလေ မိုးသောက်ရာ''

''မရဘူး၊ ကျွန်တော်တောင် နှင်းပွင့်နဲ့ကိစ္စ ပြီးပြတ်အောင် ချုပ်ထားတာ၊ သူက ဇာတ်လမ်းထပ်ရှုပ်စရာလား''

''ပုလဲပြန်တော့မယ်''

''မပြန်နဲ့ဦး၊ ပြောစရာကျန်သေးတယ်''

''နင်နော်''

သူက သူမလက်မောင်းမှဆွဲခေါ်လာတာမို့ ဝရန်တာကို ရောက်ခဲ့ပြန်လေ၏။ ဘယ်လိုကြီးလဲ၊ လူကို ပိုင်စိုးပိုင်နင်း လုပ်တတ်တဲ့အကျင့်က ခုထိ မပျောက်သေးပါလား။ လက်ကိုဆောင့်ရုန်းလိုက်ပြီး ယောက်ျားအားကို မယှဉ်သာပါလား။ စိတ်တိုလိုက်တာနော်။

''ပြော''

''ဘာပြောရမှာလဲ၊ ပြောစရာ ဘာမှမရှိဘူး''

''အိမ်ကပေးစားတော့မယ်ဆိုတာ ဟုတ်လား''

''ဟုတ်တယ်''

''ဘယ်သူနဲ့လဲ၊ ခုနပြောတဲ့လူနဲ့လား''

''ဟုတ်တယ် . . . ဟုတ်တယ်၊ ကိုကိုကြီးနဲ့ ပေးစားတော့မှာ စဉ်းစားရင်းမှုနေတာ သိပြီလား''

''ပုလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ဟိုမှာတော့ ကိုကိုကြီး ခလုတ်တိုက် လျှောကျ
မိနေပြီလားမသိ။ ဒီမှာတော့ သူမက စိတ်ပေါက်ပေါက်ဖြင့် ပြောချင်
လျှောက်ပြောနေမိတော့တာလေ။ အခုမှ လူရှေ့လာပြီး မျောက်မီး
ကိုင်သလို လုပ်ပြမနေနဲ့။ ပုလဲတို့က အနေသာကြီး။

"အဲဒီလူကို မချစ်ဘဲ ခေါင်းညိတ်စရာလား။ မင်းဘဝ
သက်တာအတွက် စဉ်းစားရမှာကွ"

"ဘာဖြစ်လဲ . . . နင့်ထက်အများကြီး အပုံကြီးသာနေ
မနာလို ဖြစ်နေတာလား။ ပုလဲတာသာ ဘယ်သူကြိုက်ကြိုက် ဘယ်
ယူယူ နင်နဲ့မဆိုင်ဘူး"

"မယူရဘူး"

"ဘာ"

"မင်းအသက် အခုမှ ငယ်ငယ်လေးရှိသေးတာ၊ ယူ
လား၊ ကိုယ့်ကို ရွဲ့မပြနဲ့ ပုလဲဖြူဖြူ"

"အံမာ . . . လာလာသေး"

ကြည့်စမ်း၊ လူကို သူ့အဆက်ပောင်းဆိုပြီး ပစ်ချင်သ
ပစ် ခေါ်ချင်သလိုခေါ်ရအောင် အထင်သေးလှချည်လား။ ပုလဲဖြူ
ဆိုတာ မိုးသောက်ကြယ်ဆိုတဲ့ အချစ်ဦးကို မျှော်လင့်ချက်တွေ တစ်
တစ်ပိုက်နဲ့ လွမ်းဆွတ်တမ်းတနေမယ့်သူလို့များ ထင်နေလေသလာ

ပုလဲက နင် ထည်လဲတွဲနေတဲ့မိန်းမတွေထဲ မပါဝင်





မိုးသောက်ကြယ်။ ငါ့အကြောင်း နင် ကောင်းကောင်းကြီး သိစေရမယ်
မှတ်။

"ဘာမှ ရွဲ့ပြစရာအကြောင်းမရှိဘူး"

"ဒါ . . . အရွဲ့တိုက်တာ မဟုတ်ရင် ဘာလဲ"

"ဒီမှာ မိုးသောက်ကြယ်"

"____"

"ပုလဲဖြူဖြူကို အထင်တသေးနဲ့ လျှော့တွက်နေတာလား"

"ပုလဲ . . . မင်း"

"ငါထားပစ်ခဲ့တဲ့ကောင်မလေး . . . ငါပြန်ခေါ်တာနဲ့ ငါ့
ရင်ခွင်ထဲ အပြေးပြန်ဝင်လာမယ်ဆိုပြီးတော့လေ"

"ဟာ . . . ပုလဲ"

"ပုလဲက အရှုံးမှမဟုတ်တာ၊ အချစ်ကြောင့် ပုလဲဖြူဖြူ
ရှုံးသွပ်သေးဘူး မိုးသောက်ကြယ်၊ နင် သွန်လိုသွန် မှောက်ချင်
သလို မှောက်လို့ရတဲ့အရုပ် မဟုတ်ဘူး၊ သက်ရှိလူသားပါ၊ နှလုံးသား
က နှစ်နှစ်ကာကာချစ်တတ်သလို ရင်ခုန်ခြင်းတွေ အများကြီးဖြစ်စေ
တတ်တဲ့ မိန်းကလေးပါ၊ နင့်ကြောင့် ဒီနေရာမှာ အခုထိ နာနေတုန်း
ပဲ"

ရင်ဘတ်ကို ထုပြလိုက်တာမို့ သူ အံ့သြသွားလေ၏။ မျ
လာသည့် မျက်ရည်ကို ထိန်းလိုက်ရပါသည်။ မျက်ရည်ကျလို့ဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်။ ကျောပေးပြီးမှတော့ ဆန့်ကျင်ဘက်လမ်းကိုသာ သူမ ရွေးချယ်နိုင်ရမှာလေ။ အနာခံရပြီးရင် အသာစံရမယ့်အခွင့်ကို ရရှိပိုင်ဆိုင်ရမှာ မဟုတ်လား။

ရင်ကို ဒဏ်ရာဖြစ်စေခဲ့သည့်သူ၊ နှလုံးသားကို မှုန်းစေခဲ့သည့် ပမကြီး၊ မေမေတို့ညီအစ်မချင်း မခေါ်မပြောဖြစ်တဲ့အထိ ဖြစ်သွားစေတဲ့ အန်တီကြီး စသည့် စသည်တို့ကို အနိုင်ရစေမည့်နည်းလမ်းက ဤတစ်ခုတည်းသာရှိတာ မဟုတ်ပါလား။ ငြိမ်နေသည့်လူကို နောက်က တွန်းနေမှတော့ ရှေ့ကို ခြေလှမ်းစရတော့မှာပါလေ။

"ထားပါတော့၊ ရှေ့ဘဝဆုတောင်းမှားခဲ့မိလို့ ခံရတယ်လို့ပဲ မှတ်လိုက်ပါ့မယ်၊ နင်သိထားဖို့က နင့်သုံးနေကျ Tissue paper လို ပုလဲကို သုံးချင်တဲ့အချိန်သုံးပြီး လွှင့်ပစ်ချင်သလို ပစ်ခဲ့ပြီးပြီ မိုးသောက်ကြယ်၊ ပုလဲတို့ဇာတ်လမ်းက ပြီးသွားပြီ ပြီးတာမှ တိခနဲပြတ်သွားတာရှင့်"

"ကိုယ့်ဘက်က ပြီးမှမပြီးသေးတာ၊ ကိုယ် ပုလဲကိုချစ်နေမိတုန်းပဲ"

"ဘာ"

သူမ ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိလေ၏။ ချစ်နေတုန်းပဲတဲ့လား။ သူ သရုပ်ဆောင်တိုင်းပြောနေကျ Dialogue တွေ လာ ရွတ်ပြရအောင် သူမက မသိနားမလည်သေးတဲ့ ဆယ်ကျော်သက်





သေးမှ မဟုတ်တော့တာလေ။ ပုံပြောကောင်းတဲ့ကောင်လေးရဲ့စကားတွေထဲ ပျော်ဝင်ခဲ့တဲ့အိပ်မက် နိုးထခဲ့ပါပြီ မိုးသောက်ကြယ်။

"ချစ်နေတုန်း ဟုတ်လား။ ယုံအောင်ပြောစမ်းပါ မိုးသောက်ကြယ်ရယ်၊ ပုလဲကို အလွယ်တကူ ယုံကြည်ပြီးပါလာမယ်လို့ ထင်ထားနဲ့၊ လျှော့မတွက်လိုက်နဲ့ မိုးသောက်ကြယ်၊ နင်သင်ပေးခဲ့လို့ ပုလဲမြှုမြှုက အချစ်ပုစ္ဆာတွေကို ကောင်းကောင်းဖြေရှင်းနိုင်နေပြီရှင့်"

"ပုလဲရယ် . . . ကိုယ်"

သူမ ဖုန်းနံပါတ်တစ်ခုကို နှိပ်၍ခေါ်လိုက်ပါ၏။ ခိုန်ခေါ်ရင် သွားမခတ်ကြေးမဟုတ်ပါလား။ မိုက်သည်ဟု ဆိုချင်ဆို မျက်စိစုံမှိတ်ပြီး မှုတ်းလိုက်တော့မှာပါလေ၊ ရှေ့လမ်းမကြီးမှာ ဆူးတွေအပြည့်ရှိနေရင်တောင် ရဲရဲကြီး နင်းပြရဲရမှာပေါ့။

"ဟယ်လို ကိုကြီး . . . ပုလဲ မနက်ဖြန်အလုပ်စဝင်တော့မယ်လို့ ပြောတာပါ။ ဟုတ်ကဲ့ . . . (၉) နာရီမထိုးခင် အရောက်လာခဲ့ပါမယ်၊ ကျေးဇူးပါ . . . ကျေးဇူးပါပဲ ကိုကြီး"

သူ့ထံမှ တက်ခေါက်သံထွက်လာလေ၏။ ကဲ မှတ်ပြီလား။ ဖုန်းကိုပိတ်လိုက်ပြီး သူ့ရှေ့မှ အိမ်ထဲပြန်ဝင်ခဲ့တော့၏။ နင်ချန်ခဲ့တဲ့နေရာမှာ ပုလဲကျန်ခဲ့တာ ကြာပါပြီကော မိုးသောက်ကြယ်ရယ်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကုမ္ပဏီဆိုင်းဘုတ်ကိုမော့ကြည့်ရင်း ပြုံးလိုက်မိပါ၏။ နော
ဆုံးတော့လည်း တားမြစ်တဲ့သံဆူးကြိုးစည်းကို နင်းဖြတ်ပြီး ဒီ
ရောက်လာပြီမဟုတ်ပါလား။ မုန်းတယ်တဲ့လား မမကြီး။ ပုလဲ
ကိုယ့်ကိုမုန်းရင် အသက်ဆုံးတိုင် မုန်းအောင်လို့ ပြန်လုပ်ပြတာ
ငယ်စဉ်ကတည်းက အကျင့်ရှိခဲ့တာ မသိဘူးတဲ့လား။

ရေမစီးအောင် မြောင်းကိုပိတ်လည်း ရေဆိုတာ အပေါက်
ထွက်တတ်သလို ဘောင်ကျော်ပြီးလည်း လျှံတက်တာပါ။ ဒီ
ပုလဲလည်း ရေအလျဉ်နဲ့အတူ စီးမျောလိုက်ပါရုံ ရှိတော့ပေမပေ့
လူဆိုတာ မလုပ်နဲ့လို့တားရင် အဲဒီအရာကို လုပ်ကိုလုပ်





ကျေနပ်နိုင်တာပါလေ။

Jest do it, White Pearl!

"GM ဦးနေမင်းရှိန်နဲ့ တွေ့ချင်လို့ပါရှင်"

"ဪ ဟုတ်ကဲ့ . . . GM က ခဏနေမှဒီကိုရောက်မှာပါ၊ မပုလဲဖြူဖြူလား"

"ဟုတ်ပါတယ်"

"ခဏလောက်ထိုင်စောင့်ပေးပါနော်၊ သိပ်မကြာခင် ရောက်တော့မှာပါ၊ GM မှာထားပါတယ်"

စာရေးမလေး ညွှန်ပြလိုက်သည့် ဧည့်ဆောင်ခုံမှာ တစ်ယောက်တည်း သွားထိုင်လိုက်ရပါ၏။ ခြေဖမိုးနှစ်ခုကို ယှက်ထားပြီးနောက် လက်မှနာရီကို တစ်ချက်ကြည့်လိုက်မိသည်။ မနက် (၈) နာရီ (၄၅) ရောက်နေတာတောင် GM က မရောက်သေးပါလား။ အင်းပေါ့လေ၊ လူကြီးဆိုတော့ နောက်ကျမှရောက်ပေမပေါ့။ စောင့်ဆိုသည်း စောင့်ရုံပဲလေ။

Door man ဆွဲဖွင့်ပေးလိုက်သည့် မှန်တံခါးမှ သူ ဝင်လိုက်ပါ၏။ ညက ကောင်းကောင်းပင် အိပ်မပျော်ခဲ့။ သို့သော် မနက်မိုးအလင်းမှာဖြင့် ခေါင်းကကြည်လင်ပြီး မျက်နှာပေါ်မှာ အပြုံးတွေအပြည့်ဖြင့် နိုးထခဲ့တာပါ။ ဘယ်လောက်များ ပျော်စရာကောင်းလိုက်ပါသနည်း။ သူ အရိပ်တကြည့်ကြည့်ဖြင့် ရှိစေချင်သည့်မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်မြင်တွေ့ခွင့်ရတော့မှာလေ။

မင်းက ကိုယ့်အတွက် နှလုံးသွေးဂါးလေးပါပဲလား ဟု

ဖြူဖြူ။

"စောင့်ရတာ ပျင်းနေပြီလား"

"ဩော် . . . ကိုကိုကြီးရောက်လာပြီ"

"ရောက်တာစောသားပဲ၊ လာလေ အပေါ်တက်ကြစို့"

သူ ဦးဆောင်ခေါ်လာသည့် lift ထဲသို့ သူမ လိုက်ဝင်ခဲ့

၏။ ဝန်ထမ်း lift မဟုတ်တာမို့ အတွင်းမှာ သူနှင့်သူမ နှစ်ယော

တည်းသာရှိနေလေသည်။ ရင်တွေခုန်လိုက်တာနော်။ အဘယ်

ကြည်နူးစရာကောင်းလိုက်ပါသလဲ။ အပြုံးဖြင့် ငုံကြည့်စဉ် မျက်

မော့ကြည့်လိုက်သည့် မျက်ဝန်းတောက်တောက်လေးတွေနှင့် ဆုံ

ပါ၏။ ရင်ထဲမှာ ဒိန်းခနဲမြည်ချေပြီ။

"ဘာတွေသဘောကျလာလို့လဲဟင်"

"ကိုယ်လား"

"အင်းပေါ့"

"ပျော်လို့ပေါ့ ပုလဲရဲ့"

"ဘာကြောင့်လဲ"

"မင်းပဲ စဉ်းစားကြည့်လေ၊ ကိုယ့်ဘေးမှာ Secreta

လှလှလေးရှိတာလောက် ကြည်နူးစရာဘာရှိတော့မှာလဲ၊ ကိုယ်ခေါ်





တိုင်း လိုက်လာပေးတဲ့အတွက် Thanks"

သူမ မျက်လုံးလေးဝိုင်းသွားရပါ၏။ အလို သူမကို တကယ်

နေပုံပါလား။ ဝန်ထမ်းအသစ်လေးကဖြင့် ဘာဆို ဘာမှ မတတ်

လေ။ စမ်းတဝါးဝါးဖြင့် အများတွေလုပ်မိရင် ဘယ်လိုလုပ်မလဲ။

အောင်ခံ အဆူခံထိဖို့က (80%) လောက်ရှိမှာမဟုတ်ပါလား။

"မမကြီးက"

"ကိုယ် မြစိမ်းအကြောင်းမသိချင်ဘူး"

"ရှင်"

"ကိုယ့်ကုမ္ပဏီမှာ ကိုယ့်အကြောင်းရယ်၊ မင်းအကြောင်းရယ်

တော့ အလုပ်အကြောင်းရယ်ကလွဲပြီး ဘာမှမပြောကြေး ဟုတ်ပြီ

း"

ဘုရားရေ၊ ဘယ်လိုကြီးလဲ။ မမကြီးထင်သလိုတွေ ဖြစ်လာ

တော့မှာလား။ အိုလေ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှသာ မြည်နိုင်တာ

သူမဘက်က အနေမှန်ရင် ဒီလို ဒီလိုတွေ ဖြစ်လာစရာအကြောင်း

ရှိတာလေ။ ပတ်သက်ခဲ့ဖူးသည့် လူနှင့် ဆန့်ကျင်စွာ အနေတည်

ပြာချိုသာသည့် လူကြီးက သူမလို ချာတိတ်မလေးကို စိတ်ဝင်စား

လား။ စိုးရိမ်တတ်ရန်ကော ပုလဲဖြူဖြူ။

"လာ . . . ဒါ ကိုယ့်ရုံးခန်းပဲ"

အခန်းတစ်ခုထဲသို့ တံခါးဖွင့်ဝင်လိုက်စဉ် . . . အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းက မတ်တတ်ရပ်လျက် အရိုအသေပြုလေ၏။ ဘာလဲ သူ့
အတွင်းရေးမှူးရှိနေပါလျက် သူမကို တမင်တကာ အလုပ်ထပ်ခိုင်း
တာများလား။ အတွင်းရုံးခန်းထဲဝင်စဉ် GM အလုပ်စားပွဲနှင့် မျက်
စောင်းထိုး ခပ်နီးနီးနေရာမှာ (သူမအတွက်ထင့်) စားပွဲ computer
နှင့် ခုံရှိနေလေသည်။

ပြဿနာပဲ၊ ဒီလိုကြီး တစ်နေကုန် အဲ အလုပ်ချိန် (ရှစ်
နာရီကျော် နှစ်ယောက်တည်း အတူတူရှိနေရမှာလား။ စိတ်ရှုပ်စရာ
ကြီးပါလား။ ကြိုမမြင်နိုင်တဲ့အရာတွေကို ကြိုတွေးစဉ်းစားတတ်ရမယ်
ဆိုတာ မှန်နေပါရောလေ။ သူက သူမထိုင်ရန် ခုံကို လက်ဖြင့်ပြလိုက်
လေ၏။

"ဒီမှာ မင်းထိုင်ရမှာ"

"ပုလဲ ပြောထားတယ်နော်၊ ပုလဲ ဘာမှ ဟုတ်တိပတ်တိ
မတတ်ဘူးလို့"

"ကိုယ်သင်ပေးမယ်လို့ ပြောပြီးပြီလေ၊ ထိုင်ပါ computer
ရော ရိုက်တတ်ရဲ့လား"

"နည်းနည်းပါးပါး"

"စာရင်းဇယားတွေရော"

"အဲဒါလည်း နည်းနည်းပါးပါး"

"ဒါဖြင့် . . . များများစားစားလုပ်တတ်တာ ဘာများရှိသလဲ"





"အိပ်တာ၊ စားတာနဲ့ သဝေထိုးတာ"

သူ ဟက်ဟက်ပက်ပက်ရယ်မိလေတော့၏။ ကြည့်ပါဦး၊
အသယ်မျှ ပွင့်လင်းရိုးသားသည့် ကောင်မလေးပါလိမ့်။ မျက်နှာထက်
မှာ ဘာမှ ဖုံးကွယ်သိုဝှက်ထားတာမျိုး လုံးဝမရှိဘဲ ကြည်လင်ရှင်းလင်း
နေတာပါလေ။ မိန်းကလေးဆိုတာ စကားကို ထိန်းပြောတတ်ပြီး
သနေ့ အခေါ်အဝေါ်ပဲ ခပ်များများနှင့် ဟန်လုပ်တတ်တာမျိုးသာ ရှိ
တတ်ကြတာပါ။

အခုလို စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပြောတတ်တဲ့ မိန်းကလေးမျိုး
က လက်ချိုးရေတွက်နိုင်တာ မဟုတ်ပါလား။ ဒီလို ပွင့်လင်းရိုးသားတဲ့
ကောင်မလေးကိုမှ ဟိုချာတိတ်က ဘာအကြောင်းကြောင့် ဖြတ်ခဲ့တာ
ပါလိမ့်။ ထားလိုက်ပါ၊ တွေ့စတုန်းကလို ဝေဝေငေးမော ညှိုးငယ်နေ
တဲ့ပုံစံမျိုး သူမမှာ ယခုမရှိတော့တာဘဲ တော်သေးသည်လေ။

"လောလောဆယ် မကျွမ်းကျင်သေးလို့ တာဝန်တွေ အများ
ကြီး မပေးသေးပါဘူး။ ဖြည်းဖြည်းချင်း သင်ပေးမှာပါ"

"ကိုကိုကြီး"

"ဗျာ"

"ခေါ်လို့မဖြစ်တော့ဘူးထင်တယ်၊ GM လို့ ပြောင်းခေါ်ရ
မလားဟင်"

သူ ပြုံးမိပြန်၏။ မနေ့က ဖုန်းထဲကနေ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သည့် ကိုကြီးဟူသည့်အသံလေးက အဘယ်မျှ သူ့ရင်ကို ခုန်စေခဲ့ပါသလဲ။ အလုပ်လုပ်နေရင်း ရုတ်တရက်ကြားလိုက်ရတော့ လူက ကယောင်ချောက်ချားဖြစ်ပြီး အမှားမှားအယွင်းယွင်းတွေ ဖြစ်ကုန်တော့တာပါ။ ကိုကြီး . . . ကိုကြီးတဲ့။ ဘေးနားကနေ ကပ်ပြီး ခေါ်လိုက်သည့်နှယ် ရင်ကို ဒိန်းခနဲဆောင့်ခုန်စေခဲ့တာလေ။ အဲ ခေါ်သံလေးကို တစ်သက်လုံး ကြားချင်တယ်ဆိုရင် ပိုတယ်ထင်ကြဦး မလား။

"ဟင်လို့ ပြန်မဖြေဘဲ ဘာလို့ ပြုံးနေတာလဲ"

"သဘော"

"အာ . . . အဲဒီလို ဘယ်ရပါ့မလဲ၊ ပုလဲကို သတ်သတ်မှတ် မှတ် ခေါ်ခွင့်ပေးရမှာလေ"

"ကိုကိုကြီးလို့ခေါ်ရအောင် ဘယ်သူသင်ပေးတာလဲ"

"အဲ"

သူက လက်ပိုက်လျက် မေးလိုက်သဖြင့် သူမ တွေသွားရ သည်။ ဟုတ်သားပဲ။ မမကြီးနဲ့ ဆက်နွှယ်ပြီး အစ်ကိုကြီးတော်ရမှာကို မစဉ်းစားမိဘဲ လွှတ်ခနဲခေါ်ခဲ့မိတာပါ။ ဒါကို မှတ်မှတ်ရရ ရှိနေတာ တဲ့လား။ ထူးဆန်းလေစွ။ မမကြီးနှင့်ဆုံရင် ဟန်ပန်အမူအရာတည်ပြီး စကားများများ မပြောသည့်လူက သူမနှင့်တော့ စကားတွေ ချိုသာစွာ ပြောပြီး မျက်နှာမှာ အပြုံးတွေ ဝေဆာနေလို့ပါလေ။





"အဲဒါက မမကြီးနဲ့ Engage လုပ်မယ့်သူလို့ ပြောလို့ပါ၊ အလေးရဲ့အမျိုးသားကို ပုလဲက ကိုလေးလို့ ခေါ်တာလေ"

"ဒါဖြင့် . . . ကိုယ်က ကိုကြီးဖြစ်ရမှာပေါ့။ မဟုတ်ဘူးလား"

"ဟင် . . . မဟုတ်ဘူးလေ၊ မမကြီးဆိုမှတော့ ကိုကိုကြီး ပေါ့ အာ . . . ပုလဲကို နောက်နေတာမဟုတ်လား"

"ဟင်း ဟင်း . . . ကြိုက်သလိုခေါ်ပါဗျာ၊ နာမည်က အရေး မကြီးပါဘူး။ တစ်ခုပဲ သိထားပါ၊ မြစိမ်းနဲ့ကိုယ်က လုပ်ငန်းကိစ္စကလွဲပြီး ဘာပတ်သက်မှုမှမရှိဘူးဆိုတာပါပဲ"

အလို အခုပဲ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်ဆိုပြီး ဟန်ရေးပြခဲ့ သည့် မမကြီးက နောက်ဆုံးတော့ ဘာတွေဖြစ်ကုန်တာပါလိမ့်။ ဒါ ကြောင့် ရှက်ရမ်းရမ်းပြီး သူမတို့အိမ်ကို လာပြောသွားတာပေါ့လေ။ အနေအထိုင် မတတ်လို့တဲ့။ အဘယ်မျှ အထင်တသေးနဲ့ ပြောတဲ့ စကားလုံးပါလဲ။ တကယ်ဆို ရောက်ဆုံဖို့အကြောင်းပါလာရင် တမင် အကာ ဖန်တီးယူစရာမလိုအပ်ပါဘဲ ကံကြမ္မာက သူ့အလိုလို ဖန်တီး ပေးလာမှာပါလေ။

"ဒါက အလုပ်ဆင်းတက်လုပ်ရမယ့် Time table၊ လော လောဆယ် မင်းမကျွမ်းကျင်သေးတာမို့ သင်းရန့်ကိုပဲ အကုန်လွှဲထားရ တယ်"

"သင်းရန့်၊ နာမည်လေးက လှလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . လေများမနေနဲ့၊ အလုပ်ကို ကြိုးစားလုပ်ပါ"

သူက သူမကို computer ဖွင့်ခိုင်းပြီး တစ်စာရိုက် ကျွမ်း… မှု ရှိမရှိ စမ်းသပ်လေ၏။ Intercon မှဝင်လာသည့် အသံကြော… ဖုန်း တစ်ဂွမ်ဂွမ်လာတာကို ဖြေရလေတော့၏။ သူမရိုက်ရန် ပေး… သည့်စာရွက်တို့ကို တစ်ရွက်ချင်း ခပ်မှန်မှန်စီကာ အလုပ်ထဲ … သွားရလေသည်။

"မဟုတ်ဘူးလေ၊ အဲဒီခလုတ်နှိပ်ရင် ကြာမှာပေါ့၊ Sho… Cut နည်း ကိုယ်သင်ပေးမယ်၊ ဒီမှာကြည့်"

ကိုယ်ကိုင်း၍ mouse ကို လှမ်းကိုင်လိုက်တာမို့ သူ… အသက်ကိုအောင့်ထားလိုက်မိပါ၏။ တခြားလက်တစ်ဖက်က သူ… ထိုင်နေသည့် ဆုံလည်ကုလားထိုင်ခုံ ကျောမှီကို ကိုင်ထား… Keyboard ထံ ရွှေ့လာတာမို့ စိတ်ကျဉ်းကျပ်သွားရလေသည်။ နှ… လည်း ရှင်းပြနေတာက သူမနားထဲ မကြားတစ်ချက် ကြားတစ်ချ… ပင်။ နားသယ်စပ်ကို ပင့်သက်လေနွေးနွေးလာထိတာမို့ ရင်ထဲ… တလှပ်လှပ်ဖြင့် ခုန်ပေါက်လာတော့တာပါပဲ။

ဘုရားရေ . . . ပုလဲတော့ ဒုက္ခအကြီးကြီးရောက်ပါ… လား။

"နားလည်လား"

"-----"





"ဒါလေးတောင် မတတ်ဘူးလား၊ ပြောတော့ သိတယ်ဆို ပြီ"

"ပုလဲ ပြောတယ်လေ . . . နည်းနည်းပါးပါးလို့"

"ဒါကြောင့် များများစားစားတတ်အောင် သင်ပေးနေတာ ပေါ့၊ ငြိမ်ငြိမ်လေးထိုင်လုပ်ရတာ မသက်သာဘူးလား၊ ဘာလဲ အလေး အပင်တွေ သယ်ပိုးပြီး လျှောက်သွားချင်လို့လား"

ခေါင်းကို လက်တစ်ဖက်ဖြင့် ဖိလိုက်တာမို့ သူမ အံ့သြသွား ရပါသည်။ ခေါင်းကိုင်လျှင် မကျေမနပ်ဖြစ်တတ်သည့် သူမကိုမှ ဤသို့ပြုမူရသတဲ့လား။ စတွေ့စဉ်ကတည်းက ဟိုတုန်းကတည်းကလို ရင်းနှီးနေသည့်ဟန်ဖြင့် ပြုံးပြသည့်အပြုံးနွေးနွေးကြောင့် သူမရင်ထဲ တစ်မျိုးကြီးဆိုမှ တကယ့်ကို တစ်မျိုးကြီးဖြစ်ခဲ့ရတာပင်။ အခုလို ရင်းနှီးမှုရှိလာတော့ ဘယ့်နှယ်လုပ်ရပါ့မလဲ။

"မှားနေပြီလေ၊ ရော် . . . ဒီချာတိတ်မကတော့ တစ်ခါပြရုံနဲ့ မတတ်ပါလားနော်၊ တုံးလိုက်တာ"

"အံမယ် . . . ပုလဲက မတုံးပါဘူးနော်"

"မတုံးရင် ချွန်လို့လား၊ ဘယ်နေရာမှာချွန်လဲ ပြောပါဦး"

နားထင်ကို လက်ညှိုးဖြင့် ဖိလိုက်တာမို့ သူမ နှုတ်ခမ်းလေး စူသွားရပါသည်။ လူကို နှိမ်သလိုပြောတာကိုတော့ မကြိုက်ပါဘူး။ သို့သော် သူ့ပုံစံက ပုလဲကို အထင်တသေးနှင့် နှိမ်ချဆက်ဆံတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ခပ်ဆိုးဆိုးညီမလေးကို အလိုလိုက်သည့် အစ်ကိုကြီး
ဖြစ်နေတာ မဟုတ်ပါလား။

"သိရင်လည်း ဘာလို့အလုပ်ခန့်သေးလဲ"

"ဟောကြည့် ... အလုပ်ခန့်တဲ့ကိုယ်ကပဲ အပြစ်ပြန်ဖြစ်
တယ်လို့၊ ဒီမှာချာတိတ်မရဲ့ ... လူဆိုတာ မွေးလာကတည်းက ဘယ်
သူမှ တတ်လာတဲ့သူရယ်လို့ မရှိဘူး၊ လေ့လာသင်ယူမှသာ တတ်
မြောက်ကြရတာ"

"ပုလဲကို ချာတိတ် ... ချာတိတ်လို့ မခေါ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"နားထဲမှာ နှိမ်သလိုကြီးဖြစ်နေလို့"

"ဒါဖြင့် ... ဘယ်လိုခေါ်ရမလဲ"

မျက်လွှာပင့်ကြည့်လိုက်စဉ် စိုက်ကြည့်နေပါသည့် မျက်ဝန်း
အစုံကြောင့် အကြည့်ကို ပြန်သိမ်းလိုက်ရပါသည်။ အောင်မယ်လေး
နော်၊ ဒီလိုသာဆက်သွားရရင် ပုလဲတော့ ကြာလာတာနဲ့အမျှ နှလုံး
ရောဂါ ဖြစ်ကိန်းဆိုက်တော့မှာပဲ။ လူကို တစိမ့်စိမ့်ကြည့်နေတဲ့ အကြည့်
မျိုးကို သူမချစ်သူထံမှ တစ်ခါတလေတောင် မရခဲ့တာပါလေ။ လူချင်း
ခပ်ခွာခွာရှိနေတာတောင် တစ်ကိုယ်လုံး ရှိန်းတိမ်းတိမ်း ဖိန်းတိမ်းတိမ်း
ခံစားမှုတွေ ဖြစ်ပေါ်စေတာ အဘယ့်ကြောင့်ပါနည်း။

"ဖြူလို့ ခေါ်မယ်ဆိုရင်ကော"





"ရှင်"

"အဲဒီနာမည်က မင်းနဲ့ပိုပြီးလိုက်ဖက်တယ် ပုလဲဖြူဖြူ
တ်နှလုံး ဖြူစင်တဲ့အရိပ်တွေက မင်းရဲ့မျက်ဝန်းမှာ အထင်းသား
ပေါ်လွင်နေတာပဲ၊ ကိုယ် သိပ်သဘောကျတယ် ဖြူ"

"ကို ... ကိုကိုကြီး"

"ဘာလဲ ... မျက်လုံးလေးကို သဘောကျတာပဲ မရဘူး
သား"

သူက တီးတိုးရယ်မောနိုင်ပေမယ့် သူမ မျက်နှာတစ်ခုလုံးက
ခြင်း ထူပူရှက်အမ်းနေတော့တာပါလေ။ ဦးနေမင်းရှိန်ရယ်၊ ပုလဲဖြူဖြူ
ရဲ့ တစ်ကိုယ်လုံးကို အရည်ပျော်ကျအောင်တော့ မကြီစယ်ချင်ပါနဲ့
သား။ နှလုံးသားက နုနယ်နေသေးလို့ပါရှင်ရယ်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"တောက်"

ဖုန်းကိုပိတ်လိုက်ပြီး ခပ်ပြင်းပြင်းတက်ခေါက်လိုက်မိပါ၏ ဘယ်လောက်ခံပြင်းစရာကောင်းလိုက်ပါသလဲ၊ ဒီလောက်ပြောထား လျက် မြစကားကို ထီမထင်ဟန်ဖြင့် သူမလုပ်ပြသွားတာလေ။ ပု ဖြူဖြူ ငါ့ကို လာယှဉ်ရအောင် နင့်အဆင့်ကို နင်မေ့နေတာများလား

"ဘာဖြစ်လာတာလဲ သမီး"

"သူ ... သူက အငယ်လေးကို အလုပ်ခန့်လိုက်ပြီ မေမေ"

"ဘယ်လို"

"အဲဒီလိုတွေ ဖြစ်လာမှာစိုးလို့ အတန်တန်တားခဲ့ပါရဲ့နဲ့"





မျက်ရည်တို့ ရစ်ဝဲလာတာမို့ စကားကိုရပ်လိုက်ရပါ၏။ အစောစီးစီး မင်္ဂလာမရှိသလိုဖြစ်ပါရောလား။ အိမ်မှာ သူနှင့် ဆက်သက်ပြီး ပြောဆိုဆွေးနွေးသည့်ကိစ္စက ခုတလော မရှိတော့ပါ သေး၊ မိဘတွေကအစ မြကို ငဲ့ညှာပြီး မပြောဖြစ်အောင် အတတ်နိုင် ဆုံး ရှောင်ပုံပါပဲ။ မြမှာသာ မြမှသာ သူ့အကြောင်းတွေကို နေ့စဉ်နှင့် အမျှ သတင်းစုံစမ်းနေမိတာ မဟုတ်ပါလား။

"သမီးဆိုလိုတာက"

"အငယ်လေးက မြကို တမင်အရွဲ့တိုက်ပြနေတာပါ မေမေ၊ မြကို ချိုးပြနေချင်နေတာ"

"အဲဒီလိုတော့ ဖေဖေလည်း မထင်ပါဘူး သမီးရယ်၊ ပုလဲက ကလေးလိုပဲ နေတတ်တာမျိုးပါ၊ အစ်မဖြစ်သူကို အာဃာတထားပါ့ မလား"

"ဖေဖေ မသိနိုင်ပါဘူး၊ မြတို့က မိန်းမချင်းမို့ ကြိုမြင်တာ ဖေဖေရဲ့"

"ဟုတ်တယ် အစ်ကို၊ ဖြူလည်း သမီးနဲ့အတူတူပဲ"

မေမေနှင့်မြ အကြည့်ဆုံသွားရပါ၏။ အတိတ်ဆိုတာ အရိပ် သဖွယ် လိုက်တတ်တယ်ဆိုတာများ မှန်နေပြီလား။ ဟိုးရှေးရှေးတုန်းက ဤသို့ပင် ဖြစ်ပျက်ခဲ့ဖူးတာပါလေ၊ အိမ်ကိုဝင်ထွက်ရင်း ညီအစ်မနှစ်ယောက် နှင့် ရင်းနှီးခွင့်ရခဲ့ပါသည့် ဦးအောင်ကြည် (ထိုစဉ်ကဖြင့် ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေါ့လေ) ထိုပုဂ္ဂိုလ်က ဣန္ဒြေအပြည့်ဖြင့် တင့်တယ်ချောမော လွန်းပါသည့် မရွှေဖြူအပေါ်မှာ စိတ်မပါဖြစ်ဘဲ သွက်လက်သော ဖော်ရွေသော၊ မြူးကြွသော မသန္တာအပေါ်မှာ မေတ္တာတွေ ပို့ခဲ့သတဲ့

လူကြီးတွေ၏သဘောကို မလွန်ဆန်နိုင်၍သာ မရွှေဖြူနှင့် အကြောင်းပါခဲ့သော်ငြား ကိုအောင်ကြည်၏ ရင်ထဲမှာ ယခုတိုင် ချစ် သူကို နေရာပေးထားမှန်း ဘယ်သူက မြင်နိုင်ပါမည်နည်း။ ဤနည်း ဤနှယ် ပုံပြင်တစ်ပုဒ်ရှိခဲ့တာမို့ မေမေ့ရင်ထဲမှာ ယခုတိုင် စူးဝင်နေသည့် ဆူးတစ်ချောင်းရှိခဲ့ရတာပင်။

ယခုတစ်ခါ မြအလှည့်မှာ နောက်တစ်ကြိမ် ဖြစ်လာရသတဲ့ လား။ ကံကြမ္မာရယ်၊ မေမေ့ကို တစ်ကြိမ်အနိုင်ပေးခဲ့ရင် မြကိုလည်း နောက်တစ်ကြိမ် ပေးလှည့်ပါ။ နေဦး တကယ်ပဲ မေမေနိုင်ခဲ့ပါသလား။ ကလေးတွေအကြောင်းပြောကြတိုင်း လူကြီးတွေနာမည်ပါလာတတ် ရင် ဖေဖေ့မျက်နှာတစ်မျိုးပြောင်းသွားတတ်တာ မဟုတ်ပါလား။ ဟုတ် တယ်၊ တကယ်တမ်း အနိုင်ရခဲ့တာက ဒေါ်ရွှေဖြူမဟုတ်ပါချေ။

"ကလေးတွေကိစ္စ ကာယကံရှင်တွေပဲ ဖြေရှင်းပါစေလား ဖြူ၊ လူကြီးတွေ မပါတာ ကောင်းလိမ့်မယ်၊ တဆိတ်ရှိ မသန္တာကို သွားမပူချင်ပါနဲ့"

"အစ်ကို့နှုတ်က ဒီနာမည်ရွတ်စရာမလိုပါဘူး"

"ဖြူတောင်မှမကြိုက်ရင် ဟိုက ပိုပြီးတောင် မနှစ်မြို့မှာပေါ့





ဖြူ သမီးကိုမှ သူ မနှစ်သက်တာ ဘယ်လိုအတင်းအကျပ် လုပ်ချင်နေ ရတာလဲ၊ ကိုယ်တို့ဘက်က သိက္ခာတောင်ကျစရာ ဖြစ်နေတယ် မဟုတ်လား"

"အစ်ကိုက အငယ်မဘက်က နာနေတာလား"

"ကျစ် ... မဆိုင်လိုက်တာ"

"ဆိုင်ပါသော်ကော အစ်ကို၊ မအေတုန်းကလည်း ဒီအချိုးပဲ၊ သမီးလည်း ဒီလမ်းအတိုင်းလိုက်လာတာ၊ ဘယ်လောက်ခံပြင်းစရာ ကောင်းလိုက်သလဲ၊ ဖြူတို့ ဒီလောက် အတန်တန်ပြောထားပါလျက်နဲ့ အမင်လုပ်ပြနေတာ"

"ခက်တာပဲ၊ မေတ္တာဆိုတာ ဖန်တီးယူလို့ရတဲ့အရာမျိုး မဟုတ်ဘူး ဖြူ၊ သူ့အလိုလို သဘာဝအတိုင်း ဖြစ်တည်တာကို ကိုယ် တို့ တားဆီးပိတ်ပင်လို့ရမယ်လို့များ မထင်လေနဲ့၊ ရေစက်ပါလာရင် ဘယ်သူမှ ဖြတ်လို့မရဘူး၊ ဒါကို သမီးလည်း နားလည်သင့်တယ်"

မြရော မေမေပါ ငြိမ်သွားရပါ၏။ ရေစက်တဲ့လား။ မဖြစ်နိုင် တာ။ မြရှေ့မှာ မြအတွက် အသင့်ပြင်ပေးထားပါသည့် ထမင်းပွဲကို သူမက အဆင်သင့်ဝင်စားသွားတာဟုသာ မှတ်ယူမိလေ၏။ ကိုယ်က အငယ်မို့ ငဲ့ညှာပါလျက် ကိုယ့်ကို အကြီးဆိုပြီး လေးစားသမှုမှ မရှိ တာကို။ ဒါကြောင့်လည်း ရုံးခန်းထဲမှာ အတူတူရှိရအောင် လုပ်ပြီး ဖန်တီးယူသွားတာ ဖြစ်မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ဖြင့် အချစ်ကိုဖန်တီးယူလို့မရဘူးဆို။ အခု... ဖြင့် ထိုမိန်းကလေးက သူနှင့်အတူတူ တရင်းတနှီး နီးနီးကပ်... ရင်တဖိုဖိုနဲ့ အပြုံးတွေဖလှယ်ခွင့်ရအောင် ဖန်တီးပြသွားတာ မျက်... လေ။ ပုလဲဖြူဖြူ။ နင်နဲ့ငါ ဆုံဖို့အကြောင်းတွေ ရှိနေပါသေးတယ်... စောင့်သာကြည့်နေပေတော့။

"မြသွားတော့မယ်"

မြမှာ အကြံအစည်တွေ အများကြီးရှိပါတယ်။ ဦးနှော... အရမ်းကောင်းခဲ့လို့လည်း ညီအစ်မတွေထဲမှာ ပညာအတော်ဆုံး ဖြ... ရတာပါ။ ဘယ်တော့မဆို Plan အရင်ချပြီးမှ လုပ်ဆောင်ခဲ့တာ... ဘယ်အလုပ်မဆို မအောင်မြင်တာမျိုး မရှိခဲ့တာလေ။ ကားမောင်း... ဖုန်းနံပါတ်တို့ကို နှိပ်ခေါ်လိုက်မိလေ၏။ မှန်တိုင်းမလာခင် လေငြိမ်... တာကို အကောင်းမထင်လေနဲ့ အငယ်လေးရေ။

"ဟယ်လို"

"မိုးသောက်ကြယ်လား"

"ဟုတ်ပါတယ်၊ ဘယ်သူလဲမသိဘူး"

"တို့ မြစိမ်းစိမ်းပါ၊ ပုလဲဖြူဖြူရဲ့"

"သြော် ... ဟုတ်ကဲ့ မမကြီး၊ ပြောပါခင်ဗျာ"

"တိုင်ပင်စရာရှိလို့ တို့ကို အချိန်ပေးနိုင်မလား"

"ဗျာ"





"အငယ်လေးနဲ့ပတ်သက်တဲ့ကိစ္စပါ မိုးသောက်ကြယ်"

အသံခဏမျှ တိတ်သွားပါ၏။ တွေဝေနေပြီလား။ အချစ်မှာ ...ရားတာမရှိဘူး မိုးသောက်ကြယ်။ အဲ ပိုင်ဆိုင်ခွင့်ရမှ အချစ်လို့ ...တာပါ။ ဒီတော့ တို့နဲ့မင်းလည်း ရန်သူနှစ်ဖက်တိုင်ပင်ကောင်း ...င်ပင်ပြီး ဒီတိုက်ပွဲကို ဝင်သင့်သလို ဝင်ရမှာလေ။

"ကျွန်တော်"

"သိပ်မကြာပါဘူး။ နာရီဝက်လောက်ဆိုဖြစ်တယ် မိုးသောက် ...ယ်"

"အိုကေလေ ... ကျွန်တော် ဒီညနေ (၆) နာရီဆို Photo ...်တာ ပြီးပါပြီ"

"ဒါဖြင့် Dream မှာ (၆) ခွဲလောက်ဆုံကြစို့ မိုးသောက် ...ယ်၊ See you"

မြ နားကျပ်ကိုဖြုတ်လိုက်ပြီး ကားကို ဆိုင်ရှေ့ရပ်ကာ ပြုံး ...က်မိပါ၏။ အခြေအနေက ဒီလိုလူကြမ်းပဲလုပ်ရတော့မှာကိုး။ နင် ...င်စေရဘူး ပုလဲဖြူဖြူ။ မြဘဝမှာ ဘာမဆို ရခဲ့တာချည်းပဲ၊ ပညာနဲ့ ...်သက်တဲ့ပထမဆု၊ အားကစားနဲ့သက်ဆိုင်တဲ့ ထူးချွန်ဆု စတာ ...ွကို ရခဲ့ဖူးတာမဟုတ်လား။ ဘယ်သူကိုမဆို လွယ်လင့်တကူ ...ျက်ဖြတ်ရယူပိုင်ဆိုင်ခဲ့မှတော့ ဒီတစ်ကြိမ်လည်း ရမှာမလွဲပါလေ။ ...ခေါ်မှတော့ ဘွာမခတ်စတမ်းပေါ့နော်။

♥

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ပိတ်လိုက်ပေမယ့် သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်နေ
ပါလေ။ တကယ့်ကိုပဲ သူနှင့်ပုလဲအဖြစ်က ဆေးမခြောက်သေး
ပန်းချီကားတစ်ချပ်ပါပဲလား။ လေးလေးနဲ့ပတ်သက်ပြီး အန်တီ
စကားကြောင့် လန့်ခဲ့ရပေမယ့် အခုတော့ သူ့ဘက်မှာ ပုလဲရဲ့မကြ
ပါလာတော့မှာလေ။ တစ်တပ်တအားပါပဲလား။

ကိုယ်တို့ဆုံဖို့ ရှိပါသေးတယ် ပုလဲရယ်။

"ကျွန်တော် ညနေ (၆) နာရီပြန်မှာနော်"

"ဘာလဲ ... date ထားလို့လား"

မန်နေဂျာမေးတာကို ပြန်မဖြေဘဲ ပြုံးရုံသာ ပြုံးလိုက်မိ
ရင်ခုန်တယ်ဆိုတာကို အကြိမ်ကြိမ်ဖြစ်ဖူးခဲ့ပေမယ့် အချစ်ကို ဘာ





သိခဲ့ပါ။ ဒေါသမျက်ဝန်းတွေနှင့်ခုံချိန် တင်းတင်းစေ့ထားပါသည့်
ခမ်းဖျားမှ အေးစက်စက် စကားလုံးတို့က နှလုံးသားကို တစ်စစီ
သလိုနှယ် ခံရခက်ခဲ့တာလေ။

ပုလဲ, ကျောပေးပြီးမှ နောင်တဆိုတာက ကိုယ့်ဆီကို ဘယ်
ရောက်လာတာပါပဲ။ ကိုယ် မဟုတ်တဲ့လူစိမ်းယောကျ်ားလေးတွေနဲ့
တူတူ ရယ်မောပြောဆိုနေတာကို မရှုစိမ့်နိုင်တာ ဘာကြောင့်လို့
ပါသလဲ။ ကိုယ့်ရင်ခွင်မဟုတ်တဲ့ တခြားလူ့ရဲ့ရင်ခွင်ထဲ မင်းဝင်သွား
အဖြစ်ကို မလိုလားတာ အမှန်ပါ။

ဩော် ... ပုလဲရယ်။

ညနေမှာဖြင့် အလုပ်ပြီးသည်နှင့် ချိန်းထားသည့်ကော်ဖီဆိုင်
ဆီ သူ ကားဖြင့်ထွက်ခဲ့ပါ၏။ ညမီးရောင်က အင်အားဖျော့နေ
ည့်နှယ်ပါ။ စွန့်ပစ်ပြီးပြန်ကောက်ဖို့ ရှယ်မိတာတဲ့လား။ ဟင့်အင်း၊
ယ်မှားခဲ့တာပါ။ ဘဝလက်တွဲဖော်ကို လမ်းကြောင်းတူတဲ့သူကို
ယ်ဆိုပြီး လူမှားရွေးမိခဲ့တာ ကိုယ့်အမှားပါပဲ။ တကယ်တမ်း
ိုင်ရသည်က မလွယ်ကူသည့် အခက်အခဲတွေကို မြောက်မြားစွာ
တွေ့ခဲ့ရတာပါလေ။

ဝန်တိုတာ၊ ခနဲ့တာ၊ စောင်းမြောင်းပြောဆိုတာ၊ ရန်စတာ
င့် အကြိမ်ပေါင်းများစွာ ကြုံခဲ့ရစဉ် သူ့အပေါ်မှာ နားလည်စွာဖြင့်
ည်းခံပေးခဲ့သည့် သူမမျက်နှာလေးကိုသာ အထပ်ထပ် မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



နေမိခဲ့တာလေ။ မှားခဲ့သမျှ အကြိမ်ကြိမ်တောင်းပန်ပါရစေ။ သခင့်ထံ အပြေးပြန်လာမည့် အချစ်၏ကျေးကျွန်လေးဖြစ်တဲ့ ကိုယ့်ကို ကမ်း ကြိုလှည့်ပါကွယ်။

"တို့ ဒီမှာ"

လက်ထောင်ပြလိုက်သည့်နေရာသို့ လျှောက်ခဲ့ပါ၏။ မျက်လုံးကိုကြည့်ရုံနှင့် အဘယ်မျှ Proud ဖြစ်သည့်အမျိုးသမီးမှန်း သိသာစေနေလေသည်။ ဒါ ပုလဲရဲ့မမကြီးတဲ့လား။ Smart ကျကျ ဝတ်ဆင်ထားပါလျက် မျက်နှာထားက တင်းနေတာမို့ မာန်ကြီးသည့် သူမှန်း သိစေတာပါလေ။ ပုလဲရဲ့မျက်နှာက အစဉ်အမြဲ ကြည်လင်ပြီး အပြုံးတို့ဖြင့် သန့်စင်နေတာမဟုတ်ပါလား။

"ကျွန်တော် မိုးသောက်ကြယ်ပါ"

"ထိုင်လေ ... တို့သိပါတယ်"

ကော်ဖီနှစ်ခွက်မှာထားပြီး ဘာစကားမှ မပြောဖြစ်သေး။ တစ်ဖက်ပြောလာမည့်စကားကို နားထောင်ပြီးမှသာ သူပြောသင့်တာ ပြောရမှာလေ။ အခု ကိုယ် ဘယ်သူနဲ့ရှိနေလဲဆိုတာ သိပါရဲ့လား ပုလဲဖြူဖြူ။

"အချစ်ဦးဆိုတာ မေ့ဦးရတောင် မမေ့နိုင်တဲ့သူလို့ ပြောကြတယ် ... မိုးသောက်ကြယ်ရဲ့"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ကြားဖူးတယ်"





ပြုံးလေ၏။ အပြုံးကို သူမကြိုက်လှပါ။ တစ်ခုခုကို လျှို့ဝှက် ကြည်နေသည့်နှယ် ကောက်ကျစ်ဟန်ပေါ်လွင်နေတာပါလေ။ မလေး ပုလဲမှာ ပွင့်လင်းရိုးသားဟန်အပြည့်ရှိပါသော်ငြား အစ်မကြီးဖြစ်သည့် မှာ ထိုသို့အပြုံးမျိုးရှိနေတာ အံ့သြစရာပါပဲလား။

"ဒါဖြင့် ... ပုလဲကို မင်း ခုထိ မမေ့နိုင်သေးဘူးပေါ့လေ တ်လား"

"ဗျာ"

"ပုလဲက ငယ်သေးတယ် မိုးသောက်ကြယ်၊ ငယ်တော့ ယ်တဲ့အတွေးနဲ့ပဲ သူတွေးတယ်၊ ဆုံးဖြတ်တယ်၊ သင့်တော်၏ တော်၏ မစဉ်းစားတော့ဘူး။ အဲဒါကို အရွဲ့တိုက်တာလို့ ယူဆနိုင် တယ်၊ တို့ပြောတာကို လက်ခံလား"

"ဟုတ်ကဲ့"

မြ ခေါင်းညိတ်လိုက်ပါ၏။ ကောင်လေးက မြ အလိုက်သင့် ပေးလိုက်သည့် လမ်းကြောင်းအတိုင်း စမ်းတဝါးဝါးနှင့်လျှောက်လာ တာပါလေ။ အလှည့်ဆိုတာရှိတယ် ပုလဲဖြူဖြူ။ ငါက ရှေ့ကနေ တဲ့လူပါ။ ငါ့ကိုကျော်ပြီး ငါ့နေရာကို နင် ရလိမ့်မယ်လို့ ထင်မထား နဲ့။

"အခု ... သူ ဘာလုပ်နေတယ်ထင်သလဲ"

"ပုလဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အလုပ်ဝင်နေတာဆို"

"မှန်တယ်၊ ဒါပေမဲ့ တို့ဆီမှာမဟုတ်ဘူး မိုးသောက်ကြယ် တို့နဲ့စေ့စပ်ထားတဲ့လူဆီမှာပါ"

"ဗျာ"

"သူ့ရုံးခန်းထဲမှာ တစ်နေ့ (၈) နာရီလုံးလုံး နှစ်ယောက်တည်း အတူရှိမယ့်အလုပ်မျိုး ဘာကြောင့်ရွေးခဲ့တယ် ထင်သလဲ"

"ပုလဲ . . . ပုလဲက"

"ဟုတ်တယ် . . . မင်းနဲ့တို့ကို အရှုံးတိုက်တာပဲ မိုးသောက် ကြယ်"

"ကျွန်တော် နားမလည်ဘူး"

"တို့ ရှင်းပြမှာပါ၊ ကိုမင်း . . . အင်း တို့လူရဲ့နာမည်က ကိုနေမင်းရှိန်ပါ၊ သူနဲ့တို့ကို လူကြီးချင်းလည်း သဘောတူထားသလို လူငယ်ချင်းလည်း သဘောမျှကြပါတယ်၊ အဲဒါကို မင်းနဲ့အဆင်မပြေ ဖြစ်ခဲ့တဲ့ ပုလဲက ကြားဝင်ရှုပ်နေတာပဲ"

"ဘယ်လို"

"ပုလဲဝင်ရှုပ်လို့ တို့ကိစ္စပျက်မသွားဘူး မိုးသောက်ကြယ် နောက်ဆုံး နာကျင်ခံစားရမယ့်သူက ဘယ်သူဖြစ်မလဲ မင်းစဉ်းစား ကြည့်ပါ၊ ဒီလို မတည်ငြိမ် မရင့်ကျက်သေးတဲ့ ကောင်မလေးရဲ့





ကိုမင်းက အတည်လို့ သတ်မှတ်မှာတဲ့လား"

"တော်ပါတော့ဗျာ"

"ကိုမင်းကို သူ တကယ်မချစ်ဘူး မိုးသောက်ကြယ်၊ မင်း သိနေမှာပါ၊ ဒီတော့ . . . သူတို့နှစ်ယောက်ကို ဒီထက်ပိုပြီး"

သူ့နားထဲ ဘာမှမကြားတော့ပါလေ။

လူဆိုတာ လွယ်လင့်တကူရနိုင်တဲ့ အရာမှန်သမျှကို ဘယ် တော့မှ အလေးမထားတတ်ကြပါဘူး။ အထူးသဖြင့် သူ့အနီးဝန်းကျင် မှာ ရှိနေပါသည့် ရောင်စုံပန်းပွင့်လေးတွေကြောင့် သူက ထိုပန်းလေး တွေကို အလေးအနက် မထားတတ်တာပါ။ ထည်လဲတွဲခဲ့သည့် မိန်း ကလေးတွေကို ကျောခိုင်းဖို့ဆိုတာ သူ့အဖို့ ခပ်ပါးပါးခံစားမှု သေးသေး လေးပါပဲ။

သို့သော် သူစွန့်ပစ်ခဲ့မိသည့် ပန်းပွင့်လေးကို သူတစ်ပါး လက်ထဲမှာ အမြတ်တနိုးတန်ဖိုးထားပြီး ရှိနေတာကိုတော့ မနာလို ရှုစိမ့်နိုင်ခဲ့၊ ဆုံးရှုံးရတော့မည်ဟူသည့် ချစ်ခြင်းမေတ္တာဒဏ်က သူ့ထံကို နောင်တတရားအဖြစ် အရှိန်အဟုန်ပြင်းပြင်းနှင့် ရောက်လာတော့တာ ပါလေ။ ဪ ကိုယ့်အချစ် ပုလဲရယ်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဘွားဘွားခေါ်သည်ဆို၍ အောက်ထပ်ရှိ ဘွားဘွားအိပ်ခန်းဆီသို့ သူ လျှောက်လာခဲ့ပါ၏။ ဒီညနေမှာ မိဘတွေမေးသမျှ သူဖြေခဲ့ရတာမို့ ရင်မောနေရတာ အမှန်ပါ။ သတင်းကပျံ့တာမြန်လှချည်လား။ ဘာမှမကြာသေးပါဘဲ အလုပ်ခန့်ပေးလိုက်တဲ့ ဂယက်က သူ့ကို ဤမျှ မြန်မြန်ရိုက်ခတ်လိမ့်မည်ဟု ထင်မထားမိပါချေ။

မျက်နှာပျက်စရာတဲ့လား။ ပုလဲက မြစိမ်းရဲ့ညီမဖြစ်နေတာကြောင့် သူ့ကို ရှေ့မဆက်စေလိုတဲ့အကြောင်းပြချက်အဖြစ် ပေးခဲ့ကြတာလေ။ ဘာကြောင့်ပါလဲ၊ ချစ်ချင်တဲ့သူကို ရွေးချယ်ပြီး ချစ်ခွင့်မရှိဘူးလား။ ကိုယ့်ဘဝအတွက် တစ်သက်တာ လက်တွဲသွားဖို့ သက်ဆိုင်





ဆိုင် ပေါင်းသင်းလက်ဆက်ဖို့က နှလုံးသားထဲ နှစ်နှစ်ကာကာ စွဲမက်ချစ်မြတ်နိုးသည့်သူသာ ဖြစ်သင့်တာပါလေ။

"သားကို ဒီလောက် အတွေးတိမ်လိမ့်မယ်လို့ ထင်မထားဘူး"

"ကျွန်တော် ဘာမှား လုပ်မိလို့ပါလဲ . . . ဖေဖေ"

"မြစိမ်းရဲ့ညီမလေးကို သား အလုပ်ခန့်လိုက်တယ်ဆို"

"ဟုတ်ပါတယ်"

"ဘာကြောင့်လဲ၊ Secretary ခန့်ရလောက်တဲ့အထိ သူ့မှာ အရည်အချင်းမှမရှိတာ နေမင်းရှိန်၊ ဘယ်လိုအတွေးမျိုးနဲ့ အနားမှာ ခေါ်ထားတဲ့အဆင့်အထိ နေရာပေးထားရတာလဲ"

"ဖေဖေ . . . ကျွန်တော်"

"မြစိမ်းကို ဘာကြောင့်သဘောမကျရတာလဲ၊ ထားပါတော့ . . . ဖေဖေတို့က သားနဲ့အဆင့်တူ ဂုဏ်တူတဲ့လူကို ရွေးပြခဲ့တာပါ၊ ဒါကို သားက မနှစ်သက်ဘူးဆိုပြီး ပယ်ခဲ့တယ်၊ ဒါဖြင့်ရင်လည်း မြစိမ်း မဟုတ်တဲ့ တခြားလူကို ရွေးချင်ရွေးပါစေဆိုပြီး ခွင့်ပြုပေးခဲ့တာ"

"-----"

"ပုလဲဖြူဖြူနဲ့တော့ မဖြစ်ဘူး နေမင်းရှိန်"

သူ့မျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ မဖြစ်ဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ ကလေးရယ်။ နှစ်ယောက်ချစ်ကြိုက်ဖို့ကိစ္စက ဒီလောက်အထိ ခက်ခဲရပါသလား။ ခုတွေ့၊ ခုကြိုက်၊ ခုချစ်၊ ခုယူ၊ ခုမုန်း၊ ခုမေ့ကြတဲ့ စုံတွဲတွေလို ဘာကြောင့်မလွယ်ကူရတာပါလိမ့်။ ရင်မောရပါလား။

"ဘာဖြစ် . . . ဘာဖြစ်လို့ပါလဲ ဖေဖေ"

"သားမှာ စဉ်းစားတွေးခေါ်တတ်ကဲ့ဦးနှောက်ရှိတာပဲ၊ တွေးကြည့်ပေါ့ နေမင်းရှိန်၊ ပုလဲဖြူဖြူဆိုတာ မြစိမ်းစိမ်းနဲ့ ညီအစ်မ တော်တယ်၊ ဆွေမျိုးရင်းချာတွေ၊ အမေချင်းက ညီအစ်မအရင်းကြီး၊ ဒီလူတွေနဲ့ တိုင်ပင်ဆွေးနွေးရမှာ ဘယ်လောက်မျက်နှာပူရမလဲ၊ တွေးကြည့်"

ဘုရားရေ၊ ရင်ခုန်သံမြန်ဖို့ အခုမှ တာစူရုံရှိသေးပါလျက် အဖျက်ကစပြီတဲ့လား။ ချစ်တယ်ဆိုတဲ့စကားကို သူများတွေလို လွယ်လင့်တကူ ပြောမထွက်တဲ့လူအတွက် ခက်ခဲနေကာမှ အခုလိုတားမြစ်ချက်တွေပေါ်လာတော့ ဘယ်လိုလုပ်ရပါ့မလဲ။ သူနှင့်အတူ အလုပ်လုပ်ရင်း စကားပြော ရယ်မောရင်း ဝေဒနာတွေလျော့ပါးအောင်ကြိုးစားပေးနေတာ။ သူကိုယ်တိုင်သာ နားလည်တာပါလေ။ နှလုံးသားနုနုလေး အဘယ်မျှ နာကျင်ခဲ့ရပါသလဲ။

ဝမ်းနည်းအားငယ်မှုတွေနဲ့ ဖြစ်ပျက်ခဲ့သည့် အတိတ်ကို မေ့ပျောက်နိုင်အောင် သူ အစွမ်းကုန် ကြိုးစားနေသမျှ အလဟဿ





ဖြစ်ကုန်တော့မှာလား။ ဘာမှမကြာသေးတာလေ။ အခုမှ အသားကျလာသည့် ဒဏ်ရာနှင့်မိန်းကလေး။ အလုပ်မှာ ပျော်ရွှင်ပြီး လန်းဆန်းတက်ကြွဟန်တွေ အပြည့်ဖြစ်တည်လာတာ မဟုတ်လား။ သူမ အပြုံးတွေက သူ့ထံကိုပါ ကူးစက်လာပြီး အမြဲတည်တင်းနေသည့် သူ့မျက်နှာ ပျော့ပျောင်းလာတာကို ဘွားပင်သိနေပြီလေ။

ဩော် . . . ဖြူရယ်။

"ကျွန်တော် . . . ကျွန်တော် ဖြူ့ကိုချစ်တယ် ဖေဖေ"

ဖေဖေ့အသံ တိတ်သွားလေ၏။ အရဲကိုး၍ ပြောထွက်လာသည့်စကားက တိုလွန်းပေမယ့် ရင်ထဲမှာ နင့်ခနဲခံစားရတာပါလေ။ နှုတ်ဖျားက ချစ်တာမဟုတ်ရပါဘူး ဖြူ။ ရင်ထဲမှာ တနင့်တပိုးကြီးနဲ့ ချစ်မိတာပါ။ တစ်သက်မှာ ဒီတစ်ခါပါပဲ။ ဒီတစ်ကြိမ်ပဲ ဖြစ်လာရတဲ့ ချစ်ခြင်းဆိုတာ သေချာပါတယ်။ ဒါကို မချစ်နဲ့ဆိုပြီး တားဆီးကြမည်လား။ အချစ်ဆိုတာ တားဆီးလို့မရတဲ့ ရေရဲ့အလျင်နဲ့ တူတယ်ဆို။

"ဖေဖေ့သားကို ဦးနှောက်နဲ့ဆုံးဖြတ်နိုင်မယ့်သူလို့ မှတ်ယူထားတာ မှားပါရောလား"

"ဖေဖေ"

"အချစ်နဲ့လက်ထပ်ခြင်းက တစ်ကဏ္ဍစီပါ နေမင်းရှိန်"

အလို ဘယ်လိုပြောလိုက်ပါသလဲ။ ကမ္ဘာဦးဇာတ်လမ်းကတောင် အာဒံနဲ့ဧဝက ချစ်ခြင်းကြောင့် လူ့ကမ္ဘာကြီးဖြစ်ခဲ့တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဒါကို ဖေဖေက ဘာကြောင့် ဆန့်ကျင်စကား ပြောရပါသလဲ။ အချစ်ကို အချစ်လို့ ရိုးရိုးပဲတွေးလို့မရဘူးလား ဖေဖေရယ်။ ပိုင်ဆိုင်တာတွေ၊ စွန့်လွှတ်အနစ်နာခံတာတွေ မရောယှက်စေဘဲ သီးသန့်အဖြစ်သာ မြင်ပေးလှည့်ပါလား။

''မြစိမ်းနဲ့ ကျွန်တော်က ရင်းနှီးရုံထက် အဆင့်မပိုခဲ့ပါဘူး''

''အဲဒါ ဖေဖေတို့သိတယ်လေ၊ ဒါကြောင့်လည်း သားရွေးချယ်တဲ့သူကို ရွေးဖို့ ခွင့်ပြုခဲ့တာပေါ့''

''ဖြူက''

''မဖြစ်ဘူး နေမင်းရှိန်၊ အဲဒီဆွေမျိုးထဲက မဟုတ်တဲ့ ဘယ်မိန်းကလေးနဲ့မဆို သား ရွေးလို့ရတယ်၊ ပုလဲဖြူဖြူတော့ မရဘူး''

ဒုက္ခပါပဲ၊ လုံးဝကြီးကိုကန့်ကွက်နေတာပါလား။ လူကြီးချင်းမျက်နှာပူရတာနဲ့ပဲ သူတို့လူငယ်တွေ ဝေးရတော့မှာလား။ မဖြစ်နိုင်တာဘယ်လိုမှမဖြစ်နိုင်ပါဘူး။ လူဆိုတာ နှလုံးသားနဲ့အသက်ရှင်နေရမှန်ရင် အဲဒီနှလုံးသားက ဖြစ်တည်လာရတဲ့ချစ်ခြင်းကို လက်သင့်ခံပေးရမှာလေ။

ချစ်မိတာ အပြစ်လားဖေဖေ။ နာရီ မိနစ် စက္ကန့်မလပ်တွေ့ချင်နေတာ၊ အချိန်ပြည့် အတူတူရှိနေစေချင်တာ၊ မျက်စိအောက်က အပျောက်မခံနိုင်အောင်ကို ဖြစ်မိတာ၊ အနီးကပ်လုနီးပါးဖြစ်တိုင်း ရင်ခုန်သံတွေ ဆောင့်တိုးခုန်လှုပ်လာတဲ့ ခံစားချက်ကို ဘယ်လို





နည်းလမ်းမျိုးနဲ့ ထိန်းချုပ်နိုင်ပါ့မလဲ။ မျက်စောင်းလေးတွေကို ဖမ်းဆုပ်ထားချင်စိတ်၊ အပြုံးတွေကို သိမ်းထားချင်စိတ်တို့က ရင်ထဲ တစိမ့်စိမ့်ဖြစ်တည်လာစေတာ အချစ်မဟုတ်လို့ ဘာများဖြစ်မှာတဲ့လဲ။

''ဖြူမှမဟုတ်ရင် ဒီတစ်သက် ကျွန်တော် အိမ်ထောင်မပြုဘူးဖေဖေ''

''ကျစ် . . . ရှုပ်ပါ့ကွာ၊ ငါ့သား ဒီလောက်အရူးထမယ်လို့ထင်မထားဘူး။ နေမင်းရှိန် . . . မင်းဦးနှောက်တွေ ကောင်းသေးရဲ့လား''

ရူးတယ်လို့ပြောလည်း ရပါတယ် ဖေဖေ။ ဆယ်ကျော်သက်တွေ အရူးအမူးချစ်ကြတာကို မြင်တိုင်း လှောင်ပြုံးပြုံးခဲ့မိလို့ အခုလိုခံလည်ရတာပါ။ ကိုယ့်ခန္ဓာနဲ့ ကိုယ့်စိတ် မတည်ပါဘဲ သူ့စိတ်နဲ့ကိုယ့်ခန္ဓာဖြစ်နေတာကို အချစ်လို့ခေါ်တာများလား။ အချစ်ကြောင့်သူကို ရူးသွပ်စေရင် ဦးနှောက်လည်းပျက်။ သည်းခြေလည်းပျက်တဲ့အရူးဖြစ်ရုံပေါ့ဗျာ။

''စကားကို ပြင်ပြောပါ နေမင်းရှိန်''

''အတည်ပြောနေတာပါ ဖေဖေ၊ ဖြူကိုပဲ ကျွန်တော်ချစ်တာ၊ ဖြူကိုပဲ လက်ထပ်မှာ။ ဖြူနဲ့ပဲ တစ်သက်တာ လက်တွဲသွားမှာလို့ ခွဲခဲ့ကြီး ပြောရဲပါတယ်''

''ဘယ်လိုပြောမှ နားဝင်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘက်ကိုလည်း ငဲ့ကြည့်ပေးပါ ဖေဖေရယ်"

"ခက်တာပဲ၊ လူဆိုတာ ဂုဏ်သိက္ခာနဲ့ရပ်တည်နေတာ သ ရဲ့၊ ဖေဖေတို့သိက္ခာတွေကို ထည့်တွက်စဉ်းစားဖို့ အစီအစဉ် သ မရှိဘူးလား နေမင်းရှိန်"

သူ ငြိမ်သွားရပါ၏။ ရင်ထဲမှာမွန်းကြပ်လိုက်ပါဘိ။ နား လေတွေ တိုးဝှေ့ထွက်နေသည့်နှယ် ခံစားလိုက်ပါသည်။ ဤ ရှုပ်ထွေးစေသတဲ့လား။ လူနှစ်ယောက်ချစ်ဖို့ကိစ္စမှာ တစ်ဦးက တာနဲ့ နောက်တစ်ယောက်က Ok ရင်ပွဲသိမ်းပါလေ။ အခုတော့ ဖြူနဲ့သူ့ကြား ကာဆီးထားသည့်တံတိုင်းကြီး ရှိနေတာကို မမြင်ခဲ့မိ ပါလား။

ခက်ချေပြီကော နေမင်းရှိန်။

"ကျွန်တော် . . . ကျွန်တော့်တစ်သက် ဖြူ့ကိုပဲ ချစ်ခဲ့တာ ဖေဖေ"

"ဒါကို ဖေဖေ မတားပါဘူးသား။ ချစ်တာ ချစ်လို့ရပါတယ် ဒါပေမဲ့ လက်တွဲခွင့်တော့မရဘူး။ ကိုယ်လက်ထပ်ခွင့်မရှိတဲ့ ကလေးကို စိတ်အလိုလိုက်ပြီးချစ်တာမျိုး ဖြစ်သင့်ရဲ့လား။ အချ ကြောင့် မိုက်မဲကြတာ၊ အချစ်ကြောင့် နစ်နာရတာတွေက နော ဆက်တွဲဖြစ်တတ်လေ့ရှိတာတွေဆိုတာကို သားသိမှာပါ"

"လက်ထပ်ခွင့်" တဲ့။ ဖြူ့ကို လက်မထပ်နိုင်ဘဲ သူ မည်



ခွင့်ပန် ပွဲရပ်ပါ့မလဲ။ အချစ်မှာ အနည်းနဲ့အများတော့ အတ္တက ဖက်ပါဝင်နေတာလေ။ ပိုင်ဆိုင်ရယူလိုခြင်းကို လောဘဟု အမည် နိုင်ရင် ချစ်ခြင်းကြောင့် မိုက်မဲခြင်းတွေဖြစ်လာတာလား။ ဟင့်အင်း။ ယ် ကလေးလေးကို နစ်နစ်နာနာတွေ မဖြစ်စေချင်ပါလေ။

"ဒေါက် ဒေါက်"

ဘွားအခန်းကို တံခါးခေါက်လျက် ဝင်လိုက်ပါ၏။ ဘွားက စိပ်ပြီးပြီးမို့ ပုတီးကို ခေါင်းအုံးဘေးမှာ အသာထားကာ မွေ့ရာကို က်ဖြင့်ပုတ်လျက် သူ့ကိုခေါ်လိုက်လေသည်။ ဘွားနားကိုရောက် ပေမယ့် ခုတင်ထက်မထိုင်ဖြစ်ဘဲ ကြမ်းပေါ် ဒူးထောက်ထိုင်ချ က်မိ၏။ မျက်ရည်မကျမိအောင် ထိန်းချုပ်ကြည့်ရတာ အခက်ခဲဆုံး လုပ်ပါလား ဖြူရယ်။

"မြေးကိစ္စကို ဘွား ခပ်သဲ့သဲ့ကြားပါတယ်"

"----"

"ဘာတွေဖြစ်နေလဲ မြေး"

"ဘွား"

ဘွားဘွားဒူးထက် နဖူးတင်လျက် သူ ရှိုက်လိုက်မိ၏။ ယောက်ျားတွေ မျက်ရည်မကျရဘူးလို့ ဥပဒေပြဋ္ဌာန်းမထားပါဘူးနော်။ ဖြစ်မှတော့ လူ့သဘာဝအတိုင်း မျက်ရည်ကျမှာပေါ့။ ဒါများ ရှိုး လား။ ဘွားက သူ့ဆံပင်တွေကို အသာဖွလျက် နှစ်သိမ့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ကြေကွဲနာကျင်နေရတာကို ဘယ်သူက လာကုပေးနိုင်မှာလဲ

"မြေး နေမင်းရှိန်"

"ကျွန်တော် . . . ကျွန်တော် ဖြူ့ကိုပဲချစ်တယ် ဘွား။ ဖြူကလွဲ ပြီး ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ဘူး။ ဒါပေမဲ့ . . . ဒါပေ မဲ့"

"မြေးဖေဖေက တားတယ်ဆိုပါတော့"

သူ ခေါင်းကိုအနိုင်နိုင်ညိတ်လိုက်မိပါ၏။ ကူကယ်ရာမဲ့ ပြီလား။ ရင်ဖွင့်ဖော်ရယ်လို့ တစ်ယောက်မှမရှိခဲ့တာပါ။ အခုလို ရင်း ရှိသမျှ ဘွားကို ဖွင့်ချင်ပြောပြရတာ ပေါ့ပါးသွားရင်ကောင်းမှာ နည်းနည်းပဲဖြစ်ဖြစ်ပေါ့လေ။

"သူကရော"

"ဗျာ . . . ဘယ်သူ့ကိုပြောတာလဲ"

"မြေးပြောတဲ့ ဖြူ့ကိုပြောတာလေ"

သူ ဘွားကို မော့ကြည့်လိုက်လေ၏။ ဘွားမျက်နှာက ခါတိုင်း ထက် ပိုတည်နေလေသလား။ သူ့စိတ်ထင် ဘွားမျက်ဝန်းထဲမှာလည်း မျက်ရည် ပြည့်နေသည့်နှယ်ပါလေ။ အလို သူ့ရင်ထဲက ခံစားချက်ကို ဘွား မြင်နေရလို့များလား။ ထူးဆန်းလေစွ။

"ဖြူက . . . ဖြူက"

"မြေးကို အဖြေပြန်ပေးပြီးပြီလား"





"ဟင့်အင်း . . . ကျွန်တော် . . . ကျွန်တော် သူ့ကို ဖွင့်တောင် မပြောရသေးဘူး ဘွားရဲ့"

"ညံ့ပါ နေမင်းရှိန်၊ ကိုယ့်ဘက်မှာ ဘယ်သူမှမရှိဘဲ တစ် ယောက်တည်း တိုက်ပွဲဝင်နေမှတော့ ဘယ်မှာအားရှိပါ့မလဲ"

"ဘွား"

"အေး . . . ဘွားပြောတာမှားလို့လား၊ မြေးဖေဖေက ကိုတွေးလွန်တာပါကွယ်၊ ကိုယ့်သားသမီး စိတ်ဆင်းရဲရမယ့်ကိစ္စ လုပ်သင့်,မလုပ်သင့် ချင့်ချိန်ရမှာပေါ့၊ မဟုတ်ဘူးလား"

"ဖြူက . . . ဖြူက . . . မြစိမ်းနဲ့ ညီအစ်မတော်တယ် ဘွား

"သိတယ်လေ၊ ပုလဲဖြူဖြူပဲဖြစ်ဖြစ် မြစိမ်းစိမ်းပဲဖြစ်ဖြစ် ဘယ် ကိုရွေးရွေး အိမ်စည့်မြေးတွေပါပဲ မြေးရယ်"

အလို ဘွားတွေးတော့လည်း အရှင်းသားပါလား။ သူ့ရင်ထဲ တွေးနေသမျှ ဘွားစကားတစ်ခွန်းနှင့်ပင် ရှင်းသွားစေတာလေ။ ဒေါ်ရွှေအိမ်စည်ရဲ့မြေးတွေတဲ့။ ဟုတ်သားပဲ။

အမေတွေ ညီအစ်မအရင်းဖြစ်တာ၊ သူမတို့ ဝမ်းကွဲညီအစ်မ တော်စပ်တာတွေကို ဖယ်ပြီး ရိုးရိုးလေးတွေးတတ်ရင် အလွယ်လေးပါ လား။

"ဘွားက . . . ဘွားက"

www.burmeseclassic.com

www.burmeseclassic.com



"ဘွား သဘောတူပါတယ်"

"ဗျာ"

"ဟုတ်တယ်မြေး . . . ပုလဲလေးနဲ့ မြေးကို ဘွားကိုယ်[illegible] သဘောတူတာပါ၊ ကိုယ့်မှာပြည့်စုံနေတာ ဘာထပ်ဖို့စရာလို[illegible] အဲဒီပုလဲလေးကို မြင်မြင်ချင်း ဘွားလည်း ချစ်ခဲ့တာ မြေးရဲ့"

"ဟာဗျာ"

အခုမှပဲ သူ ပြုံးမိတော့၏။ နောက်ခါလာ နောက်ခါ[illegible] ပေါ့။

လောလောဆယ်တော့ သူ့ဝေဒနာကို လျော့ပါးစေသည့်[illegible] ကြောင့် စိတ်အတော်လေး ကြည်လင်သွားရတာအမှန်ပါ။

တစ်ယောက်တည်း တိုက်ပွဲဝင်နေတာတဲ့။ ကိုယ်အ[illegible] ရှိအောင်လို့ မင်းပါ အတူတူ တိုက်ပွဲဝင်ပေးမှာလား ပုလဲဖြူ[illegible]

"ဖေဖေတို့သိရင် ဘယ်လိုလုပ်မလဲဟင်"

"ကလေးမဟုတ်ပါဘဲ ကြောက်နေပြန်ပါပြီ မြေးရယ်၊ သ[illegible] ရှိစမ်းပါကွယ့်"

"ကျွန်တော့်ဘက်က ဘွားပါပေးမှာပါနော်"

"ဒါပေါ့ . . . အုတ်နံ့ရုံကြီးလည်း မာပါတယ်ဆိုတောင် [illegible] တိုက်စားရင် ပြိုကျပါတယ်ကွယ်၊ မောင်နေရောင် သဘောပေါ[illegible] သွားမှာပါ"



သူ ဝမ်းသာအားရဖြင့် ဘွားခန္ဓာကိုယ်ပါးပါးလေးကို ပွေ့ဖက် [illegible]ိုက်ပါ၏။ ရှင်မတောင်သနပ်ခါးနံ့တွေ မွှေးလိုက်တာနော်။ မြေး [illegible]ဘွားနှစ်ယောက် အခန်းထဲမှာ တီးတိုးရယ်ခဲ့တာ ဘယ်သူကြားပါ [illegible]လဲ။ မျှော်လင့်ခြင်းနဲ့ အသက်ဆက်ရှင်ကြရိုးမှန်ရင် ကိုယ့်မှာလည်း [illegible]ျှော်လင့်ခွင့်ရှိတယ် မဟုတ်လား ဖြူ။ ကမ်းလင့်မယ့်လက်တစ်စုံကို [illegible]ြင်ယောင်ဆောင်ပြီး ဥပေက္ခာပြုဖို့ မရှုယ်လိုက်ပါနဲ့၊ Please ။

♥♥♥

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

Bus စီးရမှာမို့ လမ်းထိပ်ကို ခြေလှမ်းသွက်သွက် လျှော
လာခဲ့ပါ၏။ လက်မှနာရီက စောနေသေးတာမို့ အချိန်ရပါသေးသည်
Company Uniform က သူမကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်
သေသပ်စွာကြည့်ကောင်းနေတာပါလေ။ စောစောစီးစီး မျက်ခုံးတွေ
လှုပ်နေပါရောလား။

"ဟော"

ခပ်လှမ်းလှမ်းမှာလာနေသည့် bus ကို လှမ်းမြင်လိုက်ရတာနဲ့
ဝမ်းသာသွားရပါ၏။ ကားက သူမ ရှေ့အတော်လှမ်းလှမ်းမှာ
ရပ်သွားတာမို့ ဂိတ်မှလူတွေ တိုးဝှေ့တက်ကုန်ကြလေသည်။ လူကုန်မှပဲ





တက်ရတော့မယ့်ပုံပါပဲ။ ရုတ်တရက် သူမလက်မောင်းကို ဆုပ်ကိုင်ခြင်း
ခံလိုက်ရသဖြင့် လှည့်ကြည့်လိုက်မိ၏။ အလို စောစောစီးစီး အနှောင့်
အယှက်ပါပဲလားနော်။

"ဘာလုပ်တာလဲ"

"ကိုယ်နဲ့လိုက်ခဲ့ပါ ပုလဲ"

"အို ... ဘာကိစ္စလိုက်ရမှာလဲ၊ နင်နဲ့ပုလဲ ဘာမှမပတ်သက်
တော့ဘူးနော်၊ လက်ရဲဖက်ရဲ မလုပ်ချင်နဲ့"

"ခဏလေးပါ"

"ဘာခဏလဲ ... မရဘူး။ ပုလဲ အလုပ်သွားရမှာ"

"ကိုယ်ပို့ပေးမယ်လေ ပုလဲရယ်၊ ပြောစရာရှိလို့ ခဏလေးပါ၊
(၁၅) မိနစ်ပဲဖြစ်ဖြစ်"

"(၁၅) မိနစ်လည်း အချိန်မပေးနိုင်ဘူး"

"ဒါဖြင့် ... (၁၀) မိနစ်ကွာ"

ကြည့်စမ်း။ လူကို ဈေးသည်လို မရမက ဈေးဆစ်နေတာပါ
လား။ လက်ကို အတင်းကြီးဆွဲထားတာမို့ bus ပေါ် မတက်လိုက်ရ
ပဲ ကားကထွက်သွားချေပြီ။ ဘယ်လိုလဲမိုးသောက်ကြယ်၊ ပုလဲကို
အတော်လေးကို နှောင့်ယှက်နေတာပါလား။ ပြီးပြတ်ပြီထင်ပြီး မေ့
လျော့လှလှဖြစ်ခဲ့သမျှ အချည်းနှီးပါလေ။

သူ့ပုံစံက ဒီနေ့မှ ပုလဲနှင့် မပြောရရင် မဖြစ်သလိုနှယ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားပုံပါ။ လက်မောင်းကို အားကြီးနှင့် အတင်းဆုပ်ကိုင်ထား
တာက နာကျင်လာရပါ၏။ စိတ်ဆိုတာ ကိုယ်ပိုင်ပဲမို့ ကိုယ့်စိတ်
ဆုံးဖြတ်ပြီးရင် တခြားလူတွေ ဘယ်လိုပဲတားတား လိုက်ပြောင်းပေ
မလိုအပ်တာလေ။ ပုလဲကိုယ်ပုလဲ ငယ်သည်ထင်မှတ်နေတာ၊ သူ့
ပိုပြီး စိတ်နုသည့်လူဖြစ်နေပါရောလား။

"ပြောချင်ရင် ဒီမှာပြော ... (၁၀) မိနစ်ပေးမယ်"

"ဒီမှာ"

လက်မှနာရီကို တစ်ချက်ကြည့်ကာပြောစဉ် သူ့ အံ့သြ
လေ၏။ စိတ်မလှုပ်ရှားမိအောင် အတတ်နိုင်ဆုံး ထိန်းချုပ်ထား
လျက် ရင်ထဲမှ ဖိုးထိတ်မှုက တစ်စစ ပိုလာပါသည်။ ဘုရား! ဒီအချိ
ဆို ကိုကိုကြီးလည်း ဒီလမ်းကနေဖြတ်ပြီး ကုမ္ပဏီကို ထွက်လာတော့
မှာလေ။ သူမကို သူနဲ့ ဒီနေရာမှာ ဒီပုံစံနဲ့ တွေ့မြင်တော့မှာပဲ။ အထ
သွားချိန်ကြီး ဒီလို date နေရလားလို့ အမြစ်မြင်သွားရင်ဖြင့်။

"ပုလဲ"

"ဘာလဲ"

"ကော်ဖီဆိုင်မှာဖြစ်ဖြစ်"

"အဲဒီလောက် အချိန်မပေးနိုင်ဘူး မိုးသောက်ကြယ်
လောကမှာ နင်တစ်ယောက်တည်း အလုပ်ရှိတယ် ထင်မနေနဲ့ သူ
တစ်ပါးအလုပ်ချိန်ကိုလည်း လေးစားမှုရှိပါ"





"ဒါဖြင့် ... ပုလဲ အလုပ်ဆင်းမယ့်အချိန်မှပဲ"

"မပေးနိုင်ဘူး"

"ဟာ ... ဘာလဲပုလဲရာ၊ ကိုယ့်ဘက်က ပြောစရာရှိလို့
ဒီလောက်တောင်းဆိုနေတာကို နည်းနည်းတော့ ငဲ့ညှာမှပေါ့၊ အပြင်မှာ
မတွေ့ရင် ကိုယ် အိမ်အထိလာရမှာလား၊ မလာဘူးမထင်နဲ့"

ငဲ့ညှာမှုတဲ့လား။ အခုတော့ ဒီစကားပြောပါရောလား။ သူမ
အလှည့်တုန်းကဖြင့် ကန့်ဘောင်ပေါ်မှာ တစ်ယောက်တည်းကျန်ရစ်ခဲ့
ရတာပါ။ ရင်ထဲမှာ မုန်တိုင်းဝင်မွှေသွားတာ၊ နားထဲမှာ ဗုံးပေါက်ကွဲ
သွားရတာ။ နှလုံးသား ဖျတ်ခနဲ အက်ကွဲသွားသံတွေကို သူ ငဲ့ညှာခဲ့
ပေးပါသလား။

နှစ်နှစ်ကာကာ ချစ်မိခဲ့တဲ့ မနက်ခင်းတွေကို အကျည်းတန်
အရုပ်ဆိုးစေခဲ့တဲ့ တစ်ညနေလေးပါလေ။ ချစ်တာတွေ၊ မေတ္တာတွေ၊
သစ္စာဆိုတာတွေကို ထည့်တွက်စဉ်းစားတာမျိုး မရှိပါဘဲ "လမ်းခွဲကြ
ရအောင်" ဆိုတဲ့စကားကို ထမင်းစားရေသောက် စကားလိုပဲ ပေါ့ပေါ့
ပါးပါး ပြောထွက်ခဲ့တာပါ။

ထိုသို့သောသူက အခုချိန်မှာ သူမရှေ့လာပြီး ငဲ့ညှာပေးပါလို့
ပြောဝံ့ရတယ်လို့၊ လူဆိုတာ ကိုယ့်အတွက် ကိုယ့်ဖို့သာ သိတတ်ကြတဲ့
အတ္တသမားတွေဆိုတာ မှန်ပေမယ့် လူဘောင်လူစည်းနဲ့အညီတော့
နေတိုင်တတ်ရမှာပါလေ။ အထူးသဖြင့် ကိုယ်ချင်းစာနာစိတ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာမျိုးသာ ရှိမနေရင် သူမတို့ကမ္ဘာကြီးဘယ်လိုငြိမ်းချမ်းအေးမြနိုင်မလဲ။

အသည်းကွဲတယ်ဆိုတာ သူမ ကြည့်ခဲ့ဖူးသည့် ရုပ်ရှင်ဖတ်ခဲ့ဖူးသည့်ကဗျာတွေ၊ ဝတ္ထုတွေထဲမှာသာ တွေ့ခဲ့ဖူးတာပါ။ လက်တွေ့ဘဝမှာ ရုတ်တရက် ကြုံရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားမိခဲ့။ လွတ်လပ်ပျော်ရွှင်သည့်အပြုံးတွေကနေ ဝမ်းနည်းကြေကွဲမျက်ရည်တွေအဖြစ် သူက ပြောင်းလဲစေခဲ့ပါ၏။

ဆိုနင့်နာကျင်နေသည့်ရင်တွင်းမှ ဒဏ်ရာကို ဖြေသာဖို့ကာလက ရှည်ကြာလွန်းတာအမှန်ပါ။ ရင်ကို ဒဏ်ရာပေးခဲ့သည့် သူ့အပေါ်နာကြည်းမုန်းတီးရမည့်အစား သူမကိုယ်သူမသာ ပြန်စိတ်နာနေတာ အဘယ်ကြောင့်ပါနည်း။

ကို ... ကိုထားရစ်ခဲ့တဲ့နေရာမှာ ပုလဲဖြူဖြူဆိုတဲ့ ကောင်မလေးရဲ့ နှလုံးသား ပြုတ်ကျကွဲအက်ခဲ့ရတာကို သိပါရဲ့လား။

''ဌဲညှာမှုတဲ့လား။ နင့်အလှည့်တုန်းကရော ပုလဲကို ငဲ့ညှာခဲ့လို့လား မိုးသောက်ကြယ်၊ ပြောပါဦး''

''ပုလဲ''

''နင် အစိမ်းလိုက်ခွဲခဲ့တဲ့ ပုလဲရဲ့နှလုံးသားက ခုထိ သွေးစိမ်းရှင်ရှင်ထွက်နေတုန်းပါ၊ ဒဏ်ရာမကျက်သေးတာ အမှန်ပဲ၊ မိုးသောက်ကြယ် ... အဲဒီအနာကို ဆေးမထည့်ပေးဘဲ ဆားဖြူးပေးဦးမလို့လား။





...မှာ စာနာစိတ်နည်းနည်းမှ မရှိတာလားဟင်''

''မဟုတ်ဘူး ကိုယ်''

''နင်ထားရာနေ စေရာသွားခဲ့တဲ့ ကောင်မလေးက အတိတ်...မှာ ကျန်ရစ်ခဲ့ပြီ မိုးသောက်ကြယ်''

''ဟာ ... ပုလဲ''

''သည်းခံပေးခဲ့တာ၊ နားလည်ပေးခဲ့တာ၊ မျှဝေပေးခဲ့တာတွေ...နှင့်သမျှ ပြောင်းထဲရောက်သွားပြီ သိရဲ့လား''

''အဲဒီအတွက် ကိုယ်တောင်းပန်ပါတယ် ပုလဲရယ်၊ ကိုယ်...မှားခဲ့တာပါ၊ လက်ရှိရပ်တည်နေရတဲ့အခြေအနေကြောင့် ကိုယ့်ဆုံး...ဖြတ်ချက်မှားယွင်းခဲ့မိတာကို ဝန်ခံပါတယ်၊ စိတ်ရင်းနဲ့တောင်းပန်တာ...ပါ ပုလဲ''

သူမ ငြိမ်နေမိပါ၏။ နှုတ်ဖျားက စကားတို့က လေထဲမှာပဲ ...လွင့်ပါသွားတတ်ပါသလား။ ရင်တွင်းတိုင် တိုးဝင်လာတတ်သည့် ...များတံလို စူးရှလွန်းတာပါလေ။ မန္တမနပ်အရွယ်လေးလို အထင်...တသေးနဲ့ လာဖြားယောင်းနေပြန်တာများလား။ သတိ ပုလဲဖြူဖြူ။ အလိမ်ခံရတယ်ဆိုတာ တစ်ကြိမ်တစ်ခါပဲ ဖြစ်သင့်တာပါလေ။

''ကောင်းပြီလေ ... ဒါပဲ မဟုတ်လား''

''ရှိသေးတယ်''

ရော် ... မပြီးသေးဘူးလား။ ပြောတော့ (၁၅) မိနစ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အချိန်တော်တော်များများစွန်းနေပြီမှန်း သိလိုက်ပါ၏။ သူ့ထံမှ ခွင့်
တနာငဲ့ညှာစိတ်မရှိသေးတာပါလား။ ကိုယ့်ကြောင့်နဲ့ သူများအလုပ်
ကို ထိခိုက်စေနေတာကို မသိသေးပါလားနော်။ ခက်ပါရဲ့ မိုးသော
ကြယ်။

"အဲဒီတော့"

"ကိုယ် ... ကိုယ် ပုလဲနဲ့မခွဲနိုင်ဘူး"

"ဘာ"

သူ့ကို အံ့သြစွာကြည့်နေမိ၏။ နောက်တစ်မျိုး လာပြန်ပါ
လား။ လက်ဖြုတ်စဉ်က ဖြုတ်ခဲ့ပြီး အခုမှပြန်တွဲဖို့ လက်ကမ်း
အောင် သူမက မူကြိုကလေးအရွယ်မှ မဟုတ်တာလေ။ သူ့ပုံစံ
သူမကို အခုပဲ ဆွဲခေါ်သွားမယ့်နှယ်ပါ။ ဘယ်သူကမြှောက်ပေးလိုက်
တာပါလိမ့်။ တစ်စုံတစ်ယောက်ရဲ့က တွန်းအားမပါဘဲနဲ့တော့ သူမ
ကို ရောက်လာရဲ့မှာ မဟုတ်တာလေ။ ကိုလေးလား ဒါမှမဟုတ်
မလေးပဲလားမသိပါ။

"ဟုတ်တယ် ... ကိုယ် ပုလဲနဲ့ လက်ထပ်ဖို့ဆုံးဖြတ်ပြီးမှ
လာခဲ့တာ"

"ဘယ်လို ... လက်ထပ်ဖို့"

"ဟုတ်တယ်လေ"

"နင် ဦးနှောက်တော့ ကောင်းပါသေးတယ်နော်"





"ဟာကွာ ... ပုလဲကလည်း"

"အူကြောင်ကြောင်လုပ်ရပ်တွေ ဘာလို့လာလုပ်ပြနေရတာ
လဲ"

"ပုလဲကို ... ပုလဲကို အိမ်ကလက်ထပ်ပေးတော့မှာဆို၊
အဲဒီလို ကိုယ်အဖြစ်မခံနိုင်ဘူး"

ဗုဒ္ဓေါ လက်တလောကိစ္စကြောင့် အဆူခံထားရတာ ဘာများ
ကြာသေးလို့လဲ၊ စိတ်တည်ငြိမ်အောင်ဆိုပြီး အလုပ်ဝင်လုပ်နေတာမှ
သုံးလခန့်သာ ရှိသေးတာပါ။ ဒီသတင်းက ဘယ်ကဘယ်လိုပေါ်လာ
တာပါလိမ့်။ သူမမိဘတွေကဖြင့် ခုထိ သူမကို အိမ်ထောင်ပြုရန်
တစ်ခွန်းမှ မပြောသေးတာအမှန်ပါ။

ကိုလေးတို့ပြောတာနဲ့ ကမူးရှူးထိုး ပေါက်ချလာတာများ
လား။ နာမည်ရလာကာစ model သရုပ်ဆောင်လေးတော့ အူကြောင်
ကြောင်လုပ်ရပ်တွေလုပ်မှန်းမသိလုပ်နေတာပါလေ။ မျက်လုံးတွေကို
ကြည့်ရုံဖြင့် သူအတည်ပြောနေတာမှန်း သိသာစေပါ၏။ သူမဖြင့်
နားမလည်နိုင်အောင်ပါပဲ။

"ဘယ်သူပြောလို့လဲ ... ကိုလေးလား"

သူ ခေါင်းခါပြလေ၏။ မဟုတ်ဘူးလား။ ကိုလေးနှင့်မလေးတို့
မဟုတ်ရင် ဘယ်သူများလဲ။ သူနှင့်သူမကို ကြားက ဆက်နွယ်ပေးတဲ့
လူက ဒီနှစ်ဦးသာရှိတာလေ။ ဒါဖြင့် ... ဘယ်ကနေသတင်းကြားခဲ့

www.burmeseclassic.com

www.burmeseclassic.com



လို့ပါလဲ၊ စောစောစီးစီး ဦးနှောက်ခြောက်ရအောင် လာလုပ်နေပါလားနော်။

"မမကြီးပြောတာ"

"ဘာရယ်"

ဘုရားရေ . . . မမကြီးတဲ့။ ဘယ်ကနေ ဘယ်လို မမကြီးက ပါလာတာပါလိမ့်။ အလုပ်ထွက်ပြီးသည့်နောက် ဆုံစရာမရှိတော့ဟု ထင်ထားကာမှ အခုထပ်ပြီးပေါ်လာပါရောလား။ ဘာသဘောလဲ မမကြီးရယ်။ ပုလဲကို အေးအေးနေတာ မမြင်ချင်ဘူးလား။ ဘယ်အချိန်ထိ အခုလို နှောင့်ယှက်မှုပြုနေဦးမှာလဲ။

"အိမ်ကပေးစားမှာထက် အခု ပုလဲလုပ်နေတဲ့လုပ်ရပ်တွေကို မလုပ်စေချင်လို့ပါ၊ ကိုယ်တောင်းဆိုပါတယ် ပုလဲ၊ အခု အလုပ်က ထွက်ပါ"

"ကျစ် . . . လုပ်ပြန်ပြီ"

"ပုလဲမှာ မာနမရှိဘူးလား၊ ကိုယ်နဲ့တုန်းကတောင် လွယ်လွယ်နဲ့ ခေါင်းညိတ်ခဲ့တာမှမဟုတ်တာ၊ သူများအလွယ်တကူ လှည့်စားလို့ရတဲ့ အရုပ်လေးလို မနေပါနဲ့ ပုလဲရယ်"

"ဘာပြောတယ်"

"အဲဒီလူက မင်းကိုအတည်လို့ သတ်မှတ်တယ်များထင်နေလား။ သူ့လိုအဆင့်၊ သူ့လိုလူအတွက် အချိန်တန်လက်ထပ်မယ့်သူက





အဆင်သင့်ရှိထားပြီးသားပါ။ မင်းက . . . မင်းက အဖျော်ဖြေခံ စိတ်အာသာပြေအဆင့်မျိုးနဲ့ နေနေတာကိုတော့ ကိုယ်လက်သင့်မခံနိုင်ဘူး"

"မိုးသောက်ကြယ်"

လက်တစ်ဖက်မြောက်တက်သွားသော်ငြား မရိုက်ဖြစ်ပါလေ။ သူက သူ့မလက်ကို အမြန်ဖမ်းလိုက်တာကြောင့်ပါပဲ။ ကြည့်စမ်း။ စော်ကားလိုက်တာ။ သူမကို အဖျော်ဖြေခံတဲ့လား။ စိတ်အာသာပြေရုံတဲ့လား ပြောရက်ပါပေ့။ ဒီလောက်အနေအထိုင် တည်ကြည်တဲ့ပုဂ္ဂိုလ်နဲ့မှ သူမကို အဘယ့်ကြောင့် တွဲမြင်နေရတာပါလဲ။ အထင်သေးဝံ့လိုက်တာနော်။

"စေတာနဲ့ပြောတာကိုလက်ခံပါ"

"မလိုပါဘူး . . . နင်"

"ရည်းစားဟောင်းနဲ့ ပြန်တွဲတာထက် သူများ အပျော်တွဲခံဖြစ်ရတာ ဘယ်ဟာက ပိုသင့်တော်မလဲ၊ မင်း စဉ်းစားတတ်မှာပါ ပုလဲ"

"နင် . . . နင်"

"သူများပြောလို့ထက် ကိုယ်စိတ်မပါတဲ့ ဘယ်အလုပ်ကိုမှ မလုပ်တတ်တာ မင်းသိပါတယ်၊ ကိုယ်တို့ ချစ်ခဲ့ဖူးတာပဲ၊ မင်းရင်ထဲမှာ အချစ်အကြွင်းအကျန် နည်းနည်းလေးရှိရုံနဲ့ ဖြစ်ပါတယ် ပုလဲ၊ ကိုယ်တို့ ပြန်တွဲကြရအောင်၊ တစ်ဘဝစာအတွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ အောက်နှုတ်ခမ်းကို ခပ်နာနာဖိကိုက်ထားလိုက်ပါ၏။ ရစ်ဝိုင်းလာသည့်မျက်ရည်ကို ထိန်းချုပ်ထားရတာ ပင်ပန်းလှသွား သူများကိုအပြစ်ပုံချပြီး ကိုယ်လိုရာဆွဲပြောသွားပုံကသင်းပုံ။ ကိုယ့်အသွား ပဲ ကိုယ်ကြည့်တတ်ပါလား။

"စဉ်းစားပေးမယ် မဟုတ်လားဟင်"

ညှို့ငင်သည့်အကြည့်တို့နှင့်ဆုံစဉ် သူမမျက်လုံးအစုံကို မှိတ်ချ လိုက်မိ၏။ ပါးပြင်ထက် စီးကျသွားပါသည့်မျက်ရည်စီးကြောင်းတို့ကို သူ သုတ်ပေးစဉ် ခေါင်းငုံ့ရှောင်လိုက်မိတော့သည်။ ရင်ထဲမှာ ရှုပ်ထွေး နေမှုက စိတ်ကိုလေးလံစေလေ၏။ ဘာတွေဖြစ်ကုန်တာပါလိမ့်။ သူမ နားမလည်တော့။

မမကြီးက ဘယ်လိုတွေပြောလိုက်လို့ သူ ဒီလိုပုံစံနဲ့ ရောက် လာတာပါလိမ့်။ ပြန်တွဲမလို့တဲ့။ အထင်သေးလွန်းလှချည်လား။ သူမ က လိုတဲ့အချိန်ခေါ်ပြီး သုံးစွဲလို့ ရနိုင်တဲ့ သက်မဲ့ပစ္စည်းမှ မဟုတ်တာလေ။ စိတ်ထဲမှာ အခုံးစွန်အထိ သိနားလည်လိုက်သည်က မမကြီး၏ တိုက် ကွက်ကို ခံလိုက်ရပြီဆိုတာပါပဲ။

♥





ကားကို အရှိန်လျှော့မောင်းနေတာမို့ Platform ပေါ်မှ အဖြစ်အပျက်ကို အရှင်းသားမြင်နေရပါ၏။ ကြည်နူးစရာမြင်ကွင်းလေး ပါ။ တွန်းဖယ်ရုန်းကန်နေတာကို ချော့မော့တောင်းပန်နေတာ မဟုတ် ပါလား။ ပါးပြင်ထက်ကျလာသည့် မျက်ရည်တို့ကို တယုတယနဲ့ သုတ်ပေးနေတာပါလေ။

ပတ်ဝန်းကျင်ကိုတောင် သတိမထားမိပုံပါလား ဖြူ။ မင်း ချစ်သူနဲ့ဖာတ်လမ်းပြီးပြတ်သွားပြီလို့ ထင်ပြီး မျှော်လင့်မိတဲ့ ကိုယ့် မျှော်လင့်ချက်တွေကို ရိုက်ချိုးပြလိုက်တာများလား။ အလွမ်းတွေပြည့် နေခဲ့တဲ့အထိ ကျန်နေရက်တွေအတွက် မင်းမျက်နှာမှာ အပြုံးတွေ ပွင့်လန်းလာအောင် လုပ်ပေးခဲ့တဲ့ကိုယ့်ကို ဥပေက္ခာပြုတော့မယ်ပေါ့ လေ။

ကိုယ် နာကျင်ရပါတယ် ဖြူ။ တစိမ့်စိမ့်ချစ်လာမိတဲ့ရင်ကို အနင့်နင့်ခံစားရလေအောင် ပြုစားရက်ရတယ်လို့။ ကိုယ်က ကိုယ်က မင်းလိုအပ်တဲ့အချိန်မှာ ဖြည့်ဆည်းပေးတဲ့ အဖြည့်ခံလို ဘဝမျိုးဖြစ်နေ ပါရောလား ပုလဲဖြူဖြူ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ရုံးခန်းတံခါးကို နှစ်ချက်ဆင့်ခေါက်လျက် တွန်းဖွင့်ဝင်လို
ပါ၏။ နောက်ကျနေပြီမို့ အဆူခံရတော့မှာပါပဲ။ ဒေါသမျက်နှာ
ကြည့်မည်ထင်သော်ငြား ကိုကိုကြီးက သူမဝင်လာတာကို လှမ်းမကြ
ဘဲ ဖုန်းပြောမပျက်ပါလေ။ လူကြီးကို တောင်းပန်ရမှာမို့ စားပွဲရှေ
ရပ်လျက် စောင့်နေမိလေသည်။

"Ok, Dinner မှ ဆုံမယ်လေ၊ ဒါပဲနော်"

ဖုတ်ခနဲကြည့်လေ၏။ မျက်နှာငယ်ဖြင့် တောင်းပန်ရန် အ
ယူလိုက်မိစဉ် ထိုင်ခုံမှထရပ်ကာ နံရံဘေးကပ်ထားသည့် Alumini
ဗီရိုတွေရှိရာ လျှောက်သွားလေသည်။ ဘာလဲ ... အလုပ်ရှုပ်ပြ





များလား။ တကယ်ဆို အဲဒီအလုပ်တွေကို သူမကသာ လုပ်ပေးရမှာ
လေ။

"ကိုကိုကြီး ပုလဲနောက်ကျသွားလို့ တောင်းပန်ပါတယ်"

"အဲဒါပြောမှာထက် လုပ်စရာရှိတာ လုပ်ပါတော့လား။ အချိန်
ကို ဖြုန်းတီးနေတယ်"

လှည့်မကြည့်ဘဲ ကျောပေးလျက် ပြောလိုက်ခြင်းပါပဲ။ စိတ်
ဆိုးတာလား။ မကြာခဏ နောက်ကျဖူးတာမျိုး ရှိခဲ့ပေမယ့် နားလည်
ခွင့်လွှတ်ပြုံးဖြင့်သာ တုံ့ပြန်ခဲ့တာပါလေ။ အခုတော့ သူမကို မျက်နှာ
ချင်းမဆိုင်ချင်သလို ပြုမူနေပါရောလား။ အခုလေးတင် သူပြောသွား
သည့် စကားအခွံကြောင့် လူက စိတ်အားငယ်နေရသည့်ကြားထဲ
ကိုကိုကြီးလုပ်ရပ်က သူမရင်ကို နာကျင်စေတာပါလေ။

အံ့ဆွဲထဲမှ ဘာရှာမှန်းမသိဘဲ စာရွက်စာတမ်းတွေ မနိုင်မနင်း
ထုတ်ယူလိုက်သဖြင့် သံမံတလင်းထက် လျှောကျ ပျံ့ကျဲကုန်၏။
သူ့နှုတ်မှ တက်ခေါက်သံထွက်လာလေ၏။ ဒုက္ခပါပဲ၊ သူမ စနစ်တကျ
နှင့် ခွဲထားသမျှ အကုန်ရောကုန်ပါပြီ။ ဘာယူမလဲဆိုတာ ပြောရုံနှင့်
အဆင်သင့်ယူပေးမယ့်သူ ရှိနေပါလျက် ကိုယ်တိုင်ထလုပ်သမျှ ရှုပ်ကုန်
တော့မှာလေ။

"ပုလဲ လုပ်ပေးမယ်"

"နေပါစေ ... ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီး ဘာရှာတာလဲဟင်၊ မန္တလေး၊ နေပြည်တော် ရန်ကုန်ဆိုပြီးတော့ ပုလဲခွဲထားပေးတာ မြို့နယ်ကို ဖူည်းအလိုက်စီ ထားတာလေ၊ ရောကုန်ပြီ ထင်တယ်"

"ရောရင် ပြန်ရှင်းပေါ့၊ မင်းအလုပ်ပဲကို"

စိမ်းသက်သည့်စကားကြောင့် အံ့သြစွာ မော့ကြည့်လိုက်မိ သူမက စာရွက်စာတမ်းတွေ ကောက်နေရင်း မတ်တတ်ရပ်နေသည့် သူ့ကိုကြည့်စဉ် ခြေထောက်ရွှေ့ကာ လှည့်ထွက်သွားပြန်လေသည် ဘာသဘောလဲ၊ တမင်ရှောင်နေတာများလား။ ရုံးခန်းတစ်ခန်းတည်း အတူရှိနေသည့်လူနှစ်ယောက်က ဒီလိုစကားမပြောဘဲ ကျော ပေး လို့ ရမှာတဲ့လား။ မဖြစ်နိုင်တာ။

ဘာသဘောမကျလို့ပါလိမ့်။ လုပ်ငန်းကို အတော်အသင့် နားလည်ကျွမ်းကျင်လာပြီး "ဘာလိုချင်တယ်" ဆိုတာနှင့် အမြန် လုပ်ပေးနိုင်တဲ့ အတွင်းရေးမှူးမလေးကို မလိုအပ်တော့သည့်နယ် လုပ်နေပါရောလား။ အပြစ်ရှိရင်ပြောသင့်တာပေါ့။ နောက်ကျတာ စိတ်ဆိုးရင်လည်း ဆူပူပါတော့လား။

အခုလို မတူမတန်သလို ဆက်ဆံခံရတာ တစ်ဖက်သားကို အရှက်ရနာကျင်စေတာ ကိုကိုကြီးမသိဘူးလားဟင်၊ မတန်မရာအဆင့် မျိုး မမှန်းရဲပါဘူး။ တကယ့်ကို စိတ်အရင်းခံနဲ့ ကိုကိုကြီးပေးတဲ့နေရာ ကို တာဝန်ယူခဲ့မိတာပါ။ အလုပ်လာလုပ်ရုံပါပဲ။ ဘာ လူမှုရေးအရှုပ်





ရှုပ်ထွေးမျိုးမှ သူမ မလုပ်ဝံ့ပါလေ။

"ပုလဲ ဘာရှာပေးရမှာလဲ"

"မလိုတော့ဘူး"

ဟောကြည့်၊ ခုနကတော့ အံဆွဲဖွင့်မွှေနေပြီး ခုတစ်မျိုး ပြောပြန်ပါပြီ။ သူမကို တမင်တကာ ပြဿနာရှာနေတာများလား။ လိုအပ်တော့ဘူးလားဟင်၊ ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောလိုက် ။ သူမက ဒီနေရာကို မရမကတောင်းပြီး တွယ်ကပ်နေမှာမျိုးမှ ဟုတ်တာလေ။

ဘယ်လိုကြီးလဲ၊ လူတွေရဲ့စိတ်ကို ဖတ်တတ်ဖို့ဆိုတာ ခက်ခဲ ။ သူမသိပါ၏။ သို့သော် သူ့လိုအပ်ချက်တွေကိုဖြင့် အရိပ်ကြည့်ပြီး ဖြည့်ဆည်းပေးခဲ့တာပါလေ။ မနက်စောစောဆို ကော်ဖီ၊ နေ့ခင်းဆို ...အေး၊ အရမ်းအေးလွန်းသည့်ရက်မျိုးမှာ လက်ဖက်ခြောက်မွှေးမွှေး ...ခတ်ထားပါသည့် ရေနွေးပူပူကို အဆင်သင့်ပြင်ဆင်ပေးခဲ့တာပါ လေ။

Meeting သွားမယ်ဆို ဘာအတွက် ဘာအစည်းအဝေး ဆိုတာနှင့် ယူသွားရမည့်စာရွက်စာတမ်းတို့နှင့်အတူ ပိုက်ပြီး နောက်က လိုက်ပေးခဲ့တာမဟုတ်ပါလား။ Pen ဆိုလည်းမပြောခင် ကမ်းပေးပြီး သား။

ဘယ်သူ့ဖုန်းလေဆိုရုံနဲ့ နံပါတ်တွေကို အလွတ်ကျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခနဲပြောပေးတတ်တဲ့အကျင့်မျိုး ရခဲ့ပါလျက် ခုတော့ အသံ
မဝင်တော့ပြီလား။

ဘာသဘောပါလဲ ကိုကိုကြီးရယ်။

"ကျစ် . . . ဒီနားထားထားတာ ဘယ်ရောက်သွားပြန်ပြီလဲ"

ရှာနေပုံရသဖြင့် ခုံမှထကာ သူ့စားပွဲရှိရာဆီ လာခဲ့ပါ
စကားမပြောချင်လည်းမပြောရုံပေါ့။ ပုလဲက နေတတ်ပါတယ်။ အိမ်
တစ်ခုခုဖြစ်လာလို့ စိတ်ရှုပ်နေတာဟု ယူဆပြီး နားလည်ပေးလိုက်
မယ်။ File တွေထဲ ညပ်နေသည့်စာရွက်လေးကို ဆွဲထုတ်ပေးလိုက်
၏။ သူက Handphone ခလုတ်ကိုနှိပ်ကာ ဖုန်းခေါ်လိုက်လေသည်
မရ၍ထင့် စိတ်တိုကာ တက်ခေါက်ပြန်လေ၏။ စာရွက်မှနံပါတ်တွေ
တစ်ချက်ကြည့်ကာ သူမ ရုံးဖုန်းဖြင့် ခလုတ်တဘောက်တောက်နှိပ်
ခေါ်တော့ ရှောရှောရှူရှူ ခေါ်လို့ရလေသည်။

"ပြောလို့ရပါပြီ"

သူက ဘာမှမပြောဘဲ သူမလက်ထဲမှဖုန်းကို ဆတ်ခနဲယူ
ပြောနေလေ၏။ သူများနဲ့ပြောတော့ ပြေပြေပြစ်ပြစ်ပါပဲလား။ မျက်နှာ
ကဖြင့် ခါတိုင်းနှင့်မတူဘဲ ပိုတည်နေပြီး မျက်မှောင်ကျုံ့နေသည့်
ပါ။ နေ့လယ်ရောက်ချိန်အထိ သူမကို တစ်ချက်လေးမှ မကြည့်
နိုင်းလည်းမခိုင်း ပြောလည်းမပြောတာမို့ အံ့ဩမဆုံးတော့ပါချေ

အဖျော်ဖြေခံ၊ စိတ်အာသာပြေအဆင့်တဲ့။ ကျစ် မဟုတ်





အတွေးတွေကို ခေါင်းခါကာ ဖယ်ထုတ်လိုက်မိ၏။ ရောက်စက သူမ
အပေါ် ကြည့်ခဲ့သည့်အကြည့်နွေးနွေးတွေ၊ စိတ်ရှည်သည်းခံပေးသည့်
အပြုံးတွေ၊ ငတုံးဟုဆိုကာ ခေါင်းကို အသာဖိအုပ်လိုက်ပါသည့်
နွေးထွေးရင်းနှီးမှုများ။

ဘုရားရေ တကယ်ပဲဟုတ်နေလို့လား။ သူ စိတ်ကြည်နေချိန်
အလိုက်သင့်ရောက်လာသည့်သူမကို ယခုလို ပြုမူဆက်ဆံလိုက်တာ
နားလား။ သူမ မျက်ဝန်းမှ မျက်ရည်ရစ်ဝဲလျက် စိုစွတ်လာတော့လေ
၏။ ကိုယ့်ကိုယ်ကိုယ် ဒီလို အဖြည့်ခံနေရာမျိုး နောက်တစ်ကြိမ်
ရောက်လိမ့်မည်ဟု ထင်မထားမိတာလေ။

ပုလဲဖြူဖြူ၊ နင့်ဘဝအနာဂတ်က ခုချိန်ထိ မရေမရာကြီးပါပဲ
လား။ ကိုယ့်တက်လမ်းကိုယ်ရှာဖို့ ရည်ရွယ်ထားပေမယ့် ခရီးက ကြမ်း
တမ်းလွန်းတာပါလေ။ ကိုယ့်ကိုယ်ကိုယ် မာနလေးတင်းပြီး မတ်မတ်
ရပ်ဖို့ အားယူနေပါလျက် စိတ်ဓာတ်ပျော့ခွေယိမ်းယိုင်နေသလို ဖြစ်နေ
တော့တာပါလေ။

"ပုလဲဖြူဖြူ"

"ရှင် . . . ဟင် ကိုကိုကြီး"

"ပြောနေတာ မကြားဘူးလား။ ဘာတွေစဉ်းစားနေတာလဲ၊
အလုပ်လာပြီး အလုပ်ထဲစိတ်ကမရှိဘူး၊ ဒီနေ့ သင်းရန့် leave ယူ
ထားလို့ အလုပ်တွေပုံနေတာ နားမလည်ဘူးလား။ ဒါကို အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



သွားပို့ပေး မြန်မြန်သွား၊ မြန်မြန်လာ''

''ဟုတ်ကဲ့''

''ဦးမျိုးမြင့်မြတ်ဆီကိုနော်''

ကမ်းပေးလိုက်သည့် file ကို တရိုတသေယူလျက် ရုံးခန်း
မှ ထွက်ခဲ့ပါ၏။ Corridor မှခပ်သွက်သွက်လျှောက်ကာ lift ဖြ
အောက်ထပ်သို့ရောက်စဉ် မန်နေဂျာကိုရှာတော့ မတွေ့ပါချေ။ Toi
ဝင်နေ၍ထင့် တအောင့်ကြာမှ ရောက်လာတာမို့ လက်ထဲထည့်ပေး
စားပွဲထက် ဖုန်းမှ ထမြည်လာလေသည်။

''ဟိုကောင်မလေး ခုထိပြန်မလာသေးဘူးလား''

''ခေါ်နေပြီ သမီးရေ မြန်မြန်သွား''

မန်နေဂျာအပြောကြောင့် အပေါ်ထပ်သို့ အမြန်ပြေးတက်
တော့၏။ ဘယ်လိုဖြစ်ပြီး လောနေပါလိမ့်နော်။ သင်းရနံ့ကိုဖြင့် ယခု
အော်ဟစ်ပြောဆိုတာမျိုး (သူမရှေ့မှာ) တစ်ကြိမ်မှ မရှိခဲ့ပါ။ အခုတော့
လူကို စက်ရုပ်လို ခုသွားခုလာဆိုပြီး ချက်ချင်းခိုင်းတာလေ။ စိတ်ကို
မှာထက် ဝမ်းနည်းအားငယ်မှုကသာ ပို၍ကြီးစိုးလာလေသည်။

''ဒါလေးခိုင်းလိုက်တာ ကြာလိုက်တာ၊ ဘယ်သူနဲ့စကား
ဖောင်ဖွဲ့နေလို့လဲ၊ အလုပ်ကိုလေးလေးစားစားလုပ်မှပေါ့၊ ဟိုတစ်ပတ်
က သိမ်းထားခိုင်းတဲ့ file ယူလာပေး''

တွေ့လား ဘယ်ဆိုင်က ဘာပစ္စည်းစာရင်းမှန်း အစီအစ





ပြောတဲ့ လူကို ခိုင်းပြန်ချေပြီ။ သူမစားပွဲပေါ်ရှိ File အထပ်မှ
တစ်ပတ်စာစုထားသည့် file (၈) ခုကိုယူကာ သူ့ထံသွားပေးလိုက်ပါ
၏ သူမှန်စားပွဲထက်တင်ပေးစဉ် တွန်းဖယ်ချလိုက်သည့် file တို့က
သူမခြေဖမိုးထက် အရှိန်ပြင်းပြင်း ပြုတ်ကျတော့တာပါလေ။

''အ''

''ငါ့ကို ရွဲ့တာလား''

''မဟုတ်''

''ပြောလိုက်ရင် ဒီလိုကြီးပဲ၊ ဘယ်မှာလဲ ဆိုင်ခွဲ (၃) က''

မမကြီးဆိုင်ကဆို၍ အဝါရောင် file ကိုရွေးကာပေးလိုက်ရ
လေ၏။ အောက်ကိုကျသွားသည့် file ထို့ကိုကောက်လိုက်စဉ် plas-
tic file ထောင့်စွန်းစိုက်သွားသည့် ဘယ်ဘက်ခြေမဖိုး ပေါက်သွားမှန်း
သိလိုက်ပါ၏။ ခြေထောက်နာတာထက် အပြောအဆိုခံရတာက ပို၍
နာကျင်စေတာပါလေ။

''ဒီနေ့ မလုပ်မပြီးမချင်း ပြန်ရမယ်မထင်နဲ့၊ ကြိုချိန်းထားတာ
ရှိရင် စောစောစီးစီးဖျက်ထား''

ဘုရား၊ ဘာစကားကြီးလဲ။ ကြိုချိန်းထားတာတဲ့လား။ အလို
ဖြင့် မနက်က သူမတို့ကို သူမြင်ဖြစ်အောင်မြင်သွားတာပေါ့။ သေချာ
ပြီ အထင်လွဲစရာကဖြစ်အောင်ကို ဖြစ်တော့တာပါပဲ။ မဟုတ်ပါဘူး
ဟု ဖြေရှင်းချင်ပါသော်လည်း မတတ်နိုင်ပြီ။ ဘယ်သူမပြု မိမိမှုလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုထားတာမဟုတ်လား။

ခိုင်းသာခိုင်းပါ ကိုကိုကြီးရေ ဝဋ်ရှိသရွေ့ ခံပါ့မယ်။ ဒီတစ်ခု ရတဲ့အလုပ်ကပါ ထွက်ပြေးရင် ပုလဲကို မေမေ အပြစ်မြင်တော့မှာ လေ။ ဟိုရွှေ့ ဒီခုန်နဲ့ မတည်ငြိမ်ဘူးလို့ ထပ်ပြီးအပြောမခံပါရစေနဲ့ လား။ အိမ်မှာ အငယ်ဖြစ်ပြီး အလိုလိုက်ခံခဲ့ရသမျှ အခုတော့ အပြော ချည်းခံနေရတော့တာလေ။ တကယ်ပဲ အလုပ်တွေအများကြီးမို့ စကား ပင် မပြောနိုင်ဘဲ တစ်နေကုန်လုပ်နေရလေ၏။

သူ lunch ထွက်စားပေမယ့် သူမ ထမင်းဘူးကအရာမယွင်း ပါ။ အဆာလွန်သွားလို့ထင်ပါရဲ့။ ရေတစ်ဘူးကိုသာ ဗိုက်ပြည့်အောင် သောက်ပြီး အလုပ်ထဲ စိတ်နှစ်လိုက်ရပါသည်။ သူ ပြန်ရောက်ပါက မမြင်လျှင် ထပ်ဆူဦးမှာမို့ အပြင်ခဏတောင်မှ မထွက်ရဲ။ Plaster မကပ်ဖြစ်သည့် ခြေဖမိုးက အတော်လေးယောင်နေလေပြီ။ အိမ်ပြန်မှပဲ ဆေးထည့်ရတော့မှာလေ။

နာရီမှ ည (၆) နာရီထိုးသံတတီတီမြည်လာလေ၏။ အပြင် မှာ မှောင်ရီပျိုးနေလေပြီ။ ဝန်ထမ်းတွေ အလုပ်ဆင်းကြသံ ကြားနေရ ပေမယ့် သူတောင်မလှုပ်တာမို့ သူမလည်း ငြိမ်နေရပါသည်။ စားပွဲ ထက်တင်ထားသည့် Handphone မှ အသံခပ်တိုးတိုးက ဆက်တိုက် မြည်လာလေ၏။ ဘယ်သူများ ဆက်နေတာပါလိမ့်။

"ဖုန်းကိုင်လေ ... ဒီလောက်ခေါ်နေတာကို"





ဟော ပြောပြန်ပါပြီ။ ဆင်ခြင်နေပါလျက် အပြောကမလွတ် ပါလားနော်။ ဖုန်းကို အမြန်ကိုင်လိုက်စဉ် အိမ်မှမဟုတ်သဖြင့် မျက်လုံး ပြူးသွားရလေ၏။ ဘယ်လိုလူလဲ၊ မနက်ကတွေ့ပြီးတာတောင် အခု အောက်မှာ စောင့်နေသတဲ့လား။ တို့မီး ရူးမီးပါပဲလား မိုးသောက်ကြယ်။

"နင့်ကို ဘယ်သူစောင့်ခိုင်းလို့လဲ၊ မစောင့်နဲ့၊ OT ရှိတယ်။ ဘယ်အချိန်ပြန်ပြန် ... ဒါပဲ"

စိတ်တိုတိုဖြင့် ဖုန်းချလိုက်စဉ် ထပ်ခေါ်လာတာမို့ Power ပါ ပိတ်လိုက်မိတော့၏။ ငါနော်၊ စိတ်ရှိလက်ရှိ ကိုင်ပေါက်မိတော့မယ်။ ဒင်းနှောင့်ယှက်တာနှင့် computer စီလက်စစာရွက်နေရာ ပျောက် သွားတာမို့ ပြန်ရှာရတော့သည်။ အတော်ဒုက္ခပေးတဲ့လူပါပဲ။

"ပုလဲဖြူဖြူ"

"ရှင်"

"အလုပ်ကို ရှုပ်ရှုပ်ယှက်ယှက်တွေ မယူလာပါနဲ့၊ မကြိုက် ဘူး"

"ရှင်! ဘာကိုပြောတာလဲ"

"မင်းအကောင် အောက်မှာလာစောင့်နေတာမျိုးကို ပြောတာ လေ၊ ရည်းစားကြောင့် အလုပ်ကို အနှောင့်အယှက်ဖြစ်တာ ကောင်း သလား။ မနက်ကလည်း နောက်ကျတာ ဘယ်အချိန်မှရောက်သလဲ"

"နောက်ကို ... နောက်ကို ဒီလိုမဖြစ်စေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကတိကို မတည်နိုင်ဘဲ လွယ်လွယ်နဲ့ မပေးပါနဲ့ ပုလဲဖြူ။ အဲဒါစီလို့ပြီးရင် ပြန်နိုင်ပြီ"

သူမ computer ဘက် မျက်နှာပြန်မူလိုက်ပါ၏။ ပါးပြင်ထက် ကျလာသည့် မျက်ရည်ကို ကျိတ်သုတ်လိုက်ရပါသည်။ နောက်ဆုံးတော့ သူမအပြစ်ပါပဲလား။ ငယ်ငယ်ရွယ်ရွယ်နဲ့ ထားခဲ့ဖူးတဲ့ ချစ်သူက ယခုတိုင် မပြတ်မသားသဖွယ် ဒုက္ခပေးနေတာခံရတာကို။ အထင်ကမှားလည်းမှားချင်စရာပါလေ။

"မပြန်သေးဘူးလား"

"ပြန်မှာပါ"

ရော် ခုပြောခုပြန် လုပ်ပြန်ပါပြီ။ ကွန်ပျူတာ Download ခလုတ်ကို နှိပ်လိုက်ပြီး သိမ်းစရာရှိတာတို့ကို သိမ်းလိုက်ပါ၏။ အံဆွဲထဲ ထည့်ထားသည့် ထမင်းချိုင့်နှင့်အိတ်ကိုယူကာ ထရပ်လိုက်စဉ် မျက်နှာရှုံ့သွားရလေသည်။ တစ်နေကုန်သွေးကျနေသည့်ခြေထောက်က အတော်နာသွားလို့ပါပဲ။

"ဘာဖြစ် ... ဟာ ခြေထောက်က"

"ဘာမှမဖြစ်ပါဘူး ... ရပါတယ်"

"ဘာရပါတယ်လဲ၊ ဒီလောက်ယောင်နေတာကို၊ လုပ်လိုက်ရင် နမော်နမဲ့နဲ့၊ တကယ်ပါပဲ ... လျှောက်လို့ရရဲ့လား"

"ဟုတ်ကဲ့"





"လာလေ"

"ဟိုလေ ... နောက်မှပဲ ပုလဲ"

စကားမဆုံးခင် လက်မောင်းကို တွဲခေါ်လိုက်တာမို့ သူမ လန့်သွားရပါ၏။ တစ်နေကုန်တော့ မျက်နှာတည်ကြီးနှင့် ဆူပေါက်နေပြီး အခုတော့ စိုးရိမ်နေပြန်တာလေး၊ ပုလဲ နားမလည်နိုင်ပါလား နော်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒါက . . . ဘယ်လိုဖြစ်တာလဲ"

ကားပါကင်ရှိရာဆီ ခေါ်လာသည့် ရှေ့မှကားဆီးပိတ်ရပ်လို
သည့်လူကြောင့် သူ ဒေါသဖြစ်သွားရပါ၏။ တစ်နေ့လုံး ဖြစ်တည်
စုထားသည့် ဒေါသကို မနည်းကြီးထိန်းထားရတာမဟုတ်ပါလား
ပြောတော့ဖြင့် ဒီကောင်လေးနဲ့ ပြတ်ပါပြီဆိုပြီး အခုတော့ မျက်စိရှေ့
ရောက်လာတော့တာလေ။

"မနှောင့်ယှက်ပါနဲ့"

"အဲဒီစကားက ကျွန်တော်ပြောရမှာ"

"ဒါ . . . ငါ့ကိုမွတ်နေ့ဘ်၊ ဝင်းထဲ အခုလိုဝင်လာရုံနဲ့ မင်း





ပုဒ်မတပ်လို့ရနေပြီ"

"တော်စမ်းပါဗျာ . . . ခင်ဗျားသိထားတာတွေနဲ့ ဖြဲခြောက်
မနေစမ်းပါနဲ့၊ ကျွန်တော့်ချစ်သူကို အခု လွှတ်လိုက်ပါ"

"ဘာ"

"မိုးသောက်ကြယ် . . . နင်"

"ကိုယ်စောင့်နေမှန်းသိလျက်နဲ့ . . . ဘာလဲ ပုလဲ"

"နင့်ကို မစောင့်နဲ့လို့ပြောထားပြီးသားလေ"

"ကိုယ်သာမစောင့်ရင် ပုလဲ ဒီထက်ဆိုးရွားတာတွေဖြစ်ကုန်
ရင် ဘယ့်နှယ်လုပ်မလဲ၊ ဝန်ထမ်းတွေ အကုန်ပြန်လွှတ်ပြီး မင်းနဲ့သူ
တစ်ခန်းတည်းအတူရှိနေသင့်သလား။ အန္တရာယ်ကို တွေးတတ်မှပေါ့
ပုလဲရဲ့"

"ဟာ . . . မင်း မင်း"

"နင် မစော်ကားနဲ့နော်"

"စော်ကားမှာက ကိုယ်မဟုတ်ဘူး ပုလဲရဲ့ . . . ဒီလူပါ၊
ကိုယ်တို့ကို လူကြီးတွေ သဘောတူထားပြီးသား၊ ဘာပြဿနာမှ
မရှိဘူး"

ကြည့်စမ်း၊ ဒီချာတိတ် အတော့်ကို ရင့်သီးလှချည်လား။
ကိုယ့်ထက်အသက်ကြီးသည့်လူကြီးကို ပြောသင့်မသင့် မစဉ်းစား
မချင့်ချိန်ဘဲ ခပ်ရဲရဲပြောနေတော့တာပါလေ။ သူမပြောထောက်



www.burmeseclassic.com

www.burmeseclassic.com



နာနေတာမို့ အိမ်အမြန်ပြန်ပို့ပေးရမှာမဟုတ်လား။ လမ်းမှာ ဆေးဆိုင် ဝင်ပြဖို့က ပိုပြီး အရေးကြီးနေချိန် ဒီကောင်လေးလာနှောင့်ယှက်တာနဲ့ အချိန်နှောင့်နှေးရလေပြီ။

"တော်ရုံပဲ နှောင့်ယှက်ပါ၊ ငါတို့သွားစရာရှိတယ်"

"ခင်ဗျား ခင်ဗျား ... ပုလဲကို ဘယ်ခေါ်သွားမလို့လဲ"

"ဟာ ... မင်း"

"မလုပ်နဲ့နော် ... နင်အတော်လွန်နေပြီ သည်းမခံနိုင်တော့ဘူး"

သူ့အင်္ကျီရင်ဘတ်ကို လာဆွဲလိုက်တာမို့ အံ့ဩသွားရပါသည်။ သူမက ထိုချာတိတ်၏လက်ကို ဖြုတ်ချစဉ်ယိုင်သွားသဖြင့် သူ အမြန် ထိန်းပေးလိုက်ရပါသည်။ ဘယ်လိုလဲ၊ ကိုယ့်ချစ်သူတစ်ယောက်လုံး ဘာဖြစ်နေသလဲဆိုတာကို မစစ်ဆေးဘဲ သူ့ကိုရန်ရှာဖို့သာ အာရုံစိုက် နေတာပါလား။ ဘယ်ကဘယ်လို သတင်းတွေကြားထားပြီး ဒီကို ရောက်လာတာပါလဲ။

"ပုလဲ"

"နင့်ကို ပြောနေတယ်နော်၊ ကိုကြီးကို အခုလွှတ်လိုက် မိုးသောက်ကြယ်"

"ဘာ ... ကိုကြီး ဟုတ်လား။ မင်းတို့က ဒီအဆင့်ထိအောင် ရောက်နေပြီပေါ့လေ၊ ဒီလူ မင်းကို ဖြားယောင်းပြီးထားခဲ့မှာကို မင်း





စဉ်းစားဘူးလား ပုလဲရဲ့၊ အချိန်တန်ရင် မင်းအစ်မကိုပဲ သူ ယူမှာ၊ မင်းက"

"မြစိမ်းကို ကိုယ်ယူမယ်လို့ မင်းကို ဘယ်သူပြောလို့လဲ"

"ခင်ဗျား"

"မင်းမှားနေပြီ မိုးသောက်ကြယ်၊ ကိုယ်နဲ့မြစိမ်းက မိတ်ဆွေအဆင့်ပဲ၊ ဒီထက်ပိုစရာ ဘာအကြောင်းမှမရှိဘူး၊ ပြီးတော့ ... ကိုယ့် Personal ကိစ္စမှာ မင်း ဝင်ပတ်သက်စရာမလိုဘူးလို့ ထင်တယ်"

"ဆိုင်တယ်၊ ပုလဲက ကျွန်တော့်ချစ်သူဗျ"

ဘာတွေဖြစ်ကုန်တာလဲ။ ဘယ်သူပြောလိုက်လို့ ကမူးရှူးထိုး နဲ့ ဒင်း ဒီကိုရောက်လာတာလဲ။ သူမ မသိပါ။ အရပ်မြင့်မားသည့် အမျိုးသားနှစ်ယောက်ကြားမှာ တစ်ခုခုဖြစ်မှာစိုးပြီး ဝင်တားနေရတာ မဟုတ်လား။ ကိုကိုကြီးက လေပြည်နှင့်ပြောနေပေမယ့် သူက ရန်လို နေပုံမလျော့သေးပါချေ။

စိတ်ရှုပ်လိုက်တာနော်။ အများမြင်ရင်ဖြင့် သူမကို ယောကျ်ား နှစ်ယောက်ကြား ရန်တိုက်ပေးနေသည့်မိန်းမရှုပ်လေးဟုသာ မြင်ကြ တော့မှာပါ။ ပြဿနာက မထင်မှတ်ဘဲ ရောက်လာတာကိုး။ ရင်ထဲမှာ မိုးထိတ်မှုတွေအပြည့်နဲ့ပါပဲ။ အဘယ့်ကြောင့်ပါနည်း။ တစ်နေ့လုံး သူမကို ဆူဝေါက်ပြီး မျက်နှာအတည်နဲ့ လေသံမာမာပြောသည့် ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြောင့် ဒိတ်ရှုပ်ပြီး ဝမ်းနည်းအားငယ်ခဲ့ရတာပါ။ ဒီတစ်နေ့လုံး
ပုလဲဖြူဖြူရဲ့ ပြဿဒါးနေ့ဖြစ်နေလို့များလား။

"နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူးလို့ ပြောထားပြီးသားနော်
ဒီထက် နင် ပိုပြီး ရှေ့ဆက်တိုးလာရင် ငါ မသေးကို တိုင်တော့မယ်"

"ပုလဲ"

"ငါ့ကို နင်ထားခဲ့ချင်တုန်းက ထားခဲ့ပြီးပြီ မိုးသောက်ကြယ်
ပြီးခဲ့တဲ့ ဇာတ်လမ်းကို သိမ်းထားလိုက်ပါတော့၊ ငါ့ရင်ထဲမှာ မိုးသောက်
ကြယ်ဆိုတာ ရှိမနေတော့တာ အသေအချာပဲ၊ နောက်ကို ဘယ်တော့
မှ ငါနဲ့ပတ်သက်တဲ့လူတွေကို မနှောင့်ယှက်ပါနဲ့၊ တောင်းပန်နေတာ
မဟုတ်ဘူး၊ နောက်ဆုံး အသိပေးတာပဲ"

"ပုလဲ, ကိုယ်"

"သူပြောတာကြားရင် နောက်ဆုတ်လိုက်ပါတော့ မိုးသောက်
ကြယ်၊ ကာယကံရှင်ကို အားနာသင့်ပါတယ်"

ရန်ပွဲကတော့ အေးသွားပါရဲ့။ သို့သော် သူမတို့ရှေ့မှ မှူး
သေးသဥ္စ္စ သူ့ကြောင့် အခက်တွေ့နေရတုန်းပါပဲ။ ဘာလဲ ပြောစရာ
ကျန်သေးလို့လား။ ပုလဲကတော့ နင့်အပေါ် အခတော့ကို စိတ်ကုန်နေ
တာအမှန်ပဲ မိုးသောက်ကြယ်၊ အချစ်ဆိုတာ ရောအင့်ဆိုပြီး ပေးချင်
သလိုပေး ပြန်ယူချင်သလို ယူလို့ရတဲ့အရာမျိုးမှ မဟုတ်တာလေ။

ချစ်ခဲ့ပါတယ်။ ပထမဦးဆုံးမို့ ဇလးလေးနက်နက် နှလုံးသားနဲ့



ကြင်နာယုယခဲ့မိပါတယ်။ ချစ်ခြင်းကြောင့် တွယ်တာခြင်းတွေနဲ့ပါ။
သည်းခံပေးခဲ့ပါတယ်။ အနုပညာသမားမို့ နားလည်ခြင်းတွေနဲ့ပါ။
ကျင်ခံစားခဲ့ရပါတယ်။ ကြေမွအက်ကွဲခြင်းတွေ မွေ့ပိုက်ပြီးတော့ပါ
လေ။

ဒီလို ဒဏ်ရာတွေသာပေးတဲ့ ချစ်ခဲ့ရသူကို နောက်ထပ်တစ်
ကြိမ် ပြန်လက်ခံဖို့ ဖြစ်နိုင်ပါတော့မလား။ အဲဒီလောက်ထိ ပုလဲ
မူးသေးပါဘူး။ မိုးသောက်ကြယ်။ လူဆိုတာ ကိုယ်ပြုတဲ့အတိုင်း
ညီတဲ့တန်ပြန်တုံ့ပြန်မှုကို လက်သင့်ခံနိုင်မှာ ဓမ္မတာပါလေ။

"ဖြစ်ခဲ့ကိစ္စတွေမှာ ကိုယ်မှားတယ်ဆိုတာ ဝန်ခံပါတယ် ပုလဲ၊
ပေမဲ့ ... ဒါပေမဲ့ ပုလဲအပေါ်မှာ ချစ်ခဲ့တဲ့ ကိုယ့်ရဲ့ချစ်ခြင်းတွေက
စစ်အမှန်ပါ ပုလဲရယ်၊ မမျှော်လင့်တဲ့အခြေအနေ၊ မထင်ထားတဲ့
ခိုက်အတန့်လေးမှာ လွဲမှားခဲ့ရတဲ့ ဆုံးဖြတ်ချက်အတွက် ကိုယ်
သက်လုံး နောင်တရသွားတော့မှာ အမှန်ပါ၊ မိုးသောက်ကြယ်ရဲ့
ဝမှာ ရင်အခုန်ဆုံး နှလုံးသားကို လှုပ်ရှားစေခဲ့တဲ့ ချစ်သူဆိုတာ
လဲဖြူဖြူ တစ်ဦးတည်းပဲ ရှိခဲ့တာပါ၊ ကိုယ်သွားတော့မယ် ပုလဲ၊ ဒီ
ကြိမ်တော့ တကယ့်ကို နှုတ်ဆက်ခဲ့ရပြီပေါ့"

စကားတွေအရှည်ကြီးပြောနေသည့်သူကို သူမ ငေးကြည့်နေ
။ ထူးဆန်းလေစွ၊ ပုလဲကို တကယ်ချစ်ခဲ့တာတဲ့လား။ ယိုင်နဲ့နဲ့
လုံးသားကို မနည်းကြီးနိုင်အောင်တင်းထားရတာလေ။ သူက သူမကို

www.burmeseclassic.com

www.burmeseclassic.com



ရှိဝေသည့်အကြည့်တို့ဖြင့် ကြည့်နေရာမှ ရှေ့ကို တစ်လှမ်းတိုးလိုက်
မို့ လန့်သွားရပါ၏။

အဲဒီနောက် မထင်မှတ်သည့်အခြေအနေက ရုတ်ချည်း
သွားတော့တာပါလေ။ သူမကို တင်းကျပ်စွာ ပွေ့ဖက်ခြင်းခံလိုက်ရ
ပြီးနောက် ပါးပြင်ကို ခပ်ကြာကြာ နမ်းရှိုက်လိုက်ပါသည့်အနေအထား
ရုတ်တရက်မို့ ရုန်းဖယ်ရန် သတိမရဘဲ လူက ထူပူရှက်အမ်းသွား
တော့တာပါ။ ပြီးနောက် လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာဆုပ်
ထားပြီး ဘာစကားမှ ထပ်မပြောဘဲ မိနစ်အတော်ကြာကြာစိုက်ကြည့်
ပြီး ချာခနဲလှည့်ထွက်သွားသည်က မိုးသောက်ကြယ်ရယ်ပါလေ။

ဘုရားရေ၊ ဘာတွေဖြစ်ကုန်ပါလိမ့်နော်။

မြင်ကွင်းကို ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေမိပါ
သူ့ရှေ့မှာ ပြုမူသွားပုံက ရဲတင်းလွန်းတာပါလေ။ ချာတိတ်မက
ချက်လေးမှ မငြင်းဆန်ပါဘဲ အံ့ဩရင်ထိတ်နေပုံပါ။ တစ်ခုခုပြော
တော့လား။ ဒါမှမဟုတ် မျက်နှာကို ခပ်ပြင်းပြင်း ရိုက်ချင်လည်း
ရိုက်လိုက်ပါတော့လေ။ ဒါမှသာ နှစ်ဦးနှစ်ဖက် ရှင်းလင်းပြတ်သား
တော့ပေမပေါ့။

ခုတော့ ခုတော့ဖြင့် သူ့မိန်းကလေးက အဆက်ဟောင်း
အပွေ့အပိုက် အနမ်းလက်ဆောင်ကို မငြင်းဆန်ဘဲ လက်ခံပြီး ရင်
စိတ်လှုပ်ရှားနေရတယ်လို့၊ ချစ်ခဲ့မှန်းသိခဲ့ပါတယ်။ ပစ်ပယ်ခံခဲ့ရတုန်း





နေ့ညပက်လက် ငိုကြွေးခဲ့တာကိုလည်း မျက်မြင်ပါပဲ။ သူမရင်ထဲမှာ
ကျင်ခဲ့ရတဲ့အတိုင်း သူလည်း ထပ်တူခံစားခဲ့ရတာပါလေ။

ဘာမှမကျန်တော့ဘူးဆို။ အခုပုံစံက မင်းရင်ထဲမှာ လက်
ကျန် သံယောဇဉ်တွေ ရှိနေတုန်းလို့ပါပဲလား။ ဘယ့်လိုလဲ ဖြူ။ ကိုယ်
ာ ကိုယ်က နောက်လှူနေရာမှာ တန်းစီဖို့ ပြင်ဆင်နေတုန်းမှာ မင်းက
ရှေ့လူကို ပန်းကုံးစွပ်ပြီး ကြိုဆိုလိုက်တော့မှာများလား။ ကျေးဇူးပြုပြီး
တစ်ချက်လောက်တော့ ငဲ့ကြည့်သင့်ပါတယ်လေ။ ချော် ဖြူရယ်။

"ပုလဲဖြူဖြူ"

"ရှင် . . . ဟင်"

"ဆေးခန်းသွားရအောင်၊ ကိုယ် အိမ်ပြန်ပို့ပေးမယ်"

"ရပါတယ် ကိုလေးနဲ့ပဲ"

"မရပါနဲ့၊ ဒီတိုင်း တစ်ယောက်တည်း Taxi နဲ့ပြန်မှာ
စိတ်မချဘူး"

ဗုဒ္ဓေါ စိတ်မချဘူးတဲ့။ ဘာကြီးလဲ။ မနက်တုန်းကဖြင့် ရှာကြံ
ဆူပူနေပြီး အခုတော့ ပျက်ယွင်းသည့်မျက်နှာဖြင့် လေအေးစကားမျိုး
ပြောပြန်ချေပြီ။ ပြောတော့ဖြင့် မိန်းမမာယာ သဲကိုးဖြာဆို။ အခုဖြင့်
ယောကျ်ားတွေရဲ့ မူယာမာယာကိုဖြင့် သူမ လိုက်မမီတော့ပါချေ။

"သွားကြမယ်လေ"

လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်လိုက်လေ၏။ ခေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုက်ရမှာပေါ့လေ။ ဆူလည်းခံ အမိန့်ပေးပြန်လျှင်လည်း ဟုတ်ကဲ့ဟုသာ ခေါင်းညိတ်ရမှာမဟုတ်ပါလား။ သူမက သူ့အောက် ဝန်ထမ်းမို့ပါပဲ။

"ပုလဲဖြူဖြူ"

"ဟုတ်ကဲ့"

တံခါးဖွင့်ပေးသည့်ကားပေါ်သို့ တက်လိုက်ရလေ၏။ ကား ခပ်မှန်မှန်မောင်းကာ ဆေးခန်းကြီးရှေ့မှာ ရပ်လိုက်လေသည်။ ညဘက် လူနာရှင်းချိန်မို့ တော်ပါသေး၏။ လူသိပ်မစောင့်ရပါပဲ သူမအလှည့် ရောက်တော့တာပါ။

"ဘာဖြစ်လို့လဲ"

"ခြေထောက်ထိသွားလို့ပါ ဒေါက်တာ"

"သံနဲ့လား"

"မဟုတ်ပါဘူး။ Plastic File ထောင့်စွန်းနဲ့ထိသွားတာပါ"

"အလုပ်လုပ်ရင်း ဖြစ်တယ်ထင်တယ်၊ ကြမ်းဖြစ်ရတယ်လို့ ကျွတ်ကျွတ် . . . အကြောထိသွားတာပဲ"

"စိုးရိမ်ရလို့လား ဒေါက်တာ"

"အကြောပဖြတ်လို့ ကိစ္စမရှိပါဘူး။ ဆေးထည့်ပေးလိုက်မယ်"





"ဟုတ်ကဲ့"

အရက်ပုံဖြင့် အနာကိုဆေးတာမို့ သူမထံမှ ညည်းသံထွက်လာလေ၏။ အတော်နာမှာပဲ။ သနားလိုက်တာနော်။ တစ်နေကုန် ညောမတာဖြင့် နိုင်းခဲ့မိတာ မှားပါရောလား နေမင်းရှိန်။ တစ်ဖက်သားကို မိန်းကလေးဆိုတာ မေ့ထားပြီး မစ္စရိုယစိတ်တွေနဲ့ ငြိုးသလို ဖြစ်သွားတာမဟုတ်ပါလား။ ကိုယ်မှားပြီကော ပုလဲဖြူဖြူ။

မင်းရင်ထဲ ဘာတွေရှိနေမလဲဆိုတာ မစူးစမ်း မဆင်ခြင်ဘဲ တစ်ဖက်သပ် ဝန်တိုစိတ်တို့ဖြင့် ဆုံးဖြတ်ကာ လုပ်ချင်သလို လုပ်ခဲ့မိတာ မဟုတ်ပါလား။ လူကြီးဖြစ်ပြီး လူကြီးစိတ်မမွေးမိတာ ရှက်စရာပဲလား နေမင်းရှိန်။ ကိုယ်မှားရင် ကိုယ်ကစပြီး တောင်းပန်ဖို့ တာဝန်ကရှိပြီ ကော။

ဆေးခန်းမှထွက်လာစဉ် ပတ်တီးစည်းထားသည့် ခြေထောက်လေးကို ငုံ့ကြည့်လိုက်မိ၏။ ဒီခြေထောက်ပဲ သူနဲ့တွေ့တိုင်း ဒဏ်ရာဖြစ်ရတာမဟုတ်လား။ အလို သူ့ကြောင့် ဒီလိုသာ သူမ ကြာခဏ နာကျင်ရလျှင် ဘယ့်နှယ်လုပ်ရမလဲ။ ခက်ချေပြီကော နေမင်းရှိန်။

"ကိုယ် တောင်းပန်ပါတယ်"

"ဟင် . . . ဘာကိုလဲ"

"ဒီနေ့ တစ်နေ့လုံးအတွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့ဩသွားရပါ၏။ ထင်မှထင်မထားဘဲကိုး။ လွှ
ဟု စိတ်ထဲထင်ထားပေမယ့် အခုလို တောင်းပန်မည်ဟု မျှော်
မထားမိပါလေ။ ယောကျ်ားတွေရဲ့စိတ်ကို သူမ မဖတ်တတ်သေး
အမှန်ပါပဲ။ ငယ်ပါသေးတုန်းပဲလား ပုလဲဖြူဖြူရယ်။

"ပုလဲကို တောင်းပန်စရာမလိုပါဘူး။ အပြစ်ရှိလို့ ဆူ
ဟာ၊ ပြီးတော့ ... ကိုကိုကြီး အဲ GM က အထက်လူကြီး
ပုလဲကို ဆူခွင့်ရှိပါတယ်"

ကားက လမ်းထဲမဝင်ခင် တုံ့ခနဲရပ်သွားလေ၏။ ဘာဖြစ်
မလို့ပါလဲ။ အိမ်ပြန်နောက်ကျနေသည့် သူမကို မိတတွေ မျှော်နေ
မှာလေ။ ဒီကပဲ ဆင်းသွားရမှာလား။ အတွေးဖြင့် လှည့်ကြည့်
သူမကို ကြည့်နေပါသည့်မျက်ဝန်းတို့နှင့် ဆုံသွားရလေ၏။

အလို ... ဒါ ဘာအဓိပ္ပာယ်များလဲ။ စကားမပြော
မျက်ဝန်းတို့က အရည်တို့ လဲ့ဖြာကာ မီးရောင်ကြောင့် ပိုလင်းလက်
သည့်နှယ်ပါလေ။ ဘာလို့ သူမကို ဒီလိုကြီးကြည့်နေရတာပါလိမ့်
မျက်နှာပူလာတာမို့ အကြည့်ကိုလွှဲလိုက်၊ မျက်နှာချလိုက်မိစဉ် သူ
အေးစက်စက် လက်အစုံကို လာအုပ်ကိုင်လိုက်သည်က လက်နွေးနွေး
ပါလေ။

အောင်မယ်လေးနော်။ ရင်တွေ တဒိတ်ဒိတ်ခုန်အောင် ဘာ
များ လုပ်ရပါသလဲ။ သူမ အသာရုန်းဖယ်လိုက်ပေမယ့် သူ





လွှတ်မပေးတာမို့ ငြိမ်နေလိုက်ရတော့၏။ နှလုံးသားဆီမှ တဒုတ်ဒုတ်မြည်သံကို ကိုယ့်ဘာသာ အတိုင်းသား ကြားနေမိတော့တာပါလေ။

"ပုလဲဖြူဖြူ"

"ရှင်"

"မင်းရင်ထဲမှာ ဘယ်သူမှ ရှိမနေတော့တာ သေချာပြီလား"

"ရှင်"

"ဒါဆိုရင် ... အဲဒီနေရာမှာ ကိုယ့်ကို နေရာပေးဖို့ တောင်းဆိုပါရစေ"

သူမ သူ့ကို အလန့်တကြားဖြင့် မော့ကြည့်လိုက်မိပါ၏။ ဘာလဲ ... ဒါ ချစ်ရေးဆိုတာလား။ ဘယ်လိုပြောလိုက်တာပါလဲ ဦးနေမင်းရှိန်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မသွားချင်ပါဘူး"

"သမီးမသွားရင် ဘယ်သူသွားပို့ပေးမှာလဲ၊ နားရက်လေးရတုန်း အမေကို ကူမယ်မရှိဘူး၊ ပျင်းနေတာပဲ"

"ကျစ် . . . ပုလဲ မလုပ်ပေးချင်လို့မှ မဟုတ်တာ မေမေရဲ့၊ အဲဒီအိမ်မို့လို့ မသွားချင်တာ"

"ဟဲ့ . . . အဲဒီအိမ်က ဘာမို့လို့ မသွားချင်ရတာလဲ၊ သမီးပဲ သူတို့ ကုမ္ပဏီမှာအလုပ်ရသွားတာဆို၊ သူတို့အိမ်က မှာလို့ပို့ရမှာပဲဟာ၊ အန်တီထားက ဒီညနေ လာပို့ဖြစ်အောင် ပို့ပေးပါတဲ့"

မျက်နှာကို ရှုံ့တွလိုက်မိပါ၏။ မသိဘဲ စွတ်ပြောနေတာကိုး။





ဟိုနေ့ညက အိမ်ပြန်ပို့ပေးရင်း ပြောသွားသည့်စကားကို မကြာခဏ ကြားယောင်နေမိတာလေ။ ခက်တော့တာပါပဲ။ အလုပ်ပြန်တက်တဲ့နေ့ ဘယ်လိုမျက်နှာနဲ့ သူ့ကို ရင်ဆိုင်ရပါ့နော်။ နေရာပေးဖို့တဲ့၊ ရည်းစား စကားက အဆန်းပါပဲ။

"ဘာလဲ . . . မကြီးတို့နဲ့ ပြဿနာဖြစ်မှာစိုးလို့လား"

"------"

"သူတို့နဲ့ ဘာမှမသက်ဆိုင်ပါဘူးလို့ မေမေ့ကိုပြောထားပြီး သားပါကွယ်၊ စိုးရိမ်ရန်ကော"

"မဟုတ်ပါဘူး မေမေရယ်"

"ဒါဖြင့် . . . ဘာကြောင့်လဲ"

"မျက်နှာပူလို့"

"ဘယ်လို"

"မေမေ မသိပါဘူး"

"သိအောင်ပြောမှ သိမှာပေါ့၊ မအေကို ထိန်ချန် လျှို့ဝှက်မှုတွေ လုပ်ပြန်ပြီလား၊ ငါ မိလေးကို တိုင်လိုက်မယ်နော်"

ရော် ခက်တော့တာပဲ။ မလေးသိမှတော့ တစ်ခွေလုံး တစ်မျိုးလုံး သိကုန်တော့မှာပေါ့။ နဂိုကမှ အဲဒီအစ်မကို နှုတ်ဖွာတဲ့သူလေ။ အခုတောင် ဘယ်သူ့ကိုမှ မတိုင်ပင်ရဲဘဲ တစ်ယောက်တည်း ကျိတ်ခံစားနေရတာ ဘယ်လောက်နေရခက်ပါသလဲ။ ရှက်စရာကြီးနော်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ယောက်နဲ့ချစ်မိစဉ်က ဤကဲ့သို့ မဖြစ်ခဲ့ပါဘဲ အခုမှ အဘယ့်ကြောင့် စိတ်တွေလှုပ်ရှားနေရတာပါလိမ့်။

"မိပုလဲ"

"ဟမ်"

"အလိုလေး ...မအေက တတွတ်တွတ်ပြောနေတယ်၊ သူက စိတ်နဲ့လူမကပ်ဘူး၊ တကယ်ပါပဲ"

"မေမေ ဘာပြောလိုက်လို့လဲ"

"ပန်းပင်စည်းပေးဖို့ တစ်ခါတည်း လုပ်ပေးလိုက်၊ စောစော သွားပို့ဖို့ ပြောနေတာ"

အလို စောစောသွားတာက ကိစ္စမရှိ၊ ခြံထဲမှာ ပန်းပင်စည်းပေးရမှတော့မှာပေါ့။ ဒီတော့ အပြင်ကပြန်လာသည့် သူနဲ့ဆုံရင် ဘယ့်နှယ်လုပ်မလဲ။ စကားကပြောရဦးမှာ။ အကြည့်လည်း ဆုံချင်ဆုံနိုင်သေးတာ။ မဖြစ်ပါဘူး၊ မြန်မြန်သွား မြန်မြန်ပြန်ခဲ့မှပါပဲ။

လောလောဆယ်က အကြောင်းမဟုတ်၊ Monday အလုပ်ပြန်တက်တော့မှ ပြဿနာ၊ သူနဲ့ တစ်နေကုန် ရုံးခန်းထဲ အတူရှိရတော့မှာကိုး။ စိတ်ရှုပ်လိုက်တာနော်။ အလုပ်ကထွက်ရင်လည်း အပြစ်က တင်ခံရဦးမှာ၊ သူတောင်းထားတာကို မဖြေပြန်ရင်လည်း တစ်ပြစ်ဖြစ်ဦးမှာပါပဲ။

ငြင်းလိုက်ရမလား၊ ဒီအတိုင်း မသိယောင်ဆောင်ပြီး ခေါင်းခါ





လိုက်လည်းရမှာပါနော်။ ဟုတ်တယ်၊ မမကြီးနဲ့ပတ်သက်ပြီး သူ့မအပေါ် အမြင်မကြည်မလင်ဖြစ်သည့်ကိစ္စက ရှိခဲ့တာကို အကြောင်းပြပြီး ငြင်းလို့ရတာပဲ။ ခက်တာက သူ့ရှေ့မှာတင် သူမက မိုးသောက်ကြယ်ကို ငြင်းခဲ့တဲ့ကိစ္စက သက်သေဖြစ်နေပြီ မဟုတ်လား။

ဘေးကျပ်နံကျပ်ပါလား ပုလဲဖြူဖြူ။ ရှေ့တိုးဖို့လည်းခက်၊ နောက်ဆုတ်ဖို့လည်းမလွယ်တာပါပဲ။ အမှားဆိုတာ မသိလို့မှားတာမျိုးကိုသာ ခွင့်လွှတ်ပေးကြတာပါ။ သိသိကြီးနှင့်မှားမိပါက ဘယ်သူက ခွင့်လွှတ်ပေးမှာတဲ့လဲ၊ သူနှင့်သူမဘဝက မယုဉ်သာအောင် ဝေးကွာလွန်းနေတာမဟုတ်ပါလား။

ဒီလို အလှမ်းကွာဝေးသည့် လူတန်းစားနဲ့ သူမက နီးစပ်ရာမှ မရှိတာလေ၊ ရင်ထဲမှာ ကျည်ခံနဲ့ နာကျင်သွားရပါ၏။ အလို ဘယ်လိုများ ဖြစ်ရတာပါလိမ့်၊ ဒီအတွေးမျိုးတွေးလိုက်မိတာနဲ့ သူမ ရင်ထဲမှာ နာကျင်ရတယ်လို့၊ မျက်ရည်က ဝိုင်းခနဲပြည့်ရပြီကော။ ဖြစ်ရလေ ပုလဲဖြူဖြူ။ ငြင်းဆန်ဖို့အတွက် စိတ်ထဲမှာ ပြင်ဆင်လိုက်မိတာပါ။ သို့သော် နှလုံးသားက ဆန့်ကျင်ပြနေပါရောလား။

ကိုကြီးဟု ရတ်တရက် လွှတ်ခနဲ ခေါ်မိတာ ဘယ်နှကြိမ်များရှိနေပြီလဲ၊ မမကြီးစွပ်စွဲခဲ့သလို ပုလဲဘက်က ကိုကိုကြီးကို ဖြားယောင်းသွေးဆောင်ခဲ့တာမျိုး မရှိပါဘူးနော်၊ ကိုကိုကြီးခေါ်လို့ ရောက်ခဲ့ရတာပါ၊ ကိုကိုကြီးခန့်လို့ အလုပ်ဝင်လုပ်ခဲ့မိတာပါ။ အနီးမှာခေါ်ခဲ့လို့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့အနားမှာ အလုပ်ချိန် နာရီအပြည့်နဲ့ မျက်စိရှေ့မှာ ရှိနေခဲ့ရတာပါ လေ။

ချစ်တယ်ဆိုတဲ့စကားကို နောက်ထပ်တစ်ကြိမ် ပြန်ပြောဖို့ ပုလဲရဲ့ချစ်ခြင်းက ကိုကိုကြီးအတွက် သင့်လျော်တာမှ မဟုတ်တာပဲ။ ဟုတ်ပါတယ် ပုလဲက ပုလဲက အသည်းမှာ ဒဏ်ရာရခဲ့ဖူးတဲ့သူပါ။ နောက်ဆုတ်ဖို့ကြိုးစားရင်း ရင်ထဲမှာ နာနာကျင်ကျင်ကြီး ထိခိုက်ခံစား ရတာ ဘာကြောင့်များပါလိမ့်ကွယ်။

"မှာတာမမေ့နဲ့နော်"

"ဟုတ်"

စက်ဘီးကို ဖြည်းဖြည်းချင်း နင်းလျက် ခြံထဲမှ ထွက်လာခဲ့ ရလေ၏။ မျက်ရုံးတွေ လှုပ်လာတာမို့ စိတ်ထဲမှ ကျိတ်၍သာ ဆုတောင်း လိုက်မိလေသည်။ ကျေးဇူးပြု၍ ကိုကိုကြီး အိမ်မှာ မရှိပါစေနှင့်။

♥

ခြံထဲမှာ တစ်ယောက်တည်း လမ်းလျှောက်နေမိပါ၏။ မေမေ က ဘွားဘွားနှင့်အတူ ပန်းပင်တန်းတွေကြားမှာ အလုပ်ရှုပ်နေလေ သည်။ ဒီညနေ တစ်ယောက်ယောက်လာမည့်အရိပ်အယောင်ပါပဲ။





ဘယ်သူလဲ။ သူမများ ဖြစ်နေမလား။ ခြေထောက်နာနေတာမို့ Friday နဲ့ Sataday ပဲ leave ပေးလိုက်ရတာ ဒီ Sunday အပါအဝင် သုံးရက်ကြီးများတောင် ဝေးနေရတာလေ။

သက်သာလားဟု ဖုန်းဆက်ပေမယ့် သူ့ချာတိတ်မက ထင် မထားမိသလို ဖုန်းကိုပိတ်ထားတာ မဟုတ်လား။ ဒီလူကို ရင်ပူအောင် တမင်လုပ်ရတယ်လို့။ ပြောဖို့စောသေးတယ်ယူဆပြီး ချင့်ချိန်ခဲ့သမျှ အဲဒီနေ့က မရှည်ရှယ်ဘဲပြောလိုက်မိတာလေ။

ရှက်သွားတာများလား။ မဟုတ်သေးပါဘူး။ အတွေ့အကြုံ မရှိတဲ့ မိန်းကလေးမှမဟုတ်တာပဲ။ ချစ်ရင်ချစ်တယ်၊ မချစ်ရင် မချစ် ဘူး။ Yes or No ပြတ်ပြတ်သားသားပေါ့။ နေပါဦး ခုပြောခုဖြေနိုင်း ရအောင် လောလို့ဖြစ်ပါ့မလား။ မိန်းကလေးမို့ စဉ်းစားချိန်တော့ ပေးရမှာပေါ့နော်။

ပုလဲဖြူဖြူ။ မင်းကြောင့် ကိုယ့်စိတ်တွေ ဂယက်ထနေတာ ကူညီလှည့်ပါဦး။

မင်းကိုချစ်ဖို့ မွေးဖွားလာခဲ့ရတာပါ။ ဘဝမှာ ပထမဦးဆုံးပါပဲ။ အဲဒီအချိန်မှာပဲ ကိုယ့်ရင်ခုန်နှုန်းတွေ ထူးခြားပြီး ရင်ခုန်သံကျယ်ခဲ့ရ တာပါ။ နှလုံးသားတစ်ခုလုံး ပြောင်းဆန်လှုပ်ရှားအောင် မင်းက ပြုစား ရတယ်လို့။ မျက်စိအောက်က အပျောက်မခံနိုင်အောင် အရိပ်တကြည့် ကြည့်ရှိနေစေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နွေးသွားစေတဲ့ ပုရှိန်းသကြားလုံးလေးလို ငုံထား ချင်လိုက်တာ မပြောပါနဲ့။ ချစ်လိုက်ရတာ တုန်နေတာအမှန်ပါ။ ကိုယ့် ကို ပြန်ချစ်လှည့်ပါ ပုလဲဖြူဖြူ။

"ဟော"

ရင်ထဲ ဒိတ်ခနဲဆောင့်ခုန်သွားလေ၏။ ခြံဘေးလမ်းမှ စက်ဘီးတစ်စီး မောင်းသွားတာကို မြင်လိုက်ရသောကြောင့်ပါပဲ။ တိုက် ရှေ့မှာ လမ်းလျှောက်နေရာမှ တိုက်ဘေးဘက် မသိမာ အကဲခတ်လိုက် မိလေ၏။ တံခါး Bell သံကြားရစဉ် သူ လှစ်ခနဲ ပြုံးလိုက်မိတော့ သည်။ သေချာပါတယ်။ သူချစ်သောမိန်းကလေး ရောက်လာတာ မဟုတ်ပါလား။

"လာပြီ သမီးလေးရေ"

မေမေကိုယ်တိုင် တံခါးသွားဖွင့်နေပြီမို့ သူ တိုက်ထဲဝင်လိုက် မိပါ၏။ သူ့ကိုမြင်ရင် ကောင်မလေး ရှက်နေမှာစိုးလို့ပါပဲ၊ မဟုတ်သေး ဘူး။ အခု မတွေ့တော့ရော နောက်နေ့မတွေ့မှာမို့လား။ တစ်ကုမ္ပဏီ တစ်ရုံးခန်းထဲ အတူအလုပ်လုပ်နေတာ မျက်နှာလွှဲထားလို့မှ မရတာ လေ။ ရှုးပို့ နေမင်းရှိန်ရယ်။

"တွေ့ချင်ရင် ထွက်တွေ့လေ သားရာ၊ ခိုးကြောင်ခိုးဝှက် ကြည့်နေရလား"

အနောက်မှ ဖေဖေရောက်လာတာကို မမြင်လိုက်မိပေ။





ဘိုက်ဘေး ပြတင်းလိုက်ကာကို အသာဟ၍ ချောင်းကြည့်စဉ် သူမ၏ အပြုံးနွမ်းနွမ်းနှင့် စကားသံသဲ့သဲ့ကို မြင်ရ ကြားရလေ၏။ ဘယ် လောက်များ ချစ်စရာကောင်းလိုက်ပါသလဲ။ အနည်းငယ်ရှည်လာပြီ ဖြစ်သည့် ဆံပင်လေးကို နှစ်ဖက်မြင့်မြင့်လေးစည်းကာ မျက်နှာထက်မှာ သနပ်ခါးပါးကွက်ကြားပင် လိမ်းထားသေးတာလေ။

လှချင်တယ်ပေါ့။ သူရှိနေသည့်နေရာကို ဒီလိုမွှေးကြိုင်လှတဲ့ သနပ်ခါးမျိုး လိမ်းလာစရာလား။ ဘာသဘောနဲ့ပါလဲ ပုလဲဖြူဖြူ။ ဒီလို ဒီလိုတွေ လိမ်းလာရင် ဆန့်ကျင်ဘက်လူရဲ့ရင်ထဲမှာ ဘာညာ ဘာညာတွေဖြစ်ပြီး နှစ်ယောက်သား ဘာညာသာရကာတွေ ဖြစ်တတ် ကြမှန်းမသိဘူးလား။ စိုးရိမ်စရာတွေဖြစ်ကုန်တော့မှာပဲ ဖြူရယ်။

"သူ ရှက်နေမှာစိုးလို့ပါ"

"ဘယ်လို ...သူက ဘာကြောင့်ရှက်ရမှာလဲ သားရေး ဆိုစမ်းပါဦး"

"ကျွန်တော် ဖွင့်ပြောပြီးပြီ"

"ဘာရယ် ...ဘယ်တုန်းကလဲ"

"ဟိုတစ်နေ့ညကပဲ"

"သွက်ပါ့ကွာ"

မသွက်လို့ မရဘူး ဖေဖေရေ အနှောင့်အယှက်ကများတယ် ဗျ။ အတွေးဖြင့် သူ ပြုံးလိုက်မိပါ၏။ ဖေဖေက သူ့ပခုံးကို ပုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာကို ဆတ်ခနဲ ဆွဲဖယ်လိုက်လေသည်။ ရော်၊ ကောင်မလေး တော့ တွေ့တော့မှာပါပဲ။

"မြေး ... ကိုကြီးနဲ့သွားတွေ့ဦးလေ"

"ဟင် ... ကိုကိုကြီးရှိနေလို့လား"

"ရှိပ့ါ၊ ဟိုမှာ လှမ်းကြည့်နေတာ မမြင်ဘူးလား"

ဖျတ်ခနဲလှည့်ကြည့်လိုက်ပါသည့် မျက်ဝန်းတောက်လေးတို့ က ချက်ချင်းလွှဲဖယ်သွားလေ၏။ ပြန်တော့မယ်ဟု တီးတိုးခွင့်တောင်း သံကို ကြားလိုက်ရပါသည်။ ဒီလိုတော့ ဘယ်ရမှာလဲ။ ဒီကိုလာရင် ဒီလူနဲ့တွေ့ပြီးမှ ပြန်သင့်တာပေါ့ မြူ။

သူ အိမ်ဘေးပေါက်မှထွက်လိုက်စဉ် သူမက သစ်ခွပင် ကပ်နေတာကို အမြန်လက်စသပ်နေတော့၏။ လူကြီးတွေနှင့် စကား ပြောနေတာမှ မြူးလို့ပါပဲ၊ သူလာမှ ထွက်ပြေးချင်လို့ ရမလား။ မင်း ဘယ်လိုမိန်းကလေးလဲ မြူ။

"ပြီးပြီလား"

"ဟုတ် ... အဲ"

"ပြီးရင်လာ လိုက်ခဲ့၊ ပြောစရာရှိတယ်"

"ဟို ဟို ... ပုလဲက အခုပြန်တော့မှာ"

"လိုက်သွားလိုက်ပါ သမီးရယ်၊ သမီး ကိုကြီးက ပြောစရာ တွေ အများကြီး စုထားတာကွယ့်၊ သုံးရက်လုံးလုံး မျက်စိနောက်





နေအောင်ကို ပျာယာခတ်ပြနေတာ အမြင်ကပ်စရာကြီး"

မှန်ပါတယ်။ ဒီရက်ပိုင်းမှာ သူ ဒီလိုတွေ ဖြစ်နေတာ လူကြီး တွေ မျက်မြင်ပါပဲ။ အိမ်ကိုလိုက်သွားလျှင် မကောင်းတာမို့ အောင့် အည်းသည်းခံနေရသမျှ စိတ်က ဒုက္ခအကြီးအကျယ်ဖြစ်နေတော့တာ လေ။ မင်းမို့လုပ်ရက်တယ်၊ မင်းမို့ မစာနာတတ်တယ်၊ မင်းမို့ ဥပေက္ခာ ပြုရက်တယ်။ မင်းမို့ မေ့ထားရက်ရတယ်လို့။

"လာခဲ့"

လက်မောင်းကို ဆွဲခေါ်လာတာမို့ သူမ ခန္ဓာကိုယ်သေးသေး လေးက ဇွတ်ခနဲ ပါလာတော့တာပါ။ သေချင်တော့တာပါပဲ။ ပုလဲ ဆုတောင်းမပြည့်ပါလား။ မတွေ့ချင်လို့ပါဆိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ကြီးကို တိုးတော့တာပါလေ။ တိုက်ကြီးဘေးမှ ခေါ်ခဲ့တာမို့ တိုက်ရှေ့ ရှိ လှပသည့်ရှုခင်းကြီးကို ထင်းခနဲ မြင်ရလေတော့၏။

လက်ကို ရုန်းဖယ်နေသော်ငြား အချည်းနှီးသာ။ ဒုက္ခပါပဲ၊ ပုလဲတော့ သူ့ အပြေမရမကတောင်းတာကို ခံရတော့မယ် ထင်ပါရဲ့။ ဒါကြောင့် မလာချင်တာဟု မေမေ့ကို အတိုက်အခံလုပ်ခဲ့ပေမယ့် ဆန္ဒကျင်လို့မှ မရခဲ့တာလေ။

"ကို ... ကိုကိုကြီး"

"ကိုယ့်ကို အဖြေပေး"

"ဟင် ... ဘာအဖြေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ယောင်ဆောင်ချင်တယ်ပေါ့လေ၊ ရမလား ချာတိတ်ရဲ့"

သူမ မျက်နှာရဲခနဲဖြစ်သွားရပါ၏။ အဖြေတဲ့။ ချစ်တယ်လို့ တစ်ခွန်းမှမပြောပါဘဲ ဒီလို ဖွတ်အဖြေတောင်းတာကောင်းသလား။ ဒီလူကြီးကတော့ ခက်ပါရဲ့။ မျက်လုံးချင်းဆုံအောင် အတင်းကြီးလိုက်ကြည့်နေတာမို့ သူမ နေရခက်လာလေသည်။

"အသည်းယားအောင်မလုပ်နဲ့နော်"

"ပုလဲ . . . ဘာလုပ်မိလို့လဲ"

"ခေါင်းညိတ်မယ်ဆို ညိတ်ပြမှပေါ့"

"အို . . . ဘာဆိုင်လို့ ညိတ်ရမှာလဲ၊ မညိတ်နိုင်ပါဘူး"

"ဒီလိုကြေးလား"

"ပုလဲက . . . ပုလဲက"

ဘာဆက်ပြောရမှာလဲ။ အဆင့်မတူတာ ဂုဏ်ရည်မတူတာတွေ တစ်ပြုံကြီးပြောနေရင် ပြီးတော့မှာမှ မဟုတ်တာ။ ငြင်းဆန်နိုင်စကားလုံးတွေစီနေသော်ငြား လည်ချောင်းဝမှာ တစ်ဆို့နေသလိုနှယ်ပါလေ။ ပြဿနာပဲ၊ ပုလဲတော့ ဒုက္ခအကျပ်အတည်းထဲရောက်နေလေပြီ။

"မပြောလည်း ကိုယ်သိပါတယ်"

"ဘာ . . . ဘာကိုလဲ"

"ကိုယ့်ကို မင်း ပြန်ချစ်တာကိုပေါ့"





"အာ . . . မဟုတ်တာ"

"ဒီမျက်လုံးလေးတွေက ညာလို့မရဘူး ဖြူရဲ့၊ ဝန်ခံစကားတွေ အများကြီးပြောနေတာ ကိုယ် အလိုလိုသိနေတယ်"

ဘုရားရေ . . . ဖြူတဲ့။ လွှတ်ခနဲခေါ်လိုက်မယ့် သူမ ကြားဖြစ်အောင် ကြားလိုက်တာပါ။ ခုတော့လည်း သူ့ပုံစံက သူမနှင့်စိမ်းသက်မနေဘဲ ရင်းနှီးနွေးထွေးနေသည့်နှယ်ပါ။ သိနေတယ်တဲ့လား။ ဘယ်သူမှမသိအောင် ဖုံးကွယ်သိုဝှက်ထားနိုင်ပါလျက် အဘယ့်ကြောင့် သူသိနေရပါသနည်း။

"မချစ်ရဲပါဘူး"

မဝံ့မရဲ ဆိုမိစဉ် သူက ဟက်ခနဲ ရယ်ကာ သူမကို တင်းကျပ်စွာ ပွေ့ဖက်လိုက်လေ၏။ လူက ရင်ထိတ်သွားပြီး ရှိန်းဖယ်စဉ် သူမ မျက်နှာထက်မှ သနပ်ခါးတို့ အဖျက်ခံရလေတော့သည်။ ဆိုးပါ့။ သူ့ခြံထဲမှာ သူ့လက်ထဲမှာ ပုလဲတော့ အနုကြမ်းစီးခံရပြီ ထင်ပါရဲ့။

"အို . . . ဘာလုပ်တာလဲ"

"သက်သေပြတာလေ"

"ပုလဲ အသက်ရှူကျပ်နေပြီ"

"ဒါဆို . . . နည်းနည်းတော့လျှော့ပေးမယ်၊ လုံးဝတော့ လွှတ်ပေးမှာ မဟုတ်ဘူး"

ဘယ်ကဘယ်လို တတ်လာပါသလဲ။ ပြောသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဖြေလျှော့ရုံသာမို့ မတတ်သာပြီ၊ ရင်ခုန်သံတို့က အကျယ်ကြီး ခုန်ပေါက်နေလေ၏။ ကြာရင် နှလုံးရောဂါ ရတော့မှာပါပဲ။ သူ့ခေါင်းထက်မှာ သူ့မေးဖျားတင်လျက် တီးတိုးစကားဆိုလေ၏။

"ဒီတိုင်း တစ်သက်လုံး ခေါ်ထားလိုက်ရရင် ကောင်းမလား"

"ဟင် ... ပုလဲ အိမ်ပြန်မှာနော်"

"အန်တီသန္တာကို ကိုယ် ဖုန်းဆက်လိုက်မယ်လေ၊ ပြန်မလွှတ်နိုင်တော့ဘူးလို့"

"ကိုကြီးနော်"

"ဟင်းဟင်း ... ကိုကြီးက ဘာဖြစ်လဲ"

"ဆိုးတယ်"

"တကယ်ဆိုးပြလိုက်ရမလား"

"အို ... လူကြီးတွေ မြင်ကုန်တော့မှာပဲ"

"မြင်လည်း မမြင်ချင်ယောင်ဆောင်သွားမှာပါ ဖြူရဲ့၊ ချစ်လိုက်ရတာကွာ"

နားထဲမှာ လေတွေ တရှေဟာထွက်နေသလိုပါပဲ။ နှလုံးသားဆီမှ တဒုတ်ဒုတ်မြည်သံက ပို၍ တိုးလျက် စိတ်လာတော့တာပါ။ ယုံပါတယ် .... ပုလဲ ယုံပါတယ် ကိုကြီးရယ်။ ကိုကြီးရင်ခွင်ထဲမှာ ကိုကြီးရဲ့ ရင်ခုန်သံကို နားထောင်နေရင်း သိခွင့်ရခဲ့ရတာပါ။ ပုလဲကို ကိုကြီး ဘယ်လောက်အထိ ချစ်မြတ်နိုးသလဲဆိုတာကိုပေါ့။





နောက်ထပ် အနာဂတ်အတွက် ရည်ရွယ်သည့်စကားတွေ ပြောနေပေမယ့် နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်ပါပဲ၊ ရင်ခုန်သံ စည်းချက်တိုင်းမှာ "အချစ် ... အချစ်" လို့များ အော်မြည်နေလေသလား။ ပုလဲလည်း ကိုကြီးလိုပဲ ရင်တွေအရမ်းခုန်ပါတယ် ကိုကြီးရယ်။

လေးစားလျက်

30th Dec 2014

AM 11:05



www.burmeseclassic.com

www.burmeseclassic.com

# နောက်လထွက်မည့်စာအုပ်

## ပန်းရိုင်းလေးရဲ့ရာဇဝင်”

‘ပန်း’ ဆိုတာ ‘ဆူး’ ရှိနေမှ ခူးဆွတ်ရန် မလွယ်ကူတာပါ။ ‘ဆူး’ တောင်မှ အဆိပ်ရှိနေမှသာ အန္တရာယ်ကို ကာကွယ်နိုင်မှာလေ။ ဒီလိုအရိုင်းပန်းလေးကို ယဉ်ကျေးသိမ်မွေ့နူးညံ့လာအောင် မြုံ့ပျိုးထောင်ပေးနိုင်မယ့် ဉယျာဉ်မှူးသာ ရှိလာခဲ့ရင် အဲဒီပန်းရိုင်းလေးဟာ တော်ဝင်ပန်းတစ်ပွင့်လို တန်ဖိုးအနန္တ ရှိလာမှာ အမှန်ပါ။

BURMESE CLASSIC

www.burmeseclassic.com